# ဆင္ဌမမြောက်တံဆိပ်

## ဂျက်ဖာဆွန်ဘေးလီး၊ အင်ဒီယားနား၊ အမေရိကန်

### ၆၃-၀၃၂၃

1 ၁။ အခုကျွန်တော်တို့ခေါင်းကို ငုံ့ထားကြပါစို့။ ဘုရားသခင်ကျွန်တော်တို့အခုဝတ်ပြုစည်းဝေးပွဲအတွက် တစ်ဖန်စုရုံးမှုပြုကြပါ သည်။ ဘုရားသခင်၏ ကောင်းချီးမင်္ဂလာများကိုခံစားရဖို့ရာ သူတို့အားလုံးရှိလောင်မြို့သို့ တက်လာကြတဲ့ ထိုသို့သောနေ့ရက်ကာလ၏အချိန်နာရီကို ကျွန်တော်တို့တွေးမိကြပါသည်။ ပြီးတော့ အခု ဒီနေ့ညကျွန်တော်တို့သည် ကိုယ်တော်၏နှုတ်ကပတ်တော်ကို ကြားနာဖို့ရာ ဤနေရာသို့စုရုံးရောက်ရှိလာကြပါသည်။

ပြီးတော့ကျွန်တော်တို့ ဤသမ္မာကျမ်းစာ၏ အချို့တစ်စိတ်တစ်ဒေသကို လေ့လာမှုပြုခဲ့ကြသလိုပဲထိုတစ်ဦးတည်းသော သိုးသူငယ်ကသာ တံဆိပ်များကို ဖွင့်လှစ်နိုင်သူဖြစ်ပြီး သူတို့ကိုလွတ်မြောက်စေနိုင်သောသူဖြစ်ပါသည်။ ဒီနေ့ည ထိုသို့သောအရာ ကို ကျွန်တော်တို့ဆုတောင်းမှုပြုကြပါသည်။ ကျွန်တော်တို့ ကြီးမြတ်တဲ့ဆင္ဌမမြောက်တံဆိပ်ကိုတွေးဆမှုပြုကြရမှာဖြစ်သလို ကျွန်တော်တို့ တောင်းလျှောက်ကြပါ၏။ ကောင်းကင်ဗိုလ်ခြေဖဘုရားသခင် ထိုသိုးသူငယ်တော်က ထိုအရာကို ကျွနု်ပ်တို့အား ယနေ့ ညတွင်ဖွင့်ပြစေတော်မူပါ... ဒီနေရာက ကျွနု်ပ်တို့ကထိုအရာအားနားလည်စေတော်မူပါ။ ကောင်းကင်နှင့်မြေကြီး၌ အဘယ်သူမျှပြည့်စုံခြင်းမရှိကြပါ။ သိုးသူငယ်တော်သည်သာ ပြည့်စုံခြင်းရှိတော်မူပါသည်။

ဒါကြောင့်အလုံးစုံ- ပြည့်စုံတော်မူသောသူတစ်ဦးသောသူကို ကြွလာစေတော်မူ၍ဒီနေ့ညကနဲ့လန့်ကာနောက်ကွယ်က ဤတံဆိပ်ကို ကျွနု်ပ်တို့အတွက် ဒီနေ့ညဖွင့်ပြတော်မူပါ။ထိုသို့သောအရာက ကျွနု်ပ်တို့အား ကူညီမစတော်မူမည်ဟု ကျွန်တော်တို့ ယုံကြည်ကြပါသည်။ အဖဘုရား ဤကြီးမြတ်သည့်အရာ၌ မှောင်မိုက်နေပါတယ်။ ကျွန်တော်တို့အသက်ရှင်တဲ့နေ့ရက်ကာလ၌ အ ပြစ်နှင့်ပြည့်သောနေ့ရက်ကာလဖြစ်ပါတယ်__ ကျွနု်ပ်တို့အားကူညီမစတော်မူပါ။ ကျွနု်ပ်တို့အား ခွန်အားပေးတော်မူပါ။ အခု ကျွန် တော်ယုံကြည်တာကတော့ ကိုယ်တော်မျက်မှောက်တော်၌ကျွန်တော်တို့ ကျေးဇူးတော်ကို ရှာဖွေကြသည်ဆိုတာပါပဲ။ ကျွနု်ပ်တို့ သည်ကျွနု်ပ်တို့ကိုယ်ကို ကျွနု်ပ်တို့နှုတ်ကပတ်တော်နှင့်အတူ ကိုယ်တော်ထံသို့အပ်နှံမှုပြုကြပါသည်။ယေရှုနာမ၌တောင်းလျှောက် ပါ၏။ အာမင်။

2 ၂။ ကောင်းသောညနေခင်းပါမိတ်ဆွေတို့။ အဲ့လိုမျိုး ဒီနေ့ညဒီနေရာမှာ ပြန်တည်ရှိနေရာဆိုတဲ့ အခွင့်အရေးတစ်ခုကရှိနေပါ တယ်။ ဘုရားသခင်၏ ဝတ်ပြုကိုးကွယ်အစည်းအဝေး၌ ရှိနေဖို့ဆိုတဲ့အခွင့်အရေးတစ်ရပ်ရှိနေပါသည်။ ကျွန်တော်အခု နည်းနည်း တော့ နောက်ကျနေပါတယ်။ ကျွန်တော်အခုရောက်ခဲ့ပါတယ်... အရေးပေါ်သေလုမျောပါးဖြစ်နေတဲ့လူတစ်ယောက်ဆီကိုပါ။ ဒီ အသင်းတော်၏ အသင်းသားတစ်ယောက်ပါပဲ။ သူ့မိခင်ကတော့ဒီရောက်နေပါပြီ။ ဒီလိုနဲ့ ကောင်လေးဟာ အမှန်တကယ်သေသွား တော့မှာလို့ သူတို့ပြောခဲ့ကြပါတယ်။ ဒါကြောင့်အိပ်ယာပေါ်မှာသေတော့မယ့် ကောင်လေး၏အခြေအနေကို ကြည့်ဖို့ ကျွန်တော် ရောက်သွားခဲ့ပါတယ်။ သေတော့မယ့်__ လူကကျွန်တော့်အရွယ်လောက်ရှိပါတယ်။ အခု ခဏလေးအတောအတွင်းမှာကို မတ် တပ်ထရပ်တဲ့လူကိုကျွန်တော်မြင်ခဲ့ရပါတယ်။ ဘုရားသခင်ကို ကျေးဇူးတော်ချီးမွမ်းလိုက်ကြပါ။

ဒါကြောင့်ဘုရားသခင်က... တကယ်လို့ ကျွန်တော်တို့ဟာကျွန်တော်တို့ရဲ့အပြစ်များကို ဝန်ချတောင်းပန်လိုစိတ်ရှိတယ်။ ထိုသို့မှန်သောအရာကိုလုပ်ဆောင်လိုတယ်ဆိုရင် ပြီးတော့ ကျေးဇူးတော်ကို တောင်းလျှောက်လိုတယ်ဆိုရင်ကိုယ်တော်ကို ခေါ် ဆိုမှုပြုတယ်ဆိုရင် ဘုရားသခင်က ချပေးသနားတော်မူမည်ဖြစ်ပါတယ်။ထိုအရာကို ကျွနု်ပ်တို့အား ချပေးသနားတောမူဖို့ စောင့် ဆိုင်းနေတော်မူပါသည်။

ပြီးတော့အခု ဒီနေ့ည ဒီမှာနွေးနွေးထွေးထွေးရှိရမယ်ဆိုတာ ကျွန်တော်သိပါတယ်။ မဟုတ်ဘူး။အတူတူပိတ်ထားလိုက် တာက နွေးမယ်လို့ ကျွန်တော်ထင်ပါတယ်။ ပြီးတော့ ကျွန်တော်ကို... မနေ့ညက ကျွန်တော်သတိထားမိပါတယ်။ ဒါမှမဟုတ်ရင် ဒီ နေ့တော့... ဒါက ကျွန်တော့်ရဲ့အလင်းမရှိတဲ့ အခန်းထဲက ဥပုသ်နေ့ဖြစ်ပါမည်။(အခုတော့ လျှပ်စစ်မီးရှိပါသည်။ မြင်ပါ။) လေ့လာ ကြပါမည်။ ဒီတံဆိပ်တွေကိုဘုရားသခင်ဖွင့်ပြဖို့ အခုဆုတောင်းမှုပြုပါ။

3 ၃။ အဲ့လိုပြီးခဲ့တဲ့ညကအများကြီးအဲဒီလိုမေးခွန်းထုတ်တဲ့အုပ်စုက စာတွေရေးပေးခဲ့ကြပါတယ်။များချင်လည်းများမည်၊ နည်း ချင်လည်းနည်းပါမည်...မေးခွန်းများများစားစားတော့ မဟုတ်ပါဘူး။ ဘယ်လိုပဲဖြစ်ဖြစ်အဲ့လိုအနာရောဂါငြိမ်းခြင်းအစည်းအဝေး တစ်ခုတော့ ရှိစေချင်ကြပါတယ်__တနင်္လာနေ့အထိအနာရောဂါငြိမ်းခြင်းအစည်းအဝေးကို လုပ်ပေးဖို့ ရက်ပိုနေလိုကြပါတယ်။ ဒါ ကြောင့်ကျွန်တော်လုပ်ရမှာက... အဲ့လိုလူတွေ ဆန္ဒရှိတယ်ဆိုရင်သူတို့အဲဒီလိုလုပ်မယ်ဆိုရင်တော့ ကျွန်တော်ကတော့ အဲ့လိုအ မှန်တကယ်လုပ်နိုင်ပါတယ်။ခင်ဗျားတို့ အဲဒါကိုစဉ်းစားကြည့်လို့ရပါတယ်။ ကျွန်တော်ကို သိခွင့်လေးတော့ပေးကြပါ။ဒါပေမယ့်... အခု ခင်ဗျားတို့နေစေချင်တယ်ဆိုရင်နာမကျန်းခြင်းအတွက် ဆုတောင်းပေးပါမည်။ ဘာဖြစ်လို့လဲဆိုရင် ကျွန်တော်ကတော့ တစ်ချိန်လုံးဒီတံဆိပ်တွေကို ပြီးပြတ်သွားဖို့ ပုံစံထုတ်ခဲ့လိုပါပဲ။ အခုကျွန်တော်ကိုယ်တိုင် ဒီတံဆိပ်တွေအတါက် ခပ်ဝေးဝေးကို အခေါ်ခံ ထားရလို့ဖြစ်ပါတယ်။ဒါကြောင့် ခင်ဗျားတို့ အဲဒါကိုစဉ်းစားကြည့်လို့ရရှိနိုင်ပါတယ်။ အဲဒါကိုဆုတောင်းလို့ရပါတယ်။ ဒီနောက် ကျွန် တော်ကို သိခွင့်တော့ပေးကြပါ။

4 ၄။ ပြီးတော့ကျွန်တော်ဘုရားသခင်အလိုတော်ရှိလျှင် ကျွန်တော်လုပ်နိုင်ပါတယ်... ကျွန်တော့်ရဲ့နောက်ထပ်ချိန်းဆိုမှုက Albuquerque New Mexico မှာဖြစ်ပါတယ်။ အဲဒါက ရက်အနည်းငယ်တော့လိုပါသေးသည်။ Arizona က နောက်ထပ်ညီလာခံ တစ်ခုကို အဆင်သင့်ဖြစ်အောင်လုပ်ရမည့်အလုပ်ကိစ္စအချို့အတွက် ကျွန်တော်အိမ်ပြန်ရပါမည်။ ဒါကြောင့် ဒီနောက်အဲ့လိုဘုရား သခင်အလိုတော်ရှိတယ်ဆိုရင် ခင်ဗျားတို့အဲ့ဒီအတွက် ဆုတောင်းပါ။ကျွန်တော်လည်း အဲ့လိုပဲလုပ်ပေးပါမည်။ နည်းနည်းလောက် ကြာသွားရင်

အဲဒီအကြောင်းကျွန်တော်သိရပါမည်။

ပြီးတော့ကျွန်တော်အခု စုံစမ်းထားပါတယ်... ခင်ဗျားတို့ကြည့်ပါ။ ခင်ဗျားတို့ကနာမကျန်းခြင်းအကြောင်းပြောဖို့ သွားပါ တယ်။ အဲ့မှာ အဲဒါကရောက်လာပါတယ်။ ကြည့်ပါ။ဒီမှာ ဒီအမျိုးသမီးထိုင်နေပါတယ်။ တစ်စုံတစ်ခုက သူမကို အကူအညီမပေးဘူး ဆိုရင်နည်းနည်းပါးပါးကလွဲရင် သူဒီမှာရှိနေစရာအကြောင်းကို မရှိပါဘူး။ ဒါကြောင့် ဒီနောက်ကျွန်တော်တို့ အခုဘုရားသခင်အမှု ပြုတော်မူဖို့ ဆုတောင်းကြပါမည်... အဲဒါက ဒီနေရာမှာခင်ဗျားတို့ရှိနေရတဲ့အကြောင်းအရင်းဖြစ်ပါတယ်။ ပျောက်နေတဲ့လမ်းကို ရှာပါ... ဒါကြောင့် ကြည့်ပါ။ သန့်ရှင်းသောဝိညာဉ်တော်ကအခုအရာအားလုံးကို သိကျွမ်းတော်မူပါသည်။ ဒါပေမယ့် တံဆိပ်တွေအ တွက် ဒီအချိန်မှာကျွန်တော်ပုံစံထုတ်ဖို့ကြိုးစားရပါမည်။ ဘာဖြစ်လို့လဲဆိုရင် အဲဒီအတွက်ကျွန်တော်တို့အဲဒါကို စီစဉ်ထားလို့ဖြစ်ပါ တယ်။ ခင်ဗျားတို့ကြည့်ပါ။ ဒါပေမယ့်တကယ်လို့ အဲဒါက...

5 ၅။ နေမကောင်းတဲ့လူဘယ်နှယောက်လောက်ရှိလဲ။ ဒီနေရာမှာ ဘယ်လိုပဲဖြစ်ဖြစ် ဆုတောင်းခံဖို့ရောက်နေကြတာလား ? ခင် ဗျားတို့လက်ကို မြှောက်ပြပေးပါ... ဘယ်နေရာမှာပဲရှိရှိနော်။ အို ကျွန်တော် ! ကောင်းပါပြီ။ အဲဒါကမှန်မယ်လို့ ဘယ်နှယောက် လောက်တွေးမိကြပါသလဲ။ဘုရားသခင်၏အလိုတော်အတိုင်းပါ။ နေပေးရတော့မှာပါပဲ။ ရှိရမှာပါပဲ... တနင်္လာနေ့ညကိုယူပါမည်။ အခု နာမကျန်းခြင်းအတွက် ဆုတောင်းကြမလား ? တနင်္လာနေ့ညကို အနာရောဂါငြိမ်းခြင်းအစည်းအဝေးလုပ်မလား ? ခင်ဗျားတို့ အဲဒီလိုလုပ်ချင်တယ်မဟုတ်လား ? ခင်ဗျားတို့ အဲဒီလိုလုပ်နိုင်တယ်မဟုတ်လား ? ကောင်းပြီ။ ဘုရားသခင်အလိုတော်အတိုင်းပါ။ဒီ နောက်အဲဒီလိုကျွန်တော်တို့လုပ်ကြပါမည်။ ကျွန်တော်တို့ ဗုဒ္ဓဟူးနေ့မှာမကျန်းမာခြင်းအတွက်ဆုတောင်းခြင်းအစည်းအဝေးလုပ် သွားဦးမှာပါ... တနင်္ဂနွေည... ဒါမှမဟုတ် တနင်္လာနေ့ညနဲ့ ပြီးတော့ နာမကျန်းမှုအတွက်ဆုတောင်းမှုပြုကြပါ။

အခုကျွန်တော်ပြန်သွားတုန်း (Arizonaကိုသွားတုန်း) အဲဒီအုပ်စုကို ကြားမဖြတ်လိုက်ကြဖို့ ကျွန်တော်မျှော်လင့်ပါတယ်ဘရာသာနော်မန်။ သူ ဒီကတစ်နေရာရာမှာ ရှိတယ်မဟုတ်လား ? ခင်ဗျားအစီအစဉ်ကို အဲဒါက ကြားဖြတ်လို့ရတယ်မဟုတ်လားဘရာသာနော်မန်။ ဒါမှမဟုတ် ဘာပဲဖြစ်ဖြစ်နော်?ဘရာသာ Freed နဲ့ကျန်တဲ့လူတွေလည်း အဲဒါအားလုံးဟုတ်ပြီနော်?အိုကေ။ ဟုတ်ပါပြီ။ ဒီနောက် ဘုရားသခင်၏အလိုတော်အတိုင်းပါ။ တနင်္လာနေ့ညကတော့ကျွန်တော်တို့နာမကျန်းမှုအတွက် ဆုတောင်းမှု ပြုကြပါမည်။ အခုနာမကျန်းမှုအတွက် ဆုတောင်းကြပါမည်။ အခု အဲ့မှာဘာတံဆိပ်မှရှိတော့မှမဟုတ်ပါဘူး။ ဘုရားသခင်က အခု ဒီတံဆိပ်တွေကို ဖွင့်ပြတော်မူပါမည်။ ဒီနောက်ကျွန်တော်တို့ တနင်္လာနေ့ညမှာ နာမကျန်းဖြစ်ချင်အတွက် ဆုတောင်းမှုပြုကြပါ မည်။

6 ၆။ အခု... အို ကျွန်တော်တို့ ဒီလိုကြောက်စရာကောင်းအောင်ကိုအမှန်တကယ့်ဝမ်းမြောက်ခဲ့ကြဖူးပါတယ်။ ဒီလိုကိစ္စတွေ အောက်ကနေ ဘုရားသခင်ကို အစေခံကြပါမည်... သူတို့အတွက် ခင်ဗျားတို့ဝမ်းမြောက်ကြတယ်မဟုတ်လား ? အခု ကျွန်တော်တို့ ... အခု ပဥ္စမမြောက်တံဆိပ်ကနေ စကားပြောခဲ့ကြပါသည်။ အခုဆဌမမြောက်တံဆိပ်ရောက်ပါပြီ။ ဖြစ်ကောင်းဖြစ်ပါမည်။ အခု အဲ ဒါက အခန်းကြီး ၆ရဲ့အခန်းငယ် ၁၂ ကနေ ၁၇ အထိ ဆွဲချသွားပါမည်။ အဲဒါက ရှည်လျားသောတံဆိပ်တွေထဲကတစ်ခုဖြစ်ပါ တယ်။ ကိစ္စတော်တော်များများ ဒီမှာဖြစ်တာရှိပါတယ်။

7 ၇။ ပြီးတော့အခု မနေ့ညကဟာ နည်းနည်းကို ပြန်ကြည့်ပါမည်။ အချိန်နာရီလေးတွေတစ်ခုချင်းကိုပြန်သွားကြသလိုမျိုးလေး လုပ်ပါမည်။ ပြီးရင် ပြောပါမည်။ ကျွန်တော်လည်းပြောချင်တာလေးတွေရှိပါတယ်။ ကျွန်တော် အဲဒီသေတ္တာလေးငါးက သိပ်အရေး ကြီးကိစ္စတွေကျွန်တော်ဆီရောက်လာတာကို ရှာတွေ့ခဲ့ရပါတယ်။ ကျွန်တော်အဲဒါကိုပြောခဲ့ပါတယ်... ကျွန်တော်တကယ်ကို တောင်းပန်ချင်ပါတယ်။ (အသံသွင်းထားတယ်နော်?) ကျွန်တော် ကျွန်တော်ရဲ့သာသနာပြုညီအစ်ကိုတွေကိုတောင်းပန်ချင်ပါ တယ်။ ပြီးတော့ ဒီနေရာမှာရှိတဲ့ ခင်ဗျားတို့ကိုရောပါ။

တခြားညကိုသူတို့ပြောကြပါတယ်။ ကျွန်တော် ဧလိယ၏ပြောကြားချက်လို့ပြောတဲ့အခါ အဲဒီအချိန်သူတို့ဟာ... သူက သူ ဟာ ချီဆောင်ခြင်းမှာ ပါမည်။ တစ်ယောက်တည်းသောသူအဖြစ်တွေးမိခဲ့တဲ့အခါ ဒါမှမဟုတ် တစ်ယောက်ထဲပဲ ကယ်တင်ခြင်းကို ခံရမှာလို့သူတွေးမိခဲ့ပါတယ်နော်။ ကျွန်တော် လူအယောက် ခုနစ်ထောင်အစား ခုနစ်ရာလို့ပြောခဲ့မိပါတယ်။ အဲဒါမှန်တယ်နော် ? ကောင်းပြီ။ ကျွန်တော်အဲဒီအတွက်တကယ့်ကိုတောင်းပန်ချင်ပါတယ်။ တပည့်ကားတို့ သည်ထက်ပိုကောင်း၊ ပိုများတယ်ဆိုတာ ကိုကျွန်တော်သိလိုက်ရပါပြီ။ အဲဒါက ရိုးရိုးပဲ။ မတိမကျပြောခဲ့မိတာဖြစ်ပါတယ်။ဘာဖြစ်လို့လဲဆိုရင် အဲဒါက လူအယောက်ခုနစ် ထောင်လို့ ကျွန်တော်သိလိုက်ရတဲ့အတွက်ကြောင့် ဖြစ်ပါတယ်။ ဤအခုအဲဒါကိုအမှန်မပြောခဲ့မိတာပါ။ ခင်ဗျားတို့ကို ကျေးဇူးတင် ပါတယ်။

ပြီးတော့အဲဒီအဓိပ္ပာယ်က...

8 ၈။ ခင်ဗျားတို့ကျွန်တော်ပြောတာကို စောင့်ကြည့်ပေးနေကြတဲ့အတွက်၊ ကျွန်တော်ဝမ်းသာမိပါတယ်။ဘာဖြစ်လို့လဲဆိုရင် အဲဒါက လူအယောက် ခုနစ်ထောင်ဖြစ်လို့နော်။ကျွန်တော်အဲဒီအကြောင်းအရာပေးမှာ၊ နှစ်ခု၊ သုံးခု မှတ်ထားတာရှိပါတယ်။ အဲဒါ က ‘ဘရာသာဘရမ်ဟမ်ဆရာအမှားပြောပြီလို့ကျွန်တော်ယုံတယ်။’ ဆိုပြီးတော့မှပြောတော့တာပါ။ အဲဒါမှာ ‘ခုနစ်ရာအစားခုနစ် ထောင်ဖြစ်ရမှာမဟုတ်ဘူးလား ?’ လို့ပြောထားပါတယ်။

ပြီးတော့ကျွန်တော်ထင်တာက ‘အသေအချာကျွန်တော်ခုနစ်ရာလို့ မပြောခဲ့ပါဘူး။’ လို့ပါ။ ပြီးတော့၊ ဒီနောက် ဘီလီက... ဒီနောက်ပထမအချက်ကို ခင်ဗျားတို့သိပြီနော်။ကျွန်တော် နောက်မှတ်ထားတာကိုယူပါပြီ။ အဲမှာက ‘ဘရာသာဘရမ်ဟမ်၊ ဆရာ၊ ခုနစ်ရာလို့ပြောတာကိုကျွန်တော်ယုံကြည်ပါတယ်။’ ဆိုပြီးပြောထားတာပါ။

ပြီးတော့တစ်ယောက်ကတော့ ‘ဘရာသာဘရမ်ဟမ်၊အဲဒါက ဝိညာဉ်ရေးရာ ရူပါရုံတစ်ခုဖြစ်ပါတယ်။ အဲဒါက အဲဒီလို ဆက်သွားမလို့လား?... ပုံစံတစ်ခုပါ။ပြီးတော့ ခင်ဗျားအဲဒါကို ခုနစ်နဲ့ စာရိုက်ဖြစ်လိုက်တာမဟုတ်လား? ဆိုပြီးပြောထားပါတယ်။ ခင်ဗျားတို့ကဒီလိုဟာတွေစဉ်းစားဖို့ သွားလိုက်တဲ့အခါ အဲဒါက လူတွေကို အစွန်းရောက်သွာဒစေပါတယ်။အဲဒါကိုတော်လောက် ပါပြီ။ အဲဒါကကျွန်တော်ကိုအစွန်းရောက်စေတယ်။

ဒီတံဆိပ်ကိုဖွင့်ပြတဲ့ခါ၊ဒီကနေ့ တစ်ခုခုဖြစ်ခဲ့ပါသည်။ ကျွန်တော်မှာ ခြံထဲသို့ လုံးလုံးလျားလျားလမ်းလျှောက်ထွက်ခဲ့ ရပါတယ်။ နည်းနည်းလောက် ခြံထဲလမ်းဆင်းထွက်လျှောက်ခဲ့ရပါတယ်။အဲဒါအမှန်ပါ။ အဲဒါက ကျွန်တော်ရဲကအသက်ရှူမှုကို ကျွန်တော်ဆီကနေ ခပ်ဝေးဝေးသို့ရိုးရိုးရှင်းရှင်းလေး အမှန်တကယ်ထုတ်ယူသွားတော့မလိုမျိုးကို ဖြစ်ခဲ့လို့ပါ။ကြည့်ပါ။ ဒါကြောင့် ရုပ်မြင်သံကြားကတော့ အို... ကျွန်တော်တော့အခြားတစ်ခုက ခင်ဗျားကို ကျွန်တော်ပြောတဲ့အရာပေါ်မှာ အမှန်တစ်ကယ် တည်ရှိနေကြလို့ပါဘဲ။ ကျွန်တော် ခင်ဗျားတို့ကို ပြောတဲ့အရာအတွက်၊ ဘုရားသခင်က ကျွန်တော်ကိုတာဝန်ယူစေပါတယ်။ ကြည့်ပါ။ ဒါကြောင့် ကျွန်တော်ဟာ သေချာတဲ့အရာအားလုံးကိုသေချာသလောက်သေချာအောင်၊ အတိအကျလုပ်ဆောင်ရပါမည်။ ကြည့်ပါ။ ဒီလိုအရာတွေရှိပါတယ်။ ဘာဖြစ်လို့လဲဆိုရင် ကျွန်တော်တို့ဟာ ဒီလိုကြောက်စရာကောင်းတဲ့အချိန်နာရီမှာအသက်ရှင် နေကြလို့ဖြစ်ပါတယ်။

9 ၉။ ကျွန်တော်တနင်္လာနေ့ညကိုတော့ အနာရောဂါငြိမ်းခြင်းအတွက် စဉ်းစားထားပါတယ်။ အဲဒါကခင်ဗျားတို့နဲ့ ကြားဖြတ် ဝင်စရာအကြောင်းမရှိပါဘူးနော်။ ဘရာသာနက်ဖေး? တန်ဖိုးရှိတဲ့ ဘရာသာနက်ဖေးပါ။ သူတို့တစ်ခုလုပ်ထားကြတာကို ခင်ဗျား တို့အား ကျွန်တော်ပြောပြပါမည်။သူတို့ပုံစံချထားတာပျက်သွားပြီလို့ ကျွန်တော်ထင်ပါတယ်။ သူမှာ အမှန်တကယ် အစစ်အမှန်အတူတကွနေထိုင်သူ ရှိခဲ့ပါမည်။ ကျွန်တော့ရဲ့မိတ်ဆွေပါဘဲ။ ကျွန်တော်ခင်ဗျားတို့ကိုပြောပြပါမည်။

အသင်းတော်က....အခုကျွန်တော်ဆောက်ထားပါတယ်။ Sunday School အခန်းတွေလည်းရှိပါတယ်။ ဒီမှာ အစီစဉ်တ ကျ အားလုံးအဆင်သင့်ပါပဲ။ဒီနားတစ်ဝိုက် ခင်ဗျားတို့တွေလည်း အနည်းအကျဉ်းရှိနေကြပါတယ်။ အမှန်တကယ် ဂျက်ဖာဆင်ဖေးမှာတော့ ဘုရားကျောင်းတက်ချင်ကြပါတယ်။ ခင်ဗျားတို့မှာတော့ နေရာကောင်းတစ်ခုကိုဘုရားကျောင်းဆောက်ဖို့ ပိုင်ဆိုင်ထားါကပါတယ်။... Sunday School အခန်းတွေလည်းရှိတယ်။ ဆရာကောင်းတွေလည်းရှိပါတယ်။ ဒီမှာ ဘရာသာနက် ဖေးလ်ဟာ လူငယ်တွေအတွက် စစ်မှန်တဲ့သင်းအုပ်ဆရာတစ်ယောက်ဘဲဖြစ်ပါတယ်။ သူကို ရေမွေးဆွတ်တာအတွက်တော့ကျွန်တော်ဘာမှမပြောတော့ပါဘူး။ ဒါပေမယ့်၊ သူသေသွားပြီးနောက်မှာတော့ပန်းခွေတစ်ခွေပို့လိုက်တာထက်ကို အခု၊ နှင်းဆီ ပန်းလေးတစ်ပွင့် ကျွန်တော်သူကိုပေးဖြစ်ချင်လည်း ပေးဖြစ်ပါမည်။ ပြီးတော့ ဘရာသာနက်ဖေးလ်၊ ကျွန်တော်လူငယ်ဘဝထဲက သူကိုကျွန်တော်ခင်တာပါ။ သူဟာ တစ်စက်လေးမှ မပြောင်းလဲပါဘူး။ သူဟာ အော်မန်နက်ဖေးလ်ဖြစ်နေဆဲပါပဲ။ အခုလည်း သူ အမြဲ အဲဒီတုန်းကလိုပါပဲ။

10 ၁၀။ ကျွန်တော်အလည်သွားတုန်းကဟာကို ကျွန်တော်မှတ်မိနေပါတယ်။...အဲဒီအထိကိုပါ။ သူဟာ မက်သဒစ်တရားဟော ဆရာအဖြစ်ဒီမြို့မှာရှိခဲ့တုန်းကလဲ သူအတွက် တရားဟောပလ္လင် ကျွန်တောဆီမှာတောင်းသလောက်အောင်ကို သူများကျေးဇူးရှိ ပါတယ်။ ကျွန်တော်တို့ အဲဒီက Clarks Ville ရောက်တုန်းကလည်းကောင်းမွန်တဲ့ညီလာခံတစ်ခုကို ပိုင်ဆိုင်ခဲ့ကြဖူးပါတယ်။ အဲဒါ ကို Howord ပန်းခြံဟုခေါ်မယ်လို့ကျွန်တော်ထင်ပါသည်။... HorisonAvenue Methodist အသင်းတော်ဖြစ်ပါတယ်။ သူ ကျွန်တော်ကိုရှာကိုရှာတွေ့ရမယ့်နေရာရှိမယ်လို့ ကျွန်တော် တွေးခဲ့မိပါတယ်။ အဲဒီကိုရောက်တော့ Sister Neville... က အဲဒီကို ရောက်လာပါတယ်။ ဘာဖြစ်လို့လဲဆိုရင် သူကမက်သဒစ်တစ်ယောက်ဖြစ်လို့ပါပဲ။

ကျွန်တော်ပြန်ရောက်တော့ဒီအသင်းတော်ကိုပြောပြခဲ့ပါတယ်။ ကျွန်တော်က ‘အဲဒီလူဟာအကောင်းတကာ့အကောင်း ဆုံးထဲက လူတစ်ယောက်ပဲ။ဒီလိုနေ့ရက်ကာလတွေထဲ ကတစ်ရက်မှာ ကျွန်တော်ဟာ ယေရှုဘုရားနာမ၌ သူကို ဗတ္တိဇံပေးရမှာဖြစ်တယ်’ လို့ပြောခဲ့ဖူးပါတယ်။အဲဒီလိုဖြစ်ခဲ့ပါတယ်။ ဒီမှာ သူရှိနေပါတယ်။ အခု သူဟာ ကျွန်တော်နှင့်အတူတကွနေထိုင်သူဖြစ်ပါ တယ်။ တောက်လျှောက်အမှန်တကယ်ကျွန်တော်ဘေးမှာပဲရှိနေခဲ့တာပါ။ဂုဏ်ပြုထိုက်စရာကိုကောင်းပြီး လေးစားစရာကောင်းတဲ့ လူတစ်ယောက်ပါ။ သူဟာ ကျွန်တော်ဘေးအခုလို အမြဲမတ်တပ်ရပ်ပြီးတော့... အခု သူရပ်နိုင်သလောက် သေချာစွာရပ်တာပါ။... ကျွန်တော်ဘာပြောပြော သူဟာ ချက်ချင်းကျွန်တော်နှင့်အတူအမှန်တကယ် နေရာချတာပါ။ အမှန်တကယ်တောက်လျှောက်ချိတ် ပါလာတဲ့သူပါ။ ပထမသူရောက်လာတုန်းကတောင်... သူသတင်းစကားကို သူနားမလည်သေးပါဘူး။ဒီနောက် ဒါပေမယ့် သူဟာ အဲဒါကိုယုံကြည်လာပါတယ်။ သူဟာအဲဒါနဲ့ပဲအမှန်တကယ်နေထိုင်မှုပြုလာပါတယ်။ အဲဒါက ချီးကျူးစရာပါ။ အဲဒါက လေးစားစရာ ပါ။အဲဒီလိုမျိုးညီအစ်ကိုဖြစ်ရပါမည်။ အခု ဘုရားသခင်က သူ့ကိုကောင်းချီးပေးပါမည်။

11 ၁၁။ အခုအားလုံးဟုတ်ပြီနော်။ မနေ့က ညနေ၊ ပဥ္စမမြောက်တံဆိပ်ဖွင့်တာကို နည်းနည်းပြန်ကြည့်ကြပါမည်။ကျွန်တော်တို့ ဒီနေ့ညအကုန်လုံးတော့ ပြန်သွားလို့မရပါဘူး။ အခု ပဥ္စမတံဆိပ်ကိုရဖို့လုံလောက်တဲ့အထိဘဲ ပြန်သွားကြပါမည်။

အခု အဲဒီက အန္တိခရစ်မြင်းစီးတာကို ကျွန်တော်တို့ရှာဖွေကြပါမည်။ တန်ခိုးသုံးမျိုးကနေ အနာတရဖြစ်ပြီး၊သူကိုယ်တိုင် တက်လာတာရှိပါတယ်။ အားလုံးဟာ တစ်ခုတည်းဖြစ်သွားတာဖြစ်ပြီးမြင်းမွဲဆိုတဲ့သေခြင်းအပေါ်မှာ စီးလာတာဖြစ်ပါတယ်။ အခံမရှိတဲ့တွင်းထဲကိုပစ်ချခံရပါတယ်။ ရောက်လာတဲ့နေရာဖြစ်တဲ့ ပျက်စီးခြင်းထဲပြန်ရောက်ရပါတယ်။ ဒီနောက် ကျွန်တော်တို့ ရှာဖွေ ခဲ့ကြတာက... သမ္မာကျမ်းစာမှာ ရန်သူတွေဟာလှိုင်းအလုံးလိုတက်လာတဲ့အခါဘုရားသခင်၏ဝိညာဉ်တော်ဟာ အခြေအနေ တစ် ရပ်ကို ပေါ်ထွန်းစေကာ ထိုအရာကိုတိုက်ထုတ်သည်ဟု ပြောထားပါသည်။

ထိုအရာကိုကျွန်တော်တို့ နောက်ဆုံးညက နှုတ်ကပတ်တော်၌ပြီးပြည့်စုံစွာ သက်သေထူပြတာကိုမြင်ခဲ့ကြပြီးပါပြီ။ အဲဒီ က သတ္တဝါလေးပါးဟာ လေးကြိမ်တိုင်အောင် ဒီမြင်းစီးသူကိုအဖြေပေးခဲ့ပြီးဖြစ်ပါတယ်။ တစ်ချိန်မှာ သူဟာ မတူတဲ့မြင်းတွေကို စီးခဲ့ကြတယ်။

မြင်းဖြူ၊ မြင်းနီ၊ မြင်းမည်း၊ မြင်းမွဲဆိုပြီးစီးခဲ့ပါတယ်။ ကျွန်တော်တို့အဲဒီအရောင်တွေကို ရှာတွေ့ခဲ့ကြတယ်။ သူတို့တွေ ရှိတာ၊ သူတို့တွေလုပ်တာကိုတွေ့ခဲ့ကြပါတယ်။ ဒီနောက် အဲဒါကို အသင်းတော်ခေတ်ကာလတွေနဲ့ပြန်ပြီး အမှန်တစ်ကယ် နေရာချခဲ့ကြပါတယ်။ အတိအကျ အဲဒီလိုလုပ်ခဲ့ကြပါတယ်။ အခု၊ ပြည့်စုံစွာနဲ့ပါ။

ဒါကြောင့်ခင်ဗျားတို့ကြည့်ပါ။ ဘုရားသခင်၏နှုတ်ကပတ်တော်က အတူတကွ ရောနှောလိုက်တဲ့အခါ အဲ့ဒါကအဲမွန်ဆိုပြီး အစိပ္ပါယ်ပေါ်သွားခဲ့ပါတယ်။ ခင်ဗျားတို့ကြည့်နော်။ ဘယ်အရာမဆိုဘုရားသခင်၏ နှုတ်ကပတ်တော်နှင့်ချိတ်လျှင် အမြဲ 'အာမင်'ဖြစ်မည်ဟု ကျွန်တော်ယုံကြည်ပါသည်။

12 ၁၂။ အခုလူတစ်ယောက်က သူတို့မှာ ရုပ်ပုံတစ်ခုကို ပိုင်ဆိုင်ထားကြတယ်လို့ပြောကြသလိုမျိုးပါပဲ။ အဲဒါကဟုတ်ပါတယ်။... အို ဘုရားသခင် အဲဒါကိုပယ်လို့ သူတို့သိတဲ့အကြောင်းကအဲဒါက ကြီးမြတ်သောတန်ခိုးနှင့် ရောက်ရှိလာခဲ့ခြင်းကြောင့် ဖြစ်ပါ တယ်။ကောင်းပါပြီ။ ရုပ်ပုံဟာ အားလုံးမှန်ချင်မှလည်းမှန်ပါမည်။ ဒါပေမယ့်အဲဒါကနှုတ်ကပတ်တော်နှင့် ဆန့်ကျင်နေရင်တော့ အဲ ဒါက အမှန်မဟုတ်ပါဘူး။ ကြည့်ပါ။

အခု သူတို့ပစ္စုပ္ပန်မှာ ရှိချင်လည်းရှိကြပါမည်။ အချို့ Mor ကတော့ လူတွေအထဲမှာ ကြုံစုံစေချင်ပါသည်။ သိပ်ကောင်းတဲ့ လူတွေလိုမျိုးပုံပေါက်ပါတယ်။ ဒီနောက်သူတို့၏ပရောဖက်က ဂျိုးဆက်စမစ် ပါ။ မက်သဒစ်တွေဟာ ဒီလို အိုင်လီနိုက်မှာ သတ်ဖြတ်ခဲ့ကြပါတယ်။ သူတို့ရဲ့ခရိးစဉ်အလွန်မှာပါ။ ဒါကြောင့် အဲဒီနောက်၊ အဲဒီသိပ်ကောင်းတဲ့လူဟာ_ ရုပ်ပုံက_ ကျွန်တော်အလုံး စုံသောအရာ၌ သံသယမရှိသော်လည်းသူဟာရုပ်ပုံကိုတော့ရခဲ့ပါမည်။ သူဟာ ရိုးသားတဲ့လူတစ်ယောက်ဆိုတာကိုတော့ ကျွန် တော်ယုံကြည်ပါသည်။ ဒါပေမယ့် သူရတဲ့ရုပ်ပုံကနှုတ်ကပတ်တော်ကို ဆန့်ကျင်ဘက်ပြုခဲ့ပါမည်။ ဒါကြောင့် သူတို့ဟာ မောမွန်ကျမ်းစာအုပ်တစ်အုပ်ဖြစ်ပြီး အဲဒီလိုလုပ်ပါစရာရှိခဲ့ပါမည်။ ဒါက ဒီနေရာကအဲဒါပဲဖြစ်ပါတယ်။ အဲဒီအကြောင်းအရင်းက... ဒါကနှုတ် ကပတ်တော်ဖြစ်ပြီး_အဲဒါတော့ အဲဒီလိုဖြစ်ပါတယ်။

13 ၁၃။ တစ်ခါကသာသနာပြုတစ်ယောက် နိုင်ငံရပ်ခြားကနေ ဒီကိုရောက်လာပါတယ်။ သူထွက်သွားတာကိုကျွန်တော်မြင်ခဲ့ ရပါတယ်။ ကားတစ်စီးနဲ့ပတ်နေခဲ့တာပါ။...အဲဒါမဟုတ်ပါဘူး။...အမျိုးသမီးတစ်ယောက်နဲ့ပါ။သူတို့ဟာ အစည်းအဝေးပွဲတစ်ခုကို တက်ကြပါတယ်။ သူတို့နှစ်ရက်သုံးရက်ကားမောင်းခဲ့တာကို ကျွန်တော်တွေ့ရှိခဲ့ရပါတယ်။ (အခု၊ သူနဲ့အမျိုးသမီးဟာ အစည်းအဝေးမှာ ရှိနေကြပါပြီ။) အစည်းအဝေးသို့ အတူတကွ တက်လာကြတာပါ။ အမျိုးသမီးဟာသုံးလေးကြိမ်လောက် မင်္ဂလာဆောင် ခဲ့ဘူးပါတယ်။ ဒီဆရာ၊ ကျွန်တော်တည်းတဲ့ဟော်တယ်ဧည့်ခန်းကို လမ်းလျှောက်လာခဲ့တာပါ။ ပြေးလာပြီး ကျွန်တော်နဲ့လက်ဆွဲနှုတ်ဆက်ပါတယ်။ ကျွန်တော်လည်းသူနဲ့လက်ဆွဲနှုတ်ဆက်ခဲ့ပါတယ်။ ထပြီးသူနဲ့စကားပြောခဲ့ရတာပါ။

ကျွန်တော်ကသူ့ကိုမေးခဲ့ပါတယ်။ ကျွန်တော်က 'ဘယ်အချိန်ခင်ဗျားလွတ်မြောက်ခဲ့တာလဲ၊ ကျွန်တော့်အခန်းမှာ ခင်ဗျား ကိုခဏလောက်စကားပြောလို့ရမလား' ဆိုပြီးပြောခဲ့ပါတယ်။

သူက 'သိပ်ရတာပေါ့ ဘရာသာဘရမ်ဟမ်' လို့ပြောခဲ့ပါတယ်။

ကျွန်တော်ကသူ့ကိုအခန်းထဲခေါ်သွားပြီး အမှုတော်ဆောင်နဲ့ စကားပြောခဲ့ပါတယ်။ ကျွန်တော်က 'သိက္ခာတော်ရဆရာ၊ ခင်ဗျားဟာဒီနယ်မှာတော့သူစိမ်းတစ်ယောက်ပဲ' လို့ပြောခဲ့ပါတယ်။ကျွန်တော်ပြောခဲ့တာက 'ဒါပေမယ့်ဒီအမျိုးသမီးမှာ တိကျတဲ့ နာမည်တစ်ခုတော့ရှိတယ်' ဆိုပြီးတော့ပါ။ ကျွန်တော်က 'ခင်ဗျားဟာ ဟိုလိုဒီလိုနေရာကိုရောက်လာပြီး နည်းမျိုးစုံနဲ့ခင်ဗျားလာရတာပေါ့နော်' လို့မေးခဲ့ပါတယ်။

သူက 'ဟုတ်တာပေါ့ ဆရာရယ်' လို့ပြောပါတယ်။

ပြီးတော့ ကျွန်တော်က 'အဲလိုမျိုးဖြစ်လာမှာခင်ဗျားမကြောက်ဘူးနော်...ကျွန်တော်ခင်ဗျားကို သံသယမဖြစ်ပေမယ့် လည်း၊ ခင်ဗျားရဲ့သာသနာပြုတစ်ယောက်ဆိုတဲ့ဂုဏ်သတင်းကိုရောင်ပြန်ဟပ်လာမှာကို ခင်ဗျားမတွေးမိဘူးလား?အဲဒါထက် ကောင်းတဲ့ ဥပမာလေးတစ်ခုကျွန်တော်တို့မှာရှိသင့်တယ်လို့ ခင်ဗျားမတွေးမိဘူးလား?' ဟုမေးခဲ့ပါသည်။

သူက 'အို၊ ဒီအမျိုးသမီးက သူတော်စင်ပါ။' ဟုဖြေပါတယ်။

ကျွန်တော်က 'အဲဒါကို ကျွန်တော်သံသယမရှိဘူး' လို့ပြောခဲ့ပါတယ်။ ဒါပေမယ့် ကျွန်တော်က 'ဒါပေမယ့် ညီအကို အဲဒီ လိုက်စွကလူတိုင်း သူမကိုကြည့်တဲ့အမြင်ကတော့ သူတော်စင်လို့မပြောဘူး။ သူတို့ဟာခင်ဗျားရဲ့လုပ်ဆောင်မှုပဲမြင်တာ' လို့ပြော ခဲ့ပါတယ်။ ပြီးတော့ ကျွန်တော်က 'ခင်ဗျားမှာ ပိုကောင်းတဲ့ဂရုမစိုက်မှုမျိုးရှိမယ်လို့ကျွန်တော်ယုံကြည်တယ်။ အဲဒါက အခု တစ် ယောက်ကိုတစ်ယောက် ညီအစ်ကိုဖြစ်စေတဲ့အရာပဲ' လို့ပြောခဲ့ပါတယ်။ ပြီးတော့ သူက 'ကျွန်တော်ကတော့ အခု အမျိုးသမီးဟာ လေးငါးကြိမ်လောက် မင်္ဂလာဆောင်ခဲ့ဖူးကြောင်း' ပြောခဲ့ပါတယ်။

သူက 'ဟုတ်တယ်။ အဲဒါကို ကျွန်တော်သိတယ်' လို့ပြောပါတယ်။

ကျွန်တော်က 'ခင်ဗျားရဲ့အသင်းတော်မှာ အိမ်မှာခင်ဗျားမသင်ခဲ့ရဘူးလား။ ခင်ဗျားမသင်ခဲ့ရဘူးလား၊ ညီအစ်ကို?' လို့ ပြောခဲ့ပါတယ်။

'မသင်ခဲ့ရဘူး။ဒါပေမယ့် ခင်ဗျားသိပါတယ်။ ကျွန်တော်မှာ အဲဒီလိုရုပ်ပုံတစ်ခုကို ရခဲ့ရတာပါ၊ဘရာသာဘရမ်ဟမ်' လို့ ပြောပါတယ်။

ကျွန်တော်က ‘ကောင်းပြီ။ အဲဒါကောင်းတယ်’ လို့ပြောခဲ့ပါတယ်။ကျွန်တော်ပြောခဲ့ပါတယ်။...

သူက ‘ခင်ဗျား စိတ်ကိုဘာလုပ်တာလဲ? ကျွန်တော်ကတော့ အဲဒီကိစ္စကိုဆရာသွန်သင်တဲ့ကိစ္စအပေါ်မှာ နည်းနည်းတော့ လွဲချင်လည်းလွဲပါမည်။’ ဟု ပြောပါတယ်။

ပြီးတော့ကျွန်တော်က ‘ဟုတ်ပြီ’ ဟုပြောပါတယ်။ ပြီးတော့ ကျွန်တော်က ‘အဲဒီလိုသိရလို့ ကျွန်တော်ဝမ်းသာပါတယ် ဆရာ’ လို့ပြောခဲ့ပါတယ်။

သူက ‘ကောင်းပါပြီ။’ ဟုပြောခဲ့ပါတယ်။ ‘ခင်ဗျားသိပါတယ်။ ဒီရူပါရုံ၌ပါတာ’ လို့ပြောပါတယ်။ သူက ‘ကျွန်တော်အိပ်ပျော်သွားခဲ့တယ်။’ လို့ပြောပြပါတယ်။

ပြီးတော့ကျွန်တော်က ‘ဟုတ်ကဲ့’ လို့ပြောပါတယ်။ (ဒီနောက် အဲဒါဟာအိမ်မက်တစ်ခုဆိုတာကို ကျွန်တော်တွေ့ရှိခဲ့ရပါ တယ်။)

14 ၁၄။ ပြီးတော့သူက ‘ကျွန်တော့်ဇနီး’ ဆိုပြီး ‘သူမဟာ အခြားယောကျ်ားတစ်ယောက်နဲ့နေတယ်’ လို့ပြောပါတယ်။ ‘ကျွန်တော့် ကိုလှည့်ပတ်နေခဲ့တာ’ လို့ပြောပြပါတယ်။ ပြီးတော့ ‘ဒီနောက် သူမ ကျွန်တော်ဆီရောက်လာပြီးကျွန်တော့်ကိုပြောတာက ’အို ဒါလင်ကျွန်မကိုခွင့်လွှတ်ပါ! ကျွန်မကို ခွင့်လွှတ်ပါ ဆိုပြီးတော့ ‘ လို့ပြောတယ်။ ပြောတာကကျွန်မအဲဒီလိုလုပ်မိလို့ ကျွန်မဝမ်းနည်းပါတယ်ဆိုပြီးတော့ပါ။ ကျွန်မ အခုကနေမှန်မှန်ကန်ကန်ရှိပါတော့မည်လို့ ပြောကြောင်းကို’ ပြောပြပါတယ်။ သူက ‘တကယ်ကို သူမကိုကျွန်တော်သိပ်ချစ်လို့ ကျွန်တော်အခု သူမကိုခွင့်လွှတ်ပြီး ’ဟုတ်ပါပြီ ‘ လို့ပြောခဲ့ပါတယ်။ ပြီးတော့ ’ဒီနောက် ဘာဖြစ်တယ်ဆို တာဆရာသိလား? ဒီနောက် ဒီရူပါရုံ၏အနက်ပြန်ဆိုမှုကိုကျွန်တော်ရခဲ့တယ်။ ‘ လို့ပြောခဲ့ပါတယ်။ ’အဲဒါကတော့ မိန်းမပဲ ‘ ဟုပြော ပါတယ်။ ’သေချာတာက သူမ မင်္ဂလာဆောင်ခဲ့ဖူးပါတယ်။အဲ့လိုမျိုးတွေလည်း ဖြစ်ခဲ့ပါတယ်။ အားလုံးပေါင်းသုံးကြိမ်လောက်ပါ ‘ ဟုပြောပြပါတယ်။ ပြီးတော့ ’သူမအတွက် မင်္ဂလာဆောင်ဖို့ကအဟုတ်တကယ်ဖြစ်ရတာက ဘာကြောင့်လဲဆိုတော့ ဘုရားသခင် က သိပ်ချစ်ပြီး သူမဆန္ဒရှိသလိုအကြိမ်ပေါင်းများစွာ သူမ မင်္ဂလာဆောင်နိုင်တာပဲဖြစ်တယ်။ ‘ လို့ပြောပြပါတယ်။

ကျွန်တော်က ‘ခင်ဗျားရူပါရုံကသိပ်ချစ်ဖို့ကောင်းတာပဲနော်။ ဒါပေမယ့် ဒီလိုအရိုက်ခံရမယ့် လမ်းကြောင်းကနေ ထွက်ခွာပါ’ ဟုပြောခဲ့ပါတယ်။ကျွန်တော်က ‘အဲဒါကိုအမှားဖြစ်တယ်။ ခင်ဗျားကြည့်။ ခင်ဗျားအဲဒီလိုမလုပ်သင့်ဘူး’ လို့ ပြောခဲ့ပါတယ်။

15 ၁၅။ ဒါကြောင့်... ကြည့်ပါ။ ဒါပေမယ့် ခင်ဗျား ကျမ်းစာကို တစ်ခုနဲ့တစ်ခုအဆက်အစပ်ရှိတာကို မြင်ရတဲ့အခါ အဲဒါကိုတသတ်မတ်တည်း ပုံမှန်လေး အဲဒါတွေအတူတကွဆက်စပ်သွားတဲ့အထိကို သွားရမှာဖြစ်ပါတယ်... ကျမ်းစာက ဒီတစ်ခုကို ဒီနေရာမှာ မြှုပ်ထားပြီး အခြားဒီတစ်ခုက ဒီကိုရောက်လာတာပါ။ခိုမြီးဆက်ပုံလိုဖြစ်ပါတယ်။ ရုပ်ပုံကားချပ်တစ်ခုလုံးကို ဆွဲထုတ်ကြည့်ရပါ တယ်။ ဖြတ်ထားတဲ့စကားလုံး ပဟေဠိတွေကို အတူတကွထားရှိသလိုမျိုးပါပဲ။ ခင်ဗျားတို့ကအံဝင်ခွင်ကျဖြစ်မယ့် အစိတ်အပိုင်းကို ရှာဖွေရပါမည်။ အဲဒီမှာတော့ အဲဒါကိုတပ်လို့ရမယ့်အရာ ဘာတစ်ခုမှမရှိပါဘူး။ ဒီနောက် ခင်ဗျားဟာ ရုပ်ပုံကို တင်ဆင်ကြည့်ရပါမည်။ အဲဒါက လုပ်လို့ရတဲ့ တစ်ခုတည်းသောအရာဖြစ်ပါတယ်__ အဲဒါက သိုးသူငယ်တော်ပဲဖြစ်ပါတယ်။ ဒါမှ ကျွန်တော်တို့ဟာကိုယ်တော်ကို ကြည့်လို့ရမှာဖြစ်ပါတယ်။

ဒါပေမယ့်ဒီလိုမျိုးတွေဖြစ်နေတဲ့အချိန် ကျွန်တော်တို့ရှာဖွေရပါမည်။... ဒီမြင်းစီးသူက... ဒီလိုမျိုးရှိတဲ့မြင်းတွေကို သူဟာစီးတဲ့ မြင်းစီးသူတစ်ယောက်ဖြစ်ပါတယ်။ ပြီးတော့ကျွန်တော်တို့ဟာ သူ့ကိုဆက်ပြီးသည်းကြီးမည်းကြီးလိုက်ဖမ်းကြည့်ရပါမ်။ သူလုပ်တဲ့အရာတွေကို မြင်ရပါမည်။အရာရာကိုပါ။ အသင်းတော်ခေတ်ကာလမှာ ပြန်ရှာထုတ်လိုက်တော့ အတိအကျကို သူလုပ်ခဲ့ထားတာကရှိနေပါတယ်။

16 ၁၆။ ဒီနောက်သူဟာ အချို့သောသတ္တဝါတစ်ခုကို ထွက်ခွာစေတဲ့အခါ အချို့သောကိစ္စကိုလုပ်ဆောင်ခဲ့ပါတယ်။ အဲ့မှာ တစ်ခု က သူလုပ်တာကို တွန်းလှန်ဖို့ စေလွှတ်မှုပြုပါတယ်။ပထမခေတ်ကာလအတွက် အဲ့မှာ စေလွှတ်ခဲ့တဲ့တစ်ခုသောအရာက ခြင်္သေ့ တစ်ကောင်ဖြစ်ပါတယ်။အဲဒါက နှုတ်ကပတ်တော်ဖြစ်ပါတယ်။ အမှန်တော့__ခရစ်တော်ပါ။ နောက်တစ်ခုကတော့ နွားထီးဖြစ် တယ်။ အမှောင်ခေတ်ကာလအတောအတွင်းမှာပါ။အသင်းတော်ကို အုပ်ချုပ်မှုပြု၍ နှုတ်ကပတ်တော်အစား အယူဝါဒကို လက်ခံစေတဲ့အချိန်မှာရှိခဲ့တာဖြစ်ပါတယ်။

ပြီးတော့ကိစ္စတစ်ခုလုံးက အကြောင်းအရာနှစ်ခုပေါ်မှာ အခြေခံတာကို ခင်ဗျားတို့ မှတ်ထားကြပါ။တစ်ခုက ခရစ်တော်အယောင်ဆောင်တဲ့သူနဲ့နောက်တစ်ခုက ခရစ်တော်ဆိုတဲ့အရာပါပဲ။ အဲဒါက ဒီကနေအထိ မပြောင်းမလဲရှိနေတဲ့အရာပါ။အဲဒါက လမ်းခုလတ်က ခရစ်ယာန်မဟုတ်ပါဘူး။ အဲဒါက အရက်သမားမဟုတ်ပါဘူး။ အဖြူအမည်းငှက်တွေလည်းမဟုတ်ပါဘူး။ မဟုတ် ပါဘူး။ မဟုတ်ဘူးနော်! အပြစ်သားသူတော်စင်လည်း မဟုတ်ပါဘူး။မဟုတ်ပါဘူး။ ခင်ဗျားတို့ဟာ အပြစ်သားဖြစ်ရုံတင်မက သူတော်စင်တစ်ယောက်လည်းဖြစ်ကြပါတယ်။ အဲဒါက အခု နှစ်ခုကြားမှာရှိတဲ့အရာမဟုတ်ပါဘူး။

ခင်ဗျားတို့ဟာဒုတိယမွေးခြင်းခံကြရရုံသာမက ဒုတိယမွေးလာကြရတဲ့လူတွေလည်း မဟုတ်ကြပါဘူး။ခင်ဗျားတို့ဟာ သန့်ရှင်းသောဝိညာဉ်တော်နှင့် ပြည့်ဝကြသူများဖြစ်ရုံသာမကသန့်ရှင်းသောဝိညာဉ်တော်နှင့် ခင်ဗျားတို့ပြည့်ဝကြတဲ့လူတွေလည်း မဟုတ်ကြပြန်ပါဘူး။ခင်ဗျားတို့တစ်ယောက်ပဲ သန့်ရှင်းအောင်လုပ်ခဲ့ကြပါစေ။ အကြောင်းမတူပါဘူး။ တကယ်လို့ခင်ဗျားတို့က သန့်ရှင်းသောဝိညာဉ်တော်နှင့် မပြည့်ဝဘူးဆိုရင်တော့ ခင်ဗျားတို့ဟာအဲဒီလိုမျိုးအရာနှင့်တော့ပြည့်ဝကြပါမည်။ ကြည့်ပါ။ တ တယ်လို့ ခင်ဗျားတို့အဲဒါနှင့်ပြည့်ဝခဲ့တယ်ဆိုရင်တော့ ခင်ဗျားအသက်တာက အဲဒါကို ဖော်ပြမှုပြုပါမည်။ အဲဒီုတည့်တည့်မတ်မတ် သွားမယ်ဆိုတာကို မြင်ပါ။ ဘယ်သူကမှ ဘယ်သူ့ကိုအဲဒီအကြောင်းပြောစရာကို မရှိတာပါ။ သူတို့က အဲဒါကိုမြင်တယ်။ ဘာဖြစ် လို့လဲဆိုရင်အဲဒါက

တံဆိပ်တစ်ခုဖြစ်လို့ပါ။

17 ၁၇။ အခုဒီလိုသတ္တဝါတွေကို ကျွန်တော်တို့ရှာဖွေကြပါမည်။ အချိန်တိုင်းသူတို့ကိုဘယ်လိုစီးနင်းခဲ့တာပါလဲ။ သူ့ရဲ့ထမ်းဆောင် ရခြင်း တိရစ္ဆာန်နိုင်ငံရေးတန်ခိုး၌တစ်ခုသောအရာကို ထွက်ခွာစေပါတယ်။ ဘာသာရေးတန်ခိုးနှင့် နိုင်ငံရေးတန်ခိုးကိုအတူတကွ ပေါင်းစည်းမှုပြုခဲ့တာပါ။ဘုရားသခင်က သူ့ရဲ့တန်ခိုးကို ထိုသို့သောအရာကို တိုက်ထုတ်ဖို့စေလွှတ်ခဲ့တာကိုကျွန်တော်တို့ရှာဖွေ ဖော်ထုတ်ခဲ့ကြပါတယ်။ကျွန်တော်တို့ နောက်ကို အမှန်ပြန်သွားနေကြတာနော်။ အသင်းတော်ခေတ်ကာလကဘာဖြစ်ခဲ့တယ်ဆို တာကို ပြန်ကြည့်ရင်မြင်ရပါတယ်။ အဲဒါက အခုအဲဒီအတိုင်းအတိအကျဖြစ်ခဲ့တာပါ။

ဒီနောက်ကျွန်တော်တို့ တောက်လျှောက်ဆင်းလာပြီး အခြားသောခေတ်ကာလတစ်ခုကို ရှာဖွေခဲ့ကြပါတယ်။ရန်သူက ဘာသာရေး၏နာမအောက်ကနေ ခရစ်တော်၏နာမတော်အောက်ကနေ အသင်းတော်၏နာမအောက်ကနေခရစ်တော်အတုကို စေလွှတ်ခဲ့တာဖြစ်ပါတယ်။ ဟုတ်ပါတယ် ဆရာ! အသင်းတော်၏နာမအောက်ကနေထွက်လာတာဖြစ်ပါတယ်။ 'အဲဒါကစစ်မှန်တဲ့ အသင်းတော်ဖြစ်ပါတယ်။' သူက ပြောထားတာကို ကြည့်ပါ။ အန္တိခရစ်ဟာ ရုရှားမဟုတ်ပါဘူး။ အန္တိခရစ်ကအဲဒါမဟုတ်ပါဘူး။ အန္တိခရစ်ဆိုတာက ထိုသို့သောအရာသည်ခွဲခန့်မှတ်သားထားခြင်းမရှိသည့် အရာရာတိုင်းကို ရူးသွားစေမယ်လို့ကျမ်းစာကပြောရ လောက်တဲ့အထိကိုစစ်မှန်တဲ့ခရစ်ယာန်ဖြစ်မှုနှင့် အမှန်တကယ် နီးစပ်တဲ့အရာဖြစ်ပါမည်။

18 ၁၈။ နောက်ဆုံးသောကာလ၌ကြိုတင်ခွဲခန့်မှတ်သားထားခြင်းမရှိတဲ့ အရာရာတိုင်းလို့ ကျမ်းစာကပြောထားပါတယ်။ရွေးချယ် ထားတဲ့လူတွေကို ဖြစ်ပါတယ်... ပြောထားတာက 'ရွေးချယ်ထားသူတွေ...' ဆိုပြီးတော့ပါ။ ဘယ်သူမဆို အဲဒီစကားလုံးကိုယူပြီးခင်ဗျားတို့ရဲ့အစွန်းနေရာလပ်မှာ ပြန်ပြီး အဲဒါကိုဖယ်ကြည့်ရင် အဲဒီစကားလုံးရဲ့ဆိုလိုရင်းကိုမြင်ရပါမည်။ အဲဒါက 'ရွေးချယ်ထားသူတွေ' 'ကြိုတင်ခွဲခန့်မှတ်သားခံရတဲ့လူတွေ' လို့ ပြောထားတာဖြစ်ပါတယ်။ 'ကြည့်ပါ။ ထိုအရာက ကမ္ဘာဦးမတည်မီက အသက်စာစောင်၌ စာရင်းမဝင်သူတစ်ယောက်ချင်းစီကို ရူးသွားစေမယ့်အရာဖြစ်ပါတယ်။'

အသက်ခံရသောသိုးသူငယ်တော်ကအသက်စာစောင်ထဲမှာ အမည်နာမတွေကို စာရင်းသွင်းတဲ့အချိန်ကာလရှိခဲ့ပါတယ်။ ဒီနေ့ညကိုယ်တော်ဟာ ဘုန်းထင်ရှားခြင်း၌ အပြစ်ကြွေးကို ဆပ်ပေးသူတစ်ယောက်အနေနဲ့သန့်ရှင်းရာအရပ်၌ ရပ်တည်တော်မူပါ မည်။ အသက်စာစောင်၌ စာရင်းဝင်သောထိုသို့သောဝိညာဉ်တစ်ခုချင်းစီအတွက် ကိုယ်စားအပြစ်ကြွေးကို ဆပ်ပေးခဲ့ပါတယ်။ကိုယ်တော်ကလွဲရင် အဲဒီနာမည်ကို ဘယ်သူမှမသိကြပါဘူး။ အသက်စာစောင်က ကိုယ်တော်ဆိုတဲ့လူတစ်ယောက်ရဲ့လက်ထဲမှာ ပဲ ရှိတဲ့အရာဖြစ်ပါတယ်။ နောက်ဆုံးတစ်ခုရောက်လာရမယ့်အချိန်နာရီကို ကိုယ်တော်သိကျွမ်းတော်မူပါတယ်။ ဒီနောက်မှာ သူ့ရဲ့ကိုယ်စားအပြစ်ကြွေးဆပ်ပေးတဲ့အချိန်ကာလက ကုန်ဆုံးသွားပါမည်။ ကိုယ်တော်ဟာကြွလာတော်မူပြီးနောက် ဘာအတွက် သူ ကိုယ်စားအပြစ်ကြွေးကိုဆပ်ပေးခဲ့တယ်ဆိုတဲ့အကြောင်းကို ကြွေးကြော်မှုပြုပါမည်။ ကိုယ်တော်ကယခုဆွေမျိုးသားချင်းရွေးနှုတ် ကယ်တင်သောသူအဖြစ်အမှုထမ်းရွက်မှုကိုပြုနေခြင်းဖြစ်ပါသည်။ ဆက်လက်ပြီးသူ့ကိုဆွေမျိုးအရင်းအဖြစ်လက်ခံဖို့ကြွလာတော် မူပါမည်။

19 ၁၉။ အိုကျွန်တော်! အဲဒါကတော့ ခရစ်ယာန်တိုင်း သူ့အကြောင်းကို ရှာဖွေသင့်တယ်ဆိုပြီးသက်ရောက်လာတဲ့အရာပဲ ဖြစ်ပါ တယ်။ ဘုရားသခင်ရှေ့မှာ သူ့ရဲ့လက်ကို ဆွဲကိုင်ထားပြီး 'ကျွန်တော့်ကို သန့်ရှင်းစေပါ ဘုရားသခင်။ကျွန်တော့်ရဲ့အသက်တာထဲ ကိုကြည့်ပါ။ ဆိုးဝါးတဲ့ကျွန်တော့်ရဲ့တစ်စိတ်တစ်ဒေသကိုကျွန်တော့်အားကြည့်ရှုခွင့်ပေးပါ။ အဲဒါကို ကျွန်တော်ဆီကထွက်ခွာစေ၍ မှန်သောလမ်းကိုအမှန်တကယ်ရောက်ရှိစေပါ။ ဖြောင့်မတ်ခြင်းက မွန်မြတ်စွာဖြင့်ကယ်တင်ပေးခဲ့သည်ဆိုပါလျှင် အပြစ်သားက ဘယ်အရပ်သို့ရောက်၍ ဘုရားမဲ့ခြင်းကပေါ်ထွန်းလာမည်မဟုတ်ပါလား?' ဟုမေးလျှောက်ကြရပါမည်။အဲဒါကအချိန်ကို စစ်ဆေး တာဖြစ်ပါသည်။

20 ၂၀။ အဲဒါကခင်ဗျားတို့နေရာချမယ်ဆိုရင် ဒီနှုတ်ကပတ်တော်ကို မေးချင်ပါတယ်... (အခု ဒီအပေါ်မှာ ကျွန်တော် ခင်ဗျားတို့ကို မေးခွန်းတစ်ခုမှ မမေးလိုပါဘူး။ ဘာဖြစ်လို့လဲဆိုရင်ခင်ဗျားတို့ ကျွန်တော့်ကို အခြားတစ်ခုကို တန်းတန်းမတ်မတ်ရောက်အောင်လုပ်ပေးရမှာဖြစ်လို့ပါပဲ။) ဒီအချိန်ကတော့ စုံစမ်းစစ်ဆေးခြင်းဆိုင်ရာ တရားစီရင်မှု၏အချိန်ကာလပဲဖြစ်ပါတယ်။ အဲဒါက အမှန်ပါ။ အခုကျွန်တော်တို့ အဲဒီကိုရောက်သွားတဲ့အခါကျွန်တော်တို့ တံပိုးတွေအကြောင်းကို ယူကြရပါမည်။ ဘယ်အချိန်မဆို ဘုရားသခင် ကထောက်ပံ့ပေးတော်မူပါမည်။ ဒါမှမဟုတ်လည်း အမျက်တော်ခွက်ဖလားတွေကို ယူရပါမည်။ကျွန်တော်တို့စုံစမ်းစစ်ဆေးတော် မူရာ တရားစီရင်ခြင်းအပေါ်မှာရှာဖွေမှုပြုကြရပါမည်။ အဲဒီအချိန်... အခုရှေ့မှာ ဝမ်းနည်းပူဆွေးခြင်းတွေဆီကိုမသွားခင်။ အဲဒါက သမ္မာတရားဆိုတာကို ကျွန်တော်တို့ ကြည့်ကြပါမည်။ ကမ္ဘာမြေကြီးကိုငိုကြွေးမြည်တမ်းခြင်းမှုပြုအောင် ကောင်းကင်တမန်သုံးပါး က ဆုံးမတော်မူပါတယ်။ခင်ဗျားတို့ သိပါတယ်။ ပူဆွေး၊ ဝမ်းနည်း၊ ဝမ်းနည်းခြင်းအကြောင်းက ကမ္ဘာမြေကြီးကိုမှီတင်းနေထိုင်ကြ သူတွေအပေါ်သို့ သက်ရောက်မှုရှိပါတယ်။ '

21 ၂၁။ ကျွန်တော်တို့ဟာမီးပွိုင့်မိတဲ့အချိန်မှာ အသက်ရှင်နေကြရတာပါ။ အချိန်ကတော့... ခင်ဗျားတို့ကြည့်ပါ။ အခု ကျွန်တော် တို့ဒီလိုမျိုးတွေဖြစ်နေတဲ့အချိန်မှာ အသက်ရှင်နေကြရတာပါ။ အခုကျွန်တော်တို့မှန်မှန်ကန်ကန်လေ့လာကြပါမည်။ အသင်းတော် ရုတ်သိမ်းသွားပြီးနောက်မှာ ဖြစ်မှာပါ။ဒီကိစ္စတွေက ဘေးဒဏ်ကြီးကာလမှာဖြစ်မယ့်အရာတွေပါ။ ဒီအသင်းတော်ဟာ ဘေးဒဏ် ကြီးကာလ၌လုံးဝပါမသွားစေဖို့ ယုံကြည်သူတိုင်း၏နှလုံးသားမှာ ထိုသို့သောအရာကမှန်မှန်ကန်ကန်နေရာယူသင့်သည်ဟု ကျွန် တော်တွေးမိပါတယ်။ ခင်ဗျားတို့ ပါသွားလို့မဖြစ်ပါဘူး။ ဘယ်နေရာမှာမှအသင်းတော်က ဘေးဒဏ်ကြီးကာလမှာ နေလို့မရပါဘူး။ အဲဒီအသင်းတော်ထဲခင်ဗျားတို့ပါသွားနိုင်ပေမယ့် သတို့သမီးဆိုရင်တော့ မပါပါဘူး။

သတို့သမီးကိုရုတ်သိမ်းသွားမှာပါ။ ဘာဖြစ်လို့လဲဆိုတာကို ကြည့်ပါ။ အသင်းတော်က အပြစ်နဲ့ကင်းတဲ့အရာတစ်ခုဖြစ်ပါ တယ်__

သူ့ကိုတစ်ခုမှဆန့်ကျင်လို့မရပါ။ ဘုရားသခင်၏ ကျေးဇူးတော်က သူ့ကိုလွှမ်းခြုံထားပါတယ်။အဲဒါကို လုံးဝမမှတ်တော့ လောက်အောင်ကိုအပြစ်တွေအားလုံးကို အစွန်းချွတ်ဆေးက ကွယ်ပျောက်သွားစေလို့ဖြစ်ပါတယ်။တစ်ခုမှမရှိအောင် စင်ကြယ် သွားတာပါ__ဘုရားသခင်၏ဖြစ်တည်မှု၌ ပြည့်စုံသွားခဲ့ပါတယ်။ အို ထိုအရာက သတို့သမီးကိုဒူးထောက်စေ၍ ဘုရားသခင်ထံ၌ ငိုကြွေးအောင်ဖြစ်စေသည့်အရာ ဖြစ်သင့်ပါသည်။

22 ၂၂။ ကျွန်တော်ပုံပြင်လေးတစ်ပုဒ်ကို တွေးမိပါတယ်။ ကျွန်တော် ခင်ဗျားတို့ရဲ့အချိန်အများကြီးကိုမယူဘူးဆိုရင် အခုဒီလိုပမာ ဏအဖြစ် အစချီပါမည်။ ကျွန်တော်က ဒါကို ရည်ရွယ်ထားတာတစ်ခုရှိလို့ဖြစ်ပါတယ်__ ဝိညာဉ်တော်အမှန်တကယ်အစပြုပြီလို့ အခု ကျွန်တော်ခံစားရတဲ့အထိပါပဲ။ ဒါကသိပ်မွန်မြတ်သန့်ရှင်းတဲ့ ကိစ္စတစ်ခုဖြစ်ပါတယ်! ကြည့်ပါ။ အဲဒီကအရာတွေကို ဘယ်သူသိပါသလဲ? ဘုရားကလွဲရင်ဘယ်သူမှမသိပါဘူး။ ဖွင့်ပြဖို့ သူတို့တွေးထားလို့လည်း မရပါဘူး__ သူတို့ဖွင့်ပြလို့ရမှာမဟုတ်ပါဘူး လို့ ကျမ်းစာက သက်သေပြထားပြီးသားပါ__ ဒီကနေ့အထိတိုင်အောင်ပါ။ အဲဒါကအတိအကျအမှန်အကန်ပါပဲ။ သူတို့အဲဒီမှာတွေး ထားကြတာက ဒါပေမယ့် အခု ကျွန်တော်တို့ အဲဒါကိုအတိအကျသမ္မာတရားအဖြစ်ယူဖို့ တွေးထားကြပါတယ်။ သမ္မာတရားကို သက်သေထူကြပါမည်။ကြည့်ပါ။

23 ၂၃။ သတိထားပါ။အခု အနောက်ဘက်မှာ အမျိုးသမီးလေးတစ်ယောက်ရှိခဲ့ပါတယ်...သူမဟာ အမျိုးသားတစ်ယောက်နဲ့ ချစ် ကြိုက်ပြီး သူမနဲ့အချစ်နယ် ကျွံခဲ့ကြပါတယ်။သူကတော့ ကျွဲနွားတိရစ္ဆာန်တွေကို ဝယ်တဲ့သူတစ်ယောက်ဖြစ်ပါတယ်။ အဲဒီမှာရှိတဲ့ Armour ကုမ္ပဏီအတွက်အဝယ်လိုက်ရပါတယ်။ သူတို့မှာ ကြီးမြတ်တဲ့အရာတစ်ခုရှိပါတယ်... တစ်နေ့ သူဌေးရောက်လာပါ တယ်။ သူဌေး၏သားကတော့ချီကာဂိုကနေရောက်လာပါတယ်။ တကယ်ကိုပါပဲ။ သူတို့ဟာ ပုံမှန် 'အနောက်ဘက်နယ်စပ်မှာ' သူ တို့ကို ခေါ်သွားကြရမှာပါ။ခင်ဗျားတို့သိပါတယ်။ ဘာဖြစ်လို့လဲဆိုရင် အဲဒီသူဟာ အဓိကကျတဲ့လူရဲ့သားဖြစ်တဲ့အတွက်ကြောင့်ပါ ပဲ။ ဒါနဲ့ သူတို့ရဲ့ 'အနောက်ဘက်နယ်စပ်' မှာဝတ်စားဆင်ယင်တာရှိပါတယ်။ ပြီးတော့...

အဲဒါကိုသူတို့ အနောက်ဘက်မှာ ထွက်လုပ်ကြတာပါ။

24 ၂၄။ သူတို့ဟာအခုလိုခရီးသွားဟန်လိုပုံစံတစ်ခုနဲ့ ရောက်သွားကြပါတယ်။ ဘာရာသာ MC. Guire (အခု ဒီမှာသူရှိမယ်လို့ ကျွန် တော်ထင်ပါတယ်။)သူတို့ဟာ သူ့ကို သူ့ရဲ့နောက်ဘက်မှာ ဝတ်တဲ့ဝတ်စုံမပါတော့ တောထဲခေါ်ပြီးထောင်ထဲသူ့ကို ထည့်ပစ်ခဲ့ကြ ပါတယ်။ သူ့ကို သားပိုက်ကောင်ခြံတစ်ခြံထဲမှာထည့်ပြီးအဲဒီအတွက် သူ့ကိုပေးခိုင်းခဲ့ပါတယ်။ သူ့ကို အနောက်ဘက်က အသုံးအ ဆောင်တစ်မျိုးကို သွားဝယ်စေခဲ့ပါတယ်။ကျန်တဲ့လူတွေကဝိုင်းပြီး သေနတ်ကြီးတွေနဲ့ အဲဒီလောက်ခရီးလမ်းကို လမ်းလျှောက်သွားကြတာကို ကျွန်တော်တွေ့မြင်ခဲ့ရပါတယ်။ သေနတ်တွေကို ချိတ်ပြီးတော့သွားကြတာဖြစ်ပါတယ်။ သူတို့ဟာ အခု အဲဒီအရပ် ဒေသကို ထွက်ခွာနေကြပြီဖြစ်ပါတယ်။သူတို့ဟာ အတိတ်နေ့ရက်များ၌ တစ်စုံတစ်ခုသောအရာ၌ ရှင်သန်နေကြဖို့ရာ ကြိုးစားလျက်ရှိနေကြပါတယ်__ လွန်ခဲ့ပြီးသောအရာများဖြစ်သည်ကိုမြင်ရပါတယ်။

ဒီနောက်ကန်တာကီမှာ ဒီအရှေ့ဘက်က ခေတ်နောက်ကျတဲ့နေ့ရက်များထဲမှာ အသက်ရှင်ဖို့ ခင်ဗျားတို့ကြိုးစားနေကြ တာဖြစ်ပါတယ်__Renfro တောင်ကြားကို ပြန်ရောက်နေကြတာဖြစ်ပါတယ်။ ကိစ္စတွေရှိနေပါတယ်။တစ်စုံတစ်ခုသောအရာက အဲဒါကို ဖြစ်ပေါ်စေပါတယ်။ ဒါပေမယ့် အဲဒါက မူလကနဦးမှာရှိတဲ့ဧဝံဂေလိတရားဆီကို ပြန်ရောက်သွားတဲ့အခါမှာတော့ ခင်ဗျားတို့ အဲဒါကိုမလုပ်ချင်ကြတော့ပါဘူး။ ခင်ဗျားတို့ တစ်ခုခုကို ခေတ်မှီချင်ကြပါတယ်။ အဲဒါကိုပြဖို့သွားကြပါမည်... ကြည့်ပါ။ အဲမှာက...

25 ၂၅။ ဘယ်အရာကလူတစ်ယောက်ကို မှားယွင်းစေပါသလဲ?ဘယ်အရာက သူ့ကိုကောက်စေပြီး ခေါ်သွားတာဖြစ်ပါသလဲ။ ဒါမှ မဟုတ် လူတစ်ယောက်ကအမှားဘာလို့လုပ်တာပါလဲ? ... ဘာဖြစ်လို့လဲဆိုရင် သူမကြိုးစားခြင်းကြောင့်ဖြစ်ပါတယ်... အဲ့လိုသူမရဲ့ အထဲမှာ တစ်ခုခုက မှတ်သိပ်နေပါမည်။ သူ့ထဲမှာမှတ်သိပ်နေတဲ့အရာတစ်ခုခုရှိပါမည်။ လောကအရာတွေနဲ့ရောပြီး သန့်ရှင်းသော အရာကိုသူတို့ဟာ အာသာပြေဖို့ ကြိုးစားနေကြတာဖြစ်ပါတယ်။ ဘုရားသခင်ကို အဲဒီလိုဆာတော်ဖို့အချိန်ရှိသင့်ပါတယ်။ ခင်ဗျား ကို ကိုယ်တော်က အဲဒီအတိုင်းဆာငတ်စေခြင်းဖြစ်ပါတယ်။အဲဒါကတော့ တစ်ခုခုအတွက် ခင်ဗျားဆာငတ်ခြင်းရှိရမယ့် အကြောင်း အရင်းဖြစ်ပါတယ်။ ဘုရားသခင်က ခင်ဗျားတို့ကို အဲဒီအတိုင်းအမှုပြုတော်မူမှသာ ခင်ဗျားတို့ဟာကိုယ်တော်ထံသို့ ပြန်ပြီး သန့်ရှင်း တဲ့ဆာငတ်မှုမျိုးရှိကြမှာဖြစ်ပါတယ်။ ကြည့်ပါ။ဒါပေမယ့် ခင်ဗျားတို့ အဲဒီလို ဆာလောင်မွတ်သိပ်ရမယ့်အချိန်ရှိပါတယ်... ဘယ်သူ မဆို အဲဒီလို ဘယ်လိုမျိုးလုပ်ရဲကြပါမည်နည်း!ကျွန်တော်မှာ အဲဒီလိုလုပ်ဖို့ အခွင့်အရေးမရှိပါဘူး။ သန့်ရှင်းသောဆာငတ်မှုမျိုးကိုဆာငတ်ကြဖို့ရာ ကြိုးစားကြရပါမည်... တစ်ခုခုအတွက် ခင်ဗျားတို့ဆာငတ်နေကြပါတယ်။ ဒီနောက် ခင်ဗျားက အဲဒါနောက်ကို လောကအရာထဲမှာပဲ ပြန်ထားလိုက်တာဖြစ်ပါတယ်။ လောကအရာတွေနဲ့ အဲဒီစိတ်ကိုဖြေဖို့ကြိုးစားနေကြတာဖြစ်ပါတယ်။ အဲဒီ လို ခင်ဗျားတို့လုပ်လို့မရနိုင်ပါဘူး။ တစ်ခုသောနည်းလမ်းကတော့ အဲဒါကို ဘုရားကို ခင်ဗျားတို့ ဖြည့်ရမှာပဲဖြစ်ပါတယ်။ကိုယ်တော် က ခင်ဗျားကို အဲဒီလမ်းကို ပြင်ဆင်ပေးမှာဖြစ်ပါတယ်။

26 ၂၆။ ဒါနဲ့ဒီမိန်းမငယ်လေးတွေဟာ ဒီအမျိုးသားလေးထွက်လာတဲ့အခါ သူ့အတွက် ပုံမှန်အနောက်တိုင်း 'လုပ်ရိုးလုပ်စဉ်' တွေ ကို လုပ်ဆောင်မှုပြုကြရပါတယ်။သူတို့တစ်ဦးချင်းစီထဲက တစ်ယောက်ကတော့ ဒီကောင်လေးကို ရဖို့ကသေချာနေပါပြီ။

အဲဒီမှာတစ်ဝမ်းကွဲမောင်နှမတော်သူတစ်ယောက်ဟာ မွေးမြူရေးခြံတစ်ခြံမှာ ရှိနေပါတယ်။ သူမဟာမိဘမဲ့တစ်ယောက် ဖြစ်ပါတယ်။ သူမဟာ ဒီအလုပ်တွေအကုန်လုံးကိုအခုလိုလုပ်ဆောင်ရတဲ့သူဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုရင် သူတို့ကတော့ သူတို့ရဲ့လက်သည်းတွေမှာတပ်ပြီး အလှဆင်ထားကြလို့ဖြစ်ပါတယ်။ သူတို့က ပန်းကန်တွေလည်း မဆေးနိုင်ကြသေးပါဘူး။သူတို့လက် မှာ အဲဒီလိုမျိုးရှိနေတဲ့အတွက်ကြောင့် ဖြစ်ပါတယ်။ သူမဟာ တကယ်ကိုခက်ခဲတဲ့ဒီလိုအလုပ်တွေအားလုံးကို လုပ်ဆောင်မှုပြုခဲ့ရ တာပါ။ ဒီနောက် နောက်ဆုံးကောင်လေးရောက်လာပါတယ်။ ပြီးတော့ သူတို့ဟာ သူတို့ရဲ့သေနတ်တွေကိုပစ်ပြီး ရောက်လာကြပါ တယ်။ ရောက်လာကြပါတယ်။

ခင်ဗျားတို့သိတယ်နော်။ လုပ်ဆောင်တာကိုလေ။

အဲဒီညအဲ့မှာ သူတို့ဟာ ကပွဲကြီးတစ်ခုကို ကျင်းပခဲ့ကြပါတယ်။ ရှေးခေတ်ကပွဲတစ်ခုပဲဖြစ်ပါတယ်။ သူတို့ရဲ့ကပွဲမှာ မွေးမြူရေးသမားအားလုံးဝိုင်းပြီး ပါဝင်ဆင်နွှဲခဲ့ကြတာဖြစ်ပါတယ်။အဲဒီလိုမျိုးတွေ လုပ်ဆောင်ကြတာပါ။ ပထမကိစ္စကို ခင်ဗျားတို့သိပါ တယ်။ ဘာဖြစ်လု့ိလဲဆိုရင် ဒါကဖြစ်သွားရလို့ပါပဲ။ ဒါက နှစ်ပတ်လည်နေ့မှာသွားကျလို့ဖြစ်ပါတယ်။ နှစ်ရက်သုံးရက်လောက်ကျင်း ပခဲ့ကြပါမည်။

27 ၂၇။ အဲဒီနောက်တစ်ညတော့ ဒီကောင်လေးဟာ အပြင်ဘက်သို့ ထွက်ခွာလာခဲ့ပါတယ်။ ကပွဲကနေ ခဏလောက်အနားယူဖို့အတွက် ဖြစ်ပါတယ်။ ဒီမိန်းကလေးတွေနဲ့ ဝေးရာသို့ ထွက်လာခဲ့တာဖြစ်ပါတယ်။ သူဟာကျွဲတွေ၊ နွားတွေကို သွားကြည့်ဦးမှပဲဆို ပြီးဖြစ်လာခဲ့ပါတယ်။ အဲဒီလိုနဲ့ကောင်မလေးဆီကို ရောက်သွားခဲ့တာဖြစ်ပါတယ်။ အကြည့်တွေက ရိုင်းတော့ရိုင်းပါမည်။ သူမဟာပန်းကန်ဆေးတဲ့ ဇလုံတစ်ခုကို ရေဖြည့်နေတာဖြစ်ပါတယ်__ သူမ ပန်းကန်ဆေးနေတာဖြစ်ပါမည်။ ပြီးတော့ သူကတော့တွေးပါ မည်။ ‘သည်မတိုင်ခင်က သူ့ကိုငါလုံးဝမမြင်ဖူးဘူး။ သူဘယ်နေရာကနေ လာသလဲဆိုတာကို ငါအံ့ဩမိတယ်?’ ဆိုပြီးတော့မှဖြစ်ပါသည်။ ဒါနဲ့ သူဟာ လမ်းမှာတွေးပြီး ပစ္စည်းအဟောင်းတွေထားတဲ့ အဆောင်ဘေးနားကိုရောက်သွားခဲ့ပါတယ်။ အဲဒီကို ရောက် သွားခဲ့တယ်။ ကျွဲ၊ နွားတွေရဲ့အနောက်ကနေရောက်လာတဲ့သူမနဲ့ ဆုံတွေ့ခဲ့ရပါတယ်။

သူမဟာခြေဗလာနှင့်ဖြစ်ပါသည်။ သူမရပ်သွားခဲ့ပါတယ်။ သူမဟာ ခေါင်းကိုငုံ့ထားပါတယ်။ သူဟာအဲဒီလူကို မြင်လိုက်ရ တော့ သူမဟာသိပ်ကိုရှက်သွားပါတယ်။ သူမသိပါတယ်... ဒီကြီးမြတ်တဲ့လူကိုပါ။ ပြီးတော့ သူမဒီနေရာက အခြားသောမိန်းကလေးတွေနဲ့ညီအစ်မဝမ်းကွဲတော်စပ်သူဖြစ်ပါတယ်။ သူတို့ရဲ့ဖခင်ဟာ ဒီစစ်ဝတ်တန်ဆာစက်ရုံကြီးရဲ့အကြီးအကဲတစ်ယောက် ဖြစ်ပါတယ်။ ဒါကြောင့် သူတို့ဟာ...သူဟာ အောက်ကိုပဲ ငုံ့ကြည့်နေခဲ့ပါတယ်။ ဖိနပ်ကလည်းမပါတော့ သူရှက်နေတာဖြစ်ပါမည်။

သူက ‘မင်းနာမည် ဘယ်လိုခေါ်လဲ’ လို့မေးလိုက်ပါတယ်။ သူမကသူ့ကိုပြောလိုက်ပါတယ်။ ‘ရှင်ဘာကြောင့်! တခြားလူတွေရှိတဲ့အဲဒီနေရာမှာမနေဘဲ ထွက်လာရသလဲ?’ ဟုမေးလိုက်ပါတယ်။ သူမကတော့ ရှောင်လွှဲချင်တဲ့ပုံစံ ပေါက်နေပါသည်။

28 ၂၈။ ဒါနဲ့နောက်ဆုံးညရောက်တော့လည်း သူဟာ သူမကို တစ်ဖန်သွားကြည့်ပြန်ပါသည်။ နောက်ဆုံးသူဟာအပြင်မှာ ထွက်ထိုင်နေခဲ့ပါတယ်။ သူတို့အားလုံးကတော့ လုပ်ရိုးလုပ်စဉ်အတိုင်းအမျိုးမျိုးလုပ်နေကြပါမည်။ သူကတော့ ကျွဲ၊ နွားခြံရဲ့ ခြံစည်းရိုးပေါ်မှာထိုင်နေပြီး သူမအတွက် ပန်းကန်ဆေးတဲ့ရေတွေကို သွန်ပေးဖို့ စောင့်ကြည့်နေတာဖြစ်ပါမည်။ပြီးတော့ သူဟာ သူမကို စောင့်ပြီးကြည့်နေခဲ့ပါမည်။ ဒီနောက် သူကသူမကိုပြောပါမည်။ သူက ‘ဒီနေရာမှာရောက်နေတဲ့ကျွန်တော်ရဲ့အဓိကရည်ရွယ်ချက် ကို မင်းသိလား?’ ဆိုပြီးတော့မှ မေးပါမည်။

သူက ‘မသိဘူး၊ ဆရာရေ။ ကျွန်မ မသိဘူး’ လို့ဖြေပါမည်။ သူက ‘ဒီမှာငါလာရတဲ့ရည်ရွယ်ချက်ကမိန်းမလိုက်ဖို့ဟေ့’ လို့ ပြောခဲ့ပါမည်။ သူက ‘ငါရှာနေတဲ့ မင်းရဲ့စရိုက်သဘာဝတတစ်ခုဟာသူတို့မှာတော့မရှိဘူး’ လို့ပြောလိုက်ပါမည်။(ကျွန်တော်က တော့အသင်းတော်အကြောင်းကိုပဲ စဉ်းစားခဲ့ဖူးတာပါ။ ခင်ဗျားတို့ကြည့်ပါ။) ‘မင်း ငါ့ကို လက်ထပ်မလား?’ လို့မေးလိုက်ပါတယ်။

သူက ‘ကျွန်မကို? ကျွန်မကိုလား? ကျွန်မအဲဒီလိုကိစ္စမျိုးစဉ်းစားလို့မရပါဘူး။ ကျွန်မကိုနော်?’ ဟုမေးပါမည်။ကြည့်ပါ။ အဲ့ ကောင်က အဓိကကျတဲ့သူဌေးရဲ့သားပါ။ သူဟာ ကုမ္ပဏီတစ်ခုလုံးကို ပိုင်တာဖြစ်ပြီး နိုင်ငံတလျှံတလျားမှာပဲမွေးမြူရေးခြံတွေကို ပိုင်ဆိုင်ထားသူဖြစ်ပါတယ်။ ခင်ဗျားတို့ကြည့်ပါ။

‘ဟုတ်တယ်။ Chicago မှာ တစ်ယောက်တောင်ငါမတွေ့တော့ဘူး။ ငါတကယ်မှန်တဲ့ မိန်းမတစ်ယောက်ကို လိုချင်တာ။ ငါက ဇနီးမယားရဲ့သဘောသဘာဝနဲ့ကိုက်ညီတာကို လိုချင်တာ။ အရည်အချင်းတွေကို ငါရှာနေတာ။ ကျွန်တော်ခင်ဗျားဆီမှာ တော့ တွေ့တယ်လေ။’ ဟုပြောပါသည်။ ‘မင်း ငါ့ကို လက်ထပ်မလား?’ လို့မေးပါမည်။

သူမက ‘ကောင်းပြီ...’ ဟုဆိုပါမည်။ (အဲဒါက သူမကို အထိတ်တလန့်ဖြစ်သွားစေပါမည်။) ‘အခု ခင်ဗျားကိုယ်ခင်ဗျား အဆင်သင့်လုပ်ထားတော့။ ဒီနေ့ကနေ တစ်နှစ်ပြည့်ရင် ကျွန်တော်ပြန်လာမယ်။ ကျွန်တော်ခင်ဗျားကို ခေါ်သွားမယ်။ ဒီကနေ အဝေး ကြီးကို ခင်ဗျားကို ကျွန်တော်ခေါ်သွားမယ်။ဒီထက်ပိုပြီး ခင်ဗျားအလုပ်တွေလုပ်စရာလည်း မလိုတော့ဘူး။ ကျွန်တော် ခင်ဗျားကိုခေါ်သွားမယ်။ ကျွန်တော်ချီကာဂိုကို သွားတော့မယ်။ ခင်ဗျားဘယ်တုန်းကမှမြင်ဖူးမှာမဟုတ်တဲ့ အိမ်တစ်လုံးကို ကျွန်တော်ခင်ဗျား အတွက် ဆောက်ပေးမယ်’ ဟု ပြောခဲ့ပါတယ်။

သူမက ‘ကျွန်မမှာ ဘယ်တုန်းကမှအိမ်မရှိခဲ့ဖူးဘူး။ ကျွန်မက မိဘမဲ့တစ်ယောက်လေ’ ဟုပြောပါသည်။

သူက ‘ငါမင်းကို အိမ်တစ်လုံး__ စစ်မှန်တဲ့အိမ်တစ်လုံးဆောက်ပေးမယ်’ လို့ပြောပါတယ်။ ‘ငါပြန်လာမယ်’ လို့လည်းပြော ခဲ့ပါတယ်။

29 ၂၉။ သူဟာတစ်နှစ်တာကာလအတောအတွင်း မရရအောင် လုပ်နိုင်ခဲ့ပါတယ်။

သူမကလည်းအမျိုးစုံအလုပ်လုပ်ပြီး တစ်နေ့မှာ သူမရဲ့ဒေါ်လာငွေကို စုနိုင်သလောက်လောက်ငှအောင်စုထားပါတယ်။ ဘာပဲဖြစ်ဖြစ် သူဟာ စနစ်တစ်ကျလုပ်ပါတယ်။မင်္ဂလာဝတ်စုံဝတ်ဖို့ ရှိပါတယ်__အသင်းတော်၏ပြီးပြည့်စုံသော ပုံစံတစ်ခုဖြစ်ပါ တယ်။ သူမဟာ သူမရဲ့အဝတ်ကိုအဆင်သင့်ပြင်ထားပါတယ်။

ခင်ဗျားတို့သိပါတယ်။မင်္ဂလာဝတ်စုံကို သူမပြသမှုပြုလိုက်တဲ့အခါ သူမရဲ့ ညီမဝမ်းကွဲတွေက ‘ဘာဖြစ်လို့လဲ။ မင်းကဆင်း ရဲလိုက်တာ။ မိုက်လိုက်တဲ့ကလေး မင်းထင်နေတာက အဲဒီလိုလူမျိုးက မင်းနဲ့ဘယ်လိုကိစ္စမျိုးကိုမဆိုလက်တွဲလုပ်ဆောင်နိုင်မယ် လို့ မင်းဆိုလိုနေတာလား?’

ဟု ပြောကြပါမည်။

သူမက ဒါပေမယ့်သူကျွန်မကို ကတိပေးခဲ့တယ်လေ ဟုပြောပါတယ်။ သူမဟာ ‘သူကတိပေးခဲ့တယ်။ ကျွန်မ သူစကားကို ယုံတယ်။’ လို့ပြောခဲ့ပါတယ်။

‘အို သူကမင်းကိုအရူးလုပ်သွားတာနေမှာပါ။’ ‘တစ်ကယ်ကိုသူမိန်းမယူရင်လည်း သူတို့ထဲကတစ်ယောက်ကိုပဲ သူယူ မှာပေါ့’ လို့ပြောကြပါမည်။

သူမက ‘ဒါပေမယ့် သူကျွန်မကို ကတိပေးခဲ့တယ်။စောင့်ရမှာပေါ့’ ဟုပြောပါသည်။(ကျွန်တော်ကောပါ)

ဒါနဲ့အဲဒီလိုတရိပ်ရိပ် အချိန်တွေကုန်လာခဲ့ပါသည်။ နောက်ဆုံးနေ့ရောက်တော့ ရောက်ချလာပါသည်။သေချာတဲ့အချိန် တစ်ခုမှာ သူ အဲဒီကိုရောက်သွားခဲ့ပါတယ်။ ဒါနဲ့သူဟာ သူမရဲ့ဝတ်စုံကိုဝတ်ဆင်ထားပါတယ်။ သူမ သူ့ဆီက ဘာမှလည်း ကြားထားရတာမျိုးမရှိပါဘူး။ ဒါပေမယ့် သူအဲဒီကိုလာမယ်ဆိုတာ သူမသိနေခဲ့ပါတယ်။ ဒါနဲ့ သူမဟာ သူမရဲ့မင်္ဂလာအဝတ်အစား ကိုဝတ်ဆင်ပြီး အဆင်သင့်လုပ်ထားပါသည်။ ဒီနောက် အဲဒီနောက်မှာ သူတို့ဟာတစ်ကယ်လို့လှောင်ပြောင်ရယ်မောမှုပြုကြ ပါမည်။ ဘာဖြစ်လို့လဲဆိုရင်အမိကကျတဲ့သူဌေးဆိုတဲ့လူဟာ အကြီးအကဲဖြစ်မှာ ဖြစ်လို့ပါပဲ။ ဒါမှမဟုတ်ဖြစ်မှာမို့လို့ပါ။....ဘယ် မိန်းကလေးကမှလည်း အဲဒီအကြောင်းပြောတာ ဘာတစ်ခုမှလည်း မကြားမိခဲ့ကြပါဘူး။ဒါနဲ့ အဲဒီကိစ္စကသူတို့အတွက် အလုံး စုံသော လှို့ဝှက်ဆန်းကြယ်မှုတစ်ခု ဖြစ်နေပါတယ်။

30 ၃၀။ အဲဒါကလည်းဒီလိုပါပဲ။ အဲဒါကတော့ သေချာပါတယ်။ ဒါပေမယ့် ဒီမိန်းကလေးကတော့ သူသူမဆီပြန်လာမယ်ဆိုတဲ့ သူ့ စကားအပေါ်မှာပဲ အခြေခံထားခဲ့တာဖြစ်ပါတယ်။ ဒါနဲ့သူတို့ကတော့ ရယ်မောနေကြပါသည်။ သူတို့ရဲ့လက်တွေကိုချိတ်ပြီး ဝိုင်းကြီးပတ်ပတ်လှည့်ကာ ကခုန်နေကြပါတယ်။ ‘အမ်’ ဆိုပြီးပြောနေပါတယ်။ (ရယ်နေကြပါမည်။ခင်ဗျားတို့သိတယ်နော်၊ အဲလိုမျိုး ကိုလေ) ပြီးတော့ ‘သနားစရာကောင်းလိုက်တာ၊ ကလေးလေးရေ၊ မိုက်လိုက်တဲ့ကလေး’ ဆိုပြီးပြေနေကြပါမည်။

သူဟာချက်ချင်းမတ်တပ်ထရပ်ပြီးတော့_နည်းနည်းမှရှက်ကြောက်မှုမရှိဘဲ သူမရဲ့ပန်းကို ကိုင်ဆောင်ထားပြီး၊ သူမရဲ့မင်္ဂလာဝတ်စုံကို ကျကျနနဝတ်ဆင်ထားပါတယ်။ သူမက ရှန်းကန်ခဲ့ရပါမည်။ ခင်ဗျားတို့သိတယ်နော်။(သူ့ရဲ့သတို့သမီးက သူ့ကိုယ် သူ အဆင်သင့်လုပ်ထားတာနော်) သူမဟာ ပန်းတွေကိုကိုင်ပြီးတော့ စောင့်နေတာပါ။ သူတို့ကတော့ ‘အခုမင်းမှားတယ်လို့ ငါ ပြောမယ်။ ကြည့်ပါ။သူမလာဘူးလေ’ လို့ပြောကြပါမည်။

‘ကျွန်မငါးမိနစ်လောက်ထပ်စောင့်ရအုံးမယ်’ လို့ပြောပါတယ်။ ‘သူဒီကိုလာလိမ့်မယ်’ လို့ပြောပါသည်။

အို... သူတို့ကတော့ ထ ရယ်ကြပါသည်။ ပြီးတော့ နာရီကြီးကငါးမိနစ်လောက်ရောက်တော့ မြင်းခွါသံကိုသူတို့ကြားလိုက် ရပါတယ်။ ဘီးအောက်မှာတော့သဲတွေလိမ့်သွားပါမည်။ ကဆုန်ပေါက်လာတဲ့ မြင်းလှည်းကြီးရပ်သွားတာ ဖြစ်ပါသည်။

သူမဟာသူတို့ကြားကနေခုန်ထွက်လိုက်ပြီး၊ တံခါးအထိထွက်လိုက်ပါတယ်။ သူကလည်းလှည်းထဲကနေခုန်ထွက်လာပြီး သူမကို သူ့ရင်ခွင်ထဲမှာ ထည့်ထားလိုက်ပါတယ်။ ပြီးတော့ သူက ‘အခုအားလုံးပြီးပြီနော်အချစ်ရေ’ ဟုပြောပါသည်။သူမရဲ့ညီမ ဝမ်းကွဲလေးတွေကတော့ (ဂိုဏ်းဂဏတွေပါ) ကျန်ရစ်ခဲ့ပါပြီ။ အဲဒီမှာထိုင်ပြီးကြည့်နေကြပါမည်။ သူမ အိမ်ရှိတဲ့ချီကာဂိုကို ခေါ် ဆောင်သွားခဲ့ပါပြီ။

31 ၃၁။ ကျွန်တော်လည်းအဲဒီလိုမျိုး အခြားသောကတိကြီးတစ်ခုကို သိထားတာရှိပါတယ်။ ‘ငါ သင်တို့အတွက် နေရာအရပ်ကိုပြင်ဆင်တော်မူမည်။ ငါသည် သင်တို့အား သိမ်းပိုက်ဖို့ တစ်ဖန်ပြန်လာမည်။’ ဆိုတဲ့အရာပါပဲ။ သူတို့ကတော့ကျွန်တော်တို့ကို ရူး နေတာလို့ ပြောချင်လည်းပြောပါမည်။ ဒါပေမယ့် ညီအစ်ကိုအခုကျွန်တော့်ဆီမှာ အမှန်တကယ်ပိုင်ဆိုင်တဲ့အရာဖြစ်ပါတယ်။ ဒီလို မျိုးသဘာဝလွန်ဖြစ်ရပ်တွေအောက်ကနေ ဒီတံဆိပ်တွေကို ဖွင့်ဖောက်သွားမှာဖြစ်ပါတယ်။ကျွန်တော်ဟာ အဲဒီက ထာဝရတည် သောအချိန်နာရီသို့ ရောက်တော့မယ်ဆိုတဲ့နာရီသံကို ကြားရတော့မလိုဖြစ်နေတာပါ။

ကျွန်တော်ဟာအဲဒီမှာရပ်နေတဲ့ကောင်းကင်တမန်တွေကို မြင်ရဖို့နီးနေပါပြီ။ပြောမှာကနောက်ဆုံးသတ္တမမြောက်ကောင်း ကင်တမန်၏ သတင်းစကားပို့ဆောင်ခြင်း၌ ဖြစ်ပါမည်။ ‘အချိန်သိပ်မရှိတော့ပါဘူး’ ကိုယ်တော်က ခမည်းတော်၏အိမ်သို့ခေါ် ဆောင်မှုပြုမည့်ဤသို့သောနေ့ရက်ကာလများထဲက တစ်နေ့မှာ ယေရှု၏ရင်ခွင်ထဲကနေ တော်ဝင်သတို့သမီးလေးဟာချီဆောင် ခြင်းကို ခံရမည်ဖြစ်ပါသည်။ အခု ကျွန်တော်တို့ တောက်လျှောက်သွားနေကြသလိုပဲဒီအရာတွေကို စဉ်းစားကြည့်ကြပါစို့။

32 ၃၂။ ခြင်္သေ့၏အမူပြုချက်ကိုသတိထားကြည့်ပါ။ နှုတ်ကပတ်တော်ဖြစ်ပါတယ်။ နွားသိုးကတော့အကျင့်အားဖြင့်ပူဇော်မှုပြုတာ ဖြစ်ပါတယ်။ ပြုပြင်ပြောင်းလဲရေးသမားတွေရဲ့ လှည့်စားမှုတွေရှိပါမည်။အဲဒီနောက် လင်းယုန်ငှက်ရောက်လာပြီး အဲဒီလိုဖော်ပြမှု ပြုပါမည်။ ဒီလိုအရာတွေကို ကောက်ယူပြီးသူတို့အား ပြသမှုပြုပါမည်။

အခု မနေ့ညကအစည်းအဝေးက အကြောင်းအရာကိုလည်း ကျွန်တော်တို့ရှာဖွေမှုပြုကြပါမည်။ဒီတံဆိပ်နှင့်အတူ ကြီး မြတ်သော လျှို့ဝှက်မှုကို ဖွင့်လှစ်မှုပြုလိုက်ပါပြီ။ကျွန်တော့်ရဲ့ အရင်ကနားလည်ထားတဲ့အရာနဲ့ အဲဒါက ကွဲလွဲနေပါသည်__ အခု အဲဒါကမှန်တယ်ဆိုတာကို အကြောင်းပြစရာရှိနေပါပြီ။

33 ၃၃။ ကျွန်တော်ကတော့ပလ္လင်အောက်ကနေ ဝိညာဉ်တွေကို အမြဲတစေ ကနဦးခရစ်ယာန်မာတုရတွေလို့ သိထားတာဖြစ်ပါ တယ်။

ဒါပေမယ့် မနေ့ညက ကျွန်တော်တို့ ရှာဖွေခဲ့ကြပါတယ်။ ဘုရားသခင်က ကျွန်တော်တို့အတွက်အဲဒီတံဆိပ်ကို ဖောက်ဖျက် မှုပြုစဉ်အခါ အဲဒါက လုံးဝဖြစ်နိုင်စရာအကြောင်းကိုမရှိတာပါ။ အဲဒါက သူတို့မဟုတ်ဘူးဖြစ်နေတာပါ။ သူတို့ဟာ ဘုန်းဝင်စားသွားကြပြီဖြစ်ပါသည်။ အခြားတစ်ဖက်ကမ်းကို တန်းတန်းမတ်မတ်ရောက်သွားကြပါပြီ။ အဲ့မှာသူတို့ရှိနေပါတယ်...

ကျွန်တော်တို့ကအချိန်ကျရင် ဂျူးတွေဖြစ်တဲ့ သူတို့ဟာ ရောက်လာရမယ်ဆိုတာကို ရှာဖွေတွေ့ရှိခဲ့ကြပါတယ်... အခုက နေရေတွက်ကြည့်လျှင် ၁၄၄,၀၀၀သောသူတွေရှိပါတယ်__ အဲဒါကဒီနေ့ညမနက်ဖန်ညအထိ ကျွန်တော်တို့ယူသွားရမယ့်အရာ ပါ__ ပဥ္စမမြောက်တံဆိပ်နဲ့ သတ္တမမြောက်တံဆိပ်အကြားမှာ ၁၄၄,၀၀၀ သောသူကို ခေါ်ဆိုမှုပြုပါမည်။ဒီနောက် သူတို့ဟာ မာတု ရတွေအဖြစ် အသတ်ခံရတာကို ကျွန်တော်တို့ ရှာဖွေကြပါမည်။အခုထိမလာတော့ပါဘူး... ဝတ်စုံအဖြူကို ဝတ်ဆင်ကြရပါမည်။ ဒါပေမယ့် သူတို့ရဲ့နာမည်က သိုးသူငယ်၏အသက်စာစောင်ထဲမှာတော့ ပါပြီးသားပါ။ သူတို့ကအဝတ်ဖြူကို အပ်ခြင်းခံရတဲ့သူတွေ ဖြစ်ပါတယ်။ သူတို့တစ်ဦးချင်းစီကို အပ်တာဖြစ်ပါတယ်။

34 ၃၄။ ပြီးရင်အဲဒါကို ကျွန်တော်တို့ယူပါမည်... အဲလို ကမ္ဘာကြီးမှာ ဘာတစ်ခုမှမရှိပါဘူး။ကျွန်တော်မယုံပါဘူး။ ဒါပေမယ့် အဲဒီ ဂျူးအုပ်စုကတော့ ဘေးဒဏ်ကြီးကာလ၊အကြိုကာလတစ်လျှောက်လုံး ပါကိုပါခဲ့ကြပါတယ်။ ဒီနောက်ဆုံး စစ်ပွဲအချိန်ကာလအ တောအတွင်းမှာလည်း သူတို့ပါခဲ့ရတာပါပဲ... သူတို့ဟာလူတိုင်းရဲ့မုန်းခြင်းကို ခံခဲ့ရပါတယ်။ အိုင်မန် ဒါမှမဟုတ် ဂျာမနီမှာ သူတို့ ဟာသန်းနဲ့ချီပြီး အသတ်ခံခဲ့ကြရပါတယ်။ (ခင်ဗျားတို့ အခု ဒုက္ခဆင်းရဲခြင်းအကြောင်းကြားနေရတာပါ) သန်းနဲ့ချီတဲ့ အပြစ်ကင်း သူတွေကို သတ်ဖြတ်မှုပြုခဲ့တာဖြစ်ပါသည်။ဂျူးတွေက ဘာဖြစ်လို့လဲဆိုရင် သူတို့က ဂျူးတွေဖြစ်လို့ပါ__ အခြားအကြောင်းအရာလည်း မရှိပါဘူး။

သမ္မာကျမ်းစာကဒီနေရာမှာ ပြောထားတာက သူတို့သည် သူတို့ဘုရားသခင်၏ သက်သေခံခြင်းကြောင့်သတ်ဖြတ်ခံခဲ့ရ သည်ဟု ပြောထားပါတယ်... ဘုရားသခင်၏နှုတ်ကပတ်တော်နှင့်သူတို့စွဲကိုင်သော သက်သေခံချက်ကြောင့် အသက်ခံခဲ့ကြရတာ ပါ။ အခု အဲဒီသတို့သမီးကဘုရားသခင်၏နှုတ်ကပတ်တော်နှင့် ယေရှုခရစ်၏သက်သေခံချက်ဖြစ်တယ်ဆိုတာကို ကျွန်တော်တို့ရှာဖွေကြပါမည်။ ဒါတွေကတော့ ယေရှုခရစ်တော်၏ သက်သေခံချက်မဟုတ်ပါဘူး။ ပြီးရင်အဲဒီကျမ်းစာကပြောတဲ့ ဣသရေလ တွေအားလုံးကယ်တင်ခံရမယ်ဆိုတဲ့အရာကို ကျွန်တော်တို့ရှာဖွေကြပါမည်။ (ရောမ ၁၁ ပါ) အခုကျွန်တော်တို့ အဲဒါကို သိကြပါ တယ်။ အဲ့မှာ ကျွန်တော်တို့ သူတို့ရဲ့ဝိညာဉ်တွေကိုမြင်ခဲ့ကြရပါသည်...

35 ၃၅။ အခုဘယ်လိုဆိုတာကို သေသေချာချာကြည့်ပါ။ ဘာကြောင့် သည်မတိုင်ခင် ဒါကမဖြစ်နိုင်တာပါလဲ? ဘာဖြစ်လို့လဲဆိုရင် ဒီမတိုင်ခင်ကအဲဒီလိုမဖြစ်ခဲ့ဘူးလို့ပါ။ အခု ခင်ဗျားတို့ အဲဒါကိုမြင်နိုင်ပါပြီ။ ခင်ဗျားတို့ကြည့်ပါ။ ကြည့်ပါ။ ခေတ်ကာလ အချိန်နာရီ များတောက်လျှောက် ဖြစ်ပေါ်လာတဲ့ထိုသို့သောအရာများကို ကြီးမြတ်သော သန့်ရှင်းသောဝိညာဉ်တော်က မြင်တော်မူပါသည်။ပြီးတော့ အဲဒါကို ဖွင့်ပြတော်မူခဲ့ပါတယ်။ ဒီနောက် အဲဒီကို ခင်ဗျားတို့ကြည့်ပါ။အဲဒါက အမုန်ဆိုတာကို မြင်ရပါတယ်။ အဲဒီနေရာမှာ အဲဒီလိုရှိပါတယ်။ အခု အဲ့မှာအိုက်မန်၏ဘေးဒဏ်ကြီး- အကြိုကာလ ဘေးဒဏ်ခံရခြင်း၌ မာတုရတွေရှိခဲ့ပါတယ်။ အခု သူတို့ဟာ၁၄၄,၀၀၀ သော မာတုရတို့၏တစ်ခုတည်းသောပုံစံဖြစ်ပါတယ်။ အဲဒါက ကျွန်တော်တို့ရဲ့ ဆဌမမြောက်တံဆိပ်နှင့်သတ္တမမြောက် တံဆိပ်အကြား ဝင်ရောက်လာမည့်အရာဖြစ်ပါတယ်။ သတ္တမမြောက်တံဆိပ်ကတော့ အခုတစ်ခုသောတံဆိပ်ဖြစ်ပါသည်။ အဲဒါက အကုန်ပါပဲ။ 'အဲဒါကကောင်းကင်၌ နာရီဝက်ကြာတိတ်ဆိတ်နေမယ်။' ဆိုတဲ့အရာပါပဲ။ အခု ဘုရားသခင်တစ်ပါးတည်းသာ အဲဒါ ကို ဖွင့်တော်မူနိုင်ပါတယ်။အဲဒါက ဘယ်နေရာမှတောင်ရှိမှာမဟုတ်တဲ့ အမှတ်အသားပြုမှုဖြစ်ပါမည်။အဲဒါကမနက်ဖန်ညကျမှာပါ။ ကျွန်တော်အတွက် ဆုတောင်းပေးကြပါ။

36 ၃၆။ အခုကျွန်တော်တို့သွားမယ့် ဆဌမမြောက်တံဆိပ်ကို ကျွန်တော်တို့ အတိအကျဖြစ်ပါမည်။ အခုကောင်းကင်ဗိုလ်ခြေဘု ရားသခင်က ဒီဆဌမမြောက်တံဆိပ်ကို အခု ကျွန်တော်တို့ရောက်လာသလိုပဲ။ ကူညီမစတော်မူပါစေသော။ အခု အခန်းငယ် ၁၂ အခန်းကြီး ၆ နော်။

'(၁၂)ဆဌမမြောက်တံဆိပ်ကို ဖွင့်သောအခါ ငါကြည့်လျှင် ကြီးစွာသောမြေလှုပ်ခြင်းဖြစ်၏။နေသည် အမွေးဖြင့် ရက်သောအဝတ် ကြမ်းကဲ့သို့ မည်း၏။ လအလုံးသည် အသွေးကဲ့သို့ဖြစ်၏။(၁၃) သင်္ဘောသဖန်းပင်ကို ပြင်းစွာသောလေတိုက်လျှင် အချိန်မတန် သောအသီးကြွေသွားသကဲ့သို့ ကောင်းကင်ကြယ်တို့သည်မြေပေါ်သို့ကျကြ၏။ (၁၄) မိုးကောင်းကင်သည် စာစောင်လိပ်သကဲ့သို့ လွင့်သွား၏။ တောင်များ၊ ကျွန်းများအပေါင်းတို့သည် မိမိတို့နေရာအရပ်မှ ရွေ့ကြ၏။ (၁၅)လောကီဘုရင်၊ မှူးမတ်၊ စစ်သူကြီး၊ သူ ဌေး၊ သူကြွယ်၊ ခွန်အားကြီးသောသူမှစ၍ ကျွန်များ၊ လူလွတ်များအပေါင်းတို့သည်မြေတွင်း၌၎င်း၊ တောင်ပေါ်မှာရှိသော ကျောက် များ၌၎င်း၊ ပုန်းရှောင်လျက်နေ၍ထိုတောင်များ၊ ကျောက်များတို့ကို ခေါ်လျက်- (၁၆) ငါတို့အပေါ်သို့ကျကြပါ။ပလ္လင်ပေါ်မှာ ထိုင် တော်မူသောသူ၏မျက်နှာနှင့် သိုးသူငယ်တော်၏ အမျက်တော်ကို ကွယ်ကာ၍ငါတို့ကိုဖုံးအုပ်ကြပါ။ (၁၇) အမျက်တော်ထင်ရှား သောနေ့ကြီးရောက်ပါပြီတကား။ အဘယ်သူသည် ခံရပ်နိုင်မည်နည်းဟု ပြောဆိုကြ၏။'

37 ၃၇။ သတိထားပါ။သူတို့ကို ကြည့်ပါ။ တွေ့လား?သူတို့ဘာလုပ်ခဲ့လဲ? သူတို့သည်ပြည်တန်ဆာဆီမှ ဝိုင်ကို ရခဲ့ပါသည်။ သူသောက်ခဲ့သောအရာနှင့် တူပါသည်။

ပြီးနောက် တောင်များနှင့်ကျောက်တုံးများကို ပြောပါသည်။ ငါတို့အပေါ်သို့ ကျပါ။ ထိုပလ္လင်ပေါ်မှာထိုင်နေသောသူဆီကနေ ပုန်းနေပါ။

သူ၏နေ့သည် လာမှာ ဖြစ်ပါသည်။ ဒါဆို ဘယ်သူရပ်နိုင်ပါမည်နည်း။

38 ၃၈။ အဖွင့်မိတ်ဆက်ကဘာလဲဆိုတော့... အခု မြင်းစီးသူတွေကို ကြည့်ပါ... မြင်းစီးသူတွေ သတ္တဝါရယ် ဖြေပေးတဲ့သတ္တဝါဆို တာကတံဆိပ်ခတ်ထားတာဖြစ်ပါတယ်။ ဒီနောက် ကျွန်တော်တို့ချီဆောင်ခံကြရပါမည်။ ကျွန်တော်တို့ပလ္လင်အောက်က မာတုရ တွေကို

မြင်ရပါတယ်။အခု ဒါက... ဒီအချိန်ကနေ... မာတုရတွေက ခရစ်ယာန်ယုံကြည်ခြင်း၌ သက်သေခံကြရသည့်စစ်မှန်သော အော့ဆိုဒေါ့ဂျူးတွေဖြစ်ပါသည်... ဘာသာရေးယုံကြည်ချက်ကြောင့်ပါ။ ဘာဖြစ်လို့လဲဆိုရင် သူတို့ဟာခရစ်ယာန်မဖြစ်နိုင်ကြလို့ ဖြစ်ပါသည်။ မှတ်ထားပါ။ ဘုရားသခင်က သူတို့ရဲ့မျက်စိကိုကာကွယ်ထားပါတယ်။ ပြီးတော့ အချိန်အကြာကြီး သူတို့ဟာ မမြင်မ စမ်းသွားလာနေကြရပါသည်။တစ်ပါးအမျိုးသားအသင်းတော်ကို ခေါ်ထုတ်သွားတဲ့အချိန်အထိပါ။ ဘာဖြစ်လို့လဲဆိုရင်ဘာဖြစ်လို့ လဲဆိုရင် ဘုရားသခင်ဟာ နှစ်ယောက်လုံးနဲ့ တစ်ချိန်တည်းမှာအဆက်အသွယ်ပြုလို့မရလို့ပါပဲ။ ဘာဖြစ်လို့လဲဆိုရင် အဲဒါက သူ့ရဲ့ နှုတ်ကပတ်တော်နဲ့သိပ်ကိုကွဲလွဲနေတဲ့အတွက်ကြောင့် ဖြစ်ပါတယ်။

39 ၃၉။ မှတ်ထားပါ။ကိုယ်တော်ဟာ အမြဲတမ်း နိုင်ငံတစ်ခုအနေနဲ့ ဣသရေလတို့နှင့် ဆက်သွယ်မှုပြုခဲ့ပါတယ်__ အဲဒါကတော့ဣသရေလနိုင်ငံဆိုပြီးတော့မှ ဖြစ်ပါသည်။ တစ်ဦးတစ်ယောက်ချင်းစီအနေနဲ့ကတော့တစ်ပါးအမျိုးသားတွေနဲ့ ဆက်ဆံမှုပြုပါ တယ်__တစ်ပါးအမျိုးသားတွေထဲက လူတွေကို ခေါ်ပါတယ်။ ပြီးတော့ အဲဒါက... တစ်ပါးအမျိုးသားတွေကို တစ်လောကလုံးကလူတွေနဲ့စီရင်တော်မူခြင်းဖြစ်ပါတယ်။ ဒါကြောင့် အခု အဲဒီနောက်မှာ ဂျူးတစ်ယောက်ကအဲဒီအထဲကို ရောက်သွားရတယ်ဆိုတာ ကို ကြည့်ပါ။ အခု အာရေဗျနဲ့ အီရပ်လိုမျိုးပါ။ပြီးတော့ အိန္ဒိယ ပြီးတော့ ဘာမဆိုပါပဲ။ အဲဒါကတော့ တစ်လောကလုံးက လူတွေကိုဒီမွေးပျံ့သော သတို့သမီးအဖြစ် စီရင်လိုက်တယ်ဆိုတာကို မြင်ပါ။

ဒါပေမယ့်အခု အဲဒီနောက်မှာ အဲဒါက ဣသရေလတို့နဲ့လာပြီး အချိတ်အဆက်ပြုတဲ့အခါ ဒီသီတင်းခုနစ်ဆယ်၏နောက် ဆုံးအပိုင်းမှာဖြစ်ပါမည်။ ကိုယ်တော်က သူတို့ကို နိုင်ငံတစ်နိုင်ငံအနေနဲ့အချိတ်အဆက်ပြုပါတယ်။ တစ်ပါးအမျိုးသားတွေကိုတော့ ရုတ်သိမ်းသွားပါပြီ။ အချိန်နာရီကမကြာခင် ရောက်လာပါမည်။ ဒီပြီးခဲ့တဲ့ညအထိတော့ ဖြစ်ချင်မှဖြစ်ပါဦးမည်။ ဘုရားသခင်ကတစ်ပါးအမျိုးသားတွေကို စုရုံးစေခြင်းမှ ပြန်၍ပြည့်စုံစေတော်မူပါမည်။ အတိအကျပါပဲ။ဒါကြောင့် ကိုယ်တော်မိန့်တော်မူခဲ့ပါတယ်။ 'တစ်ပါးအမျိုးသားတို့၏အသက်တာကိုရုတ်သိမ်းပြီးချိန်အထိ လူတို့သည် ယေရုရှလင်မြို့ရိုးကို ကျော်နင်းကြမယ်' ဆိုပြီးတော့မှ ဖြစ်ပါသည်။ အချိန်ကတော့လွန်ခဲ့ပြီးပါပြီ။ ဟုတ်ပါတယ် ဆရာ။ ဒီနောက် 'သူ့ကိုညစ်ညူးစေသောအရာ၌ ညစ်ညူးစွာရှိစေလော့။ သူ့အား ဖြောင့်မတ်စေခြင်းအကြောင်း၌ဖြောင့်မတ်စွာရှိစေလော့။' ဆိုပြီးရှိပါတယ်။ကြည့်ပါ။

40 ၄၀။ ပလ္လင်၌အသွေးစွန်းစရာမရှိတော့ပါ... အားလုံး သန့်ရှင်းစင်ကြယ်ခြင်း၌တည်ပါပြီ။ ပလ္လင်၌ အသွေးစွန်းစရာမရှိတော့ပါ။ ယဇ်ပူဇော်ခြင်းကိုဖယ်ရှားပစ်ခဲ့ပြီးပါပြီ။ အဲ့မှာ မီးခိုးငွေ့ရယ်၊ အလင်းရယ်၊တရားစီရင်ခြင်းရယ်ကလွဲရင် ဘာမှရှိမှာမဟုတ်ပါဘူး။ အဲဒါက အခု ဒီနေ့ည ဒီနေရာမှာအတိအကျသွန်းလောင်းမှုပြုတဲ့အရာ ဖြစ်ပါတယ်!

သိုးသူငယ်တော်၏အမှုပြုချက်ကသူ၏ကိုယ်စားကြားဝင်ခံယူတော်မူသော လုပ်ဆောင်ချက်၌ ကျန်ရစ်ခဲ့ပြီဖြစ်ပါသည်။ ကိုယ်စားကြားကနေ ဝင်ခံပေးတာက ယဇ်ပလ္လင်ပေါ်မှာ စတေးခံရခြင်းကနေအဆုံးသတ်သွားခဲ့ပြီဖြစ်ပါတယ်။ ပြီးတော့ ယဇ်ပူဇော် ခြင်းက (ကျွန်တော်တို့မှာ ကိုယ်တော်ကိုပြည့်ပြည့်ဝဝ ပုံစံသတ်မှတ်ထားတာရှိသလိုမျိုးပါပဲ။ ဆွေမျိုးသားချင်းကယ်တင်ပေးတဲ့သူဖြစ်တယ်။ ဆက်ပြီး အသွေးစွန်းတဲ့သိုး ဖြစ်လာတယ်။ အဲဒီသိုးသူငယ်တော်က သတ်ဖြတ်မှုကိုခံခဲ့ရတယ်။ အသွေးစွန်းတဲ့သတ္တဝါ တစ်ကောင်ဖြစ်တာက အသက်ခံခဲ့လို့အချိုးဖွဲ့ခံခဲ့ရလို့ဖြစ်တယ်။) ဆက်ဖြစ်လာတာရှိတယ်။ သူ့လက်ထဲက စာစောင်ကို ရုတ်သိမ်းတာဖြစ်ပါသည်။ အဲဒါကတော့... နေ့ရက်ကာလက ပြီးဆုံးသွားပြီဆိုတာပါပဲ။အခု ကိုယ်တော်ဟာ ကယ်တင်တော်မူတယ်ဆိုတာ ကို ကြေညာဖို့ သူက ရောက်လာခြင်းဖြစ်ပါတယ်။အာမင်! အဲဒါက အခုကျွန်တော်အားဖြင့် တစ်ခုခုကို ပို့ဆောင်ပေးခြင်းလည်း ဖြစ် ပါသည်!

41 ၄၁။ အခုကျွန်တော်တို့ရှာဖွေကြပါမည်။ ယောဟန်က 'ကိုယ်တော်ကဆဋ္ဌမမြောက်တံဆိပ်ကို ဖွင့်လှစ်မှုပြုစဉ်အခါ ငါသည် တွေ့မြင်ရ၏။ အဲ့မှာ ကြီးစွာသောငလျင်လှုပ်တယ်' လို့ ပြောထားပါတယ်။ ဒီနောက်သဘာဝတရားအားလုံးကို ဖြတ်တောက်မှုပြု လိုက်မယ်ဆိုတာကို ကြည့်ပါ။ ဘုရားသခင်ကအနာရောဂါငြိမ်းခြင်းကဲ့သို့ မျက်မမြင်ကို မြင်စေခြင်းကဲ့သို့ငှင်း၊ကြီးစွာသောအမှုကို ပြုတော်မူပါမည်။ ကြီးမြတ်သောအမှုကို ပြုတော်မူပါမည်။ ဒါပေမယ့် ကျွန်တော်တို့ ဒီနေရာမှာအဲဒီသဘာဝတရားက ဖောက်ပြန်မှု တစ်ခုဖြစ်မယ်ဆိုတာကို ရှာဖွေတွေ့ရှိရပါသည်။ ဟုတ်ပါတယ်__ အလုံးစုံသောသဘာဝတရားက ဖြစ်မှာပါ။

ဘာဖြစ်မလဲဆိုတာကိုကြည့်ပါ။ ငလျင်လှုပ်မှာပါ။ နေက အမည်းရောင်ပြောင်းမှာပါ။ လက အလင်းကိုမပေးဘဲနေမှာပါ။ ကြယ်တွေကြွေမှာ ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုရင် အရာရာတိုင်းကဖြစ်နေတယ်ဆိုတာကို မြင်ကြပါ။ ဒီဆဋ္ဌမမြောက်တံဆိပ်ကို ဖွင့်တဲ့အချိန်မှာအမှန်ဖြစ်မှာဖြစ်ပါတယ်။ အဲဒီလိုဖြစ်မယ့်အချိန် ရှိပါမည်__ အဲဒီ မာတုရတွေကိုကြေညာပြီးတာနဲ့ ချက်ချင်းအမှန် တကယ်ဖြစ်မှာ ဖြစ်ပါသည်။ မာတုရတွေကိုသတ်ပစ်လိုက်မှာဖြစ်ပါတယ်။

42 ၄၂။ အခုကျွန်တော်တို့ဟာ တကယ့်ကို အဲဒီအချိန်နာရီထဲရောက်ဖို့ နီးနေပြီဆိုတာ ခင်ဗျားတို့မြင်ကြပါ။အဲဒါက ဘယ်အချိန်မ ဆို ဖြစ်လာနိုင်ပါတယ်။ ဘာဖြစ်လို့လဲဆိုရင် အသင်းတော်က အခုဆိုရင်ပျံတက်ဖို့ အဆင်သင့်အနေအထားဖြစ်လောက်ပြီဆိုတဲ့ အနေအထားရှိလို့ပါ။ ဒါပေမယ့်မှတ်ထားပါ။ ဒီလိုကိစ္စတွေဖြစ်တာနဲ့ သတို့သမီးဟာ ဒီမှာရှိတော့မှာမဟုတ်ပါဘူး။ အခုမှတ်ထား ကြပါ။ သတို့သမီးဟာ ချီဆောင်ခြင်းထဲပါသွားမှာဖြစ်ပါတယ်။ သူမဟာဒီလိုကိစ္စဘယ်လိုမျိုးကိုမှ ခံရစရာအကြောင်းမရှိပါဘူး။ ဒါ က အသင်းတော်၏စင်ကြယ်ခြင်းနှင့်ဆိုင်သော ဘေးဒဏ်ကြီးကာလ အချိန်နာရီတစ်ခုဖြစ်ပါသည်။အဲဒီတောက်လျှောက် သူဖြတ် သန်းသွားဖို့ရာ သူ့အပေါ်သို့ အဲဒါကိုတင်မှာဖြစ်ပါတယ်။သတို့သမီးတော့မပါပါ__ ကိုယ်တော်ကသူ့ရည်းစားကို အဲဒီလမ်းကြောင်း ကနေ ခေါ်ထုတ်သွားမှာဖြစ်ပါတယ်။ ဟုတ်ကဲ့ ဆရာ!ကိုယ်တော်က သူ့ကို ကယ်ထုတ်ဖို့ ရွေးနှုတ်တော်မူရပါမည်။ ကြည့်ပါ။ အဲ့လို မျိုးပါ... အဲဒါကသူ့ရဲ့ကိုယ်ပိုင်ရွေးချယ်မှုဖြစ်ပါတယ်။သူ့ရဲ့ကိုယ်ပိုင်ရွေးချယ်မှုဖြစ်တယ်။ ဘယ်သူမဆို သတို့သမီးဖြစ်လို့ရသလိုမျိုး ပါပဲ။

43 ၄၃။ အခုငလျင်လှုပ်မယ်... အခု ကျွန်တော်တို့ကိုကျမ်းစာနှင့်ယှဉ်တွဲကြည့်ခွင့်ပြုပါ။ ကျွန်တော်ဖြစ်စေချင်တာက... ခင်ဗျားတို့ မှာ ခဲတံတို့

စာရွက်တို့ရှိကြတယ်နော်? ခင်ဗျားတို့ကို ကျွန်တော်အတွက် တစ်ခုခုလုပ်ပေးစေချင်ပါတယ်။တကယ်လို့ခင်ဗျားတို့ရေး ထားချင်တယ်ဆိုရင် ဒါကိုရေးထားပါ။ ဘာဖြစ်လို့လဲဆိုရင် အဲဒါက… ခင်ဗျားတို့ အခွေကိုရမသွားကြရင်တောင်မှ။

အခုခင်ဗျားတို့ဖတ်သလိုပဲ။ ကျွန်တော်က ခင်ဗျားတို့နှင့် ဖတ်ကြည့်ချင်ပါတယ်။ဒီကြီးမြတ်တဲ့အဖြစ်အပျက်တဲ့ နှုတ်က ပတ်တော်ကို နှိုင်းယှဉ်ကြည့်ပါ။ ဒါကိုကျွန်တော်တို့က ဒီလိုကြီးမြတ်တဲ့လျှို့ဝှက်ချက်၊ ဒါမှမဟုတ်ရွေးနှုတ်ခြင်းစာအုပ်၌ရှိသော ဆ ဋ္ဌမမြောက်တံဆိပ်အောက်က လျှို့ဝှက်ချက်အဖြစ်မြင်ကြပါသည်… အခု မှတ်ထားပါ။ ဒီဟာတွေကလျှို့ဝှက်ထားတဲ့နက်နဲမှုတွေ ဖြစ်ပါတယ်။ တံဆိပ်ခြောက်ခုကို အတူတကွပေါင်းပြီးစာအုပ်ကြီးတစ်အုပ်လုပ်ထားတာပါ__အခု စာလိပ်ခြောက်လိပ်ကို အတူတူ စုပြီး လိပ်ထားတာဖြစ်ပါတယ်။ အဲဒီအမှုကရွေးနှုတ်ခြင်းအလိပ်တစ်ခုလုံးကို ဖြေလိုက်တာဖြစ်ပါတယ်။ အဲဒါက ကမ္ဘာလောကတစ်ခုလုံးကို မည်သို့မည်ပုံ ကယ်တင်တော်မူတယ်ဆိုတဲ့ အကြောင်းပဲဖြစ်ပါသည်။

44 ၄၄။ အဲဒါကတော့ယောဟန်ငိုကြွေးမှုပြုတဲ့ အကြောင်းအရင်းပဲဖြစ်ပါသည်။ ဘာဖြစ်လို့လဲဆိုရင် ဘယ်သူကမှအဲဒီအလုံးစုံဖန် ဆင်းခြင်းစာအုပ်ကို မယူနိုင်ကြဘူးဆိုရင် အကုန်လုံးကုန်ပါမည်။အဲဒါက အခုလိုရိုးရိုးရှင်းရှင်းပဲ အမှုန်အမွှားအဖြစ်သို့ ရောက်တဲ့အထိဖြစ်သွားပါမည်။ အဲ့လိုတွေ ဆက်ဖြစ်ပါမည်။ ပြီးတော့ စကြာဝဠာအလင်းရှိပါမည်။ဖန်ဆင်းခြင်းတောင် မကတော့ပါဘူး__လူ ကဘာမှကိုမဟုတ်တာပါ။ ဘာဖြစ်လို့လဲဆိုရင် အာဒံဟာ အဲဒီစာအုပ်နဲ့ဆိုင်တဲ့အခွင့်အရေးတွေကို ဆုံးရှုံးခဲ့ရပါတယ်။ သူကသူ့မိန်း မစကားကို နားထောင်လိုက်တဲ့အခါကိုယ်တော်က အဲဒါကိုရုတ်သိမ်းပစ်လိုက်ပါသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်အစား စာ တန်၏အကြောင်းပြချက်ကိုပဲ သူမဟာ နားထောင်မှုပြုခဲ့ပါသည်။

အဲဒါကရုတ်သိမ်းခံခဲ့ရပါတယ်။ ဒီနောက် အဲဒါက ပြန်လှည့်လာလို့မရတော့ဘဲ စာတန်၏ညစ်ပတ်သောလက်ထဲကို ရောက်သွားကာ စာတန်ကသူမကို လမ်းချော်သွားစေပါသည်။ ဒါကြောင့် အဲဒီအတွက် အဲဒါက မူလပိုင်ရှင်ဆီကိုပြန်ရောက်သွား တာဖြစ်ပါတယ်။ မည်သို့သော ထုတ်နှုတ်ချက်မျိုးမဆိုကအလုပ်ဖြစ်သည့်ပုံမျိုးပေါက်နေပါတယ်။ ကြည့်ပါ။ အဲဒါကို ကနဦးပိုင်ဆိုင် တဲ့လူဆီကိုအမှန်တကယ်ပြန်ရောက်သွားတာ ဖြစ်ပါသည်။ အဲဒီသူက ဘုရားသခင်ပဲဖြစ်ပါတယ်။ ဖန်ဆင်းခြင်းကထိုအရာကို စီ ရင်ဖန်ဆင်းထားတာဖြစ်တယ်။ ပြီးတော့ အဲဒါကိုကိုယ်တော်ကိုင်စွဲတော်မူပါသည်။

45 ၄၅။ ပြီးတော့အဲ့မှာ အဖိုးနှုန်းတစ်ခုရှိပါတယ်။ အဲဒါက ရွေးနှုတ်ခြင်းပင် ဖြစ်ပါသည်။ အဲ့မှာရွေးနှုတ်ခြင်းအတွက် အချို့သောအ ဖိုးအခတွေရှိပါသည်။ အဲဒါကို ဘယ်သူမှလည်းလုပ်လို့မရပါဘူး။ ဒါကြောင့် ကိုယ်တော်က မိန့်တော်မူခဲ့ပါတယ်… ပညတ်တရားကို စီရင်ထားရှိခဲ့ပါတယ်။ သူ့ရဲ့ဆွေမျိုးသားချင်းရွေးနှုတ်သူ၏ ကိုယ်ပိုင်ပညတ်တရားတွေဖြစ်ပါသည်။

ဒီနောက်သူတို့ဟာဘယ်သူ့ကိုမှ ရှာလို့မရတော့ပါဘူး။ လူတိုင်းဟာ လိင်ဆက်ဆံ၍ မွေးလာကြရပါတယ်။လိင်ကိစ္စဖြေပြီး မှ မွေးလာကြရပါသည်။ လူက ကနဦးအပြစ်၌ တည်ပါသည်__ စာတန်နှင့်ဧဝဖြစ်တာပါ။ဒါကြောင့် သူက အဲဒါကို ဘာမှလုပ်လို့မရ ပါဘူး။ အဲ့လို သူ့မှာက ဘာမှရှိတာမဟုတ်ပါဘူး။သန့်ရှင်းတဲ့ပုပ် ဘုန်းကြီး၊ ဒေါက်တာကြီးဆိုတာက မဟုတ်တာတွေပါ။ သူကဘယ်လိုပဲဖြစ်ဖြစ်ပါ။ သူက… ဘယ်သူမှ ထိုက်တန်တဲ့သူမရှိပါဘူး။ပြီးတော့ သူဟာ ကောင်းကင်တမန်လည်း မဟုတ်နိုင်ပါဘူး။ ဘာဖြစ်လို့လဲဆိုရင် အဲ့မှာကအမျိုးဆိုပြီး ပါနေလို့ဖြစ်ပါတယ်။ သူဟာ လူသားတစ်ယောက်တော့ ဖြစ်ရပါမည်။ ဒီနောက်ဘုရား ကိုယ်၌ အပျိုစင်၏ဖွားမြင်ခြင်းအားဖြင့် လူဇာတိခံယူကာဆွေမျိုးသားချင်းတစ်ယောက်လို ကြွလာတော်မူခဲ့ရတာပါ။

ပြီးတော့ကကိုယ်တော်က သူ့အသွေးကို သွန်းလောင်းမှုပြုခဲ့ပါတယ်။

46 ၄၆။ အဲဒါကဂျူးတစ်ယောက်၏အသွေးမဟုတ်ပါဘူး။ အဲဒါက တစ်ပါးအမျိုးသားတစ်ယောက်၏ အသွေးမဟုတ်ပါဘူး။အဲဒါက ဘုရားသခင်၏အသွေးတော်ဖြစ်ပါသည်။ သမ္မာကျမ်းစာက ကျွန ်ပ်တို့သည်ဘုရားသခင်၏အသွေးအားဖြင့် ကယ်တင်ခြင်းကိုခံရ တယ်လို့ ဆိုထားပါသည်။ ကလေးကအဖေရဲ့သွေးကို ရကြပါသည်။ ကျွန်တော်တို့ အဲဒါကိုသိကြပါတယ်။ ဘယ်အကောင်ဖြစ်ဖြစ်အထီးသတ္တဝါ၏လိင်က ထုတ်လုပ်သော အသွေးဆဲလ်၌ ရှိနေကြရပါတယ်။ ဒါကြောင့်ကျွန်တော်တို့ရှာဖွေဖော်ထုတ်ခဲ့ကြပါတယ်။

ကြက်မက ဉဥသလိုမျိုးပါပဲ။ သူက ဉတစ်လုံးကို ဉပေးလိုရပါတယ်။ ဒါပေမယ့်ကြက်သားပေါက်ဖို့အတွက်ဆိုရင် မိတ် ကောင်က သူမနဲ့မနေရင် အဲဒီလိုလည်း ပေါက်လာစရာအကြောင်းမရှိပါဘူး။ အဲဒါကသန္ဓေအောင်တာပါပဲ။ မိန်းမဆိုတာ ဉကို ဆောင်ယူပေးရတယ်။ သားဖောက်စက်တစ်ခုလုံးမျိုးသာ ဖြစ်ပါတယ်။ ဒါပေမယ့် ကြက်ဉက ဖြစ်လာပါတယ်… ဗီဇကတော့ အထီး ကနေပဲ ရတာဖြစ်ပါတယ်။ ဒီကိစ္စမှာ အပိုကတော့ဘုရားသခင် ကိုယ်တော်တိုင်ဖြစ်ပါသည်!

47 ၄၇။ အဲဒါကိုကျွန်တော်က ဘယ်လိုလုပ်ပြီးတက်တယ်ဆိုတာ ကျသွားတာပဲ။ ကြီးတယ်ဆိုတာ သေးတာပဲလို့ဘယ်လိုပြောနိုင် ပါတော့မည်နည်း။ ကိုယ်တော် ကြွလာတော်မူရတဲ့အထိ သိပ်ကိုကြီးမားလွန်းပါတယ်… ကိုယ်တော်ကိုယ်တိုင်က သေးသေးမွှားမွှား အရာလေးတစ်ခုကိုပိုပြီးသေးတဲ့ ဗီဇသားလောက်လေးဖြစ်အောင်လုပ်ပြီး အပျိုကညာ၏ဝမ်း၌ ဖန်ဆင်းခံမှုကိုပြုတဲ့အထိကိုအမှုပြု ခဲ့တာဖြစ်ပါတယ်။ အဲဒီနားတစ်ဝိုက်ကနေပဲ ကိုယ်တော်ဟာအသားစတွေကို တိုးလာစေတယ်။ အသွေးကို တိုးလာစေတာဖြစ်ပါ တယ်။ ပြီးတော့ဖွားမြင်ခြင်းကိုခံယူသော ကမ္ဘာမြေကြီးပေါ်မှာ ပေါ်ထွန်းလာတော်မူခဲ့ပါသည်။အဲဒီလိုအစပြုမှုမျိုးကနေ ဖြစ်လာ တာပါ။ အပြစ်မလုပ်ဘဲ လိင်ဆန္ဒမပါဘဲအဲဒီလိုအကုန်လုံးဖြစ်လာခဲ့တာပါ…

ဒီနောက်ကိုယ်တော်ကအသွေးတော်ကိုပေးသနားတော်မူခဲ့ပါသည်။ ဘာဖြစ်လို့လဲဆိုရင် ဘာဖြစ်လို့လဲဆိုရင်ကိုယ်တော် က ကျွန ်ပ်တို့ဆွေမျိုးတော်တဲ့ ပေါက်ဖော်တစ်ယောက်ဖြစ်လို့ပါပဲ။ကိုယ်တော်က ဆွေမျိုးထဲက ရွေးနှုတ်ကယ်တင်ပေးတဲ့သူတစ် ယောက်ဖြစ်ပါသည်။ ပြီးတော့ ကိုယ်တော်ကအသွေးတော်ကို လွတ်လပ်စွာဖြင့် သွန်းလောင်းတော်မူခဲ့ပါသည်။ ကိုယ်တော်မှာ

အဲဒီလိုဖြစ်စရာအကြောင်းရှိကိုမရှိတာပါ။ ကိုယ်တော်က အဲဒါကို ရွေးနှုတ်ကယ်တင်ဖို့လွတ်လပ်စွာဖြင့် ပေးသနားတော်မူခြင်းဖြစ်ပါ သည်။ ဒီနောက် ကိုယ်တော်ကဘုရားသခင်၏ပလ္လင်ပေါ်တက်ပြီး အဲဒီလို စောင့်မျှော်နေခဲ့ပါတယ်။ ဘုရားသခင်ကသူ့ရဲ့လက်တော်ထဲ၌ရွေးနှုတ်တော်မူခြင်းဆိုင်သောစာစောင်ကို ကိုင်စွဲထားတော်မူပါသည်။ အသွေးသွန်းသောသိုးသူငယ်တော်သည် ယဇ် ပလ္လင်ပေါ်မှာ တည်ရှိနေခဲ့ရပါသည်။ အဲဒီသိုးသူငယ်တော်ကရွေးနှုတ်ဖို့အတွက်ဖြစ်ပြီး ကိုယ်စားအကြားကနေ ခံယူပေးစရာအ ကြောင်းရှိခဲ့ပါသည်။

48 ၄၈။ ဒီနောက်ဘယ်လိုလုပ်ပြီး အဲဒီမှာရှိကြောင့်မို့ ဒါမှမဟုတ် ယောသပ်ကြောင့်မို့ဆိုပြီးဘယ်သူ့ကိုပြောဝံ့ပါတော့မည်နည်း။ ဒါ မှမဟုတ် အခြားမည်သည့်အပြစ်သားက ကြားကနေကိုယ်စားဝင်ရောက်စေ့စပ်ပေးတာလို့ ပြောဝံ့ပါတော့မည်နည်း! အဲဒီအသွေးမ ပါဘဲခင်ဗျားတို့ အပြစ်ကြွေးကို ဆပ်လို့မရပါဘူး! ဟုတ်ကဲ့ပါ။ အဲဒီလို ဘုရားသခင်နဲ့လူကြားမှာတစ်ဦးတည်းသော ကြားဝင်ခဲ့တဲ့ သူတစ်ယောက်ပဲ ရှိပါတယ်။ အဲဒီသူကတော့ယေရှုခရစ်တော်ပဲဖြစ်ပါသည်။ အဲဒါက နှုတ်ကပတ်တော်က မိန့်တော်မူတဲ့အရာပဲဖြစ် ပါသည်။အဲဒီမှာ ကိုယ်တော်ရပ်တည်နေတာပါ။ နောက်ဆုံးကျန်တဲ့ဝိညာဉ်ကိုကယ်တင်တော်မူပြီးချိန်အထိ ရပ်နေပေးတာဖြစ်ပါ တယ်။ ဒီနောက် ဆက်လက်၍ ကိုယ်တော်ဟာ သူဟာရွေးနှုတ်ကယ်တင်ပေးတဲ့သူဖြစ်ကြောင်းကို ကြေညာဖို့ကြွလာတော်မူပါ သည်။

အိုကြီးမြတ်သော အဖဘုရားသခင်က ကိုယ်တော်ပဲဖြစ်ပါသည်။ အခုမှတ်ထားကြပါ... အခု ကျွန်တော်အမြဲဆင်ပေးခဲ့တာ က 'ပါးစပ်သက်သေ နှစ်ခု၊ သုံးခုကနေစကားလုံးတိုင်းကို တည်ဆောက်မူပြုခဲ့တာဖြစ်ပါသည်။' ပြီးတော့ ကျမ်းစာက... အခုလိုမျိုး ပါ။ ခင်ဗျားတို့ကျမ်းစာ၏တစ်လုံးကိုမှ နှုတ်ပယ်လို့မရပါဘူး။ အဲဒီလို တစ်ခုခုကအဲဒါနှင့်သွားမပေါင်းဘူးဆိုရင် ဘာမှသက်သေပြ လို့ရတော့မှာ မဟုတ်ပါဘူး။ ကြည့်ပါ။ကျွန်တော်က ကျမ်းစာစကားလုံးတစ်ခုကို ယူလို့ရပါတယ်။ 'ယုဒသွားပြီး သူ့ကိုယ်သူကြိုးဆွဲ ချသည်' ဟု ပြောထားပါတယ်။တခြားတစ်ယောက်ကိုယူပြီး 'သင်သွား၍ထိုတူညီသောအမှုကို ပြုလေ' ဆိုပြီးပြောပါမည်။ဒါပေ မယ့် ခင်ဗျားတို့ကြည့်ပါ။ အဲဒါကို ကျန်တဲ့အရာနဲ့ ရောပစ်လိုက်လို့မရပါဘူး။

49 ၄၉။ ပြီးတော့ကျွန်တော်တွေးမိပါတယ်... ဆဌမမြောက်တံဆိပ်လောက်ကနေ ဆက်ပြီးတော့သန့်ရှင်းသောဝိညာဉ်တော်က ထိုအရာကို ဖောက်ဖျက်မူပြုစဉ်အခါ အဲဒီလိုဖြစ်တာကိုကျွန်တော်မြင်ရပါတယ်။ ဒီနောက် ကျွန်တော်တွေးမိတာက ဒီနေ့ညမှာအဲဒါ က နည်းနည်းလေးသင်တန်းပေးလို့ကောင်းတဲ့ ကွဲပြားတဲ့ကိစ္စလေးတစ်ခုဖြစ်တယ်ဆိုတာပါပဲ။ဘာဖြစ်လို့လဲဆိုရင် အဲဒါကခင်ဗျား တို့ကို ပန်းသွားစေချင်လည်း ပန်းသွားစေပါမည်။ အခုကျွန်တော့်ကို တစ်ချိန်လုံး ကျွန်တော်ပြောတာကိုပဲ နားထောင်နေကြရပါ သည်။ ဒါကြောင့်ကျွန်တော်တွေးမိတာက နည်းနည်းလေးကွဲပြားတာကို ကျွန်တော်တို့ လုပ်ရမှာဖြစ်တယ်လို့ပါ။

50 ၅၀။ အခုသတိထားပါ။ ဒီကြီးမြတ်တဲ့အဖြစ်အပျက်ဟာ ရွေးနှုတ်ခြင်းနှင့်စပ်ဆိုင်တဲ့လျှို့ဝှက်စာအုပ်အောက်မှာ တံဆိပ်ခတ်နှိပ် ထားခြင်းကို ခံထားရပါတယ်။ အခုသိုးသူငယ်တော်က သူ့လက်မှာ အဲဒါကိုကိုင်ထားပြီး အဲဒါကို ဖွင့်ဖောက်လိုက်လို့ရပါတယ်။အခု မဿဲအခန်းကြီး ၂၄ ကို ကြည့်ပါမည်။ သိုးသူငယ်တော်ကိုယ်တိုင်က စကားပြောတာဖြစ်ပါတယ်။အခု ဘယ်သူမဆို စာအုပ်တစ် အုပ်လုံးကိုရေးတဲ့သူက ခရစ်တော်ဆိုတာကို သိကြပါတယ်။တစ်သက်စာဆက်တည်းမှာလည်း ဆက်စပ်နေပါတယ်။ ဒါပေမယ့် ဒါ က ဒီနေရာမှာရှိတဲ့သူရဲ့အပြောပဲဖြစ်ပါတယ်။ ဒါမှမဟုတ် လူတွေကိုပေးတဲ့ သူရဲ့တရားဒေသနာ ဂျူးတွေကိုပေးတဲ့ဒေသနာဖြစ်ပါ မည်။

51 ၅၁။ အခုကျွန်တော်က ဒီလို ခင်ဗျားတို့ရဲ့ ကျမ်းစာကို ကျွန်တော်က စွဲကိုင်ထားစေချင်ပါတယ်။မဿဲ ၂၄၊ ဗျာဒိတ် ၆ ဖြစ်ပါ တယ်။ ဒီလိုမျိုးပါ။ နည်းနည်းလောက် ဒီနေရာမှာရှိတဲ့အရာနဲ့နှိုင်းယှဉ်ကြည့်ကြပါ။ ဒါနဲ့ အခုဒါကို ကြည့်ကြပါ။ အဲဒါက ဘယ်လိုဆို တာကိုခင်ဗျားတို့ ရှာကြည့်လို့ရနိုင်ပါတယ်။ ကြည့်ပါ။ ဘာလဲဆိုရင်... ဒီနေရာမှာရှိတဲ့သိုးသူငယ်တော်က ဒီမှာကိုယ်တော်မိန့်တော်မူထားတဲ့ စကားလုံမှာ အတိအကျကို အမှတ်အသားပြုဖော်ပြထားတာဖြစ်ပါသည်__ အတိအကျအမှုပြုတော်မူပါသည်။ဒါကြောင့် အဲဒါကို မှန်တယ်လို့ ပြောလို့ရမှာဖြစ်ပါတယ်။ အဲဒီက အရာအားလုံးက အဲဒီကိုရောက်ပါသည်။ဒီနေရာတစ်ခုကတော့_ကိုယ် တော်ကအဲဒါကိုပြောခဲ့ပါတယ်။ ဒီနေရာမှာတော့အဲဒါကဖြစ်နေပါတယ်။ အဲဒါက အခုဆိုရင် ပြီးပြည့်စုံသော သဘောတူခြင်းပင် ဖြစ်ပါသည်။

အခု ရှင်မဿဲ(အခန်းကြီး ၂၄) ကိုကြည့်ကြရအောင်၊ ဗျာဒိတ် ၆ နဲ့ မဿဲ အခန်းကြီး ၂၄ ကိုနှိုင်းယှဉ်ကြည့်ကြပါစို့။ ကျွန် တော်တို့အားလုံး အဲဒီအခန်းကို ကျမ်းစာသမားတိုင်း သိကြပါသည်။လူတိုင်းသွားကြရပါသည်။ ဘေးဒဏ်ကြီးကာလအကြောင်း ပြောစရာရှိပါတယ်။ အဲဒါက မဿဲ အခန်းြကီး ၂၄ မှာထွက်လာတာရှိပါသည်။ ပြီးတော့အခု ကြည့်ကြပါစို့။...

52 ၅၂။ အဲဒါကသိပ်ကိုဖြစ်နေတယ်ဆိုရင် အခု.....

ကျွန်တော်တို့ကအဲဒီလို၊ ဒီအဌမမြောက်တံဆိပ်ကို တရားစီရင်ခြင်းတံဆိပ်အဖြစ် သိထားကြလို့ဖြစ်ပါတယ်။အဲဒီတရားစီ ရင်ခြင်းတံဆိပ်က_အဲဒီလိုအတိအကျဖြစ်ပါသည်။အခု ကြည့်ပါ။ ကျွန်တော်တို့မှာ အန္တိခရစ် မြင်းစီးတာရှိပါသည်။ အသင်းတော် သွားတာကိုမြင်ခဲ့ရပါတယ်။ အခု အဲဒါက ပြီးသွားပြီ။ ချီဆောင်ခံခဲ့ရပြီ။ ဒီနောက်၊ပလ္လင်အောက်မှာ ကျွန်တော်တို့ဟာ ပြန်ပြီးတော့ မာတုရအဖြစ်ရှိနေတဲ့ ဂျူးတွေကိုမြင်ရပြန်ပါသည်။ အခု၊ ဒီလို လူတွေအပေါ်ကို သက်ရောက်ခြင်းရှိမည်။ တရားစီရင်ခြင်းတံဆိပ်ကို ဖောက်ဖျက်တာရှိပါသည်။...ဆက်လက်၍ဒီလို ဘေးဒဏ်ကြီးကာလ၊ တရားစီရင်ခြင်းမှ ထွက်မြောက်သည်။ ၁၄၄၀၀၀ သော ရွ ်းနှုတ်ခံရတဲ့ဂျူးတွေ ရှိပါတယ်။အဲဒီလူတွေက ဂျူးတွေ၊ တစ်ပါးအမျိုးသားတွေ မဟုတ်ဘူးဆိုတာကို ခင်ဗျားတို့အားကျွန် တော်သက်သေပြပါမည်။ သူတို့သတို့သမီးနဲ့ လုပ်စရာကိစ္စကို မရှိပါဘူး။ ကိစ္စတစ်ခုမှမရှိပါဘူး။ သတို့သမီးက...သတို့သမီး ချီဆောင်ခံရတာကိုကျွန်တော်တို့ မြင်ခဲ့ပြီးပါပြီ။ ခင်ဗျားတို့အဲဒါကို ဘယ်နေရာမှာမှသွားတားလို့ရမှာမဟုတ်ပါဘူး။ အနောက်က တမန်တော်ဝတ္ထု အခန်း၁၉ ကိုရောက်မသွားကြနဲ့နော်။

53 ၅၃။ အခုသတိပြုပါ။ ဆဌမမြောက်တံဆိပ်ဟာ နှုတ်ကပတ်တော်ရဲ့တရားစီရင်ခြင်းတံဆိပ်ဖြစ်လို့ပါပဲ။ အခု ဒီမှာပါ။ အခု ကျွန်

တော်တို့စပြီး ဖတ်လိုက်ကြရအောင်။ ရှင်မဿဲအခန်းကြီး ၂၄ ကိုပါ။ အခု ကျွန်တော် ဒီနေရာမှာ ခင်ဗျားတို့ပေးချင်တာကို ကျွန် တော်အခုရှာဖို့ ကြည့်နေပါတယ်။ အခု ရှင်မဿဲ ၁ကနေ ၃ အထိပါ။ ကောင်းပါပြီ။ ကျွန်တော်တို့ ဘယ်နေရာကနေ စဖတ်ရမလဲ ဆိုတာရှိပါတယ်။

(၁) ယေရှုသည်ဗိမာန်တော်မှ ထွက်ကြွတော်မူသည်ရှိသော် တပည့်တော်တို့သည် ဗိမာန်တော်တို့၏တိုက်ဆောင်များကို ပြခြင်းငှါ အထံတော်ထဲသို့ ချဉ်းကပ်ကြ၏။ (၂) ယေရှုကလည်းဤအရာအလုံးစုံကို သင်တို့သည် မြင်ကြသည်မဟုတ်လော။ ငါအမှန်ဆို သည်ကား မဖြိုမချဘဲကျောက်တစ်ခုပေါ်မှာ တစ်ခုမှမတည်မနေရဟု မိန့်တော်မူ၏။ (၃) ထို့နောက်သံလွင်တောင်ပေါ်မှာ ထိုင် တော်မူစဉ်တပည့်တော်တို့သည် အခြားသူမပါဘဲ ချဉ်းကပ်၍ ထိုအမှုအရာတို့သည်အဘယ်ကာလမှဖြစ်မည်ကိုငှင်း၊ ကိုယ်တော် သည် ကြွလာ၍ ဤကပ်ကမ္ဘာကုန်သော ပုပ္ပနိမိတ်သည်အဘယ်နိမိတ်ဖြစ်မည်ကိုငှင်း၊ အမိန့်ရှိတော်မူပါဟု လျှောက်ကြ၏။

54 ၅၄။ အခုဒီနေရာမှာ ရပ်ထားကြပါစို့။ ဒီလိုအခန်းငယ်သုံးခုရှိပါတယ်။။ အဲဒါကိုအင်္ဂါနေ့နေ့လည်ကျရင် အမှန်တကယ်လေ့လာ ကြပါမည်။ ဧပြီ ၄ အေဒီ ၃၀ ပါ။ ပြီးတော့ အခုပထမအခန်းငယ်နှစ်ခုက ဧပြီ ၄ အေဒီ ၃၀ မွန်းလွဲပိုင်းမှာ ဖြစ်ပျက်ခဲ့တာပါ။ တတိယအပိုဒ်ကလည်း တူညီတူ အင်္ဂါနေ့ညနေပိုင်းမှာ ဖြစ်ပျက်ခဲ့တယ်ဆိုတာကို ကြည့်ပါ။

သူတို့ဗိမာန်တော်သို့ရောက်လာကြပြီးဒီလိုအရာတွေကို ကိုယ်တော်အား မေးလျှောက်ခဲ့ကြတာဖြစ်ပါတယ်။ ‘ဒီကိစ္စက ဘာလဲ။ ဒီအကြောင်းက ဘယ်လိုလဲ? ဒီဗိမာန်တော်ကြီးကို ကြည့်ပါ။ အဲဒါကအံ့သြစရာမကောင်းဘူးလား ’ ဆိုပြီးတော့မေးခဲ့ကြပါ သည်။

ကိုယ်တော်က ‘အဲ့မှာတော့ ကျောက်တုံးတစ်တုံးနဲ့တစ်တုံး ထပ်စရာအကြောင်းကို မရှိဘူး ’ လို့မိန့်တော်မူခဲ့ပါသည်။

ဒီနောက် ကိုယ်တော်ဟာတောင်ပေါ်တက်ပြီး ထိုင်နေတာကို မြင်ရပါမည်။ အဲဒါက အဲဒီလိုပါ။ ကိုယ်တော်က အစပြုပါတယ်... အဲဒါက နေ့လည်မှာ ဖြစ်တာပါ။ ဒီနောက်သူတို့ပေးတဲ့အချိန်ရှိပါတယ်။ သူတို့ဟာ အဲဒီတောင်ပေါ်မှာ ကိုယ်တော်ကိုမေး လျှောက်ခဲ့ကြပါတယ်။ ‘ကျွန်တော်တို့ ဒီလိုအကြောင်းအရာတွေကိုသိချင်တယ် ’ ဆိုပြီးမေးခဲ့ကြပါသည်။

55 ၅၅။ အခုသတိထားပါ။ဒီမှာရှိပါတယ်... ဂျူးတွေဖြစ်တဲ့ သူ့တပည့်တော်တွေကမေးခွန်းသုံးခုကို မေးလျှောက်ခဲ့ပါတယ်။ မေး ခွန်းသုံးခုမေးခဲ့ပါတယ်။ အခုကြည့်ပါ။ပထမက ‘ဒီလိုကိစ္စတွေဖြစ်မယ့်အချိန်ကိုမေးတာပါ။ ကျောက်တုံးတစ်ခုပေါ်မှာတစ်ခု တင် ကျန်တာမျိုးမရှိဘူးမဟုတ်လား?’ ‘ကိုယ်တော်၏ကြွလာတော်မူခြင်းနိမိတ်က ဘယ်လိုဖြစ်မယ်ဆိုတာက [ဒုတိယမေးခွန်းပါ] ပြီး တော့ လောက၏အဆုံးသတ်က ဘာလဲ?’ ဆိုတာပဲဖြစ်ပါတယ်။အဲဒါကို မြင်ပါသလား?

အဲဒီမေးခွန်းသုံးခုရှိပါတယ်။အခုအဲဒီနေရာမှာ လူတွေအများကြီး သူတို့ရဲ့အမှားတွေကို လုပ်ခဲ့ကြပါတယ်။ ဒီနောက် ဒီနေရာက ဒါတွေကို သူတို့ဟာ ကောလဟာလအချို့မှာ သွားပြီးအသုံးပြုပါတယ်။ခင်ဗျားတို့ကြည့်လိုက်ရင် ကိုယ်တော်က မေးခွန်းသုံး ခုကို အဖြေပေးခဲ့တာရှိပါတယ်။အခုအဲဒါက ဘယ်လောက်လှလဲဆိုတာကို ကြည့်ပါ။

တတိယအပိုဒ်ကိုကြည့်ပါ။ အခု ဒါနောက်ဆုံးတတိယအပိုဒ်မှာ ရှိပါတယ်။ ‘ဘာဖြစ်မလဲဆိုတာပါ...?’ ပထမ သူတို့ကကိုယ်တော်ကို သိလွင်တောင်ပေါ်ကို ခေါ်သွားကြပါတယ်။ သီးသန့်ခေါ်သွားကြတာပါ။ ‘ကျွန်တော်တို့ကို ပြောပြ။ဘယ်အချိန်ဒီလို မျိုးတွေဖြစ်မှာလဲ...’ ဆိုပြီးတော့မှပါ။ မေးခွန်းနံပါတ်တစ်ပါ... ‘ကိုယ်တော်၏ကြွလာတော်မူခြင်း နိမိတ်လက္ခဏာက ဘာလဲ?’ ဆို တာမေးခွန်းနံပါတ်နှစ်ပါ။ ‘လောက၏အဆုံးသတ်ကဘာလဲ?’ မေးခွန်းနံပါတ်သုံးပါ။ကြည့်ပါ။ အဲဒီလိုမတူညီတဲ့ မေးခွန်းသုံးခုကို မေးခဲ့တာဖြစ်ပါတယ်။

56 ၅၆။ အခုကျွန်တော်က ခင်ဗျားတို့ကို မှောက်ထားလိုက်စေချင်ပါတယ်။ ဒီကိစ္စတွေအကြောင်း ယေရှုကသူတို့ကို ဘယ်လိုမိန့် တော်မူသလဲဆိုတာကို ကြည့်ပါ။ အို အဲဒါက သိပ်ကိုလှပပါသည်! အဲဒါက အခုကျွန်တော်ကို အမှုပြုတော်မူပါသည်... ကျွန်တော် ရမှာပါ... အခြားညတွေက ကျွန်တော်တို့အသုံးပြုခဲ့တဲ့ အဲဒီစကားလုံးကဘာဖြစ်ပါသလဲ? ဗျာဒိတ်ကျမ်းမှန်ဆော်ချက်ဖြစ်ပါသည်။

သတိထားပါ။အခု ဒီစာစောင်ရဲ့ ပထမတံဆိပ်ခတ်နှိပ်ခြင်းကို အခုပြန်သွားကြပါမည်။ ပထမတံဆိပ်နှင့်ပထမမေးခွန်းကို နှိုင်းယှဉ်ပါ။ မေးခွန်းတစ်ခုစီကို အဲဒါနဲ့ အမှန်တယ်ချပြီးနှိုင်းယှဉ်ကြည့်ပါ။ တကယ်လို့ အဲဒါက လက်ဆင့်မကမ်းဘူးဆိုရင် ကြည့်ပါ။ အခုကျွန်တော်တို့ ဒီအခြားအရာအားလုံးမှာ ဖြစ်ခဲ့ကြသလိုမျိုးပဲဖြစ်ပါမည်__ အသင်းတော်ခေတ်ကာလများတွင်ဖွင့်လှစ်မှုပြုခဲ့ပါ သည်။ အရာရာတိုင်းဟာ တိတိကျကျနှင့် ပြောင်းလဲတာမရှိပါဘူး။ ဒီနောက်အဲဒီလိုတံဆိပ်ကို ပြီးပြည့်စုံစွာ ဖွင့်လှစ်မှုပြုတော်မူခဲ့ပါ သည်။

57 ၅၇။ သတိထားပါ။အခု အခု ကျွန်တော်တို့ ဆက်ဖက်သွားကြပါမည်။ ပထမအတွက်ကိုတော့... ‘ဒီနောက် ကိုယ်တော်က သူ တို့ကို အဖြေပေးတော်မူခဲ့ပါတယ်...’ ဒီနောက် အခု ကိုယ်တော်ဟာဆက်ပြီး အဖြေပေးတော်မူရန် အစပြုခဲ့ပါမည်။ကျွန်တော်တို့ တံဆိပ်တွေနဲ့ နှိုင်းယှဉ်ကြည့်လိုပါတယ်။ အခု စောင့်ကြည့်ပါ။ပထမတံဆိပ်က ဗျာဒိတ် ၆း၁ နဲ့ ၂ မှာပါ။ အခု ကျွန်တော်တို့ ၆း၁ နဲ့ ၂ ကို ဖတ်ပါမည်။

(၁)သိုးသူငယ်သည် တံဆိပ်ခုနစ်ချက်တွင် တစ်ချက်ကိုဖွင့်သောအခါ ငါကြည့်လျှင်မိုးကြိုးသံမြည်သကဲ့သို့ သတ္တဝါလေးပါးတွင် တစ်ပါးက လာ၍ကြည့်လော့ဟုဆိုသည်ကိုငါကြား၏။ (၂) ထိုအခါ ငါကြည့်လျှင် မြင်းဖြူတစ်စီးရှိ၏။ မြင်းစီးသောသူသည် လေးကိုကိုင်၏။ သူ၏သရဖူကို ပေးတော်မူ၏။ အောင်မြင်လျက်ငှင်း၊ အောင်မြင်ခြင်းငါ့ငှင်းထွက်သွား၏။

ကျွန်တော်တို့ရှာတွေ့ခဲ့တဲ့ဒီလူဟာ ဘယ်သူဖြစ်ပါသလဲ?အန္တိခရစ်ဖြစ်ပါတယ်။ မဿဲ ၂၄ ကို အခုသွားမယ်။ ၄ နဲ့ ၅ မှာပါ။

(၄) ယေရှုကလည်း သင်တို့ကို အဘယ်သူမျှ မလှည့်ဖြားစေခြင်းငှါသတိပြုကြလော့။ (၅) အများသောသူတို့က ငါသည်ခရစ်တော် ဖြစ်၏ဟုဆိုလျက် ငါ၏အယောင်ကိုဆောင်၍ပေါ်လာသဖြင့် လူအများတို့ကို လှည့်ဖြားကြလိမ့်မည်။

58 ၅၈။ အဲဒါကိုတွေ့လား ? အန္တိခရစ်ဖြစ်ပါတယ်။အဲဒါက ခင်ဗျားတို့ရဲ့တံဆိပ်အမှတ်အသားဆိုတာကို မြင်ပါ။ ကိုယ်တော်က အဲဒါကိုဒီနေရာမှာ မိန့်တော်မူခဲ့ပါတယ်။ ဒီနေရာမှာ တံဆိပ်ကို သူတို့ဖွင့်လှစ်မှုပြုပါသည်။ဒီနေရာမှာ သူရှိပါတယ်__ အခုပြီးပြည့်စုံပါ ပြီ။

အခု ဒုတိယတံဆိပ်ပါ။မဿဲ ၂၄ နဲ့ ၆ ပါ။ ဗျာဒိတ် ၆း၃ နဲ့ ၄ ပါ။ အခုကြည့်ပါ။ မဿဲ ၂၄ နဲ့ ၆ ပါ။ အခုဘာပြောသလဲဆို တာကို ကျွန်တော့်အား ကြည့်ခွင့်ပေးပါ။

(၆)သင်တို့သည် စစ်တိုက်ခြင်းအကြောင်းကိုင်း၊ စစ်တိုက်အံ့သော သတင်းစကားကိုင်း၊ကြားရကြလိမ့်မည်။ သို့သော်လည်း စိုးရိမ်တုန်လှုပ်ခြင်းမရှိစေခြင်းငှါသတိပြုကြလော့။ ထိုအမှုအရာများသည် ဖြစ်ရမည်။ သို့သော်လည်း အဆုံးသည်မဖြစ်သေး။

ဟုတ်ပါပြီ။ဒုတိယတံဆိပ်ကို ယူကြပါစို့__ဗျာဒိတ် ၆း၃ နဲ့ ၂ ပါ။ အခု ကိုယ်တော် ဘာကိုမိန့်တော်မူသလဲဆိုတာကို စောင့်ကြည့်ပါ။

(၃)ဒုတိယတံဆိပ်ကို ဖွင့်သောအခါ ဒုတိယသတ္တဝါက လာ၍ကြည့်ကြလော့ဟုဆိုသည်ကို ငါကြား၏။ (၄)ထိုအခါ မြင်းနီတစ်စီး ထွက်၍ စီးသောသူသည် ငြိမ်ဝပ်ခြင်းကို မြေကြီးကရုတ်သိမ်းခြင်းငှါရင်း၊ မြေကြီးသားတို့ကို အချင်းချင်းအသေသတ်စေခြင်းငှါရင်းအခွင့်ရ၏။ သူ၌ထားကြီးကို ပေးတော်မူ၏။

59 ၅၉။ ပြီးပြည့်စုံစွာဖြင့်__ အခုအတိအကျပါပဲ။ အိုကျွန်တော်က နှုတ်ကပတ်တော်ကိုယ်၌က အဖြေပေးတာကို ကြိုက်တာပါ။ ခင်ဗျားတို့ကတော့အဲ့လိုမဟုတ်ဘူးလား ? သန့်ရှင်းသောဝိညာဉ်တော်ကအဲဒါအားလုံးကို ရေးသားထားတော်မူခြင်းဖြစ်ပါသည်။ ဒါပေ မယ့်ကိုယ်တော်ကထိုသို့သောအရာကို ဖွင့်ပြတော်မူနိုင်ပါသည်။

အခုတတိယတံဆိပ်ကို သတိထားကြည့်ကြပါစို့။ အခု ဒါက အစာရေငတ်မွတ်ခေါင်းပါးခြင်းဖြစ်ပါသည်။မဿဲ ၂၄း၇ နဲ့ ၈ ပါ။ ၇ နဲ့ ၈ ကို ယူကြပါစို့။ မဿဲပါ။

(၇)လူတစ်မျိုးနှင့်တစ်မျိုး၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ရန်ဘက်ပြုကြလိမ့်မည်။အရပ်ရပ်တို့၌အစာခေါင်းပါးခြင်း၊ ကာလနာများပြားခြင်း၊ မြေကြီးလှုပ်ခြင်းတို့သည်ဖြစ်ကြလိမ့်မည်။ (၈) ထိုအမှုအရာတို့သည် ဒုက္ခဆင်းရဲခြင်း၏အစအဦးဖြစ်သတည်း။

ကြည့်ပါ။အခု ခင်ဗျားတို့ အမှန်ပဲတက်လာပြီဖြစ်တယ်။ အခု ဗျာဒိတ် ၆ ပါ။ အခု ကျွန်တော်တို့တတိယမြောက်တံဆိပ်ကို ဖွင့်ကြပါမည်။ အဲဒါကို ဗျာဒိတ်ကျမ်း ၆း၅ နဲ့ ၆ မှာတွေ့ရပါမည်။

(၅)တတိယတံဆိပ်ကို ဖွင့်သောအခါ တတိယသတ္တဝါက လာ၍ကြည့်လော့ဟုဆိုသည်ကို ငါကြား၏။ ထိုအခါငါကြည့်လျှင် မြင်းနက်တစ်စီးရှိ၏။ (၆) မြင်းစီးသောသူသည် ချိန်ခွင်ကိုကိုင်၏။သတ္တဝါလေးပါးအလယ်၌ ပြောသံဟူမူကား ဒေနာရီတစ်ပြားနှင့် ဂျုံဆန်တစ်ခွက်ကို ရ၏။မုယောဆန်သုံးခွက်ကို ရ၏။ ဆီနှင့် စပျစ်ရည်ကို မပျက်စေနှင့်ဟုဆိုသည်ကို ငါကြား၏။

ငတ်မွတ်ခေါင်းပါးခြင်းဖြစ်တယ်။မြင်လား ? တူညီတဲ့တံဆိပ်အတိအကျဖြစ်ပါတယ်__ တူညီသေအမှုကိုယေရှုမိန့်တော်မူ ခဲ့ပါတယ်။

ဟုတ်ပါပြီ။စတုတ္ထမြောက်တံဆိပ်က__ ပလိပ်ရောဂါနှင့်သေဘေးဖြစ်ပါတယ်။ အခု မဿဲ၂၄ က အခန်းငယ် ၈ ကို ကျွန်တော်တို့ဖတ်ကြပါမည်။ ၇ နဲ့ ၈ ကိုပါ။ အဲဒါက ဒီစတုတ္ထမြောက်တံဆိပ်ပေါ်မှာအခြေခံတာလို့ ကျွန်တော်ယုံကြည်ပါတယ်။ ဒီမှာကျွန်တော်ရထားပါတယ်။ ဟုတ်ပါပြီ။ အခု... ဒီအနောက်ဘက်ကို ကျွန်တော်ဖတ်ခဲ့တာက ဘာဖြစ်ပါသနည်း ? ကျွန်တော် တစ်ခုခု ကိုမှားဖတ်ခဲ့တာလား ? ဟုတ်ပြီ။ ကျွန်တော် အဲဒါကိုမှတ်ထားတာပါ။ ဟုတ်ပြီ။ အဲဒါကို အခု ကျွန်တော်တို့ ဖတ်ပါမည်။ အခု ကျွန်တော်တို့ထွက်ခွာသွားကြပါမည်။ ဟုတ်ပါပြီ ဆရာ။

60 ၆၀။ အခုဒီနေရာက အငယ် ၇ ကို စဖတ်ကြရအောင်။ စတုတ္ထမြောက်တံဆိပ်အခြားအကြောင်းအရာတစ်ခုပေါ်မှာ ၆၊ ၇၊ ၈ ဆိုပြီးနေပါတယ်။ ဗျာဒိတ်ကျမ်းပါ။အခုကြည့်ကြပါစို့။ မဿဲ ၂၄ ရဲ့ ၇ နဲ့ ၈ ကိုပါ။ ဟုတ်ပြီ။ အခု။

(၇)လူတစ်မျိုးနှင့်တစ်မျိုး၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ရန်ဘက်ပြုကြလိမ့်မည်။

အရပ်ရပ်တို့၌အစာခေါင်းပါးခြင်း၊ ကာလနာများပြားခြင်း၊ မြေကြီးလှုပ်ခြင်းတို့သည်ဖြစ်ကြလိမ့်မည်။ (၈) ထိုအမှုအရာတို့သည် ဒုက္ခဆင်းရဲခြင်း၏အစအဦးဖြစ်သတည်း။

အခုစတုတ္ထတံဆိပ်ပါ။ ဒါကို ဒီလိုကျော်ပြီး ကျွန်တော်တို့ ဖတ်ပေးခဲ့ကြသလိုပဲ... စတုတ္ထတံဆိပ်က... ဒီအခြားအရာတစ်ခု မှာရှိတဲ့ ၇ နဲ့ ၈ မှာစထားပါတယ်။

(၇)စတုတ္ထတံဆိပ်ကို ဖွင့်သောအခါ စတုတ္ထသတ္တဝါက လာ၍ကြည့်လော့ဟု ဆိုသည်ကိုငါကြား၏။ (၈)ထိုအခါ ငါကြည့်လျှင်မြင်းမွဲတစ်စီးရှိ၏။...

61 ၆၁။ အခုစောင့်ပါ။ ကျွန်တော် ဒါကိုမှားပြီးရေးထားတာပါ။ အခု တစိမိနစ်လောက်ပါ__ ၇ နဲ့ ၈အခုကြည့်ကြပါစို့။ မဿဲ ၂၄း၇ နဲ့ ၈ ပါ။ အခု ကြည့်ကြပါစို့။ ကျွန်တော်တို့အဲဒါကိုယူကြပါမည်။ အဲဒါက တတိယတစ်ခုကို ဖွင့်တာဖြစ်ပါတယ်။ အဲဒီလိုမဟုတ်ဘူး လား ? __ မဿဲ ၂၄း၇ နဲ့ ၈ ပါ။ကျွန်တော် တောင်းပန်တယ်နော်။ အခုအဲဒါက မိုးရွာစေတာပါ... ဒါမှမဟုတ် အငတ်ဘေးဖြစ်လို့ မိုး ရွာစေတာဖြစ်ပါသည်။

ဟုတ်ပြီ။အခု ပုလိပ်ရောဂါနှင့် သေဘေးဖြစ်ပါတယ်... ဟုတ်ကဲ့ ဆရာ။ အခု ကျွန်တော်တို့အဲဒီကိုဆက်သွားကြပါမည်။ ကျွန်တော်တို့ စတုတ္ထတံဆိပ်ကို ယူနေရာကို ကြည့်ကြပါစို့။ ‘စတုတ္ထတံဆိပ်ကို သူဖွင့်စဉ်အခါ...’ ဆိုတာရှိတယ်။ ဟုတ်ကဲ့။ မြင်းမွဲ ကို စီးတဲ့သူဖြစ်ပါတယ်။

သေဘေးပါ။ မြင်လား?

(၈)ငါကြည့်လျှင် မြင်းမဲ့တစ်စီးရှိ၏။ မြင်းစီးသောသူသည် မရဏာဟူသောအမည်ရှိ၏။မရဏာနိုင်ငံသည် ထိုသူနောက်သို့ လိုက် လေ၏။ သူသည် မြေကြီးလေးစိတ်တစ်စိတ်ကိုအစိုးရ၍ ထားဘေး၊ မွတ်သိပ်ခြင်းဘေး၊ နာ၍သေဘေး၊ မြေသားရဲဘေးအားဖြင့်သတ်ပိုင်သောအခွင့်ကို ရ၏။

အခုကြည့်ပါ။အဲဒါကတော့ သေဘေးပဲဖြစ်ပါတယ်။

62 ၆၂။ အခုကတော့ပဥ္စမမြောက်တံဆိပ်ဖြစ်ပါတယ်__မဿဲ ၂၄း၉-၁၃ ပါ။ တကယ်လို့ ဒါကို ကျွန်တော်အခု ပြန်ရမယ်ဆိုရင် ကြည့်ကြပါစို့။ကြည့်ပါ။

(၉) ထိုကာလ၌လူများတို့သည် သင်တို့ကို ညှဉ်းဆဲခြင်း၊ အသေသတ်ခံခြင်းကို ခံစေခြင်းငှါအပ်နှံကြလိမ့်မည်။ ငါ၏နာမကြောင့် လည်း ခပ်သိမ်းသော လူမျိုးတို့သည် သင်တို့ကိုမုန်းကြလိမ့်မည်။ (၁၀) ထိုကာလ၌ အများသောသူတို့သည် ဖောက်ပြန်ခြင်းသို့ ရောက်၍ အချင်းချင်းတစ်ယောက်ကိုတစ်ယောက်အပ်ကြလိမ့်မည်။ (၁၁) အချင်းချင်းမုန်းကြလိမ့်မည်။ မိစ္ဆာပရောဖက်များတို့ သည်ပေါ်လာ၍ လူအများတို့ကို လှည့်ဖျားကြလိမ့်မည်။ (၁၂) မတရားသောအမှုတို့သည်များပြားသဖြင့် အများသောသူတို့၏ ချစ် ခြင်းမေတ္တာသည် ခေါင်းပါးလိမ့်မည်။ (၁၃)အကြင်သူသည် အဆုံးတိုင်အောင် တည်ကြည်၏။ ထိုသူသည် ကယ်တင်ခြင်းသို့ ရောက်လိမ့်မည်။

63 ၆၃။ အခုဒီဆင္ဌမမြောက်တံဆိပ်ပေါ်ကို ကြည့်ကြရအောင်။ ၆း၉ ကနေ ၁၁ ထိပါ။ အဲဒီတစ်ခုကိုယူကြပါစို့။ ဗျာဒိတ် ၆း၉ ကနေ အထိပါ။

(၉)ပဥ္စမမြောက်တံဆိပ်ကို ဖွင့်သောအခါ ဘုရားသခင်၏နှုတ်ကပတ်တော်ကြောင့်၎င်း၊ မိမိတို့သက်သေခံချက်ကြောင့်၎င်း အသေ သတ်ခြင်းကို ခံရသောသူတို့၏ ဝိညာဉ်များကိုယဇ်ပလ္လင်အောက်၌ ငါမြင်ကြ၏။ (၁၀) သူတို့ကလည်း သန့်ရှင်းဟုတ်မှန်၍ အစိုးပိုင်တော်မူသောအရှင် မြေပေါ်မှာနေသောသူတို့သည် ငါတို့အသွေးကို သွန်းကြသောအပြစ်နှင့်အလျောက်ဒဏ်မပေးဘဲ အ ဘယ်မျှလောက် ကာလပတ်လုံးနေတော်မူမည်နည်းဟု ကြီးသောအသံနှင့်ကြွေးကြော်ကြ၏။ (၁၁) ထိုသူတို့၌ ဖြူသောဝတ်လုံကို မေးတော်မူ၏။ သူတို့နည်းတူ အသေသတ်ခြင်းကိုခံရလတ္တံ့သော မိမိလုပ်ဖော်ဆောင်ဖက်ညီအစ်ကိုတို့သည် ပြည့်စုံခြင်းသို့ မ ရောက်မီ ခဏငြိမ်သက်စွာ နေရကြဦးမည်ဟုသူတို့အားမိန့်တော်မူ၏။

64 ၆၄။ အခုခင်ဗျားတို့ကြည့်ပါ။ ပဥ္စမမြောက်တံဆိပ်အောက်ကနေပြီး ကျွန်တော်တို့ဒီမာတုရဖြစ်ခြင်းကို ရှာတွေ့ခဲ့ကြပါသည်။ ၂၄း၉ ကနေ ဒီလို ၁၃ မှာတော့အဲဒီမာတုရတွေကိုလည်း ကျွန်တော်တို့ ရှာတွေ့ကြပါမည်။ ‘သူတို့သည် သင့်ကိုဆောင်ယူ၍ သတ်ဖြတ်မှုပြုမယ်’ ဆိုတာရှိပါတယ်။အဲဒီလိုမျိုးတွေ ဆက်ဖြစ်ပါတယ်။ ကြည့်ပါ။ တူညီသောတံဆိပ်ကိုဖွင့်ခဲ့ခြင်းပင်ဖြစ်ပါသည်။

အခုကျွန်တော်တို့ တစ်ခုသော ဆင္ဌမမြောက်တံဆိပ်ကို ရောက်လာကြပြီဖြစ်ပါသည်။ မဿဲ ၂၄း၂၉နဲ့ ၃၀ ပါ... ၂၄ ပါ။ ၂၉ နဲ့ ၃၀ ကို ယူကြပါစို့။ ဒီနေရာကိုကျွန်တော်တို့ရောက်ပါပြီ။ အခု ကျွန်တော်တို့ ဗျာဒိတ် ၆း၁၂ ကနေ ၁၇ အထိကိုလည်း သတ်ယူသွားကြပါမည်။ အဲဒါက ကျွန်တော်တို့ ဖတ်ခဲ့ကြတဲ့အရာ အတိအကျဖြစ်ပါသည်။ အခု ဒါကိုနားထောင်ကြည့်ပါ။ အခု အဲဒါက ယေရှု မဿဲ ၂၉ မှာ မိန့်တော်မူခဲ့တဲ့အရာဖြစ်ပါသည်... ၂၄း၂၉ နဲ့ ၃၀ ပါ။

(၂၉) ထိုကာလ၏ဒုက္ခဆင်းရဲခြင်းနောက် [ဘာပါလဲ... အဲဒါက ဒါရဲ့ဘေးဒဏ်ကြီးကာလဖြစ်ပါတယ်... ဒီလိုတောက်လျှောက် အ ပျော်အပျက် အစစ်မဟုတ်ဘေးတဲ့ ဘေးဒဏ်ကြီးကာလတောက်လျှောက်ကိုဖြတ်သန်းခဲ့ကြရတာဖြစ်ပါတယ်။ ကြည့်ပါ။] ရုတ်ခနဲ နေသည် မိုက်လိမ့်မည်။ လသည်အရောင်ကိုမပေး။ ကြယ်တို့သည် ကောင်းကင်မှ ကျကြလိမ့်မည်။ ကောင်းကင်တန်ခိုးတို့သည်တုန်လှုပ်ကြလိမ့်မည်။ (၃၀) ထိုအခါ လူသား၏နိမိတ်လက္ခဏာသည် ကောင်းကင်၌ထင်ရှားလိမ့်မည်။ မြေကြီးပေါ်၌ လူအပေါင်း တို့သည် ငိုကြွေးမြည်တမ်းကြ၍ လူသားသည်ကြီးစွာသော ဘုန်းတန်ခိုးအာနုဘော်ကိုဆောင်လျက် မိုးတိမ်ကို စီး၍ ကြွလာတော်မူ သည်ကိုမြင်ရကြလိမ့်မည်။

65 ၆၅။ ဆင္ဌမတံဆိပ်ကိုဖွင့်သောအခါငါကြည့်လျှင် ကြီးစွာသောမြေလှုပ်ခြင်းဖြစ်၏။ နေသည် အမွေးဖြင့်ရက်သော အဝတ်ကြမ်းကဲ့သို့ မည်း၏။ လအလုံးသည် အသွေးကဲ့သို့ဖြစ်၏။

(၁၃) သဘောၤသဖန်းကိုပြင်းစွာသောလေတိုက်လျှင် အချိန်မတန်သောအသီး ကြွေသကဲ့သို့ ကောင်းကင်ကြယ်တို့သည်မြေပေါ်သို့ကျကြ၏။

(၁၄) မိုးကောင်းကင်သည်စာစောင်ကဲ့သို့လွင့်သွား၏။ တောင်များ၊ ကျွန်းများအပေါင်းတို့သည်မိမိတို့နေရာအရပ်မှရွေ့ကြ၏။ (၁၅) လောကီဘုရင်၊ မှူးမတ်၊ စစ်သူကြီး၊ သူဌေး၊ သူကြွယ်၊ခွန်အားကြီး သောသူမှစ၍ ကျွန်များ၊ လူလွတ်များအပေါင်းတို့သည် မြေတွင်း၌၎င်း၊ တောင်ပေါ်မှာရှိသော ကျောက်များ၌၎င်း၊ ပုန်း ရှောင်လျက်နေ၍ ထိုတောင်များ၊ ကျောက်များတို့ကိုခေါ်လျက် (၁၆)ငါတို့အပေါ်သို့ကျကြပါ။ ပလ္လင်ပေါ်မှာ ထိုင်တော်မူသောသူ ၏မျက်နှာနှင့်သိုးသူငယ်၏အမျက်တော်ကို ကွယ်ကာ၍ ငါတို့ကို ဖုံးအုပ်ကြပါ။

(၁၇)အမျက်တော်ထင်ရှားသောနေ့ကြီး ရောက်ပါပြီတကား။ အဘယ်သူသည် ခံရပ်နိုင်မည်နည်းဟုပြောဆိုကြ၏။

66 ၆၆။ ပြည့်စုံပါသည်။လှည့်ကြည့်၍ (မဿဲ ၂၄း၂၉)တွင် သခင်ယေရှု ဘာလုပ်ခဲ့သလဲဆိုတာ ကြည့်ရအောင်။ နားထောင်ပါ။ (ဒါပြီးလျှင် ဣရှမေလအမှု လာပါမည်။

ထိုကာလ၏ဒုက္ခဆင်းရဲခြင်းနောက်ရုတ်ခနဲနေသည် မိုက်လိမ့်မည်။ လသည် အရောင်ကိုမပေး။ ကြယ်တို့သည် ကောင်းကင်မှကျကြလိမ့်မည်။ ကောင်းကင်တန်ခိုးတို့သည် တုန်လှုပ်ကြလိမ့်မည်။ [အခု ကြည့်နေပါ။]

(၃၀) ထိုအခါ လူသား၏နိမိတ်လက္ခဏာသည်ကောင်းကင်၌ထင်ရှားလိမ့်မည်။ ... မြေကြီးပေါ်မှာ လူအပေါင်းတို့သည်ငိုကြွေးမြည်တမ်းကြ၍ လူသားသည် ကြီးစွာသော ဘုန်းတန်ခိုးအာနုဘော်ကိုဆောင်လျက်မိုးတိမ်ကိုစီး၍ ကြွလာတော် မူသည်ကို မြင်ရကြလိမ့်မည်။ ..... ကျေးဇူးတော် ချီးမွမ်းပါ။

သူသည် သူ၏ ကောင်းကင်တမန်များကိုချီဆောင်လာလိမ့်မည်။ (အခု) ဒီ .... တံပိုးမှုတ်သံ၏အသံ လေလေးမျက်နှာနှင့်အားလုံးတို့သည်စုဝေးပါမည်။ အဆုံးကနေ ကောင်းကင်နိုင်ငံအထိ၊

67 ၆၇။ ကြည့်ပါ။အခု အတိအကျပါပဲ။ မဿဲ ၂၄ မှာ ယေရှုမိန့်တော်မူတဲ့အရာနဲ့ နှိုင်းယှဉ်ကြည့်ပါ။ဒီနေရာက ဖော်ထုတ်ပြသရတဲ့ သူဟာ ဆဋ္ဌမမြောက်တံဆိပ်ကို ဖွင့်လှစ်မှုပြုပါသည်။ အခုအတိအကျပါပဲ... ယေရှုက ဘေးဒဏ်ကြီးကာလအကြောင်းမိန့်တော်မူ ခဲ့သည်ကို ကြည့်ပါ။

ပထမဒီလိုကိစ္စတွေဖြစ်မယ်။ အချိန်နာရီကို သူတို့မေးခဲ့တာဖြစ်ပါမည်။ အချိန်ကတော့ဗိမာန်တော်ကို ရုတ်သိမ်းတဲ့အချိန် ဖြစ်ပါမည်။ ကိုယ်တော်က ထိုသို့ အဖြေပေးခဲ့ပါမည်။နောက်တစ်ခုကို သူတို့မေးခဲ့ပါမည်။ အဲဒီအချိန် သူတို့ရောက်လျှင်... အဲဒီလို မာတုရခေတ်ကာလကို ရောက်သွားရမည့်အချိန်ဖြစ်ပါမည်။ပြီး ဒီလိုမျိုးဖြစ်လာမည့်အချိန် ရှိပါသည်။ အန္တိခရစ်က ပေါ်ထွန်းလာမှာ ဖြစ်ပါတယ်။အန္တိခရစ်က ဗိမာန်တော်ကို သိမ်းပိုက်ပစ်လိုက်ပါမည်။

68 ၆၈။ ဒံယေလက__ ကျွန်တော်တို့ဘယ်လိုပြန်သွားကြပါမည်နည်း။ အဲဒီက ဒံယေလအနာဂတ္တိကျမ်းကို ပြန်ကောက်ရပါမည်။ အဲဒါကတော့ သူပြောခဲ့တဲ့ ဒီမင်းဇကေရာဇ်ရောက်လာမယ့် အချိန်နာရီပဲဖြစ်ပါတယ်... ခင်ဗျားတို့ ဖတ်ထားကြတဲ့သူတွေ အဲဒါကိုသိ ပါမည်။ ပြီးရင်သူဘာလုပ်သင့်ပါသလဲ? သူဟာနေ့စဉ်ပူဇော်သက္ကာကို ရုတ်သိမ်းလိုက်ပါမည်။ အဲဒီအချိန်ကာလအတွင်း အမျိုးစုံဖြစ်လာပါလိမ့်မည်။

ယေရှုကဒီမှာဒီလိုတောင် မိန့်တော်မူထားပါတယ်။ 'သန့်ရှင်းရာအရပ်၌ရပ်နေသောပရောဖက်ဒံယေလအားဖြင့် မိန့်တော် မူသည်။ ပျက်စီးခြင်းကိုဖြစ်စေသောစက်ဆုပ်ရွံရှာဖွယ်သောအရာကို သင်တွေ့မြင်ရစဉ်အခါ...' ဆိုပြီးတော့မှ ဖြစ်ပါသည်။ အဲဒါက ဘာဖြစ်တာပါလဲ? သူတို့ ထိုအရာကို မီးရှို့ပစ်လိုက်တာနဲ့ ဗိမာန်တော်နေရာမှာအိုမာ၏ဗလီစိုက်သွားပါတယ်။ 'သူတို့ကိုတောင် တန်း၌ ရှိစေပါ...

အိမ်အမိုးပေါ်သူတို့ကို ရောက်စေပါ။ အိမ်ပြင်၌ ပြဿနာတွေကို ရောက်မလာပါစေနှင့်။ ကွင်း၌သူတို့ကိုရှိစေပါ... ပြန်လာ ကြပါမည်။ ဘေးဒုက္ခရောက်မည့်အချိန်ကာလတစ်ခု ရောက်လာမည်ဖြစ်သောကြောင့်ပေတည်း ' ဟုလည်း ပြောထားပါတယ်။ ခင် ဗျားတို့မြင်တယ်နော်? ဒီလိုကိစ္စတွေအားလုံးဖြစ်လာပါလိမ့်မည်__ အခုသူတို့ကိုဖယ်ပြီး ချပစ်ကြမှာပါ။ သက်သေထူပြီးပါပြီ။ ဒီဆဋ္ဌမမြောက်တံဆိပ်ဖွင့်တာကိုပြန်သွားကြပါမည်။

69 ၆၉။ အခုကျွန်တော်က ခင်ဗျားတို့ကို သတိထားမိစေလိုပါသည်။ ယေရှုက (ဒီအကြောင်းကတော့နက်ဖြန်ကျမှပါ) ယေရှုက သတ္တမမြောက်တံဆိပ်၏သွန်သင်မှုအကြောင်းကိုမထည့်ဘဲဖြုတ်ပစ်ခဲ့ပါသည်။ အဲဒါက ဒီနေရာကအကြောင်းမဟုတ်ပါဘူး။ ကြည့် ပါ။ ကိုယ်တော်ကအခု အဲဒီနောက် ပုံဆောင်ချက်တွေနဲ့ မှန်မှန်ကန်ကန်သွားထားပါသည်။ ပြီးတော့ ယောဟန်ကသတ္တမမြောက် တံဆိပ်ကို ဖြုတ်ထားပါတယ်။ ခုနစ်ခုမြောက်က နောက်ဆုံးပါပဲ... သတ္တမမြောက်တံဆိပ်ပါ။ အဲဒါက တံဆိပ်ကြီးတစ်ခု ဖြစ်စရာအကြောင်းရှိပါသည်။ အဲဒါကို ရေးတောင်မထားပါဘူး__ဒီသတ္တမမြောက်တံဆိပ်ကို ဖြုတ်ထားပါသည်။ နှစ်ဦးလုံးဖြုတ်ခဲ့ကြပါတယ်။ဖွင့်ပြရတဲ့သူက အချိန်ကတော့... ဘုရားသခင် အခုမိန့်တော်မူခဲ့ပါသည်... ယောဟန်က ကောင်းကင်၌ ချက်ချင်းတိတ်ဆိတ်သွား တယ်လို့ပြောထားပါတယ်။ ယေရှုကတော့ အဲဒီအကြောင်း တစ်လုံးမှကို မိန့်တော်မမူခဲ့ပါဘူး။

အခုသတိထားပါ။ အခန်းငယ် ၁၂ ကို ပြန်သွားပါမည်။ သတိထားပါ။ သတ္တဝါမရှိပါဘူး။ (အဲဒီလိုဖွင့်တာကိုကြည့်ဖို့ အခန်း ငယ် ၁၂ မှာ ကျွန်ုပ်တို့၏တံဆိပ်ကိုဗွင့်တဲ့အရာပါမလာပါဘူး) အသက်ရှင်သောသတ္တဝါကဲ့သို့ ဒီလိုသားရဲတစ်ကောင်ကို ပုံဆောင်တာမျိုး ပါမလာပါဘူး__ အဲဒါကပဥ္စမမြောက်တံဆိပ်တုန်းကလိုပါပဲ။ ဘာဖြစ်လို့ပါလဲ? ဒါက အခြားသော ဇဝံဂလိခေတ်ကာလအ ခြမ်းမှာ ဘေးဒဏ်ကြီးကာလမှာဖြစ်မယ့်ကိစ္စဖြစ်လို့ပါ။

70 ၇၀။ ဆဋ္ဌမမြောက်တံဆိပ်ကဘေးဒဏ်ကြီးကာလမှာဖြစ်မှာပါ။ အဲဒါကဖြစ်မယ့်ကိစ္စပါ။ သတို့သမီးကိုတော့ချီဆောင်သွားပါပြီ! တွေ့လား? အဲ့မှာ အသက်ရှင်သောသတ္တဝါမရှိပါဘူး။ပြောစရာအကြောင်း ဘာမှလည်းမရှိပါဘူး... အဲဒါက အခု... အခု ဘုရားသ ခင်၏ အသင်းတော်နှင့်အချိတ်အဆက်ပြုစရာဘာအကြောင်းမှလည်းမရှိတော့ပါဘူး။ အဲဒါကို ရုတ်သိမ်းပြီးသွားပါပြီ။ ကိုယ်တော် ကဣသရေလတို့နဲ့ပဲ အဆက်အသွယ်ပြုပါတော့မည်။ ဒါက အခြားဘက်အခြမ်းဖြစ်ပါသည်။ ဒါကဗျာဒိတ်၁၁ က ပရောဖက်နှစ်ပါး အားဖြင့် ဣသရေလတို့ ကောင်းကင်နိုင်ငံ၏သတင်းစကားကိုခံယူကြရမည့်အချိန်ကာလ ဖြစ်ပါသည်။

မှတ်ထားပါ။ဣသရေလ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်__ဘုရားသခင်၏ ကျွန်နိုင်ငံဖြစ်ပါသည်။ ဣသရေလတို့ အထဲရောက် လာတာနဲ့ အဲဒါကတော့နိုင်ငံရေးနှင့်ဆိုင်တဲ့ ကိစ္စတစ်ခုဖြစ်ပါမည်။ ဣသရေလတွေနိုင်ငံထူထောင်တဲ့ခေတ်ဖြစ်ပါသည်။ အဲဒီတုန်း က ဒါဝဒ်ဟာ... ဒါဝဒ်၏သားက နန်းတက်မှာဖြစ်ပါတယ်။

71 ၇၁။ အဲဒါကတော့မိန်းမက 'သင်သည်ဒါဝဒ်၏သားပဲ' လို့ငိုကြွေးမြည်တမ်းတဲ့ အကြောင်းအရင်းဖြစ်ပါတယ်။ ဒါဝဒ်က... ဒါဝဒ်၏သားတော်ဖြစ်ပါသည်__ သူအားဖြင့် ဘုရားသခင်က ကျိန်ဆိုမှုပြုခဲ့တာဖြစ်ပါသည်။ဒါဝဒ်က သူ့ရဲ့သားတော်ကို ဖြစ်ပွားစေ၍ သူ့ ပလ္လင်ကို

အပ်နှင်းမှုပြုမှာဖြစ်ပါတယ်။အဲဒါကတော့ ထာဝရတည်သောပလ္လင်ဖြစ်တယ်ဆိုတာကို မြင်ကြပါ။ အဲဒီမှာ အဆုံးသတ်ရှိ မှာမဟုတ်တော့ဘူး။ ရှောလမုန်က အဲဒါကို ဗိမာန်တော်ထဲက ပုံစံတစ်ခုအနေဖြင့်အပ်နှင်းမှုပြုပါသည်။ ယေရှုက ဒီနေရာမှာ သူတို့ ကိုပြောထားပါတယ်။ အဲ့မှာကျောက်တုံးတစ်တုံးနှင့်တစ်တုံး ထပ်စရာအကြောင်းကိုမရှိဘူး ဆိုပြီးတော့မှပါ။ဒါပေမယ့် ဒီနေရာမှာ ဘာရှိလဲဆိုတာကိုတော့ ကိုယ်တော်က သူတို့အား ကြိုးစား၍ပြောပြတော်မူခဲ့တယ် မဟုတ်ဘူးလား?ကိုယ်တော် တစ်ဖန်ကြွလာ တော်မူပါမည်။

'ကိုယ်တော်ဘယ်အချိန် ကြွလာတော်မူမှာလဲ?' ဆိုပြီးတော့ပါ။

'ငါကြွလာတော်မမူခင်ဤသို့သောအရာတွေ ဖြစ်လိမ့်မည်။' ဆိုပြီးတော့ပါ။ ဒီမှာ သူတို့ရှိကြပါတယ်!

အခုကတော့ဘေးဒဏ်ကြီးကာလဖြစ်ခဲ့ပါမည်။ မှတ်ထားပါ။ နိုင်ငံက မြေကြီးပေါ်မှာ တည်ပါမည်... အခု ဒါကနည်းနည်း တော့ အထိတ်တလန့်ဖြစ်ချင်လည်းဖြစ်ပါမည်။ တကယ်လို့ အဲဒါမှာမေးခွန်းတစ်ခုရှိမယ်ဆိုရင် ခင်ဗျားတို့ကျွန်တော့်ကိုမေးလို့ ရ တုန်းပဲနော်။ အကယ်၍ခင်ဗျားတို့ မေးခွန်းထုတ်ချင်တယ်ဆိုရင် ဒီနောက်ကျရင်... (ဘာဖြစ်လို့လဲဆိုရင် ကျွန်တော်အဲဒါကိုထိ အောင် ပစ်ရမှာဖြစ်လို့ပါ။) အကယ်လို့ အဲဒါကိုခင်ဗျားတို့အစကတည်းက သိမထားကြဘူးဆိုရင်ပါ။ မိလေနီကာလ၌ အဲဒါက ဣသရေလတို့၏နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။ လူမျိုးစုဆယ်နှစ်နွယ်ရှိမည့်နိုင်ငံတစ်ခုဖြစ်ပါသည်။ ဒါပေမယ့် သတို့သမီးကတော့ နန်း တော်ထဲမှာပဲနေမှာပါ။ သူမကအခုမိဖုရားတစ်ယောက်ဖြစ်ပါတယ်။ သူမ မင်္ဂလာဆောင်ပြီးပါပြီ။ တစ်ကမ္ဘာလုံးကဒီမြို့တော်လေး အထဲကို ဝင်လာကြရပါမည်။ ယေရုရှလင်မြို့ပဲဖြစ်ပါတယ်။ မြို့ထဲမှာတော့ဘုန်းအသရေကို ဆောင်ကျဉ်းထားမည်ဖြစ်ပါသည်။ ညရောက်ဖို့ တံခါးပိတ်ထားရတာမျိုးမရှိတာကအဲ့မှာ လုံးဝညဆိုတာမျိုး ရှိမှာမဟုတ်လို့ပါ။ ကြည့်ပါ။ တံခါးတွေကို အမြဲဖွင့်ထားမှာဖြစ်ပါသည်။ မြေကြီး၌ရှိသော ဘုရင်တွေက (ဗျာဒိတ် ၂၂ ပါ)သူတို့ရဲ့ဘုန်းအသရေကိုဆောင်ကျဉ်း၍ ဒီမြို့ထဲမှာထွန်းလင်းစေမယ် ဖြစ်ပါသည်။ ဒါပေမယ့်သတို့သမီးကတော့ အဲ့မှာသိုးသူငယ်တော်နှင့်အတူ နေရမည်ဖြစ်ပါသည်။

72 ၇၂။ အိုကျွန်တော်!ခင်ဗျားတို့ အဲဒါကိုမြင်တယ်မဟုတ်လား?အဲ့မှာရှိပါမည်။ မဟုတ်ပါဘူး။... သတို့သမီးကတော့ စပျစ်ခြံထဲမှာ ထွက်ပြီးဒီလိုအလုပ်လုပ်စရာအကြောင်းတော့ မရှိပါဘူး။ မရှိဘူးနော် ဆရာ! သူမကသတို့သမီးဖြစ်ပါတယ်! သူမဟာ ဘုရင်ရဲ့မိဖု ရားဖြစ်ပါတယ်။ အဲ့မှာ အခြားသူတွေကတော့ထွက်၍ အလုပ်လုပ်ရပါမည်__ နိုင်ငံဖြစ်တယ်။သတို့သမီးမဟုတ်ပါဘူး။ အာမင်။

ဟုတ်ပါပြီ။သတိပြုပါ။ ဒီလိုမျိုး သတင်းစကားပို့ဆောင်သူတွေ အခုရှိပါတယ်... ဒီလိုမျိုး သတင်းစကားပို့ဆောင်သူတွေက ဗျာဒိတ် ၁၂ ကအရာတွေပါ။ ဒီလိုပရောဖက်နှစ်ပါးရှိပါတယ်။ သူတို့ဟာ သွားပြီး တရားဟောကြရမှာပါ။ 'နိုင်ငံတော်က လက်ဝယ်၌ ရှိပြီ' ဆိုပြီးတော့ပါ။ ကောင်းကင်နိုင်ငံတော်ပဲတည်ဖို့လိုပါတော့သည်။ အချိန်က ဒံယေလ၏သီတင်းခုနစ်ဆယ်မှာ ဂျူးတွေကို ကတိပေးထားခဲ့တဲ့ သူ့လူတွေကို ကတိပြုခဲ့တဲ့ကိစ္စရဲ့ နောက်ဆုံးသုံးနှစ်ခွဲအချိန်ပဲဖြစ်ပါမည်။

မှတ်ထားပါ။အခု အဲဒါက အဲဒီကအရာကို သက်သေပြရပါမည်။ အဲ့ဒါက ဒီလိုဒံယေလသီတင်းခုနစ်ဆယ်၏နောက်ဆုံးအ ပိုင်းဖြစ်ပါတယ်။... (မနက်ဖြန်မှာ အဲဒီအပေါ်မှာကျွန်တော်မေးခွန်းတစ်ခုမေးတာရှိပါတယ်။ ကြည့်ပါ။) အခု သီတင်းခုနစ်ဆယ်ကိုကတိပြုခဲ့ပါတယ်။ အဲဒါကခုနစ်နှစ်ဖြစ်ပါမည်။ ခုနစ်သီတင်း၏အလယ်တစ်ဝက်မှာ မေရှိယကယဇ်ပူဇော်မှုပြုတယ်ဆိုတဲ့အရာတစ် ခုကို ဖြတ်တောက်ပစ်စရာအကြောင်းရှိပါတယ်။သူကသုံးနှစ်ခွဲဟု ပရောဖက်ပြုခဲ့တာဖြစ်ပါသည်။ ဒီနောက် ကိုယ်တော်ဟာလူတွေ အတွက်ယဇ်ပူဇော်ရခြင်းကို ဖြတ်တောက်ပစ်ခဲ့ပါသည်။ ပြီးတော့ အဲ့မှာ သုံးနှစ်ခွဲဆိုတဲ့သတ်မှတ်ချက်တစ်ခုရှိနေဆဲဖြစ်တာက ဣ သရေလတို့အတွက် သတ်မှတ်ထားတာတစ်ခုရှိနေဆဲဖြစ်လို့ပါ။

73 ၇၃။ ဒီနောက်မေရှိယက ဖြတ်ချပေးလိုက်တဲ့အခါ... ဂျူးတွေက မျက်စိကို ကွယ်ထားခံရလို့မေရှိယဖြစ်တယ်ဆိုတာကို သူတို့မ မြင်နိုင်ကြတော့ပါဘူး။ ဒီနောက် မေရှိယကဖြတ်ချပေးခဲ့ပါတယ်။ ဒီနောက် ဧဝံဂေလိတရားရှိတယ်။ ပြီးတော့ ကျေးဇူးတော်ခေတ် ကာလကတစ်ပါးအမျိုးသားတို့ထံသို့ရောက်ခြင်းဖြစ်ပါတယ်။ သူတို့ရောက်ချလာပါတယ်။ ပြီးတော့သူတို့ဟိုကနှင့်ဒီလိုဟိုလိုကနေ တစ်ခုကို ဆွဲထုတ်ခဲ့ပါတယ်။ ပြီးတော့ သူတို့ကို သတင်းစကားပို့ဆောင်သူတွေအောက်မှာသွားထားလိုက်ပါတယ်။ ပြီးတော့ ဒီကနဲ့ ဟိုက ပြီးတော့ဒါနဲ့ဟိုဟာ ပြီးတော့သူတို့ကိုသတင်းစကားပို့ဆောင်သူတွေအောက်မှာ ထားထားလိုက်တယ်။ ပြီးတော့ ကိုယ်တော် ကဆက်ပြီးတော့ ပထမသတင်းစကားပို့ဆောင်သူကို စေလွှတ်မှုပြုတယ်။ သူဟာ တရားဟောခဲ့ရတယ်။ပြီးတော့ တံပိုးကအသံ ကိုပြုပါမည်။ (ခဏကြာပြီး ကျွန်တော်တို့အဲဒါကိုကောက်ကြည့်ခဲ့ကြသလိုပါပဲ) ဒီနောက်မှာ တံပိုးက စစ်ကိုကြွေးကြော်မှုပြုပါမည်။

တံပိုးဆိုတာကအမြဲတမ်း စစ်ကို ရည်ညွှန်းခြင်းဖြစ်ပါသည်။ သတင်းစကားပို့ဆောင်သူ ကောင်းကင်တမန်ကမြေကြီးပေါ် ကို ရောက်လာပါမည်။__အချိန်ကာလ၏ သတင်းစကားပို့ဆောင်သူဖြစ်ပါသည်။ လူသားလူမျိုးပါ။ကျွန်တော်တို့ပြောခဲ့တဲ့ သတင်း စကားပို့ဆောင်သူ ဘယ်လိုလူမျိုးပဲဖြစ်ဖြစ်ပါ။ သူကဘာကိုလုပ်ရတာပါလဲ? သူကရောက်လာပြီးတစ်ခုသောတံဆိပ်ကိုဖွင့်ပြီး ဖော် ပြရတာဖြစ်ပါတယ်။ တံပိုးတစ်လုံးကအသံကိုပြုတာပဲဖြစ်ပါတယ်။ စစ်ကို ကြေညာတာပါ။ အဝေးကို သူတို့သွားကြရပါသည်။ ပြီး ရင်သတင်းစကားပို့ဆောင်သူက သေသွားပါတယ်။ သူက ဒီစာအုပ်ကို ဝေးကွာစေ၍တံဆိပ်ခတ်ပစ်လိုက်ပါသည်။ သူတို့ကို အထဲ မှာ ထည့်ပစ်လိုက်ပါတယ်။ ထိုသို့သောအရာကိုငြင်းမယ့်သူတို့အပေါ်သို့ ပလိပ်ရောဂါကို ကျရောက်စေတယ်ဆိုတာကို ကြည့်ပါ။ ဒီနောက်အဲဒါက ဆက်ဖြစ်လာပါမည်။ ဒီနောက် သူတို့ဟာ ဖွဲ့စည်းပြီး အခြားသောအဖွဲ့အစည်းတစ်ခုကိုရကြပါမည်။ (ကျွန်တော် တို့ အခု အဲဒီလိုတောက်လျှောက် သွားကြရပါမည်။)

74 ၇၄။ ဒီနောက်ဒီနေရာက သူတို့ဟာ အခြားသောတန်ခိုးတစ်ခုနှင့်အတူ ရောက်လာကြပါမည်__ အခြားသောစွမ်းအားတစ်ခုဖြစ်ပါတယ်။ အသင်းတော်၏အခြားသောခေတ်ကာလ၊ အခြားသောသာသနာပြုမှုဖြစ်ပါသည်။ဒီနောက်သူအဲဒီလိုလုပ်တဲ့အခါသူ၏အ

မှုတော်မြတ်၌တည်သော ဘုရားသခင်ကိုတောက်လျှောက်ကြွလာစေပါမည်။ သူနှင့်အတူ အန္တိခရစ်လည်း ရောက်လာမည့်အချိန် ရှိပါတယ်။ ကြည့်ပါ။ အန္တိဆိုတာက ဆန့်ကျင်ဘက်ပြုတာဖြစ်ပါတယ်။ သူတို့ဟာ တစ်ဖက်ကနေ တစ်ဖက်ကိုပြေးကြရပါမည်။

ကျွန်တော်ကခင်ဗျားတို့ကို တစ်ခုသောကိစ္စလေးကို သတိထားစေချင်ပါမည်။ အခု ကာဠုနကမ္ဘာကြီးပေါ်ရောက်လာရ တဲ့ အချိန်နာရီအကြောင်းရှိပါတယ်။အာဖြေလမြေကြီးပေါ်ရောက်လာရတဲ့အချိန် ရှိပါတယ်။ ကျွန်တော်က ခင်ဗျားကို သတိထားမိစေချင်ပါတယ်။ အခုခရစ်တော်မြေကြီးပေါ်ကြွလာတော်မူတဲ့အချိန်နာရီနဲ့ယုဒမြေကြီးပေါ်ကြွလာတဲ့အချိန်နာရီကိုဖြစ်ပါတယ်။ မြေ ကြီးပေါ်ကခရစ်တော်ထွက်ခွာသွားတဲ့အချိန်နဲ့ ယုဒမြေကြီးပေါ်က ထွက်သွားတဲ့အချိန်ကို ဖြစ်ပါသည်။အခု သန့်ရှင်းသောဝိညာဉ် တော်ဆင်းကြွတော်မူတဲ့အချိန်နဲ့ အန္တိခရစ်ရဲ့ဝိညာဉ် ဆင်းလာတဲ့အချိန်အကြောင်းရှိပါမည်။ အခု သန့်ရှင်းသောဝိညာဉ်တော်က ကိုယ်တိုင် ဒီလိုမျိုး နောက်ဆုံးနေ့ရက်ကာလ၌ဖွင့်ပြတော်မူမည့်အချိန်ကာလ ရှိပါတယ်။ အန္တိခရစ်က သူ့အရောင်ကို ပြတဲ့အချိန်လည်းရှိပါတယ်။ ဒီလိုနိုင်ငံရေးနှင့် ဒီလိုကိစ္စတွေအားဖြင့်ရောက်လာစရာအကြောင်းရှိပါတယ်။ အခု အန္တိခရစ်ကိုယ်တိုင် ပြည့်ပြည့် ဝဝပိတ်ကားပေါ်ရောက်လာတဲ့ အချိန်ကာလအကြောင်းရှိပါမည်။ ဘုရားသခင် ကိုယ်တိုင်ကလည်းကျွန ်ပ်တို့ကို ကယ်တင်တော်မူ ရန် လုံးလုံးလျားလျားလှူပ်ရှားတော်မူသည့်အချိန်နာရီလည်းရှိပါသည်။ အခု အမှန်တကယ် အတူတကွအလုပ်လုပ်နေကြခြင်းဖြစ် ပါသည်။ သူတို့နှစ်ဦးစလုံးဘေးချင်းယှဉ်ပြီး ရပ်နေကြရပါသည်။ ကာဠုနနှင့်အာဗေလလို၊အကောင်ကြီးထဲက ကျီးနဲ့ဂျိုးငှက်လို၊ ယုဒနှင့် ယေရှုလိုပါပဲ။ အခုရောက်ကြရပါမည်။ခင်ဗျားတို့ အခုအဲဒါကို ယူလို့ရပါသေးတယ်...

75 ၇၅။ ဒီလိုမောဘလူမျိုးနှင့် ဣသရေလဆိုပြီး သူတို့နှစ်မျိုးလုံးရှိ နေကြရပါတယ်။ မောဘကတစ်ပါးအမျိုးသား နိုင်ငံတစ်ခုမ ဟုတ်ပါဘူး။ မဟုတ်ဘူးနော် ဆရာ။ သူတို့ဟာ ဣသရေလတို့ပူဇော်သလိုပဲ ပူဇော်မှုပြုကြတဲ့လူတွေ ဖြစ်ပါသည်။ သူတို့ဟာ တူညီ တဲ့ဘုရားကိုပဲဆုတောင်းမှုပြုကြတဲ့လူတွေဖြစ်ပါသည်။ မောဘတွေက...လောတ၏သမီးတစ်ယောက် သူ့အဖေနဲ့အိပ်ပြီးရခဲ့တဲ့ ကလေးတစ်ယောက်ဖြစ်ပြီး အဲ့ကလေးကိုမောဘလို့ခေါ်တာဖြစ်ပါသည်။ အတိအကျပါပဲ။ ပြီးတော့ သူကနေပြီး မောဘသားတို့ ပေါက်ဖွားလာကြတာပါ။ မောဘနိုင်ငံဖြစ်ပါတယ်။သူတို့ဟာ ဣသရေလတို့ကို တွေ့မြင်ရရင်တော့ သူတို့ရဲ့ရွေးနုတ်ကယ်တင် မည့်ညီအစ်ကိုပဲဖြစ်ပါမည်။ လာပါ...

သူတို့ဟာတိတိပပ လိုက်နာဆောင်ရွက်တတ်တဲ့လူတွေ ဖြစ်ပါတယ်။ သူတို့မှာဂိုဏ်းဂဏကြီးတစ်ခုရှိပါတယ်။ ဣသရေ လမှာတော့ ဂိုဏ်းဂဏမရှိပါဘူး။ သူတို့ဟာအခုတဲထိုးပြီးပဲ နေကြပါတယ်။ ပြီးတော့ ခင်ဗျားတို့ ဘယ်သွားသွားပါ။ ဒါပေမယ့် လောကသားမှာက ဂုဏ်ကြီးရှင်တွေ၊ ဘုရင်တွေနဲ့ အဲဒီလိုအရာတွေရှိပါတယ်။ သူတို့ဟာအဲဒီအပေါ်မှာ ဗာလဘုရားကို တင်ထားကြပြီး မှားယွင်းတဲ့ပရောဖက်တစ်ပါးလည်း ရှိပါတယ်။သူတို့မှာ ဒီဟာအကုန်လုံးရှိပါတယ်။ ဒီနောက်သူတို့ဟာ ကတိပြုရာမြေကြီးကိုသွားမယ့်လမ်းပေါ်မှာရှိတဲ့ သူတို့ရဲ့ညီအစ်ကိုကို ကျိန်ဆဲပြီး ဆင်းလာကြတဲ့လူတွေဖြစ်ပါသည်။

သူတို့ကဆင်းလာပြီး သူတို့ကို ‘သင်တို့မြေကြီးတောက်လျှောက် ငါတို့ဖြတ်လို့ရတယ်မဟုတ်လား ? ငါတို့ နွားရေသောက် ရင် အဲဒီအတွက် အဖိုးကိုငါပေးမည်။သူတို့မြက်စားရင် အဲဒီအတွက် ငါတို့အဖိုးကို မေးမယ်’ လို့ပြောကြပါတယ်။

သူက ‘မရဘူး။သင်တို့ အဲ့လိုဒီနားမှာ ပတ်နေကြသလိုမျိုး ရှင်သန်ပေါက်ဖွားစရာအကြောင်းကို မရှိတာ။’ လို့ပြောခဲ့ပါ တယ်။ အဲဒါအမှန်ပါ။ ‘သင်တို့ ဒီနားမှာအဲ့လိုပတ်နေကြသလိုမျိုး ဘာမှဖြစ်စရာအကြောင်းကို မရှိတာ’ ဆိုပြီးတော့မှပါ။

76 ၇၆။ ဒီနောက်သူဘာလုပ်လဲဆိုတာကို စောင့်ကြည့်ပါ။ သူဟာ ယေဇဗေလ၏ပုံသဏ္ဍာန်ဖြင့်တစ်ဖန်ပြန်ရောက်လာပါတယ်။ သူက အဲဒီလိုမှားယွင်းတဲ့ ပရောဖက်အားဖြင့်ရောက်လာပါတယ်။ဘုရားသခင်၏ သားသမီးတို့ကို လမ်းကြောင်းကွဲသွားအောင် ဖြစ်စေခဲ့ပါတယ်။ မောဘမိန်းမတို့နှင့် မင်္ဂလာဆောင်၍ ဣသရေလတို့ထဲကို ရောက်လာကာ အပြစ်ကျူးလွန်မှုကိုဖြစ်စေခဲ့ပါတယ်။

ကျွန်တော်တို့ကတိတော်နှင့်သက်ဆိုင်တဲ့ ကတိပြုရာနယ်မြေသို့ လျှောက်လှမ်းရာခရီးလမ်းပေါ်မှာရှိနေတဲ့ ခေတ်ကာလ မှာပဲ တူညီတဲ့အမှုကိုသူလုပ်ဆောင်ခဲ့ခြင်းဖြစ်ပါသည်။ သူဘာလုပ်ခဲ့ပါသနည်း ? မှားယွင်းတဲ့ပရောဖက် အနားကို အမှန်တကယ် ရောက်လာပြီး ထိမ်းမြားမှုကိုပြုပါသည်။ပရိုတက်စတန်အသင်းတော်ထဲကို ခေါ်ဆောင်သွားတာဖြစ်ပါသည်။ ဂိုဏ်းဂဏတွေကိုဖြစ်စေခဲ့ပါတယ်__ အခုအတိအကျကိုသူတို့ဟာ အဲဒီအတိတ်မှ လုပ်ဆောင်ခဲ့ကြတာဖြစ်ပါသည်။

ဒါပေမယ့်အတိတ်က ဣသရေလသားတို့လည်း ထိုနည်းလည်းကောင်းပင် အမှန်တကယ် ရွှေ့လျားခဲ့ရပါတယ်။အချိန်အ ကြာကြီးတောထဲမှာ သူဟာ လည်နေခဲ့ရပါတယ်။သူတို့ရဲ့တိုက်ခိုက်ရေးသမားဟောင်းကြီးတွေအားလုံးလည်း သေဆုံးခဲ့ရပါသည်။ ဒါပေမယ့်သူ့ကိုတော့ ကတိပြုရာနယ်မြေမကူးခင် သူတို့အားလုံးကိုကွယ်ကာစောင့်ရှောက်ခဲ့တယ်ဆိုတာကို ကြည့်ပါ။ ကျွန်တော် အဲဒါကို ကြိုက်ပါသည်။အခုကျွန်တော်တို့ အဲဒီခေတ်ကာလသို့ အမှန်တကယ်သွားနေကြတာဖြစ်ပါသည်။ အခု ဒီလိုပါပဲ။

77 ၇၇။ သတိထားပါ။အခု အဲဒီနောက်ဆုံးအချိန်ကို ကျွန်တော်တို့ ရှာဖွေတွေ့ရှိခဲ့ရပါတယ်... ကျွန်တော်က ဒံယေလသီတင်းခုနစ် ဆယ်ရဲ့သုံးနှစ်ခွဲလို့ပြောခဲ့ပါတယ်။ အခု နည်းနည်းပိုသေချာအောင် ကျွန်တော်တို့ရှင်းပြခွင့်ပြုပါ။ ဘာဖြစ်လို့လဲဆိုရင် အဲဒါကိုအမြဲ စောင့်ကြည့်နေတဲ့ဒီလိုမျိုးတစ်စုံတစ်ခုရှိလို့ဖြစ်ပါသည်။ ကျွန်တော့်ကိုယ်၌ကရှင်းရှင်းလင်းလင်းဖြစ်ချင်လို့ပါ__သွန်သင်သူတစ် ယောက်ရှိပါတယ်။ သတိထားပါ။ သီတင်းခုနစ်ဆယ်ရောက်လာတဲ့အခါ... ဒံယေလဟာ ရောက်လာမည့် အချိန်နာရီနဲ့ပတ်သက်တဲ့ ရူပါရုံရယ်ဂျူးတွေရဲ့အဆုံးသတ်ကိုပဲ မြင်လိုက်ရတဲ့အချိန်...ဒါပေမယ့် သူက အဲဒါက သီတင်းခုနစ်ဆယ်ဆိုတဲ့ သတ်မှတ်မှုဖြစ် ကြောင်းကိုပြောခဲ့ပါတယ်။ (အဲဒါက ခုနစ်နှစ်ကာလပဲဖြစ်ပါသည်။) အဲဒါရဲ့အလယ်မှာဘာဖြစ်လို့လဲဆိုရင် မေရှိယက ဒီလိုရောက် လာမှာဖြစ်လို့ပါ။ ယဇ်ပူဇော်မှုတစ်ခုအတွက်ဖြတ်တောက်ပေးစရာအကြောင်း ရှိလို့ပါ။

အခု အဲဒါကအတိအကျဖြစ်ခဲ့ပါတယ်။ ဘုရားသခင်က သူ့ရဲ့နာမတော်အတွက် လူတစ်ယောက်ကိုခေါ်ထုတ်ပြီးချိန်အထိ တစ်ပါးအမျိုးသားတို့နှင့် ဆက်သွယ်ပတ်သက်မှုပြုခဲ့ပါတယ်။မကြာခင်မှာ တစ်ပါးအမျိုးသားအသင်းတော်ကို ချီဆောင်သွားပါမည် … ကိုယ်တော်က အသင်းတော်ကို ရုတ်သိမ်းသွားပါမည်။ကိုယ်တော်ချီဆောင်မှုပြုစဉ်အခါ အိပ်ပျော်နေတဲ့အပျိုစင်ရှိပါသည်။ အသင်းတော်ကိုယ်၌က… သတို့သမီးကို ချီဆောင်သွားပါပြီ။ အသင်းတော်ဆိုတဲ့အရာကိုယ်၌ကအပြင်ဘက်က မှောင်မိုက်ခြင်းထဲသို့ ရောက်သွားမှာဖြစ်ပါတယ်။ အဲဒီနေရာမှာတော့ ငိုကြွေးခြင်း၊ ပူဆွေးခြင်း၊ အံသွားခဲကြိတ်ခြင်းပဲရှိပါမည်။

78 ၇၈။ တစ်ချိန်တည်းမှာဘေးဒဏ်ကြီးကာလကလည်း သူတို့အပေါ်သို့ သက်ရောက်ခြင်းရှိပါမည်။ ဘေးဒဏ်ကြီးကာလသက်ရောက်စဉ်အခါ သူတို့အားဧဝံဂလိတရားကို ဟောပြောဖို့ ဗျာဒိတ် ၁၁ က ဒီပရောဖက်နှစ်ပါးက အဲဒီကိုရောက်လာပါမည်။ပြီးရင် သူတို့က တစ်ထောင့်တစ်ရာနှင့်သုံးရက် ဟောပြောမှုပြုပါမည်။ တွေ့လား ? ဟုတ်ပါပြီ။ အဲဒါက အတိအကျပါပဲ။တစ်လမှာသုံးရက် ရှိပါတယ်။ ပြက္ခဒိန်အမှန်မှာရှိသလိုမျိုးပါပဲ။ သုံးနှစ်ခွဲကအတိအကျပါပဲ။ အဲဒါက ဒံယေလ၏ခုနစ်ဆယ်သော… သီတင်းခုနစ်ဆယ်၏နောက်ဆုံးတစ်ပိုင်းဖြစ်ပါသည်။

ကြည့်ပါ။ဘုရားသခင်က ဒီမှာ ဣသရေလတို့နှင့် ဆက်ဆံမှုမပြုပါဘူး။ မပြုပါဘူး ဆရာ။ညီအကိုတစ်ယောက်က မကြာ သေးခင်က ‘ကျွန်တော် ဘွားသင့်တာက…’ ဆိုပြီးမေးခဲ့ပါတယ်။ ဒီအသင်းတော်က ညီအကိုတစ်ယောက်ဖြစ်ပါသည်။_တန်ဖိုးရှိတဲ့ချစ်လှစွာသောညီအကိုတစ်ယောက်ပါ။ _‘ကျွန်တော်ဣသရေလနိုင်ငံကိုသွားချင်တယ်။ အဲ့မှာ နိုးထခြင်းရှိမယ်လို့ ကျွန် တော်ယုံတယ်။’ ဆိုပြ်းတော့ ပြောပါသည်။

တစ်ယောက်ကတော့ ‘ဘရာသာဘရမ်ဟမ်၊ ခင်ဗျားအမှန်တစ်ကယ်အစ္စရေးကို အခု သွားသင့်တယ်။ သူတို့အဲဒါကိုမြင် ကြမှာလေ။’ လို့ကျွန်တော်တို့ပြောပါတယ်။ ကြည့်ပါ။ခင်ဗျားတို့ အဲဒီလိုလုပ်လို့မရပါဘူး။ ကျွန်တော်အဲဒီကိုရောက်ဖူးပါတယ်။ကျွန်တော်တွေးမိပါတယ်။ ….

သူတို့ ဂျူးက ‘တကယ်လို့ အဲဒါက…ယေရှုကမေရှိယဆိုရင်’ ဆိုပြီး ပြောကြပါမည်။ ‘ပရောဖက်၏နမိတ်လက္ခဏာကို လုပ်ဆောင်မှုပြုတဲ့ကိုယ်တော်ကိုကျွန်တော်ကိုမြင်ခွင့်ပေးလေ။ ကျွန်တော်တို့က ကျွန်တော်တို့ရဲ့ပရောဖက်တွေကိုယုံကြည်တယ် လေ။ [ဘာဖြစ်လို့လဲဆိုရင် အဲဒါက သူတို့ယူဆထားတဲ့အကြောင်းအရာဖြစ်လို့ပါပဲ။] ’ဟုပြောပါသည်။

‘စိုက်ထားတဲ့အရာကဘာလဲလို့ကျွန်တော်တွေးမိပါသည်။’ဒီကနေကျွန်တော်သွားပါမည်။ ‘ကျွန်တော်အဲဒီကိုအမှန်တစ်ကယ်ရောက်တဲ့အခါ၊ အဲဒီမှာတစ်ကယ့်ကို နီးနေပါတယ်။…တစ်ကယ်ပါ…ကျွန်တော်က…ကောင်းပါပြီ။ကျွန်တော်ကိုင်ရိုကိုရောက်ခဲ့ဖူးပါတယ်။ပြီးတော့ကျွန်တော်လက်ထဲမှာလည်း အစ္စရေးနိုင်ငံသွားဖို့ လက်မှတ်လည်းရှိနေပါပြီ။ပြီးတော့ ကျွန်တော်က သူတို့အဲဒါကိုတောင်းရင် ကျွန်တော်သွားပြီးကြည့်မှာဖြစ်ပါတယ်။သူတို့ပရောဖက်တစ်ယောက်ရဲ့နမိတ်တစ်ခုကို မြင်နိုင်တယ်ဆိုရင်သူတို့ခရစ်တော်ကိုလက်ခံမယ်ဆိုရင်၊ ကျွန်တော်ကြည့်ရမှာဘဲဖြစ်ပါတယ်။’ လို့ပြောခဲ့ပါတယ်။

79 ၇၉။ Stockhol ဆိုတဲ့အသင်းတော်က၊ Levvi Pethrus ဆိုတဲ့သူကသူတို့ထံသို့ ကျမ်းစာအုပ်၊ အုပ်ရေတစ်သန်းလောက် ပို့ပေးခဲ့ပါတယ်။ အဲဒီဂျူးတွေ၊အဲဒီကိုရောက်သွားပါတယ်။…ခင်ဗျားတို့ရုပ်ပုံကိုမြင်ခဲ့ကြပြီးဖြစ်ပါသည်။ ကျွန်တော် အဲဒါကိုတေး သွားတစ်ခုကနေရတာဖြစ်ပြီး၊ အခုဒီဘက်မှာတော့ သန်းခေါင်ယံမရောက်ခင် သုံးမိနစ်ဆိုတဲ့ သီချင်းဖြစ်ပါမည်။ဂျူးတွေဟာ ကမ္ဘာ အနှံ့ကို ပျံ့နှံ့ရောက်ရှိခဲ့ရပါသည်။ နေရာတကာကိုရောက်ခဲ့ရပါတယ်။_အဲဒီမှာ ပြန်စုရုံးဖို့ စ,နေကြပါပြီ။

General Allenby ၏ခေတ်ကာအတောအတွင်း၊အင်္ဂလန်နိုင်ငံဟာအဲဒီနေရာထဲကို၊ ရောက်သွားပြီးနောက်… (ကမ္ဘာစစ်ကြေညာတာဖြစ်တယ်။ဒုတိယအခွေဖြစ်မည်ဟုကျွန်တော်ထင်ပါတယ်) ပြ်းတော့ သူတို့အရှုံးပေးခဲ့ရပါတယ်။ တပ်တွေအရှုံးပေးခဲ့ရပါတယ်။ ဒီနောက် သူတို့ဟာ ဣသရေလတွေဆီကို အဲဒီလိုပြန်ပေးခဲ့ရပါတယ်။ သူဟာနိုင်ငံတစ်နိုင်ငံလို ဖြစ်လာပါတယ်။ အခု သူဟာ ပြည့်စုံတဲ့နိုင်ငံတစ်ခုဖြစ်ပါပြီ။_သူမှာကိုယ်ပိုင်ပိုက်ဆံရှိတယ်။ ငွေကြေး၊အလံ၊ စစ်တပ်နှင့် အမျိုးစုံသောအရာကို ပိုင်ဆိုင် နေပြီဆိုတာကြည့်ပါ။

80 ၈၀။ ပြီးရင်ဂျူးတွေဟာ မွေးရပ်မြေဆီ ပြန်လာကြရပါမည်။ သူတို့က…ပထမတစ်ခုက သူတို့အီရန်ကိုဆင်းသွားတဲ့အခါ၊ အဲဒီမှာသူတို့ကိုသိမ်းဖို့ ဆင်းသွားတဲ့အခါ…သူတို့ကအစ္စရေးဆီ၊ သူတို့ရဲ့သိမ်းထားတာကိုပြန်ပေးလိုတဲ့အကြောင်း၊ ပြောကြားမှုပြုခဲ့ပါတယ်။… သူတို့ရဲ့မြေကြီးကို သူတို့အားပြန်ပေးရန်အတွက်ပါ။ ပါကစ္စတီးဆိုတဲ့နေရာက၊သူတို့စဉ်းစားထားတဲ့နေရာဖြစ်ပါမည်။ ပြီးတော့ မှတ်ထားပါ။ အစ္စရေးတွေ အဲဒီမြေကြီးပေါ်ကနေ၊ထွက်နေရသမျှကာလပတ်လုံး၊ သူကလည်း ဘုရားသခင် ၏အလို တော်ကနေထွက်ခွါနေရဦးမှာဖြစ်ပါသည်။_အာဗြဟံလိုပါ။ အဲဒီလူဆီကို၊ အဲဒါကိုပေးစရာအကြောင်းရှိကိုရှိပါတယ်။ ပြီးတော့ အ ချိန်ကတော့… သူတို့အဲဒီလေယာဉ်ပေါ်ကို ရောက်ကြရမှာမဟုတ်ပါဘူး။ သူတို့ အဲဒီလိုမျိုးဘယ်တော့မှမြင်ဖူးမည်မဟုတ်ပါ။ ဘာသာရေးဆရာကြီးက၊ အဲဒီမှာမတ်တပ်ရပ်ပြီး ‘ငါတို့၏ပရောဖက်က ငါတို့အား၊ ဣသရေလတို့ အိမ်ပြန်ရစဉ်အခါ သိမ်းငှက်၏ တောင်ပံပေါ်မှာ ပျံသန်းရမည်လို့ မိန့်တော်မူတယ်။’ ဆိုပြီးပြောပါမည်။ပျံသန်းတဲ့အရာပေါ်မှာပါ။ အိမ်ပြန်ရာလမ်းမှာ ပါ။

အခုသူကအဲဒီလိုဖြစ်ပါမည်။ သောက်နေပါပြီ။ သဖန်းပင်က ပြန်ပြီးအသက်ဝင်လာပါပြီ။ အာမင်။ဒါဝိတ်၏ ကြယ်ဟောင်း ခြောက်ပွင့်၊ ပျံသန်းခြင်းပင်ဖြစ်ပါသည်။ ‘တစ်ပါးအမျိုးသားတို့၏နေ့ရက်ကာလ၊ ကိန်းဂဏန်းရှိပါသည်။ ခြောက်ခြားတုန်လှုပ်စရာ ကောင်းတဲ့ ဝန်တင်မှုဖြစ်ပါသည်…..။’

81 ၈၁။ ဘေးဒဏ်ကြီးကာလကလက်ထဲမှာကို အမှန်တစ်ကယ်ရှိနေတာပါ။ ဒီမှာ အမှန်တစ်ကယ်စိုက်နေတာပါ။ ဒီတံဆိပ်တွေကိုဖွင့်လိုက်မှာဖြစ်ပါတယ်။ အသင်းတော်က သူ့ရဲ့လေယာဉ်ပျံကို၊ ေမောင်းနှင်ဖို့အဆင်သင့်လုပ်ထားရပါမည်။

ဘေးဒုဏ်ကြီးကာလ ရောက်လာပါမည်။ ဒီနောက်၊ ဘုရားသခင်ဆင်းကြွတော်မူ၍၊ အဲဒီက (၁၄၄၀၀၀)သောလူတို့ကို ဆွဲထုတ်မှာဖြစ်ပါသည်။ အာမင်။

အို..အဲဒါကပြည့်စုံခြင်းပင်ဖြစ်ပါသည်။ အခု၊ တံဆိပ်တွေက အဲဒါကို ယူထုတ်လာတဲ့နေရာကို၊ အဲဒါကိုဖွင့်ပြတဲ့နေရာကို ခင်ဗျားတို့ မြင်တယ်မဟုတ်လား? အခု၊ ဒါက လူတွေဆီရောက်မယ့်နောက်ဆုံးသုံးနှစ်ခွဲကာလဖြစ်ပါသည်။ အဲလိုဘဲ ခင်ဗျားတို့ သတိထားမိတယ်ဆိုရင်၊ အဲဒါကတော့ နောက်ဆုံးသုံးနှစ်ခွဲမှာ ဘုရားသခင်က ဂျူး(၁၄၄၀၀၀) ကိုခေါ်ထုတ်မူပြုမည့် အချိန်ကာလ ဘဲဖြစ်ပါမည်။ ကြည့်ပါ။ ကိုယ်တော် သူတို့နှင့်ဘယ်ကိစ္စကိုမှ အဆက်သွယ်ပြုခဲ့တာမဟုတ်ပါဘူး။ သူတို့မှာ ပရောဖက် တစ် ယောက်မှလည်း မရှိတော့ပါဘူး။ သူတို့ကပရောဖက်တစ်ယောက်ကလွဲရင်၊ ဘာကိုမှ ယုံကြတာမဟုတ်ပါဘူး။ ခင်ဗျား သူတို့ကိုအရူးသွားလုပ်လို့ မရပါဘူး။ ဒါကြောင့် သူတို့က ပရောဖက်တစ်ယောက်ကိုပဲ၊နားထောင်သွားကြရမှာ ဖြစ်ပါတယ်။ ဟုတ်ကဲ့ ဆရာ။ အဲဒါက အကုန်လုံးပါပဲ။ ပထမအစမှာတော့ဘုရားသခင်က သူတို့ကို စကားပြောခဲ့ပြီး၊ သူတို့ဟာ ထိုသို့သောအရာနှင့် မှန်မှန်ကန်ကန် နေထိုင်ခဲ့ကြပါသည်။

82 ၈၂။ ကိုယ်တော်က ‘သင်တို့၏ဘုရားသခင်ထာဝရဘုရားသည် ငါကဲ့သို့သော ပရောဖက်တစ်ပါးကို သင်တို့အကြား ပေါ်ထွန်း စေမည်။’ ဟုမိန့်တော်မူခဲ့ပါသည်။ မောရှေလည်း အဲဒီလိုပြောခဲ့ပါတယ်။ ‘သူ့ကို သင်တို့ ကြားနာကြရမည်။ လူတို့၏ကြားနာမှုကို မခံရသော ထိုပရောဖက်သည် လူတို့ထံမှ အဆက်ဖြတ်ပေးခြင်းကိုပြုမည်’ လို့ ပြောခဲ့ပါသည်။ အဲဒါအမှန်ပါ။ပြီးရင် ခင်ဗျားတို့ ကြည့်ပါ။ သူတို့ရဲ့မျက်လုံးတွေကို ဖုံးကွယ်ထားခြင်းခံခဲ့ကြရပါမည်။ ဒါမှမဟုတ် သူတို့က ကိုယ်တော်ကို အသိအမှတ်ပြု စရာအ ကြောင်းရှိပါတယ်။ အဲဒီလိုဖြစ်ရမယ့်အစား…ဖုံးကွယ်ထားခြင်းကိုခံရပါတယ်။အဲလလို စာတန်ကို သူတို့အပေါ်မှာ အုပ်စိုးခွင့် ပြု ထားပါတယ်။ သူတို့က ‘သူဟာဗေဒင်ဆရာတစ်ယောက်ပါ။ဗေလဇေဗုလ ပဲဖြစ်တယ်။ သူ့အသွေးကို ငါတို့အပေါ်သို့ သက်ရောက် စေမူပါ။ သူကိုငါတို့ဘာမှမဟုတ်ဘူးလို့ပဲသိတယ်။’ ဆိုပြီးပြောကြပါသည်။ တွေ့လား၊ သနားစရာကောင်းတဲ့လူတွေက မျက်စိကို ကွယ်ထားခြင်းခံရပါသည်။

အဲဒီလိုအကြောင်းအရင်းကအိုင်မန်ရဲ့အုပ်စုနဲ့ အဲဒီလူအုပ်စုတွေအားလုံးရဲ့ သတ်ဖြတ်မှုကို အတိတ်မှာခံခဲ့ကြရတဲ့အ ကြောင်းအရင်းဖြစ်ပါသည်။ သူတို့ရဲ့ ခမည်းတော်အရင်းကိုယ်၌က သူတို့ရဲ့မျက်စိကိုကိုယ်ထားပြီးမှသာ ကိုယ်တော်က ကျွန်ုပ်တို့ အားဖြစ်ပွားစေနိုင်တာဖြစ်လို့ပါ__ သေချာစွာပြီးနှုတ်ကပတ်တော်ထဲမှာပါရှိတဲ့ သနားစရာအကောင်းဆုံးအကြောင်းကိစ္စ ဖြစ်ပါ သည်။ အခုစဉ်းစားပါ…ဂျူးတွေဟာ သူတို့ဖဘုရားသခင်အရင်းရဲ့ အသွေးတော်အစစ် သူတို့ရဲ့ဘုရားအရင်းကိုခေါ်ပြီးအဲဒီလိုကား တင်သတ်ခဲ့တာဖြစ်ပါသည်။ အသွေးသွန်းခဲ့တာဖြစ်ပါသည်…

83 ၈၃။ ကြည့်ပါ။ ‘အဲ့လို သူ့ကိုသူတို့က ကားစင်တင်သတ်ခဲ့ကြပါသည်’ သမ္မာကျမ်းစာက မိန့်တော်မူခဲ့ပါတယ်။ အဲ့လိုအကြီးမြတ်ဆုံးစကားကြီးလေးခွန်းရှိပါတယ်… ကြည့်ပါ။ အဲ့မှာ__ ယေရုရှလင်မြို့ဟာကမ္ဘာပေါ်မှာ အသန့်ရှင်းဆုံးမြို့ဖြစ်ပါတယ်။ သူတို့ဟာ __ ကမ္ဘာကြီးပေါ်မှာအသန့်ရှင်းလူတွေဖြစ်ပါတယ်။ ကားစင်တင်သတ်ခံခဲ့ရပါတယ်__ ကမ္ဘာကြီးပေါ်မှာ အရက်စက်ဆုံးသောအ သတ်ခံရခြင်းမျိုးကို ခံခဲ့ရတဲ့သူဖြစ်ပါသည်။__ ကမ္ဘာပေါ်မှာအရေးကြီးဆုံးသူတစ်ယောက်ဖြစ်ပါတယ်။ ဘာဖြစ်လို့ပါလဲ? ဘာသာ ရေးသမားတွေဖြစ်လို့ပါ__ကမ္ဘာကြီးပေါ်က အကြီးမြတ်ဆုံးဘာသာဖြစ်လို့ပါ။ ကမ္ဘာပေါ်မှာတစ်ခုတည်းသောစစ်မှန်တဲ့ ဘာသာ တရားဖြစ်တယ်နော်။ သူတို့ရဲ့ကျမ်းစာက ပြောထားတဲ့ကြွလာတော်မူမည်ဆိုတဲ့ အလွန်တရာသောဘုရားသခင်ကို အဲဒီမှာစိုက် ထားပြီးကားစင်တင်သတ်ခဲ့ကြတာဖြစ်ပါသည်။ ဘာကြောင့် အဲဒါကို သူတို့မမြင်ခဲ့ကြပါသနည်း? သမ္မာကျမ်းစာက ဘုရားသခင် သည်သူတို့၏မျက်စိကို ကွယ်ထားသောကြောင့် သူတို့သည် ထိုအရာကိုမမြင်နိုင်ကြတာဖြစ်တယ်လို့ ကျွန်တော်တို့အားမိန့်တော် မူထားပါတယ်။

ကိုယ်တော်က ‘သင်တို့၏ ထိုသို့သောအရာတစ်ခုက ငါ့အားအပြစ်၏သားအဖြစ် စွဲချက်တင်သည် မဟုတ်ပါလား?’ ဟုမိန့် တော်မူခဲ့ပါသည်။ တစ်နည်းအားဖြင့်ဆိုသော် ‘ငါ့အတွက် ဘယ်လိုအမှုပြုရမည်ကိုကြိုတင်ရဲ့ဟောပြောထားသောအရာကို အတိအကျ ငါလုပ်ဆောင်ခြင်းမရှိလျှင် သည့်နောက်သင်တို့ ငါ့အားပြောပြပါ။’ ဟုဆိုလိုခြင်းဖြစ်ပါတယ်။အပြစ်ဆိုတာ မယုံကြည် ခြင်းပင်ဖြစ်ပါသည်။ ဘုရားသခင်က ကိုယ်တော်အားမိန့်တော်မူသည့်အရာကို ကိုယ်တော်က အတိအကျလုပ်ဆောင်တော်မူရပါ သည်။ ဒါပေမယ့် အဲဒါကိုသူတို့မမြင်နိုင်ကြပါဘူး။

84 ၈၄။ အခုခင်ဗျားတို့က လူတွေကိုပြောပြတဲ့အခါ အဲဒါက အခုဘဲတစ်ကောင်ရဲ့ ကျောပေါ်ကိုရေလောင်းချလိုက်သလိုပဲဖြစ်ပါ တယ်။ ကျွန်တော် ဘာလိုတယ်ဆိုတာကိုခင်ဗျားတို့မြင်တယ်နော်? အဲဒါကသနားစရာကောင်းတဲ့ကိစ္စ ဖြစ်ပါသည်။ ခင်ဗျားတို့ ဒီ နိုင်ငံနဲ့လူတွေသူတို့ုလုပ်နေကြတဲ့လမ်းကြောင်းကို ခင်ဗျားတို့ မြင်ရတဲ့အခါသိပ်ကိုကပ်တီးကပ်ဖဲ့နိုင်ပြီး ဘာသာရေးဆန်ပါသည်…ဒါပေမယ့် သန့်ရှင်းသောဝိညာဉ်တော်က သူတို့ကို ပြောတာတော့မဟုတ်တဲ့အရာမှာသူတို့ဟာ ခေါင်းမာပြီး ဘဝင်မြင့်ပြီး ဘုရားသ ခင်ကို ချစ်သူတို့ဖြစ်ရမှာထက်လောကသာယာမှုကို ချစ်တဲ့လူတွေ ဖြစ်နေကြပါတယ်။ သင်းခွဲသူ၊ လွဲမှားစွာစွပ်စွဲသောသူ၊မိမိ ကိုယ်ကို မချုပ်တီးနိုင်တဲ့သူ၊ အဲဒီလိုကောင်းမြတ်တဲ့အရာကိုစက်ဆုပ်ရွံရှာဖွယ်သောသူတွေ ဖြစ်နေကြတယ်မဟုတ်ပါလား?… သူ တို့ဟာ ကောင်းသယောင်ဆောင်ပြီး ဧဝံဂလိတရား၏တန်ခိုးကိုငြင်းပယ်မှုပြုကြပါမည်။ ‘အဲဒီလိုကိစ္စကနေသူတို့ဆီကနေ လှည့်၍ ခပ်ဝေးဝေးမှာနေကြ’ လို့မိန့်တော်မူခဲ့ပါတယ်။

85 ၈၅။ ဒီမှာကျွန်တော်တို့ ရှိကြပါတယ်။ ဒီလို ဂိုဏ်းဂဏတွေက နှစ်ပင်လိမ်ပြီး ကောက်ကွေ့နေတာပါ။သူတို့ဟာ အလုံးစုံသော ဘုန်းတန်ခိုးတွေကို ဖြစ်ပွားစေပါမည်။ တမန်တော်တို့ဆီမှာအဲဒါကို ပြန်ပြီးနေရာချကြပါမည်။ မိလေခိကာလ၌ အဲ့လိုကျန်တဲ့ကိစ္စ တွေ ကုန်ဆုံးသွားမှာဖြစ်ပါတယ်။ အဲဒါက အခုလူတစ်ယောက်လိုပါပဲ။ ဒီမတိုင်ခင်က ကျွန်တော်ပြောခဲ့သလိုမျိုးပါပဲ။ ကိုယ်တော်ရှင်အမှုပြုတော်မူခဲ့တဲ့အရာအတွက် လူတစ်ယောက်ကဘုရားကိုအမြဲပဲကျေးဇူးတော်ချီးမွမ်းမှုကိုပြုပါမည်။ ဆက်ပြီးကိုယ်တော်ရှင်မှုပြုတော်မူမည့်အရာကို စောင့်ကြည့်နေပါမည်။ ပြီးရင်တော့ အခုကိုယ်တော်

အမှန်တကယ်အမှုပြုတော်မူတဲ့အရာကိုတော့ ဂရုမ စိုက်ဘဲ ထားတတ်ကြပါတယ်။ အဲဒီအတိုင်း အတိအကျပါပဲ။လူက အဲဒီအတိုင်း အတူတူပဲ ဖြစ်နေပါတယ်။

ဂျူးတွေကအဲ့မှာမတ်တပ်ရပ်ပြီး ‘ဘုရားသခင်ဘုန်းကြီးစေသတည်း။ ဘာဖြစ်လို့လဲဆိုရင် [ရှင်ယောဟန်အခန်းကြီး ၆ မှာပြောထားသလိုပါပဲ] ကျွန်တော်တို့၏ ဘိုးဘေးတို့သည် တောကန္တာရ၌ မာနမုန့်ကို စားခဲ့ရတယ်’ ဆိုပြီးတော့ပါ။

ပြီးတော့ယေရှုက ‘သူတို့အယောက်ချင်းတိုင်းဟာသေတဲ့လူတွေဖြစ်တယ်။’ လို့မိန့်တော်မူခဲ့ပါတယ်။

86 ၈၆။ သူတို့ဟာတောကန္တာရ၌ ကျောက်ကထွက်သောရေကိုသောက်ခဲ့ကြရပါသည်။ ဒီနောက်ကိုယ်တော်က ‘ငါသည်ကျောက် ဖြစ်တယ်။’ လို့မိန့်တော်မူခဲ့ပါတယ်။ ကိုယ်တော်က ‘ငါသည် ကောင်းကင်နိုင်ငံ၌ရှိသောဘုရားသခင်ထံမှ ဆင်းလာတဲ့အသက်မုန့် ဖြစ်သော်လည်း__ ထိုအသက်ပင်ကို ဟိုးအရင်က မစားခဲ့ကြရ၊ အကယ်၍ လူတစ်ယောက်ကဤအသက်မုန့်ကို စားရတယ်ဆိုရင် သူသည် သေခြင်းသို့မရောက်ရ။ ငါသည်နောက်ဆုံးသောနေ့ရက်ကာလ၌ သူ့ကို တစ်ဖန်ထမြောက်စေမယ်’ လို့မိန့်တော်မူခဲ့ပါ သည်။

အတိတ်ကမေရှိယဟာ အဲဒီမှာမတ်တပ်ရပ်ပြီး သူတို့နှလုံးသားထဲက အလွန်တရာသော စကားလုံးတို့ကိုနှင့် ထိုသို့သော အရာတွေကို မိန့်တော်မူခဲ့ပါသည်__ သူဟာ မေရှိယဖြစ်ကြောင်းကို ပြသတော်မူခဲ့ပါတယ်။ အခုတော့မေရှိယကို အမှုပြုဖို့စဉ်းစား နေကြပါသည်။ သူတို့ဟာ အဲဒီမှာ သူတို့ရဲ့လက်ကိုမြှောက်ပြီး မတ်တပ်ရပ်က ‘အာ အဲဒါကမရနိုင်ဘူး။ မဟုတ်တာ မဟုတ်ဘူး နော်။ကိုယ်တော်က ဒီလိုမှန်တဲ့လမ်းကြောင်းကို ရောက်မလာခဲ့ပါဘူး။ ကြည့်ပါ။ သူကဗက်လင်မြို့က ပေါ်လာတဲ့သူပါ။ သူဟာ တရားမဝင်မွေးလာတဲ့ ကလေးတစ်ယောက်ဖြစ်ရုံကလွဲရင်သူက ဘာမှမဟုတ်ပါဘူး။ အဲဒီနတ်ဆိုးက သူ့အပေါ်မှာ အလုပ်လုပ် သွားတာပါ။ သူက အရူးကိုလဲကျွန်တော်တို့ သိထားတယ်။ သူက ရူးသွပ်သူပါ။ သူဟာ နတ်ဆိုးတစ်ကောင်ရထားတာပါ။’ လို့ပြော ကြပါမည်။ ကြည့်ပါ။

သူတို့ရဲ့မျက်လုံးကအဲဒီလိုအမှန်တကယ် ကွယ်ထားခြင်းကို ခံခဲ့ကြရတာပါ။

အခုဒါပေမယ့် သူတို့ဟာ ပရောဖက်ကိုတော့ စောင့်နေကြပါတယ်။ သူတို့ဟာ အဲဒါကိုလက်ခံဖို့တော့ရှိပါတယ်။ လူနှစ် ယောက်ကိုတော့ လက်ခံကြရပါမည်။ အမှန်ပါ။

87 ၈၇။ အခုပြန်ပြီးသတိထားပါ။ အခု ဒီလိုဂျူးတွေရဲ့ အချိန်နာရီမှာလည်း…ကျွန်တော် ခင်ဗျားတို့ကို ပေးရမည့် အခြားအမှတ်အ သားလေးတစ်ခုရှိတယ်။ ဒါမှအခုလို ဒီမှာဂျူးတွေအပေါ်ရောက်မယ့်အရာ ဒီချီဆောင်ခြင်းဘက်ကအရာကို ခင်ဗျားတို့သဘော ပေါက်နိုင်မှာဖြစ်ပါတယ်။ဘာဖြစ်မလဲဆိုတာကို စောင့်ကြည့်ပါ။ အဲဒါကလည်း အမှတ်အသားပြုတဲ့အရာလည်း ဖြစ်ပါတယ်။ကျွန် တော်တို့ အဲဒီလိုလုပ်ဖို့အချိန်ပေးလို့မရတာက ဒီကနေ ကျွန်တော်တို့ အမြန်ထွက်ရမှာဖြစ်လို့ဖြစ်ပါတယ်။ ယာကုပ်၏အခက်အခဲ လို့ ခေါ်တဲ့အရာမှာလည်း အမှတ်အသား သင်္ကေတပြုခဲ့တာရှိပါသည်။

အခုကြည့်ပါ။ ဒီနေရာမှာ ဒီလိုဂျူးတွေရှိခဲ့တယ်… သတိထားပါ! အို ဒီနေရာမှာကျွန်တော်နည်းနည်းတော့ အချိန်ယူရပါဦး မယ်။ အဲဒီလို အနားမှာ ခင်ဗျားတို့စကျော်လိုက်တာနဲ့ အဲဒီမှာ ကျွန်တော်ကို ရှုပ်ယှက်ခတ်သွားစေပါမည်။

သတိထားပါ။ကျွန်တော် ခင်ဗျားတို့ကို အဲဒါကို မြင်စေချင်ပါတယ်။ အခုကျွန်တော်… ကောင်းပါပြီ။ ဘုရားသခင်က ခင်ဗျား တို့အား အဲဒါကိုပြသတော်မူပါမည်။ ကြည့်ပါ။ ယာကုပ်ဟာ မွေးရာပါအရိုက်အရာကို ပိုင်ဆိုင်ခဲ့ရပါသည်။အဲဒါဟုတ်ပါသလား? ဒါ ပေမယ့်အဲဒီကိစ္စမှာ သူမ မသမာလုပ်ခဲ့ပါတယ်။ တွေ့လား?သူဆင်းသွားပြီး သူ့အဖေကို လိမ်ခဲ့ပါတယ်။ သူဟာ သူ့ညီအစ်ကိုကို လိမ်ခဲ့ပါတယ်။ သူ့အမျိုးစုံလုပ်ခဲ့ပါတယ်။ ဒါပေမယ့် တရားဝင်တဲ့အထိ အမှန်ဆင်းသွားက သူ့အဲဒါကိုယူပစ်ခဲ့ပါတယ်။ ဘာဖြစ်လို့ လဲဆိုရင် ဧသောက ရောင်းထုတ်ပစ်ခဲ့လို့ပါ။

ဒါပေမယ့်ဒီနောက်မှာ သူဟာ အဲဒီကိုရောက်ပြီး သူ့ယောက္ခထီးအတွက်လာလုပ်လုပ်ခဲ့ရတဲ့အချိန်မှာတော့ သူဟာ အဲဒီ က ကျွဲ၊ နွားတိရစ္ဆာန်တွေကိုကိုယ်ဝန်ဆောင်စေဖို့ ထင်ရှူးပင်တစ်မျိုးကို ရေထဲထည့်ကာ အကွက်အပျောက်တွေပါတဲ့ ကျွဲ၊နွားတွေ ကိုမွေးအောင် လုပ်နိုင်ခဲ့ပါသည်။ သူအဲဒီလိုမျိုးတွေလုပ်တဲ့အရာရာတိုင်းကိုခင်ဗျားတို့သိပါတယ်။ အခု ပိုက်ဆံကိုရပြီဖြစ်ပါသည်။

88 ၈၈။ အခုစောင့်ကြည့်ပါ။ အခု သူဟာ သူ့ရဲ့လူတွေဆီကနေ မောင်းထုတ်ခြင်းကို ခံခဲ့ရပါတယ်။ အခုအဲဒါက ဂျူးတွေရဲ့ပုံစံတစ် ခုပဲဖြစ်ပါတယ်။ သူဟာ ပိုက်ဆံလုယူတဲ့လူတစ်ယောက်ဖြစ်ပါတယ်။ သူ အဲဒါကို ဘယ်လိုရသလဲဆိုတာကို ဂရုစိုက်တဲ့လူမျိုးမဟုတ်ပါဘူး။ သူက အဲဒါကို ယူမှာပဲဖြစ်ပါတယ်။ အဲဒါကိုရဖို့ဆို သူဟာ အရှင်လတ်လတ် ခင်ဗျားကိုအရေခွံစုတ်မှာဖြစ်ပါသည်။ ဘာ ဖြစ်လို့လဲဆိုတာကို ခင်ဗျားတို့ အဲဒါကိုသိပါတယ်။ သူဟာလုယက်တတ်တဲ့လူလေး တစ်ယောက်ဖြစ်လို့ပါပဲ။ အဲဒါကတော့ အကုန် ပါပဲ။ ကောင်လေးကသူနဲ့မပတ်သက်ပါဘူး။ သူက ခင်ဗျားကို ယူမှာပါပဲ။ သားရေ၊ ဟုတ်ပါတယ် ဆရာ!ဘာဖြစ်လို့ပါလဲ။ သူက အဲဒီလိုဖြစ်စရာအကြောင်းရှိလို့ပါ။ အဲဒါက လွှမ်းမိုးခံရတဲ့ဝိညာဉ်တစ်ခုလိုမျိုးဖြစ်လို့ပါ။ အခု ဒီနှုတ်ကပတ်တော်ကို ပြုပြင်ရေးသမား ဖြစ်တဲ့သူတို့ နားမလည်နိုင်ကြသလိုမျိုးဖြစ်တာကတော့ အတိအကျပါပဲ။ ဘာဖြစ်လို့လဲဆိုရင် အဲဒါကလူရဲ့ဝိညာဉ်က သူတို့ထံပို့ ထားတဲ့အရာဖြစ်လို့ပါပဲ။ အဲဒီလင်းယုန်ငှက်၏ ခေတ်ကာလကနှုတ်ကပတ်တော်နှင့် ဗျာဒိတ်တော်ကို ယူပါတယ်။ အလုံးစုံသောအ ရာက ထိုအရာကိုနားလည်ပါတယ်။ ခင်ဗျားတို့လက်တွေကို မြှောက်ကြပါ။ ဒါကြောင့်… အဲဒါက ကောင်းပါတယ်။ အဲဒါက ကောင်း မြတ်ပါတယ်။ အဲဒါကကောင်းမြတ်ပါတယ်။

89 ၈၉။ အခုကြည့်ပါ။ တကယ်လို့ အဲဒီတံဆိပ်တွေအောက်က ဒီအရာတွေကို ပြန်ရကြမယ်ဆိုရင်သူတို့အမြဲရခဲ့ကြတယ်ဆိုရင်… သူတို့ကဖွင့်လိုက်တဲ့အခါ ခင်ဗျားတို့ဘုရားသခင်အမှုပြုတော်မူတာ ဘုရားသခင်ဘာလုပ်တယ်ဆိုတာ ဘုရားသခင်

ဘာဆက်လုပ်နေတယ်ဆိုတာကို မြင်ကြရပါမည်။ ဒီလိုမျိုး အဲဒါက အတိအကျဖြစ်ပါတယ်။ အဲဒါကတော့လူတွေအဲဒီအတိုင်းလုပ်ကြတယ်။ ဘာဖြစ်လို့လဲဆိုရင် ထိုသို့သောဝိညာဉ်ကထိုခေတ်ကာလရောက်စေရတဲ့ အကြောင်းအရင်းဖြစ်လို့ပါပဲ။ သူတို့ ဘာမှတောင် မလုပ်နိုင်ကြတော့ပါဘူး။ ဘာမှလည်း မလုပ်ဖြစ်ကြတော့ပါ...

ယောဟန်၊ပေါလုနဲ့ သူတို့တွေက အဲဒီက ခြသေ့်၏ (အယ်_အိုင်_ အို_ အစ်) ဝိညာဉ်ခေတ်ကာလ၌ ရပ်တည်ခဲ့ကြရတဲ့လူတွေပါ__နှုတ်ကပတ်တော်ကိုယ်တိုင်ပါပဲ။ ပေါလုက ထိုသို့သောနှုတ်ကပတ်တော်နှင့်အမှန်တကယ်ရပ်တည်မှုပြုခဲ့တာပါ။ 'ကျွန် တော်ဒါကိုသိတယ်။ သင်တို့အကြားမှာမှားယွင်းတဲ့ညီအစ်ကိုတွေ ပေါ်ထွက်လာမယ်။ လှည့်လည်သွားလာပြီး သူတို့လုပ်ဆောင်မှာဖြစ်တယ်။ (ဂိုဏ်းဂဏတွေနဲ့အမျိုးစုံသောအရာတွေ သင်တို့အကြားမှာရှိမှာဖြစ်တယ်။) သူတို့ လုပ်ဆောင်ကြလိမ့်မည်။နောက် ဆုံးသောနေ့ရက်ကာလထဲကို သူတို့သွားကြမှာဖြစ်တယ်။ကြောက်စရာကောင်းတဲ့အချိန်နာရီထဲကို ရောက်ကြမှာဖြစ်တယ်' ဘာ ဖြစ်လို့လဲ? သူဟာ ပရောဖက်တစ်ယောက်ဖြစ်လို့ပါ။အဲဒီလို သူ၌ နှုတ်ကပတ်တော်က တည်တော်မူပါတယ်။ ဘယ်လိုဘယ်ပုံအဲဒီ လိုလမ်းဆုံးမယ်ဆိုတာက ရှိပါလိမ့်မည်။ 'အချို့မှားယွင်းတဲ့လူအချို့ဟာခင်ဗျားတို့အထဲကနေကို ပေါ်ထွက်လာမှာဖြစ်ပါသည်။ ဒီလိုအကြောင်းတွေကတပည့်တော်ဖြစ်တဲ့ညီအစ်ကိုများကိုပါ။ အဝေးသို့ ဆွဲခေါ်သွားမှာဖြစ်ပါတယ်။ အဲဒါက အတိအကျပင်အန္တိခရစ်ဖြစ်ပါသည်။ အဲဒါက အဲဒီအတိုင်း အတိအကျဖြစ်ခဲ့ဖူးပါတယ်။

90 ၉၀။ သတိထားပါ။အဲဒီလို အမှောင်ခေတ်ရဲ့ ဘေးဒဏ်ကြီးကာလကို ရောက်ခဲ့ကြပြီးနောက်အဲဒါကဘာဖြစ်ခဲ့ပါသနည်း? အဲ့မှာသူတို့ဘာမှကို မလုပ်နိုင်ကြတော့ပါဘူး။ ရောမတွေက ပိုင်သွားခဲ့ကြပါသည်... သူ့မှာ ဘာသာရေးနှင့်ဆိုင်တဲ့ တန်ခိုးကိုပိုင်သွားပြီးသူ့မှာ နိုင်ငံရေးတန်ခိုးကိုလည်း ပိုင်ဆိုင်သွားခဲ့တာဖြစ်ပါသည်။ အဲ့မှာသူတို့ဘာမှလုပ်လို့မရကြတော့ပါဘူး။ ဒါပေမယ့် အခု အကျင့် ကို ကျင့်ပြီ။ အသက်ရှင်နေကြတုန်းပါပဲ။ သူတို့ကိုယ်သူတို့ ပူဇော်သက္ကာအဖြစ် ပေးအပ်မှုပြုကြပါတယ်။အဲဒါကတော့ နွားထီးပါ။ အဲ့မှာ သူတို့အားလုံးလုပ်နိုင်ခဲ့ကြပါတယ်။ သူတို့မှာအဲဒီလိုမျိုးဝိညာဉ်ကို ပိုင်ဆိုင်ခဲ့ကြတာဖြစ်ပါတယ်။ ဘုရားသခင်၏ဝိညာဉ်တော် ပါပဲ__ နွားထီးပါ။

ဒီနောက်ဒီလို ပြုပြင်ရေးသမား လူဦးခေါင်းကောက်ကျစ်ပြီး ပညာရှိတဲ့အရာ ရောက်လာပါတယ်။မာတင်လူသာ၊ ဂျွန်ဝက် စလီနှင့် အဲဒီလူတွေပါ။ ကယ်ဗင်၊ ဖင်နီ၊ နော့်ဖ်နဲ့ကျနော်တဲ့လူတွေလည်း ရှိပါတယ်။ ဒီလို သူတို့ရောက်လာခဲ့ကြပါတယ်။ သူတို့ဟာ ဆက်လက်၍ပြုပြင်ပြောင်းလဲမှုတွေလုပ်ခဲ့ကြပါတယ်။ လူတွေကို ခေါ်ထုတ်သွားခဲ့ပါတယ်။ အဲဒီတုန်းကသူတို့ဖြစ်ခဲ့ကြသလိုမျိုး အဲဒီအနောက်ကို အမှန်တကယ် အတိအကျ ပြန်လှည့်လာကြတာပါ။ဂိုဏ်းဂဏနှင့်ဆိုင်တဲ့ စနစ်အပေါ်မှာ တစ်ဖန်သူ့ကို ပြန်ခေါ် သွားပြီးတော့ထိမ်းမြားမှုပြုခဲ့တာဖြစ်ပါတယ်။ သူက မကောင်းသောသူဖြစ်တယ်။သူ့မှာသမီးတွေရှိတယ်ဆိုပြီးတော့မှ ဖြစ်ပါတယ်။ အခုကတော့ အတိအကျပါပဲ။

91 ၉၁။ ပြီးတော့ဘုရားသခင်က 'ငါသည် သူဟာနောင်တရဖို့ အချိန်ပေးမယ်။ ပြီးတော့ သူအဲဒီလိုမဖြစ်ခဲ့ဘူး။ ဒါကြောင့် သူ့ကိုငါခေါ်သွားပြီး သူ့သမီးတွေကိုခေါ်ပြီး သူတို့နဲ့ဆိုင်တဲ့နေရာကို မောင်းထုတ်ပစ်မည်' လို့ မိန့်တော်မူခဲ့ပါတယ်။အဲဒီအတိုင်းအတိအကျပါပဲ။ အဲဒါက... အဲဒီကို ဘုရားသခင်က တံဆိပ်အောက်ကနေမိန့်တော်မူခဲ့တာဖြစ်ပါသည်။ အခု အဲဒီမှာ သူမရှိနေပါတယ်။ ကိုယ်တော်အမှုတဲ့အရာကို ကိုယ်တော်အမှုပြုမယ်အရာကိုကျွန်တော်တို့ ရှာဖွေကြပါမည်။ သူတို့တစ်ယောက်ချင်းစီဟာ အဲဒီအတိုင်း ခေါင်းမာလျက်ရှိကြပါသည်။

ဒါပေမယ့်... အဲဒီအရာအားလုံးက အသက်စာစောင်ထဲက သူတို့ရဲ့နာမည်ကို ယူသွားခဲ့ပါပြီ။ဘုရားသခင်က နာမည်ခေါ် တော့သူတို့အဲဒါကို ကြားကြရပါမည်။ 'ငါ့သိုးတို့သည်ငါ့အသံကို ကြားရမည်' ဟုယေရှုမိန့်တော်မူခဲ့ပါတယ်။ ကျွန်တော်တို့လုပ်ရ မယ့် တစ်ခုတည်းသောအရာက အခေါ်ခံရမည့်သိုးတစ်ကောင်ဖြစ်အောင် လုပ်ဖို့ပါပဲ။ ဆိတ်တွေကတော့ အဲဒီအသံကို သိမှာမ ဟုတ်ပါဘူး!

92 ၉၂။ သတိထားပါ။ဒါပေမယ့် ခင်ဗျားတို့သိုးခေါ်တာကိုကြည့်ပါ။ 'ငါ့သိုးတို့သည်ငါ့အသံကိုကြား၏' ဆိုတာပါ။ဘာဖြစ်လို့ပါလဲ? အသံတစ်သံကဘာဖြစ်ပါသလဲ? အသံဆိုတဲ့အရာကဘယ်လိုဟာမျိုးဆိုတာကို ကျွန်တော်ခင်ဗျားတို့အား သိစေလိုပါသည်။ အသံဆိုတဲ့အရာတစ်ခုဟာ ဝိညာဉ်ရေးရာနှင့်ဆိုင်တဲ့ အမှတ်အသားတစ်ခုဖြစ်ပါတယ်။

ကိုယ်တော်ကမောရှေကို 'သူတို့သည်ပထမတံဆိပ်နှင့်ဆိုင်သောအသံကို ကြားရခြင်းမရှိလျှင် သူတို့သည် ဒုတိယတံဆိပ်နှင့်ဆိုင်သော အသံကိုကြားရမည်' လို့မိန့်တော်မူခဲ့ပါသည်။

ဤသို့သောအရာတို့သည်နောက်ဆုံးသောနေ့ရက်ကာလ၌ ဖြစ်ပွားစေရာအကြောင်းရှိသည်ဟု ယူဆရသောအချိန်တွင်ဘုရားသခင်၏သိုးတို့သည် ထိုအရာကို သိမှတ်နားလည်ကြရပါမည်။ သူတို့က ထိုအရာကိုအသိအမှတ်ပြုကြပါမည်။ 'ငါ့သိုးတို့သည် ငါ့ကိုသိတယ်။ [ကြည့်ပါ] လူစိမ်းတစ်ယောက်နောက်ကို သူတို့လိုက်ကြမှာမဟုတ်ပါဘူး။' သူတို့သည် တစိမ်းတွေနောက်ကို လိုက်ကြမှာမဟုတ်ပါဘူး။အဲဒါက နေ့ရက်ကာလ၏ နိမိတ်လက္ခဏာကို သက်သေထူခြင်းဖြစ်၍ ထိုအရာကို သူတို့တွေ့မြင်ကြရပါမည်။

93 ၉၃။ အခု

အခုသတိထားပါ။အခု ယာကုပ်က သူဖြစ်လာသလိုမျိုးပါပဲ။ ပထမတစ်ခုကို ခင်ဗျားတို့သိပါတယ်။ သူဟာအရှည်ကြီးသွားခဲ့ရတဲ့နေရာရှိတယ် မဟုတ်လား?မွေးရပ်မြေကို ပြန်ရပါတယ်။ အို အဲဒီအတိုင်း ဣသရေလတို့အတိအကျလုပ်ဆောင်ခဲ့ရပါတယ်! အဲဒါကတော့ ဣသရေလတို့ပဲဖြစ်ပါတယ်။ ယာကုပ်ကဣသရေလဖြစ်ပါတယ်။ သူက အခုတို့ သူ့ရဲ့နာမည်ကို ပြောင်းပစ်ခဲ့တာဖြစ် ပါတယ်။ ခင်ဗျားတို့သိပါတယ်။ တွေ့လား?ပြီးတော့ အဲဒီကို သူထွက်ခွာခဲ့ရပါတယ်။ ပြီးတော့ သူဟာ ပိုက်ဆံအကုန်လုံးကိုပိုင် ဆိုင်ခဲ့ရပါတယ်။ သူပိုင်ဆိုင်နိုင်ခဲ့ပါတယ်။ ဘယ်နည်းနဲ့မဆို အဲဒီလို သူဟာရအောင်ယူနိုင်ခဲ့ပါတယ်။__ သူ့ရဲ့ဆွေမျိုးတော်တဲ့လူဒါမှမဟုတ် ဘယ်သူ့ဆီကမဆိုပါ။

ဒါနဲ့ လှည့်မယ်၊ ခိုးမယ်၊ လိမ်မယ်__ ဘယ်နည်းနဲ့မဆို သူဟာအဲဒါကို ရအောင်ယူပြီး အဲဒါကိုသူ ရအောင် လုပ်ပါတယ်။ မြင်လား? သူလုပ်ခဲ့ပါတယ်။

ဒီနောက်သူ့အိမ်ကို စပြန်တဲ့အချိန် သူဟာ သူ့နှလုံးသားမှာအိမ်ကိုလွမ်းတဲ့ခံစားမှုတစ်ခုရှိခဲ့ပါမည်။ ဒါပေမယ့် သူဟာ အိမ်စပြန်မယ်ဆိုတဲ့အတိုင်း သူအိမ်ပြန်ရာလမ်းကို လမ်းလျှောက်ခဲ့ပါတယ်။ သူဟာဘုရားသခင်နှင့်တွေ့ဆုံခဲ့ရပါတယ်။ ဒီနောက် သူ့နာမည်ပြောင်းလိုက်တယ်ဆိုတာ ကြည့်ပါ။ဒါပေမယ့် ဒီအချိန်မှာ သူဟာသိပ်ကို စိုးရိမ်ခဲ့ပါမည်။ ဘာဖြစ်လို့လဲဆိုရင်သူ့နောက်မှာ ဧသောရောက်လာမှာကို သူကြောက်ခဲ့ပါမည်။ ကြည့်ပါ။ ပိုက်ဆံကိုကြည့်ပါ။ပိုက်ဆံ၏အနေအထားကို ကြည့်ပါ။ အခုဂျူးတွေ ရော မမြို့နှင့် ဒီလိုစာချုပ်ကိုချုပ်ဖို့ကြိုးစားကြမယ့်ပုံမျိုးပါပဲ။ သူတို့ရဲ့ပိုက်ဆံဆိုတဲ့ အနေအထားမှာရှိနေတဲ့အရာပါ။

94 ၉၄။ အဲဒါကိုသတိထားပါ။ ဧသောကတော့ သူ့ပိုက်ဆံကို မလိုအပ်ပါဘူး။ ရောမလည်း မလိုဘူး__ သူ့လက်ထဲက လောက၏ချမ်းသာမှုကိုလည်း မလိုပါဘူး။ တွေ့လား?ဒါပေမယ့် အဲဒါကတော့ ဘာလုပ်မဖြစ်ပါဘူး။ ဒါပေမယ့်အဲဒီလိုခက်ခဲ့တဲ့အချိန်နာရီမှာ ရောက်မယ့် ဣသရေလတွေကို ကျွန်တော်တို့ ရှာဖွေကြည့်ကြပါမည်။ သူကယာကုပ်ဖြစ်စဉ်အခါက နပုံးလုံးခဲ့ပါတယ်။ အဲဒီလို အစစ်အမှန်တစ်ခုကိုဆုပ်ကိုင်ထားတဲ့တာဖြစ်ပါတယ်။

အဲ့လိုလူတစ်ယောက်ဆင်းလာပါတယ်။ ယာကုပ်ဟာ သူ့လက်နဲ့ အဲဒီလူကိုဖက်ထားပြီး အဲဒီမှာသူနဲ့နေခဲ့တာဖြစ်ပါတယ်။ အဲလူက ‘ငါအခုသွားကိုသွားရတော့မှာ။ မိုးလင်းတော့မယ်’ ဆိုပြီး ပြောခဲ့ပါမည်။ အို အဲဒါက မိုးလင်းတာဖြစ်ပါတယ်! ‘အဲဒါက နေ ဖြစ်ဖို့ နေရာကျခြင်းဖြစ်ပါတယ်’

ဒါပေမယ့်ယာကုပ်ကတော့ ‘ငါ သင့်ကိုသွားခွင့်မပြုဘူး။ မင်းသွားလို့မရဘူး။ ငါမင်းနဲ့အတူ ဆက်ပြီးနေဦးမှာ။ ဒီမှာ ဒါတွေကို ငါပြောင်းချင်တာ’ ဟုပြောခဲ့ပါမည်။အဲဒါက ၁၄၄,၀၀၀ သောပိုက်ဆံအကြံအဖန်သမားအုပ်စုနှင့် အဲဒီလိုမျိုးဖြစ်တဲ့လူတွေ ဖြစ် ပါမည်။ လက်ထဲမှာဆုပ်ကိုင်ထားဖို့ သူတို့ဟာ ဧကန်အမှန် စစ်မှန်တဲ့အရာကို သူတို့မြင်လိုက်ရတဲ့အချိန်ကာလပဲဖြစ်ပါတယ်။ အဲ့မှာ မောရှေကို ရပ်တည်စေခဲ့ပါတယ်။ အဲ့မှာ ဧလိယကိုရပ်တည်စေခဲ့ပါတယ်။ အာမင်! ၁၄၄,၀၀၀ သောဣသရေလမျိုးနွယ်စု တွေ အဲဒီကနေအမှန်ခေါ်ထုတ်ခံရချိန်အထိ သူတို့က ဘုရားသခင်နှင့် နပန်းလုံးမယ့်သူတွေ ဖြစ်ပါတယ်။

အဲဒါက အခုဘေးဒဏ်ကြီးကာလမတိုင်ခင်မှာ ဖြစ်မယ့်အရာဆိုတာကို ကြည့်ပါ။ အို ဘယ်လောက်အံ့သြစရာကောင်းပါ သလဲ! ယာကုပ်ရဲ့အမှုရောက်ခြင်းလည်းဖြစ်ပါသည်။ ဒီအချိန်မှာ ၁၄၄၀၀၀သောလူတွေကို ခေါ်ထုတ်မှာဖြစ်ပါတယ်။ သူတို့ဟာ... ဟောပြောတဲ့သူတွေဖြစ်ပါတယ်။ ပရောဖက်နှစ်ပါးပါ။ သူတို့ဟာ ဗတ္တိဇံယောဟန်လို့ ‘ကောင်းကင်နိုင်ငံတည်လုနီးပြီ။ နောင်တရကြလော့။ ဣသရေလတို့’ ဆိုပြီးဟောပြောကြမှာဖြစ်ပါတယ်။ နောင်တရမယ်ဆိုတာ ဘာဖြစ်ပါသလဲ? ‘ခင်ဗျားတို့ရဲ့အပြစ်မှခင်ဗျားတို့ရဲ့မယုံကြည်ခြင်းမှာ နောင်တရကာ ဘုရားသခင်ဆီသို့ ပြန်လာခြင်း’ ဖြစ်ပါသည်။

95 ၉၅။ အခုကျွန်တော်တို့ဒီနေရာက တစ်စုံတစ်ခုသောအရာကို မှတ်ထားခွင့်ပြုပါ။ ဒီလိုအဖြစ်အပျက်ကြီးတွေကဘာသာတရား မှာ ဖြစ်ပါမည်။ ဒီလိုမဖြစ်ခင် ဒီအခန်းငယ် ၁၂ မှာရှိတာကို မြင်ကြလား? နေသည် အမွေးဖြင့်ရက်သောအဝတ်ကြမ်းကဲ့သို့မည်း၏။ အခု ဒါကို နှိုင်းယှဉ်ကြည့်ပါ... အခုမှတ်ထားပါ။ အဲဒါကတစ်ပါးအမျိုးသားတို့ဆီမှာ ဖြစ်မှာမဟုတ်ပါဘူး။ ဣသရေလတို့ဆီမှာဖြစ် မှာပါ။

ခင်ဗျားတို့အားကျွန်တော်ကို ပြခွင့်ပြုပါ။ အခု မှတ်ထားပါ။ ကျွန်တော်က အဲဒီက ၁၄၄,၀၀၀ သောသူကို ခေါ်ထုတ်မယ်လို့ ပြောခဲ့ပါတယ်။ ကြည့်ပါ။ ဒီအချိန်ကအခုအဲဒီလိုကိုယ်တော်၏အချိန်က... ဒုက္ခဆင်းရဲခြင်းတွေရှိပါတယ်။ အဲဒါကအဲဒီလိုလုပ်စရာ အကြောင်းရှိပါတယ်။ ဒါက ဘေးဒဏ်ကြီးကာလ၌ ဖြစ်ခဲ့တဲ့အဖြစ်အပျက်ကိုပြောနေတာဖြစ်ပါတယ်။

96 ၉၆။ အခုထွက်မြောက်ရာကျမ်း ၁၀း၂၁-၂၃ ကို လှန်ကြပါစို့။ ဒီကိုကြည့်ပါ။ အချိန်ကတော့... ထွက်မြောက်တဲ့အချိန်ဖြစ်ပါ တယ်။ တကယ်တော့ ဣသရေလတို့ထွက်လာကြပါတယ်။ ခေါ်ထုတ်ခြင်းကို ခံခဲ့ကြရပါတယ်။ ထွက်မြောက်ရာကျမ်းအခန်းကြီး ၁၈အခန်းငယ် ၂၁ ကနေ ၂၃ အထိဖြစ်ပါတယ်။ ကျွန်တော် သိပ်ကိုစိတ်လှုပ်ရှားရပါတယ်။ တခါတလေဒါတွေကို ကျွန်တော်ရော သွားတဲ့အခါ ကျွန်တော်ဒီလိုမှတ်စုတွေကို ထုတ်ပြီးရေးတဲ့အခါအော်ပစ်လိုက်ပါတယ်။ ဟုတ်ပါပြီ။ ထွက်မြောက်ရာကျမ်း ၂၀း၂၁ ကနေ ၂၃ အထိပါ။ ဟုတ်ပါပြီ။ဒီကနေ ကျွန်တော်တို့__ ၂၁ နဲ့ ၂၃ကို သွားပါမည်။

(၂၁) တစ်ဖန်ထာဝရဘုရားက အဲဂုတ္တုပြည်တစ်လျှောက်လုံး၌ မှောင်မိုက်သာမညမဟုတ် စမ်းသပ်၍တွေ့ရသောမှောင်မိုက်ဖြစ်စေခြင်းငှါသင်၏လက်ကို မိုးကောင်းကင်သို့ ဆန့်လော့ဟု မောရှေအားမိန့်တော်မူသည့်အတိုင်း (၂၂)မောရှေသည် မိမိလက်ကို မိုးကောင်းကင်သို့ ဆန့်၍ အဲဂုတ္တုပြည်တစ်လျှောက်လုံး၌ထူထပ်သောမှောင်မိုက်သည် သုံးရက်ပတ်လုံးဖြစ်လေ၏။ (၂၃) ထိုအခါတစ်ယောက်ကိုတစ်ယောက်မမြင်နိုင်ကြ။ သုံးရက်ပတ်လုံး အဘယ်သူမျှ မိမိနေရာမှမထရကြ။သို့ရာတွင် ဣသရေလအမျိုးသားအပေါင်းတို့သည် မိမိတို့နေရာ၌ အလင်းကိုရကြ၏။

97 ၉၇။ သတိပြုပါ။အခု အတိအကျပါပဲ... ဒီကို ကျော်လာပါ။ ‘နေသည် အမွေးကြမ်းနဲ့ရက်သော အဝတ်ကဲ့သို့မည်းလာမယ်...’ ဆိုတာပါ။ တွေ့လား? တူတဲ့အရာပဲဖြစ်ပါတယ်။ ဒါတွေက သဘာဝတရား၏အဖြစ်အပျက်တွေပဲဖြစ်ပါသည်။ အဲဒါက ဘာဖြစ်ခဲ့ တာပါလဲ? ဘာပါလဲ။ ဒီလို သဘာဝတရား၏ အဖြစ်အပျက်ပဲဖြစ်ပါတယ်။ဖြစ်ခဲ့တာနော်? ဘုရားသခင်ကဣသရေလတို့ကို ခေါ်ဆို နေတာဖြစ်ပါသည်။ [တိပ်သားပျက်နေပါသည်...] အဲဒီကို ဣသရေလတို့အား ခေါ်ဆောင်မှုပြုခဲ့တဲ့အကြောင်းရှိပါတယ်။ (ဟုတ်ပါ ပြီ) သူတို့ရဲ့ရန်သူလက်ကနေ သူတို့ကို ခေါ်ထုတ်ခဲ့တာဖြစ်ပါတယ်။အဲဒီအချိန်ကတော့ အီဂျစ်တွေဖြစ်ပါသည်။ အခု ဒီမှာ ကိုယ် တော်က သူတို့ကို ရောမ၏လက်ထဲကခေါ်ထုတ်နေတာဖြစ်ပါတယ်။ သူတို့ဟာ အဲဒီနေရာမှာ သူတို့ရဲ့စာချုပ်ကိုချုပ်ဆိုမှုပြုမှာဖြစ် ပါတယ်။

တူညီတဲ့ကိစ္စဖြစ်ခဲ့တာဖြစ်ပါတယ်။အဲဒါက ပုလိပ်ရောဂါဖြစ်ပါတယ်။ ဒီလို ပလိပ်ရောဂါတွေဖြစ်မယ်။ အချိန်ကာလကျ ရောက်လာပါမည်။ ဒီတစ်ပါးအမျိုးသားတို့၏ အုပ်စုထံသို့ ပလိပ်ရောဂါကျရောက်လာမှာ ဖြစ်ပါတယ်။ တကယ်လို့ ကျွန်တော့်မှာအချိန်ရှိတယ်ဆိုရင် တစ်ပါးအမျိုးသားအသင်းတော်မှာ ဘာဖြစ်မလဲဆိုတာကိုကျွန်တော်ပြလို့ရမှာဖြစ်ပါတယ်။ ပြီးတော့ သူပါးစပ်က နေရေကို မှုတ်ထုတ်မှာဖြစ်ပါတယ်။ (လူထုထပ်၍များပြားခြင်းရှိပါမည်။) မိန်းမ၏ကျန်ကြွင်းသောမျိုးစေ့နှင့် စစ်ထဲကို ရောက်ရှိခဲ့ကြပါသည်။ (ဗျာဒိတ် ၁၃ ပါ) အခု ဘယ်နေရာလဲဆိုတာ တွေ့လား? ကျွန်တော်တို့ အဲဒီကိုရောက်ခဲ့တယ်နော်။အဲဒါက ကြွင်းကျန် စေပြီးနောက်__မိန်းမ၏ ကျန်ကြွင်းသောမျိုးစေ့ကို ထားပြီးနောက် ရောမမြို့က သူ့လက်ကိုဆန့်တန်းမှုပြုခြင်းပင်ဖြစ်ပါသည်။

98 ၉၈။ အခုကြည့်ပါ။ ပထမအချိန်က သူတို့ သူ့ရဲ့လက်ထဲ ရောက်ရတဲ့အချိန်မှာ ကိုယ်တော်က သူတို့ကိုခေါ်ထုတ်ခဲ့တဲ့အချိန်ရှိပါ သည်။ နေဟာ အမွေးကြမ်းနဲ့ရက်တဲ့ အဝတ်ကဲ့သို့အမည်းရောင်သို့ပြောင်းပါတယ်။

အခုဒံယေလအနာဂတ္တိကျမ်း ၁၂ မှာပါ။ တကယ်လို့ ကျွန်တော်တို့မှာ အချိန်ရှိတယ်ဆိုရင်အဲဒါကို ကျွန်တော်တို့ဖတ်လို့ရ ပါတယ်။ ဒံယေလအနာဂတ္တိကျမ်းအခန်းငယ် ၁၂... အခန်းကြီး၁၂ဖြစ်နိုင်ပါတယ်။ ဒံယေလကပြောထားပါတယ်။အသက်စာစောင် ၌ စာရင်းသွင်းခံရတယ်လို့ တွေ့တဲ့သူတိုင်းကို ခေါ်ဆောင်မှုပြုတာဖြစ်ပါတယ်။

အခုမှတ်ထားပါ။ဒံယေလက အခု ဒီကိစ္စတွေဖြစ်မယ်လို့ ထင်ရတဲ့ ဒီကာလအတွင်း အခုလိုပြောထားတာဖြစ်ပါတယ်။ဣ သရေလတွေကို ခေါ်ထုတ်ရတဲ့အချိန်ကာလရှိပါတယ်။ သီတင်းခုနစ်ဆယ်၏နောက်ဆုံးအဆုံးသတ်ဖြစ်ပါတယ်... အဲဒါက သူတို့ ကို ခေါ်ထုတ်ရမယ်လို့တွေးလို့ရတဲ့အချိန်ကာလ ဖြစ်ပါတယ်။ အခု ဒီနေ့ညက ဒံယေလ ၁၂ ကို ခဏလောက်သွားပါမည်။

(၁) ထိုကာလ၌သင့်အမျိုးသားချင်းတို့၏အမှုကို စောင့်သောအရှင်ကြီး မိက္ခေလသည် ပေါ်လာလိမ့်မည်။လူမျိုးတစ်စုံတစ်မျိုးမျှ ဖြစ်သည်ကာလမှစ၍ ထိုကာလတိုင်အောင် မဖြစ်စဖူးသောဆင်းရဲဒုက္ခကာလသည် ရောက်လိမ့်မည်။ ထိုကာလအခါ စာစောင်၌ စာရင်းဝင်သမျှသောသင်၏အမျိုးသားချင်းတို့သည် ကယ်လွတ်ခြင်းသို့ ရောက်ကြလိမ့်မည်။ [အခုဒါက ခုနစ်နှစ်၏နောက်ဆုံးအ ပိုင်းဖြစ်ပါတယ်။] အခု အဲဒါကို အတိအကျ မဿဲ ၂၄ မှာယေရှုမိန့်တော်မူသောအရာနှင့် နှိုင်းယှဉ်ကြည့်ပါ။ အဲ့လိုဘယ်နိုင်ငံမှာမှမဖြစ်ဘူးတဲ့ အမှုရောက်မယ့် အချိန်ကာလရှိမှာဖြစ်တယ်။ ဆဋ္ဌမမြောက်တံဆိပ်ကို ကြည့်ပါ။တွေ့လား? အတူတူပဲဖြစ်တယ်။အမှု ရောက်တဲ့အချိန်နာရီတစ်ခုဖြစ်ပါတယ်။သတိထားပါ။

... (၁၂) ထိုကာလအခါ မြေမှုန့်၌ အိပ်ပျော်သောသူများတို့သည်နိုးကြလိမ့်မည်။ အချို့တို့ကား ထာဝရအသက်ရှင်ခြင်းနှင့် ၎င်း၊ အချို့တို့အားရှက်ကြောက်ခြင်း၊ ထာဝရအသရေပျက်ခြင်းနှင့်၎င်းနိုးကြလိမ့်မည်။ (၃)ပညာရှိသောသူတို့သည်လည်း ကောင်း ကင်မျက်နှာကြက်၏ အရောင်အဝါကဲ့သို့၎င်း၊လူအများတို့ကို ဖြောင့်မတ်ခြင်းတရားလမ်းထဲသို့ သွင်းသောသူတို့သည်လည်းကြယ်များကဲ့သို့၎င်း အစဉ်အမြဲထွန်းလင်းကြလိမ့်မည်။

99 ၉၉။ ဒီနောက်ကိုယ်တော်က ဒံယေလအား စာစောင်ကို ပိတ်လိုက်ဖို့ မိန့်တော်မူပါတယ်။ ကိုယ်တော်ကထိုသို့သောအချိန်နာ ရီရောက်လာတဲ့အထိ သူ့ရဲ့သတ်မှတ်ချက်၌တည်ရှိနေဖို့အတွက်ဖြစ်ပါတယ်။ အခုကြည့်ပါ။ အဲဒါက ခင်ဗျားတို့ သေတာပဲဖြစ်ဖြစ်၊ ရှင်တာပဲဖြစ်ဖြစ် ဘာမှကွာခြားသွားစရာအကြောင်း မရှိပါဘူး။ ဘယ်လိုပဲဖြစ်ဖြစ်ခင်ဗျားတို့ ဆက်သွားရမယ့်အရာဖြစ်ပါသည်။ တွေ့လား? ခရစ်ယာန်တစ်ယောက်အတွက်သေတာက ဘာကိစ္စမှကိုမဟုတ်တာပါ။ သူက ဘယ်လိုမှ သေစရာအကြောင်းမရှိဘူး ဆိုတာကို မြင်ပါ။

အခုဒံယေလမှာ အသက်စာစောင်၌ စာရင်းဝင်သူတိုင်း ချီဆောင်ခံရမယ်လို့ပြောထားပါတယ်။ဒီနေရာမှာရှိတဲ့ ဘုရားသ ခင်က သူ့ရဲ့ဒုတိယသားဖြစ်တဲ့ ဣသရေလတွေကိုခေါ်ဆောင်စရာအကြောင်းရှိပါတယ်။ ဘေးဒဏ်ကြီးကာလနောက်မှာ ဖြစ်ပါ တယ်။ ကြည့်ပါ။ ဒုတိယတစ်ခါ ဣသရေလတို့ဟာ... သူ့ရဲ့သားဖြစ်တဲ့ ဣသရေလပဲဖြစ်ပါတယ်။အဲဒါကို ခင်ဗျားတို့သိပါတယ်။ အ စ္စရေးတွေက ဘုရားသခင်၏သားဖြစ်ပါတယ်။ ဒါကြောင့်ကိုယ်တော်ဟာ ဒီလိုဘေးဒဏ်ကြီးကာလမှာ အီဂျစ်ပြည်၌ ကိုယ်တော်အမှုပြုတော်မူခဲ့သည့်အတိုင်း အတိအကျ သူ့ကိုခေါ်ဆောင်မှုပြုစရာအကြောင်း ရှိပါတယ်။

100 ၁၀၀။ အခုဒီမှာပြန်ပြီးတော့ ရပ်ထားကြပါစို့။ တစ်ခုခုကို ယူရပါတော့မည်။ အိမ်ရောက်တဲ့အထိ အဲဒါကိုကျွန်တော်တို့ယူသွားကြ ရပါမည်။ အခု ဒီပရောဖက်နှစ်ပါးကို စောင့်ကြည့်ကြည့်ပါ။ အခုသူတို့ ဘာလုပ်ကြမယ်ဆိုတာကို ကြည့်ပါ။ အခု မောရှေနဲ့သူတို့ အဲ့မှာဖြစ်ခဲ့ကြသလိုမျိုးပါပဲ။ ‘ငါ့အားကြိမ်လုံးတစ်ချောင်းကို အပ်၏...’ အခန်းကြီး ၁၁၊ အခန်းငယ် ၃ ဖြစ်ပါတယ်။

(၃) ငါသည် သက်သေခံနှစ်ပါးကိုငါအခွင့်ပေးမည်။ သူတို့သည် လျှော်တေအဝတ်ကိုဝတ်လျက် အရက်တစ်ထောင်နှစ်ရာခြောက်ဆယ်ပတ်လုံး ပရောဖက်ပြုကြလိမ့်မည်။ (၄) ထိုသူတို့သည်ကား မြေကြီးအရှင်၏ ရှေ့တော်၌စိုက်ထားသော သံလွင်ပင်နှစ်ပင်နှင့် မီးခွက်နှစ်လုံးဖြစ်သတည်း။ [ခင်ဗျားတို့အဲဒါကိုမှတ်ထားပါ__Zerubbabel ဖြစ်တယ်။ ဆက်ဖြစ်လာမှာရှိတယ်။ ဗိမာန်တော်ကို ပြန်ပြီးတည်ဆောက်ကြမှာဖြစ်ပါတယ်] (၅) တစ်စုံတစ်ယောက်သောသူသည် သူတို့ကိုညှဉ်းဆဲခြင်းငှါအလိုရှိလျှင် သူတို့၏ခံတွင်း ထဲက မီးထွက်၍ ရန်သူတို့ကို မြိုတတ်၏။တစ်စုံတစ်ယောက်သောသူသည် ထိုသူတို့ကို ညှဉ်းဆဲခြင်းငှါအလိုရှိလျှင် ထိုသို့အသေသတ်ခြင်းကို ခံရမည်။ [ခင်ဗျားတို့မှတ်ထားပါ။ ခရစ်တော်၏ ပါးစပ်ကနှုတ်ကပတ်တော်ဓားထွက်ပါသည်။]

101 ၁၀၁။ အခုကျွန်တော်တို့မီးကိုသိပါတယ်။ အခန်းကြီး ၁၉ မှာပါ။ ခရစ်တော်၏ကြွတော်မူခြင်းဖြစ်ပါသည်။ သူ့ရဲ့နှုတ်က ဓားထုတ် တာရှိပါတယ်။ အဲဒါကတော့ နှုတ်ကပတ်တော်ပဲဖြစ်ပါတယ်။အဲဒါဟုတ်လား? __ နှုတ်ကပတ်တော်ဖြစ်ပါတယ်။အို အခု ခင်ဗျား တို့ ဒီအကြောင်းကိစ္စကို ခင်ဗျားတို့ ရသွားတယ်ဆိုရင်တော့မနက်ဖန်ညမှာရှိမယ့် အဲဒီတံဆိပ်အတွက် ရသွားမှာဖြစ်ပါတယ်။ နှုတ် ကပတ်တော်ဆိုတဲ့အရာအားဖြင့် ဘုရားသခင်ဟာ သူ့ရန်သူကို သတ်ဖြတ်မှုပြုမှာဖြစ်ပါတယ်။

အခုဒီကိုကြည့်ပါ။ဒီပရောဖက်တွေ ပရောဖက်ပြုတဲ့အချိန် ရှိပါတယ်။ ဘယ်သူမဆို သူတို့ကိုနှိပ်စက်ကြမယ်၊သူတို့ကိုဒုက္ခ ပေးမယ်ဆိုရင်သူတို့ရဲ့ပါးစပ်ကနေ ဒီကို ထုတ်မှာဖြစ်ပါတယ်__သန့်ရှင်းသောဝိညာဉ်တော်မီးဖြစ်ပါတယ်။ နှုတ်ကပတ်တော်ဖြစ် ပါတယ်။ နှုတ်ကပတ်တော်ကဘုရားသခင်ပဲဖြစ်ပါတယ်။ နှုတ်ကပတ်တော်က မီးဖြစ်ပါတယ်။ နှုတ်ကပတ်တော်က ဝိညာဉ်တော်ဖြစ်ပါတယ်။ ကြည့်ပါ။ 'သူတို့ရဲ့ပါးစပ်ကထုတ်၍တိုက်ခိုက်မှုပြုမှာ ဖြစ်ပါတယ်'

102 ၁၀၂။ မောရှေကိုကြည့်ပါ။သူ့ပါးစပ်ကထွက်လာတဲ့အရာက ဘာလဲဆိုတာကို ကြည့်ကြရအောင်။ ဣသရေလတို့မှာပိုင်ရမှာက… အဲဒီအတိုင်း သူတို့လုပ်နေကြတာပါပဲ… ကျွန်တော်က အီဂျစ်ပြည်သို့ ဆိုလိုတာပါ။ သူတို့ဟာဒီဂျူးတွေကို နှိပ်စက်ညှင်းပန်းခဲ့ကြပါ တယ်။ မောရှေက… သူတို့က သူတို့တွေကို သွားခွင့်မပြုခဲ့ပါဘူး။ ဖာရောဘုရင်ကမသွားခိုင်းခဲ့ပါဘူး။ ဘုရားသခင်က မောရှေ၏ နှုတ်ကပတ်တော်ကို ထည့်ထားခဲ့ကြပါသည်။ကြည့်ပါ။ အဲဒါကဘုရားသခင် ဆင်ခြင်တွေးတောတဲ့အရာက မောရှေ၏နှလုံးသားထဲ ရောက်သွားတာဖြစ်ပါတယ်။ အခု အဲဒါကိုဖော်ပြပေးဖို့ သူဟာသွားခဲ့ရပါတယ်။ ဒီနောက် အဲဒါက ဖော်ပြပေးဖို့ သူဟာသွားခဲ့ရပါတယ်။ ဒီနောက် အဲဒါက နှုတ်ကပတ်တော်ဖြစ်လာပါတယ်။ သူမရဲ့လက်ကိုဆန့်ပြီး 'ယင်တွေရှိစေ' လို့ပြောလိုက်တာနဲ့ ဒီလိုမျိုး ယင်ကောင်တွေ ရောက်လာပါတယ်။ ဒီကိုကြည့်ပါ။ 'တကယ်လို့ လူတွေဟာ သူတို့ကိုနာကျင်စေမယ်ဆိုရင် သူတို့ရဲ့နှုတ်မှ မီးကို တုတ်ရဲ့ သူတို့ရဲ့ရန်သူတွေကိုစေ့စေ့ကြည့်ရှုမှာဖြစ်ပါတယ်။' အဲဒါက အဲဒီလိုဖြစ်ပါတယ်။ သူတို့ဟာ သူတို့လိုချင်တာကို ပြောနိုင်ကြမှာဖြစ်ပါတယ်။ အဲ့မှာ အဲ့လိုဖြစ်မှာပါ။ အာမင်! 'သူတို့ကို နာကျင်စေတဲ့ဘယ်သူကိုမဆို ဒီလိုအသေသတ်ခြင်း၊အကျင့်၌ သူတို့ က အပ်ကိုအပ်မယ်' ဆိုတဲ့အရာရှိပါတယ်။

ညီအစ်ကိုဒီလိုပိတ်ကားပေါ်မှာ ဘုရားသခင်က မြင်းစီးတဲ့လူဖြစ်ပါတယ်။ သူတို့၏ပရောဖက်ပြုရာနေ့ရက်ကာလ၌မိုးမရွာ အောင် ကောင်းကင်တံခါးကိုပိတ်နိုင်တဲ့အစွမ်းကို သူတို့ပိုင်ဆိုင်ကြမှာဖြစ်ပါတယ်။ ဧလိယပါ။ အဲဒါကိုသူဘယ်လိုလုပ်ရမလဲဆို တာကို သူသိပါတယ်။ သည်မတိုင်ခင်က အဲဒီလိုသူလုပ်ခဲ့ဖူးပါသည်။အာမင်! မောရှေက အဲဒါကို ဘယ်လိုလုပ်ရမလဲဆိုတာသိပါ တယ်။ ဒီမတိုင်ခင်ကလည်းသူလုပ်ခဲ့ဖူးပြီးသားပါ။ အဲဒါကတော့သူတို့ပြန်ပြီး လုပ်ဆောင်ရမယ့်အကြောင်းအရင်းပါပဲ။အခုအာမင်!

103 ၁၀၃။ ကျွန်တော်ဒီနေရာမှာ အမှန်တကယ်ကို ထိတ်လန့်စရာကောင်းတဲ့ တစ်စုံတစ်ခုသောအရာကိုကျွန်တော်ပြောပြလုိ့ရပါ တယ်။ ဒါပေမယ့် အဲဒါကို မနက်ဖန်ညအထိထားတာက ပိုကောင်းမယ်လို့ကျွန်တော်ထင်ပါတယ်။ မြင်လား?ဟုတ်ပါပြီ။ 'ရေကိုအသွေးအဖြစ်သို့ ပြောင်းနိုင်တဲ့တန်ခိုးကို ပိုင်ဆိုင်မယ်။ သူတို့ဆန္ဒအတိုင်းမြေကြီးကို အခေါက်ရေအတိုင်းရိုက်လျှင် ပလိပ်ရောဂါ ကျစရာအကြောင်းရှိပါတယ်။' အဲဒါက ဘာဖြစ်ပါသလဲ? နှုတ်ကပတ်တော်ကလွဲရင် ဒီလိုကိစ္စတွေကိုဘယ်အရာက ဖြစ်ပွားစေနိုင် ပါသလဲ?သူတို့ဖြစ်စေချင်ရင် ဘယ်နည်းနဲ့မဆို သဘာဝတရားကို သူတို့ဟာလုပ်ဆောင်မှုပြုနိုင်မှာ ဖြစ်ပါတယ်။

အဲဒါကအဲ့လိုပါ။သူတို့ထဲက တစ်ယောက်ကတော့ ဆဋ္ဌမတံဆိပ်ကို ယူလာပါမည်။ သူတို့ဟာ ဖုံးမထားဘဲအဲဒါကိုဖွင့်လှစ် မှုပြုမှာဖြစ်ပါတယ်။ အဲဒါကတော့ ဘုရားသခင်၏တန်ခိုးကသဘာဝတန်ခိုးကို ဖျက်ဆီးပစ်ဖို့ ဖြစ်ပါတယ်။ ကြည့်ပါ။ ဆဋ္ဌမမြောက် တံဆိပ်ကလုံးဝသဘာဝတရား၏ ပျက်စီးခြင်းပင်ဖြစ်ပါသည်။

အခုခင်ဗျားတို့ အဲဒါကိုရကြပါသလား?အဲဒါက ခင်ဗျားတို့ရဲ့တံဆိပ်ပဲ ဖြစ်ပါသည်။ အဲဒါကို ဘယ်သူလုပ်တာပါလဲ? အဲဒါ က ချီဆောင်ခြင်းရဲ့ အခြားဖက်အခြမ်းမှာရှိမည့်ပရောဖက်တွေဖြစ်ပါတယ်။ ဘုရားသခင်၏တန်ခိုးနှင့် ဘုရားသခင်၏ နှုတ်ကပတ် တော်နှင့် သူတို့ဟာ အခုလို သဘာဝတရားကိုအပြစ်စီရင်ကြမှာဖြစ်ပါတယ်။ သူတို့ဟာ ငလျင်လှုပ်အောင်လည်း လုပ်နိုင်ကြပါ မည်။ လကိုအသွေးလို့ပြောင်းအောင် နေထွက်မလာအောင် ဒါမှမဟုတ် ဘယ်လိုမျိုးကိုမဆိုသူတို့လုပ်နိုင်ကြမှာဖြစ်ပါတယ်။ သူတို့ ရဲ့ အမိန့်တော်အတိုင်းရှိမှာပါ။ အာမင်!

104 ၁၀၄။ အဲ့လိုခင်ဗျားတို့ ဖြစ်ကြမှာပါ။ အဲဒီလို ခင်ဗျားတို့ဖြစ်မယ်ဆိုတာကို ကြည့်ပါ။အဲ့မှာတံဆိပ်တွေက အသင်းတော်ခေတ်ကာ လတွေမှာ ဘယ်လိုမျိုး ဖွင့်လှစ်ခဲ့သလဲဆိုတာကို မြင်ပါသလား? မာတုရတွေကို ဘယ်လိုပြသမှုပြုခဲ့ပါသလဲ? ပြီးတော့ အခု ဒီပရော ဖက်နှစ်ပါးဟာဘုရားသခင်၏ နှုတ်ကပတ်တော်နှင့်အတူ ဒီလိုမျိုးမတ်တပ်ရပ်ပြီးတော့သူတို့လုပ်ချင်တာမှန်သမျှ သဘာဝတရား ကို လုပ်လို့ရနေမှာဖြစ်ပါတယ်။ ပြီးတော့သူတို့ဟာ မြေကြီးကိုလှုပ်ရှားစေပါမည်။ ဘယ်သူလုပ်လဲဆိုတာကို အတိအကျဖော်ပြထား ပါတယ်။ အဲဒီလူက မောရှေနှင့် ဧလိယပဲဖြစ်ပါသည်။ ဘာဖြစ်လို့လဲဆိုရင်သူတို့ရဲ့အမှုတော်ဆောင်ခြင်းကို တစ်ဖန်ပြန်ပြီး သရုပ် ဖော်ပြရမှာဖြစ်လို့ပါပဲ__ နှစ်ယောက်လုံးကပါ။အို ကျွန်တော်! အခု အဲဒါကို ခင်ဗျားတို့မြင်ပါသလား? ဆဋ္ဌမမြောက်တံဆိပ်က ဘာ လဲဆိုတာကို မြင်ပါသလား? အဲဒါကတော့အဲဒီပရောဖက်နှစ်ပါးပဲဖြစ်ပါတယ်။

အခုသတိထားပါ။ အဲဒါက ခင်ဗျားကို ခက်ခဲမှုမရှိပါစေနှင့်။ ဒါပေမယ့်အဲဒီတံဆိပ်ဖွင့်ပြမယ့်အရာကိုတော့ စောင့်ကြည့်နေ ပါ__ ပရောဖက်တွေဖြစ်ပါသည်။ အာမင်! အဲဒီလိုမျိုးခင်ဗျားတို့ရှိပါတယ်။ အို ကျွန်တော်တို့ဟာ ဒီလိုမျိုးသိမ်းငှက်၏နေ့ရက်ကာလ ၌အသက်ရှင်နေကြရတာဖြစ်ပါသည်။ အခု အဲဒါက ကျွန်ုပ်တို့အကြားမှာရှိတဲ့အရာ ဖြစ်ပါသည်!သူတို့ဟာ ဆဋ္ဌမမြောက်တံဆိပ်ကို ဖွင့်လှစ်မှုပြုခဲ့ပါတယ်။ သူတို့မှာအဲဒီလိုလုပ်ဖို့ အခွင့်ကိုရကြမှာဖြစ်ပါတယ်။ အာမင်! အဲဒါက ခင်ဗျားတို့ရဲ့ဆဋ္ဌမမြောက်တံဆိပ် က ရောက်လာပြီး ဖွင့်လှစ်မှုပြုတဲ့အရာပဲဖြစ်ပါတယ်။ တွေ့လား?

105 ၁၀၅။ အခုကျွန်တော်တို့ အဲဒီအနောက်ကကို မှန်မှန်လေးနဲ့ တဖြည်းဖြည်းပြန်သွားကြရပါမည်။ ယေရှုကဖြစ်လာမယ့်အရာတွေ ကို မိန့်တော်မူခဲ့ပါသည်။ ဟိုးအနောက်ဘက်ကမဲ့မဟောင်းကအတိုင်းပါပဲ။ အနောက်မှာရှိတဲ့ ယေဇကျေလအနာဂတ္တိကျမ်းက အ ရာလိုပါပဲ။ အဲဒီအနောက်မှာ ပရောဖက်အိုကြီးနှစ်ယောက်က ဘာဖြစ်မလဲဆိုတာကိုသူတို့ပြောကြားမှုပြုခဲ့ပါတယ်။ ဒီလို ဆဋ္ဌမ မြောက်တံဆိပ်ကိုဖွင့်တော့ သူတို့က 'ကောင်းပြီ။အဲဒါက လျှို့ဝှက်တဲ့ကိစ္စတစ်ခုဖြစ်တယ်။ အဲဒါကို ဘာလို့လုပ်တာလဲ?' ဆိုပြီး ပြောခဲ့ကြပါတယ်။

ဒီနေရာမှာကအဲဒါရဲ့လျှို့ဝှက်ချက်ရှိပါတယ်။ ပရောဖက်တွေပါ__ ဘာဖြစ်လို့လဲဆိုရင် ကျမ်းစာက ဒီလိုပြောထားတဲ့အတွက်ကြောင့်ဖြစ်ပါသည်။ ဘယ်အချိန်မဆို သူတို့မက အဲဒါကိုဖွင့်ပြလိုက်လို့ရပါတယ်။ သူတို့က... သူတို့ဖြစ်ချင်တာမှန် သမ္မာ သဘာဝတရားကိုဖြစ်အောင်လုပ်လို့ ရကြပါတယ်။ သူတို့လုပ်ခဲ့ကြသလိုမျိုး သူတို့ကလည်း တူညီတဲ့အမှုကိုလုပ်ဆောင်မှုပြု ကြမှာဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုရင် အဲဒါကို ဘယ်လိုလုပ်ရမလဲဆိုတာသူတို့သိတဲ့အတွက်ကြောင့် ဖြစ်ပါတယ်။ အာမင်! ဘုန်း ကြီးပါစေသော!

အဲဒါကိုကျွန်တော်မြင်လိုက်တဲ့အခါ ကျွန်တော်ဟာ ချက်ချင်းထိုင်ခုံကနေ ထရပ်ပြီး ကြမ်းပေါ်မှာခုန်ပေါက်ကခုန်ပြီးတော့ ကို လမ်းထလျှောက်မှာဖြစ်ပါတယ်။ ကျွန်တော်တွေးမိတာက ‘ဘုရားသခင် ကိုယ်တော်ကိုကျွန်တော်မည်မျှလောက် ကျေးဇူးတင် မိပါသနည်း။ ကောင်းကင်ဗိုလ်ခြေအဖဘုရားသခင်’ ဆိုပြီးတော့မှပါ။ အဲဒါက အဲဒီလိုပါ။ အဲဒါကအဲဒီလိုဖြစ်ပါတယ်။ သူတို့ဟာ အဲ ဒီဆင္ဓမမြောက်တံဆိပ်ကို ဖွင့်လှစ်ခဲ့ကြပါတယ်။အာမင်!

သူတို့ကိုကြည့်နေပါ။ သူတို့ကို နာကျင်စေတဲ့ ဘယ်သူကိုမဆို သူတို့ရဲ့ပါးစပ်ကနေ မီးဆိုတဲ့__ နှုတ်ကပတ်တော်ကိုထုတ်၍ တိုက်ခိုက်မှုပြုခြင်းရှိမည်ဆိုတာကို ခင်ဗျားတို့ကြည့်ကြပါ။သူတို့ရဲ့ပါးစပ်က မီးကိုထုတ်၍ တိုက်ခိုက်မှုပြုမှာဖြစ်ပါတယ်။

106 ၁၀၆။ အခုကျော်ပြီးဗျာဒိတ် ၁၉ ကို သတိထားကြည့်ပါ။ ကျွန်တော်တို့ တူညီတဲ့အရာကို မြင်တွေ့ကြရပါမည်။သူ့ရဲ့ပါးစပ်ကနေ ဓားကြီးကို ထုတ်မှုဖြစ်ပါတယ်။ (နှုတ်ကပတ်တော်ပါ။ အဲဒါကိုတွေ့လား? ခရစ်တော်ရဲ့ကြွလာခြင်းဖြစ်ပါတယ်။ကိုယ်တော်က အဲဒီ ဟာနဲ့ သူ့ရဲ့ရန်သူကို သတ်ဖြတ်မှုပြုမှာဖြစ်ပါတယ်။ အခု ကိုယ်တော်ဟာသူ့လမ်းပေါ်မှာ ရောက်နေပြီဖြစ်ပါသည်။ အခုကိုယ်တော် ကို စောင့်ကြည့်ကြပါ။ဟုတ်ပါပြီ။

သူတို့ရဲ့ပရောဖက်ပြုရာနေ့ရက်ကာလ၌မိုးမရွာခင် ကောင်းကင်ကို ပိတ်ပစ်တဲ့ ဒီလိုတန်ခိုးတွေရမှာဖြစ်ပါသည်။ သားရေအဲဒါကသဘာဝတရားကို ဖျက်ဆီးခြင်းပင်ဖြစ်ပါသည်! အခုဒီလူကိုဘယ်လောက်ကြာရှည်စေမှာဖြစ်ပါသလဲ။ ဧလိယကိုပါကောင်း ကင်ကို ပိတ်ပစ်ခဲ့တယ်မဟုတ်လား? အဲ့လို ခင်ဗျားတို့ အတိအကျဖြစ်ကြပါမည်!ဒံယေလ၏ခုနစ်ဆယ်က ဘယ်လောက်ကြာပါ မည်နည်း... သီတင်းခုနစ်ဆယ်၏ နောက်ဆုံးအပိုင်းကဘယ်လောက်ကြာပါမည်နည်း? အဲ့မှာခင်ဗျားတို့ရှိပါတယ်။အတိအကျပါပဲ!

107 ၁၀၇။ မောရှေကိုဘာလုပ်ခဲ့ပါသလဲ? သူဟာ ရေကိုအသွေးအဖြစ်သို့ ပြောင်းစေခဲ့ပါတယ်။ သူဟာ ဒီလို အံ့ဖွယ်နိမိတ်လက္ခဏာ အကုန်လုံးကိုလုပ်ဆောင်မှုပြုခဲ့ပါတယ်။ အခု ဒါက ဒီဆင္ဓမမြောက်တံဆိပ်အောက်က ကြိုတင်ရုံဟောပြောထားတဲ့အရာအတိအ ကျဖြစ်ပါသည်။ ဒီနေရာမှာရှိတဲ့သူတို့ဟာ ဗျာဒိတ် ၁၁ မှာပါတဲ့လူတွေပါ။အလွန်တရာတူညီတဲ့အမှုကို ပြုကြပါမည်! အာမင်! အဲဒီ အမှန်တကယ်ရှိတဲ့ နှုတ်ကပတ်တော်ထဲကမတူညီတဲ့နေရာသုံးခုမှာ အတူတကွအမှန်တကယ် ရေထားတဲ့အရာရှိပါတယ်။ အဲဒါ ကတော့ ဆင္ဓမမြောက်တံဆိပ်ကိုဖွင့်လှစ်တဲ့အရာဖြစ်ပါတယ်။ အဲ့မှာ အမှန်တကယ်ပါပါတယ်။ အာမင်! ဘုန်းကြီးစေသတည်း!

အခုသတိထားပါ။ မိုးမရွာအောင် သူတို့ရဲ့ပရောဖက်ပြုရာနေ့ရက်ကာလ၌ ကောင်းကင်ကိုပိတ်တဲ့ဒီလိုမျိုးတန်ခိုးတွေကို ရကြမှာဖြစ်ပါတယ်။ ရေကို အသွေးဖြစ်စေတဲ့တန်ခိုးသူတို့ဆန္ဒရှိသလို မြေကြီးကိုရိုက်၍ ပလိပ်ရောဂါကို ဖြစ်စေတဲ့တန်ခိုးကို ရကြမှာဖြစ်ပါသည်။ အို ကျွန်တော်! အဲ့မှာခင်ဗျားတို့ရှိပါမည်။ အခုဒီလိုပလိပ်ရောဂါအဖြစ်သို့ အမှန်တကယ်ပြောင်းသွားမှာဖြစ်ပါတယ်။ အလုံးစုံသောသဘာဝတရားကဒီဆင္ဓမမြောက်အရာ၌ဖျက်စီးခြင်းကိုခံရမှာဖြစ်ပါတယ်။ (ပုလိပ်ရောဂါပါ)ဒါမှမဟုတ်ဆင္ဓမမြောက် တံဆိပ်ကို ဖွင့်လှစ်မှုပြုခဲ့ပြီးဖြစ်ပါတယ်။ အဲဒါကဘာဖြစ်ခဲ့တယ်ဆိုတဲ့အရာ အတိအကျဖြစ်ပါသည်။

108 ၁၀၈။ အခုကြည့်ပါ။ ကြည့်နော်။ ဒီနေရာမှာ ဘုရားသခင်က သူ့ရဲ့သား ဣသရေလတို့ကိုဆောင်ယူခဲ့တဲ့အကြောင်းရှိပါတယ်။ အဲဒီတုန်းကလည်း ကိုယ်တော်ရှင်ဟာ တူညီတဲ့ဒုက္ခဆင်းရဲခြင်းနှင့်ဆိုင်တဲ့အပြုအမူကို လုပ်ဆောင်မှုပြုခဲ့ပါတယ်။ ကိုယ်တော်ဟာ မောရှေကို အဲဒီကိုစေလွှတ်ပြီး ဣသရေလတို့ကိုခေါ်ထုတ်ခဲ့ပါတယ်။ အဲဒါဟုတ်တယ်နော်?သူဟာ အလွန်တရာတူညီတဲ့ ဒီလိုကိ စ္စတွေကို လုပ်ဆောင်မှုပြုခဲ့ပါတယ်။

သူဟာဧလိယကို အာဟတ်ဆီ စေလွှတ်ခဲ့တယ်။ လူခုနစ်ထောင်ကို လွတ်မြောက်စေခဲ့ပါတယ်။အဲဒါဟုတ်တယ်နော်? ကိုယ်တော်ဟာသူတို့ကို ဘေးဒဏ်ကြီးကာလ၌ တစ်ဖန်ဒီလိုမျိုး အမှန်တကယ်ပို့ဆောင်တော်မူပါမည်။ ၁၄၄,၀၀၀ သောလူတို့ကိုခေါ်ထုတ်တော်မူမည်ဖြစ်ပါသည်။ အခု ကြည့်ပါ။ ခင်ဗျားတို့သတိထားကြပါ။ ကြားကဗျာဒိတ်ကျမ်းက... အခန်းကြီး ၆ ရဲ့အကြား မှာရှိတာပါ။ဆင္ဓမမြောက်က (ပလိပ်ရောဂါဖြစ်ပါသည်) တံဆိပ်ပါ။ ကျေးဇူးပြု၍ကျွန်တော့်ကိုခွင့်လွှတ်ပါ... ဆင္ဓမတံဆိပ်နဲ့ သတ္တမ တံဆိပ်ဖြစ်ပါတယ်။ဗျာဒိတ်အခန်းကြီး ၇ က သချာ ၤသဘောတရားအရကိုက အမှန်တကယ် အတူတကွတည်ရှိနေကြတာဖြစ်ပါတယ်။

109 ၁၀၉။ အခုအမေရိကန်က နံပါတ်ဆယ့်သုံးဖြစ်သလိုပါပဲ။ ပြည်နယ်ဆယ့်သုံးခုနှင့် အစပြုထားပါတယ်။အလံမှာ ကြယ်ဆယ့်သုံး လုံးရှိပါတယ်။ ကိုလိုနီဆယ့်သုံးနံပါတ်မြေအစင်းကြောင်းဆယ့်သုံးခုရှိပါတယ်__ အရာရာတိုင်းမှာရှိတာပါ။ ဆယ့်သုံးပါ။ ဆယ့်သုံး ခုဖြစ်ပါတယ်။ အဲဒီ ဗျာဒိတ် အခန်းကြီး ၁၃ မှာ အမှန်တကယ်ပေါ်ပေါက်လာတာဖြစ်ပါသည်။ အမှန်ပါ။ သူဟာ ဆယ့်သုံးဖြစ်ပြီး မိန်းမတစ်ယောက်ဖြစ်ပါသည်။

အခုကိုယ်တော်သည်သူ့ရဲ့ချစ်လှစွာသော တစ်ဦးတည်းသောသားကို စေလွှတ်တော်မူသည့်အခါ (အဲဒါက သူ့ရဲ့တစ်ဦးတည်းသော ချစ်လှစွာသောသားဖြစ်ပါသည်__ယာကုပ်က သူ့ရဲ့သားပါ။ ဒါပေမယ့် ဒါကတော့ သူ့ရဲ့တစ်ဦးတည်းသော ချစ်လှစွာ သောသားတော်ဖြစ်ပါသည်။)

110 ၁၁၀။ မဿဲ ၂၇ ပါ။ အဲ့မှာ ကိုယ်တော် ဘယ်လိုအမှုပြုတော်မူသလဲဆိုတာကို ကြည့်ကြရအောင်။ မဿဲအခန်းကြီး ၂၇ ပါ။ အခု မှတ်ထားကြပါ။ သူ့ရဲ့သားတော်ကို ရိုက်နှက်မှုပြုကြပါတယ်။ဒုက္ခပေးကြပါတယ်။ သူတို့ဟာ ကိုယ်တော်ကို လှောင်ပြောင်မှုပြုခဲ့ပါ တယ်။

ပြီးတော့ကိုယ်တော်ဟာ အခုလို သောကြာကြီးနေ့ မွန်းလွဲသုံးနာရီအချိန်မှာ ကားတိုင်၌ချိတ်ဆွဲခြင်းကိုခံခဲ့ရပါတယ်__အခု ဖြစ်ဖို့ကိစ္စရှိပါတယ်။ မဿဲ ရှင်မဿဲ အခန်းကြီး ၂၇ အခန်းငယ် ၄၅ ဖြစ်မည်ဟုကျွန်တော်ယုံကြည်ထားပါတယ်။

'မွန်းတည့်အချိန်မှစ၍သုံးချက်တီးအချိန်တိုင်အောင် မြေတစ်ပြင်လုံး၌ မှောင်မိုက်အတိဖြစ်လေ၏ '

အခုအဲဒီတုန်းက ကိုယ်တော် အခုလိုအမှုပြုခဲ့တာကို အတိအကျ သတိထားကြည့်ပါ။

'ဆဋ္ဌမတံဆိပ်ကိုဖွင့်သောအခါငါကြည့်လျှင် ကြီးစွာသော မြေလှုပ်ခြင်းဖြစ်၏။ နေသည် အမွေးဖြင့်ရက်သောအဝတ်ကြမ်းကဲ့သို့ မည်း၏။ လအလုံးသည် အသွေးကဲ့သို့ဖြစ်၏။ '

မှောင်မိုက်ခြင်းဖြစ်တယ်။အမှောင်ဖြစ်တယ်။ အီဂျစ်ပြည်ဖြစ်ပါတယ်။ မှောင်မိုက်တာ အမှောင်ထုဘုရားသခင်က ယေရှုကိုကားတိုင်သို့ စေလွှတ်တော်မူခြင်းဖြစ်ပါသည်။ အခု ခမည်းတော်က ကိုယ်တော်ကိုရှင်ပြန်ထမြောက်ခြင်းမတိုင်ခင် အမှုပြုတော်မူ တဲ့အရာ ဖြစ်ပါတယ်။ ပထမကမှောင်မိုက်ခြင်းဖြစ်ပါတယ်။ နေဟာ နေ့၏အလယ်ခေါင်တည့်တည့်မှာ ဝင်သွားပြီးတော့ကြယ်တွေ ကလည်း အလင်းမပေးတော့ခြင်းဖြစ်ပါတယ်။ ဒီနောက် နှစ်ရက်အကြာမှာ ခမည်းတော်ကကြီးမြတ်လှသော အောင်ပွဲတစ်ခုနှင့်အ တူ ကိုယ်တော်ကို ထမြောက်စေတော်မူခဲ့ပါတယ်။နေရော၊ လရော၊ ကြယ်တွေရော ကွယ်ပျောက်ခဲ့တာဖြစ်ပြီး အီဂျစ်နိုင်ငံမှလည်း အမျိုးမျိုးဒီလိုကိစ္စအားလုံးဖြစ်ခဲ့တာဖြစ်ပါသည်။ ကိုယ်တော်က ဣသရေလတို့ကိုကတိထားတော်မူရာနယ်မြေသို့ ပို့ဆောင်တော် မူခဲ့ပါတယ်။

111 ၁၁၁။ အဲဒါကဒီလိုဘေးဒဏ်ကြီးကာလမှာဖြစ်မယ့်အရာတွေပါ။ ဒီလိုပရောဖက်နှစ်ယောက်ကိုပေါ်ထွက်စေမှာပါ... ဘုရားသခင် က သူတို့အား နှုတ်ကပတ်တော်၏ထိန်းချုပ်မှုကိုအပ်နှံမှုပြုတော်မူပါသည်။ ဘုရားသခင်က သူတို့အား နှုတ်ကပတ်တော်ကို အပ်နှင်းမှုပြုသကဲ့သို့ သူတို့ဟာ စကားတစ်မျိုးကိုသာ ပြောကြရပါတယ်။

အခု သူတို့ကဘုရားတွေမဟုတ်ကြပါဘူး။ ယာယီပါပဲ။ သူတို့က အလင်းပဲ ရှိပါသေးတယ်။ ဘာဖြစ်လို့လဲဆိုရင်ယေရှုက သူတို့ပြုမည်လို့ မိန့်တော်မူခဲ့ခြင်းကြောင့် ဖြစ်ပါတယ်။ 'သင်တို့သည် သူတို့အား ဘုရားသခင်၏နှုတ်ကပတ်တော်သက်ရောက်ခြင်း ခံရသည့် ဘုရားများဟု ခေါ်ဆိုကြမည်' ဟုမိန့်တော်ခဲ့ပါတယ်။

ကောင်းပြီ။ကြည့်ပါ။ အဲဒါက ဘုရားသခင်က နှုတ်ကပတ်တော်ကို ဆောင်ယူမှုပြုသည့် တစ်ခုသောအကြောင်းဖြစ်ပါ တယ်။ သူတို့ အဲဒီလိုဖြစ်မယ်လို့ပြောတဲ့အခါ အဲဒါကဖြစ်လာမှာဖြစ်ပါတယ်။ အဲဒါကအကုန်လုံးပါပဲ။ ဒီနေရာမှာရှိနေတဲ့သူဟာ သူ လုပ်ချင်တဲ့ ကမ္ဘာမြေကြီးရဲ့ဘယ်နေရာကိုမဆို ရိုက်လို့ရတယ်ဆိုတဲ့အခွင့်ကို ဘုရားဆီကနေ အပ်ခြင်းခံရတဲ့သူဖြစ်ပါတယ်။အို ကျွန်တော်! တောင်ကို ရပ်စေ! ဆိုပြီးတော့ပါ။ ပြီးရင် အဲဒါကို သူလုပ်ပါမည်။ဘာဖြစ်ပါသနည်း? ရွေးနှုတ်ဖို့ရာ၁၄၄၀၀၀ သောလူ တို့ကို ခေါ်ထုတ်ဖို့ သူလုပ်ဆောင်မှုပြုပါမည်__ ရွေးနှုတ်ခြင်းစာစောင်၏ပြင်ပမှာရှိနေတဲ့ သူတွေကိုပါ။ အဲဒါက ရွေးနှုတ်ခြင်း၏ တံ ဆိပ်အောက်မှာရှိသောအရာဖြစ်ပါတယ်။ ဆဋ္ဌမမြောက်တံဆိပ်မှာ ပါတာပါ။ အဲဒါက အဲဒီလိုပါ။ကျွန်တော့်ရဲ့ချစ်စွာသော မိတ်ဆွေ ပါ။ အဲဒီဆဋ္ဌမမြောက်တံဆိပ်ဟာ သိပ်ကိုလျှို့ဝှက်ဆန်းကြယ်လှပါသည်။

112 ၁၁၂။ အခုလုပ်ဆောင်ကြပါစို့... ကျွန်တော်တို့မှာ ဆယ်မိနစ်လောက်အချိန်ပိုရပါတယ်။အခုနည်းနည်းလောက်လုပ်ကြရအောင်။ ကျွန်တော်တို့စာမျက်နှာနှစ်မျက်နှာဆုံးမျက်နှာတော်ရထားပြီးပါပြီ။ ကောင်းပါပြီ။ကျွန်တော်တို့ရထားပါတယ်... ခင်ဗျားတို့ အခုမြင် ကြည့်လို့ရပါတယ်။ကျွန်တော်အဲဒီအကြောင်းစဉ်းစားမိပါတယ်... အဲဒီတစ်ခုမှာကျွန်တော်ရဖို့ဆိုရင်တော့ဆယ့်ငါးမျက်နှာလောက် ကျွန်တော်သွားရဦးမှာလို့ ကျွန်တော်ထင်ပါတယ်။

အိုအဲဒီလိုအရာမှာသိပ်များလွန်းပါတယ်။ ကျွန်တော်ခင်ဗျားတို့ တစ်နေရာကနေ တစ်နေရာကိုသွားဖို့ကြိုးစားကြရပါမည်။ ဒါပေမယ့် ကျွန်တော် အဲဒီလိုသိပ်အများကြီးဖြန့်ချလိုက်ရင် ခင်ဗျားတို့ကို ကျွန်တော်ရှုပ်သွားအောင် လုပ်သလိုမျိုးဖြစ်မှာကိုကျွန် တော်ကြောက်ပါတယ်။ ပြီးတော့ ကျွန်တော်မလုပ်ပါဘူး... ကျွန်တော် လုပ်သင့်တဲ့အတိုင်း အဲဒါကိုအတူတူကျွန်တော်သွားဆွဲ လိုက်လို့ရတာမျိုးမဟုတ်ပါဘူး။

113 ၁၁၃။ ဟေရှာယမှာ... ဒါကို ယူကြပါစို့။ ဟေရှာယက ပရောဖက်ဖြစ်တယ်။ဆဋ္ဌမမြောက်တံဆိပ်ဖွင့်ပြီး အဲဒီလိုမိန့်တော်မူတာကို မြင်ခဲ့ရပါမည်။ အဲဒါကအရေးကြီးချင်လည်းကြီးမည်။ အရေးမကြီးချင်လည်း မကြီးပါဘူး။ ကြည့်ပါ။ ဟုတ်ပြီ။ရွေးနှုတ်ခြင်းနဲ့ဆိုင်တဲ့ အစီအစဉ်တစ်ခုလုံးဟာ ဒီလိုတံဆိပ်တွေတောင်မှာရှိနေတာဖြစ်ပါတယ်။ စာစောင်တစ်ခုလုံးနော်။

အခုမှတ်ထားပါ။ ယေရှုမြင်တော်မူတဲ့အရာကို ကျွန်တော်တို့မြင်ကြရပါသည်။ အဲဒါဟုတ်လား? တွေ့လား? ယေရှုက အဲဒါ ကိုမြင်ခဲ့ပါတယ်။ အခု အခြားသူတွေ အဲဒါကိုမြင်ခဲ့တဲ့အရာကို ကျွန်တော်တို့ရှာဖွေကြပါမည်။ အဲဒါကို ယာကုပ်ကနေ ထွက်လာတဲ့ပုံစံဖြင့် ကျွန်တော်တို့ ရှာဖွေမှုပြုကြပါမည်။ အီဂျစ်ပြည်ကထွက်လာတဲ့ အဲဒီပုံစံကိုကျွန်တော်တို့ တွေ့ရှိခဲ့ကြပါတယ်။ သစ်တိုင်က နေ ထွက်လာတဲ့ အဲဒီပုံစံကိုကျွန်တော်တို့ မြင်တွေ့ခဲ့ရပါတယ်။

အခုဟေရှာယအနာဂတ္တိကျမ်းကို ပြန်သွားကြပါစို့။ ကျွန်တော်မှာ ဒီလိုထပ်ပြီးပရောဖက်တွေရေးသားခဲ့တဲ့ သီးခြားအရေး အသားကိုလည်း ရထားတာရှိပါတယ်။ အခု စကြပါစို့... ဟေရှာယ၏ ဒီလိုမျိုးအရာကို ကျွန်တော်ကြိုက်ပါတယ်။ဒီလိုဟေရှာယအ နာဂတ္တိကျမ်း အခန်းကြီး ၁၃ ကို ပြန်သွားကြပါမည်။ ကျွန်တော်ကြိုက်ပါတယ်...

114 ၁၁၄။ ဟေရှာယအနာဂတ္တိကျမ်းမှာကိုကပြီးပြည့်စုံတဲ့ ကျမ်းစာတစ်ခုရှိနေပါတယ်။ အဲဒါကို ခင်ဗျားတို့သိတယ်နော်? ကြည့်ပါ။ ဟေရှာယက ဖန်ဆင်းခြင်းဖြင့်စထွက်လာရတာပါ။ စာစောင်၏အလယ်၌ သူဟာ ယောဟန်ကိုထည့်ထားပြီး

အဆုံးကိုတော့သူဟာမိလေနီကာလထဲ ထည့်ထားပါတယ်။ အဲ့လို ကျမ်းစာထဲမှာ ကျမ်းခေါက်ဆယ့်_ ခေါက်ကျမ်း ရှိပါတယ်။ ပြီးတော့ဟေရှာယအနာ ဂတ္တိကျမ်းမှာ အခန်းကြီးခေါက်ဆယ့်_ ခေါက်ခန်းပါပါတယ်။ ထိုအရာကို၌က ပြီးပြည့်စုံသောစွယ်စုံကျမ်းတစ်ခုဖြစ်နေပါတယ်။

သတိထားပါ။အခု ဟေရှာယအနာဂတ္တိကျမ်းရဲ့ အခန်းကြီး ၁၃ ပါ။ ဒီအခန်းငယ် ၆ ကနေ စလိုက်ကြပါစို့။

(၆) ထာဝရဘုရား၏နေ့ရက်သည်နီးသောကြောင့် ငိုကြွေးမြည်တမ်းကြလော့။ အနန္တတန်ခိုးရှင်စီရင်တော်မူသောဘေးအန္တရာယ် ကဲ့သို့လာလိမ့်မည်။

115 ၁၁၅။ အခုဒီလိုဆဌမမြောက်တံဆိပ်ဖွင့်လှစ်တာကို ကြည့်ပါ။__ခရစ်တော်ကြွလာတော်မမူခင် ဒီအနောက်ဘက်က နှစ်ပေါင်း ၇၁၂ နှစ်တိတိမှာဖြစ်ပါသည်။သူဟာ နှစ်နှစ်တောင်ကြာမှ ကြွလာတော်မူတာဖြစ်တဲ့အတွက် အဲဒီမှာချိတ်ဆွဲထားတဲ့နှစ်လိုတံဆိပ် ကို ဟေရှာယမြင်ခဲ့ရတာက နှစ်ပေါင်း ၂၇၀၀လောက်မှာဖြစ်ပါမည်။ ဟုတ်ပါပြီ။

(၇)ထို့ကြောင့် ရှိသမျှသောလက်တို့သည် ကျကြလိမ့်မည်။ လူအပေါင်းတို့သည် စိတ်ပျက်၍ကြောက်လန့်ခြင်းသို့ ရောက်ကြလိမ့် မည်။

ယေရှုဘယ်လိုမိန့်တော်မူခဲ့သလဲဆိုရင် 'ဆိုးယုတ်ခြင်းသည်ချစ်ခြင်း၏များစွာသောအရာကို ပေါများစေတော်မူသော ဖ ယောင်းကဲ့သို့ ဖြစ်မည်... လူတို့၏နှလုံးသားသည် ကြောက်ရွံ့ခြင်းအဖို့အလို့ငှါကျဆုံးမှုရှိမည်။' ဆိုပြီးတော့ပါ။သမုဒ္ဒရာသည် မြည်ဟီးမည်ဖြစ်ပါသည်။ တွေ့လား ?လူတို့၏နှလုံးသားက ကြောက်ရွံ့ခြင်းသို့ ရောက်ကြရပါမည်။

(၈)နာခြင်းဝေဒနာအမျိုးမျိုးကို ခံရကြလိမ့်မည်။ သားဘွားသောမိန်းမကဲ့သို့ဝေဒနာကိုခံရလျက် တစ်ယောက်ကိုတစ်ယောက် ကြည့်ရှု၍ မှိုင်တွေသဖြင့် သူတို့မျက်နှာသည်မီးလျှံအဆင်းရှိလိမ့်မည်။

ဒီမှာအဲဒါကို သတိထားပါ။ သူတို့၏မျက်နှာတွေက ရှက်ကြောက်ခြင်းရှိကြပါတယ်။ အခုတစ်မိနစ်လောက် အဲဒီကိုကျွန် တော်တို့သွားရပါမည်။ အဲဒါကို ကျွန်တော်တို့ ကိုင်ထားစရာအကြောင်းရှိတာကိုမြင်ပါ။

116 ၁၁၆။ထိုပြည်ကိုဖျက်ဆီး၍ အပြစ်ကြီးသော ပြည်သူပြည်သားတို့ကို သုတ်သင်ပယ်ရှင်းခြင်းငှါထာဝရဘုရား၏ ကြမ်းကြုတ်သောနေ့ ရက်သည် ပြင်းထန်သော ဒေါသအမျက်ထွက်လျက် လာလိမ့်မည်။

(၁၀) မိုးကောင်းကင်ကြယ်နက္ခတ်တို့သည်အလင်းကိုမပေး။ နေသည်လည်း ထွက်သောအခါမိုက်လျက် လသည်လည်းမထွန်းလင်းဘဲလျက်ရှိလိမ့်မည်။

(၁၁) ထိုလောကီနိုင်ငံ၏အပြစ်ကိုငှင်း၊မတရားသောသူတို့၏ ဒုစရိုက်များကိုငှင်း ငါစစ်ကြောမည်။ မာနကြီးသောသူတို့၏ထောင်လွှားခြင်းကို ငါနှိပ်စက်၍ ကြမ်းကြုတ် သောသူတို့၏ စော်ကားခြင်းကို ငါနှိမ့်ချမည်။

အဲဒီကိုကြည့်ပါ။အခု အတိအကျပါပဲ။ ဟေရှာယက ယေရှုမိန့်တော်မူခဲ့တဲ့အရာကိုပဲ ပြောင်းလဲခြင်းမရှိ။မြင်ခဲ့ရ တာဖြစ်ပါသည်။ သတ္တမမြောက်တံဆိပ်ကို ဖွင့်ပြတော်မူပါတယ်။ ကိုယ်တော်ဟာဘေးဒုက္ခဖြင့် မြေကြီးကို သန့်စင်မှုပြုတဲ့ အချိန်ကာလရှိပါ မည်။ အဲဒါကတော့ဘေးဒဏ်ကြီးကာလဖြစ်ပါတယ်__ ဆဌမမြောက်တံဆိပ်ဖြစ်ပါတယ်။ဟုတ်ကဲ့။ သူက ပရောဖက်တစ်ယောက် ဖြစ်ပါတယ်။ ပြီးတော့ ဘုရားသခင်၏နှုတ်ကပတ်တော်ကသူ့ကိုသိကျွမ်းစေတော်မူခြင်းဖြစ်ပါသည်။ အဲဒါက လွန်ခဲ့သောနှစ်ပေါင်း ၂၇၀၀ ကဖြစ်ပါသည်။

117 ၁၁၇။ အမှန်အကန်ပဲ။ကျွန်တော် အခုဒါကို ပြောချင်ပါတယ်။ တစ်လောကလုံးပါ__ ဒီနေရာက ဟေရှာယအနာဂတ္တိကျမ်းမှာ ပါ သလိုမျိုးပါပဲ။ 'သားဖွားသောမိန်းမ၏ဒုက္ခကဲ့သို့...' ဆိုတာရှိပါတယ်။ ဖန်ဆင်းခံရသော အလုံးစုံသောအရာသည်ဒုက္ခခံရစရာအ ကြောင်းရှိပါသည်။ ဒီလိုညည်းတွားမြည်တမ်းခြင်းနှင့်ဒုက္ခဆင်းရဲခံခြင်းအကြောင်းက ဘယ်လိုဖြစ်ပါသလဲ? မိန်းမတစ်ယောက် အ မေအဖြစ်သို့ ရောက်ရသလိုမျိုးပါပဲ။ကမ္ဘာကြီးကိုယ်၌က သဘာဝပင်မဟုတ်ပါလား...?

ဘာကြောင့်လဲဆိုရင်ဒီလိုမျိုး ဒီမြို့ရှိပါတယ်... ကျွန်တော်တို့ရဲ့ ကိုယ်ပိုင်မြို့ကိုပဲယူလိုက်ကြပါစို့။ ဘီယာဆိုင်တွေ၊ မ ကောင်းသောအမျိုးသမီးတွေနှင့် ဆိုးယုတ်သောအရာတွေအပါအဝင် ဂျွတ်တက်နေတဲ့အရာတွေ ရှိပါတယ်။ အခြားမြို့တွေလိုပဲ ဖြစ်တဲ့အချိန်မှာ... ဘာဖြစ်လို့လဲဆိုရင် ဘုရားသခင်ဟာ လွန်ခဲ့သောနှစ်တစ်ထောင်ကထိုသို့အမှုပြုတော်မူခဲ့သည့်အတိုင်း ပိုမို ကောင်းမွန်စွာကြည့်ရှုတော်မူမည်ဟု ကျွန်တော်ယုံကြည်ခြင်းကြောင့် ဖြစ်ပါသည်။အိုဟိုင်အိုကို အလည်အပတ်ရောက်စဉ်တုန်း က သူတ့ိုမှာ ရေကြီး၊ ရေလျှံခြင်းလည်းမဖြစ်ခဲ့ပါဘူး။ သူတို့ဟာ တောင်ကြားထဲမှာ အပြစ်လည်းမလုပ်ကြပါဘူး။ ဒီလိုတောက် လျှောက် ကျွဲတွေက အော်ဟစ်နေကြပါတယ်။ ပြီးတော့Cherokee တောင်တွေကသူ့ကို အမဲလိုက်ပါမည်။ သာသာယာယာပဲ နေ ထိုင်ခဲ့ကြတာဖြစ်ပါတယ်။ အဲ့မှာဘာပြဿနာမှမဖြစ်ခဲ့ပါဘူး။ ဒါပေမယ့် လူရောက်လာပါတယ်။ အဲဒီမှာ အပြစ်ပါ ဝင်ရောက်လာပါတယ်။ လူဟာ မျက်နှာပြင်ပေါ်မှာ ပျားများလိုက်တာနဲ့ အပြစ်နဲ့အကြမ်းဖက်မှုကရောက်ရှိလာပါတယ်။ အဲဒါအမှန်ပါ။ လူက အမြဲ တမ်း အဲဒီလိုပါပဲ။ ဘာဖြစ်လို့လဲဆိုရင်အဲဒါကို မတင့်တယ်မှုတစ်ခုလို့ ကျွန်တော်ထင်တဲ့အတွက်ကြောင့် ဖြစ်ပါတယ်။

118 ၁၁၈။ အခြားနေ့ကကျွန်တော်ဟာ ကျွန်တော့်အိမ်ရှိတဲ့နိုင်ငံ အခုတော့ အဲဒါက အရီဇိုးနားပါ... မှာ ရှင်သန်ရပ်တည်ခဲ့ဖူးပါတယ် ... ကျွန်တော်ကလေးဘဝက ကျွန်တော်ဟာ Geronimo, Cochise နဲ့ ဒီလို Apaches ကြီးတွေအကြောင်းကိုဖတ်ခဲ့ဖူးပါတယ်။ ဘာ ဖြစ်လို့လဲဆိုရင် ကျွန်တော်ဟာ အဲဒီမှာရှိတဲ့သူတို့ကိုဟောပြောဖူးလို့ဖြစ်ပါတယ်__ သိပ်ကောင်းတဲ့လူတွေပါ။အကောင်းဆုံးသော လူတွေထဲက လူအချို့ကို ခင်ဗျားတို့တွေ့ချင်တယ်ဆိုရင်တော့ အဲဒီ Apache အိန္ဒိယလူမျိုးတွေရှိပါတယ်။ဒီနောက် ကျွန်တော် အဲ

ဒီကသင်္ချိုင်းမှတ်တိုင်ကိုလည်း ရောက်ဖူးပါတယ်။ အဲဒီနေရာမှာသူတို့ဟာ စစ်ပွဲက အကြွင်းအကျန်ပစ္စည်းဟောင်းတွေနဲ့ အဲဒီလိုမျိုး အရာတွေကိုပိုင်ဆိုင်ထားကြပါတယ်။ ကျွန်တော် ကြည့်ခဲ့ရပါတယ်...သူတို့ဟာ အမြဲတမ်း... သူတို့ဟာ Geronimo တွေကို ဖောက်ပြန်သွားတဲ့လူတွေဆိုပြီး အမြဲတမ်းခွဲခြားဆက်ဆံခဲ့တယ်ဆိုတာကို ခင်ဗျားတို့လည်း သိပါတယ်။ ကျွန်တော်အတွက် သူ ဟာအနီသွေးရောတဲ့_ အမေရိကန်တစ်ယောက်ပဲဖြစ်ပါတယ်။ လုံးဝအတိအကျပါပဲ ! သူဟာ ဘယ်သူမဆို လုပ်ဆောင်မှုပြုကြ မည်။ သူ့ရဲ့အခွင့်အရေးကို ထုက်ယူမယ့်လူတစ်ယောက်သာ ဖြစ်ပါတယ်။ သူဟာ သူ့ရဲ့နယ်မြေကိုတော့ညစ်ညမ်းစေချင်မှာ မ ဟုတ်ပါဘူး။ အခု အဲဒါက ဘာလဲဆိုတာကို ကြည့်ပါ။__ သူ့သားသမီးတွေဆီလှည့်သွားပြီဖြစ်ပါတယ်... သူ့သမီးတွေက ပြည့်တန်ဆာတွေဖြစ်ကုန်ကြပြီး အမျိုးမျိုးဖြစ်သွားကြပါတယ်__ အဲဒီကိုလူဖြူတွေရောက်သွားလို့ပါ။ လူဖြူတွေရဲ့ယုတ်မာမှုပင်ဖြစ်ပါသည် !

အန္ဒိယတွေက ထိန်းထိန်းသိမ်းသိမ်းရှိကြတဲ့လူတွေပါ။သူဟာ ထိန်းသိမ်းစောင့်ရှောက်တတ်တဲ့ အယူဝါဒရှိသူမျိုးပါ။ သူ ဟာ အပြင်ထွက်ပြီးကျွဲတစ်ကောင်သတ်ကာ လူမျိုးစုအားလုံးက ဘာမှမကျန်တော့တဲ့အထိဝိုင်းစားကြမှာဖြစ်ပါတယ်။ သူတို့မှာ အဝတ်အတွက် ဖုံးစရာအဖြစ် အသုံးပြုကြပါမည်။တဲထိုးနေပါမည်။ အမျိုးမျိုးသုံးပါမည်။ လူဖြူတစ်ယောက်ကတော့ ပစ်မှတ်တစ်ခု အတွက်အဲဒါကို ပစ်ဖို့ရောက်လာပါမည်။ ဘာဖြစ်လို့ပါလဲ။ အဲဒါက မတင့်တယ်တဲ့ကိစ္စတစ်ခုဖြစ်လို့ပါပဲ !

119 ၁၁၉။ အာဖရိကကသတင်းစာမှာပါတဲ့ ဆောင်းပါးတစ်ပုဒ်ကို ကျွန်တော်ဖတ်ခဲ့ရပါတယ်။ အဲဒီလိုကစားပွဲအရိုင်းအစိုင်းတွေနဲ့ ပြည့်တဲ့ နေရာကြီးတစ်ခုရှိပါတယ်။ သူတို့ဟာဒီကောင်တွေကို ခေါ်သွားကြပါတယ်။ (ArthurGodfrey နဲ့ သူတို့တွေပါ) အဲဒီကို ဒီ လို ဆင်တွေကို ပစ်သတ်ဖို့ ရောက်သွားကြတာပါ။ Helicopters ရဲ့ အပြင်ဘက်မှာလည်းရှိပါတယ်။ အဲဒီလိုမျိုးအရာတွေပါပါ တယ်။ ဆင်မအိုကြီး သေခါနီးဆဲဆဲ ရုပ်ပုံတစ်ပုံလည်းပါပါတယ်။သူ့မျက်နှာမှာ မျက်ရည်လိုအရာတွေကလည်း စီးကျနေပါတယ်။ အထီးကြီးနှစ်ကောင်က သူမကိုစောင့်ရှောက်ဖို့ ကြိုးစားနေကြပါတယ်... ဘာဖြစ်လို့ပါလဲ။ အဲဒါဟာ အပြစ်ဖြစ်ပါတယ် !အဲဒါက အားကစားမဟုတ်ပါဘူး !

ဟိုးလယ်ကွင်းပြင်ထဲမှာကျွန်တော်မတ်တပ်ရပ်ပြီး ကြည့်မိတဲ့အခါ အဲ့မှာ ကျွန်တော်အမဲပစ်ပြီးအဲဒီလိုကိစ္စတွေရှိပါတယ်။ အဲဒီနေရာက လူဖြူအမည်းလိုက်တွေထွက်လာပြီး သူဝင်ပစ်တာကိုမြင်ခဲ့ရပါတယ်။ လေးချောင်းလုံးဖြတ်လိုက်ခြင်းမျိုးဖြစ်ပါတယ်။ တခါတလေ ရှစ်ကောင်၊ ဆယ်ကောင်လောကိုသတ်ပြီး အဲဒီမှာ သူတို့ကို ပစ်ထားခဲ့တာပါ။ သူတို့ရဲ့သမင်သားပေါက်လေးတွေဟာသူတို့ရဲ့အမေကို ရှာဖို့ပြေးလွှားပြီး အနားပတ်ပတ်လည်မှာ ကြိုးစားနေကြတာဖြစ်ပါတယ်။အဲဒါကို အားကစားဟု ခင်ဗျားတို့အဓိ ပ္ပာယ်သတ်မှတ်ကြမလို့လား ? အဲဒါက ရက်စက်မှုဖြစ်ပါတယ်။ကျွန်တော့်စာရင်းမှာတော့ အဖြူရောင်သားသတ်သမားဟု စာရင်း သွင်းထားပါတယ် !

120 ၁၂၀။ ကျွန်တော်အသက်ရှင်နေသ၍ အဲဒီမှာရှိတဲ့ ဘယ်လမ်းကြောင်းပေါ်ကိုမှ ကနေဒါရောက်မသွားဖို့ကျွန်တော်မျှော်လင့်မိပါ တယ်။ အဲဒီကနေ ထွက်ရပါမည်။ ဖောက်ပြန်ရေးသမားအမေရိကန်တွေကို ဖမ်းကြရပါမည်။ အဲဒါအမှန်ပါ။ ကျွန်တော့်ဘဝမှာ ကျွန်တော်မြင်ခဲ့ဖူးသမျှထဲမှာ သူတို့ဟာ သနားဖို့အကောင်းဆုံးသော အားကစားတွေကိုလုပ်ခဲ့ကြတာပါ။ အခုသူတို့အားလုံးတော့ မဟုတ်တော့ပါဘူး။ အဲ့မှာ တကယ်လို့စစ်မှန်တဲ့လူအချို့လည်းရှိပါတယ်။ ဒါပေမယ့် အဲ့မှာ ခင်ဗျားတို့ တစ်ထောင်မှာတစ်ယောက် လောက်ပဲ ရှာလို့တွေ့ပါမည်။သူတို့ဟာ မြင်သမျှကို လိုက်ပစ်နေကြတာဖြစ်ပါတယ်။ သူတို့လုပ်ချင်ရင် ဘယ်နည်းနဲ့မဆိုလုပ်နေ ကြတာဖြစ်ပါတယ်။ အဲဒါအမှန်ပါ။ အဲဒါက သားသတ်သမားတစ်ယောက်ပဲ ဖြစ်ပါမည်။အဲဒါအမှန်ပါ။ သူတို့၏နှလုံးသားမရှိကြပါ ဘူး။ သူတို့ဟာ ရာသီရောက်ရင်ပစ်တော့မှပဲဖြစ်ပါတယ်။

အဲဒီက Alaska ကိုရောက်ခဲ့တုန်းကပါ။ ကျွန်တော်ဟာ အစောင့်အကြပ်တစ်ယောက်စီနဲ့ အဲဒီကို ရောက်ခဲ့ပါတယ်။သူက ‘ကျွန်တော် ကိုင်ရမယ်... အဲဒါကို ကျွန်တော် အခုထွက်ရဦးမယ်။ သတ်အုပ်ကြီးတစ်အုပ်ကိုရှာတွေ့ထားတယ်။ [သတ်မဟုတ်ပါ ဘူး။ ဒါပေမယ့် အမေရိကန်က သတ်ကြီးမျိုးဖြစ်ပါသည်။]အဲဒီမှာ ငါးဆယ်- ပြောင်းစရှိတဲ့ စက်သေနတ်ကျည်ဆံတွေနှင့် သူတို့ရဲ့ ဂျုံကြီးတွေလှမ်းပစ်ပြီးသတ်ဖြတ်မှုပြုတာဖြစ်ပါတယ်။ အဲဒီ Alaskaကို အမေရိကန်ရေတပ်အားတွေ ရောက်သွားကြပြီး လေယာဉ် ပျံပေါ်ကနေလည်းစက်သေနတ်တွေနဲ့ ထုတ်၍ပစ်ကြပါသေးသည်__သတ်အုပ်တစ်အုပ်ကိုပါ။ အဲဒါက လုံးဝလုံးလုံးလျားလျားကို သားသတ်သမားတွေဖြစ်ပါတယ် !

121 ၁၂၁။ အဲ့မှာကျွဲကို သူတို့သတ်တော့မယ်ဆိုရင် သူတို့သိပါတယ်။ သူတို့က အိန္ဒိယလူကိုခေါ်လို့ရပါတယ်။ သူဟာ သေတော့မ လို ပြတ်ပြတ်နေခဲ့ပါတယ်။ အဲဒါကတော့ Cochise တွေအရှုံးပေးခဲ့ရတဲ့ အကြောင်းအရင်းဖြစ်ပါတယ်။ သူ့သားတော်တွေအားလုံး ကျန်တဲ့လူတွေနဲ့သူ့ကလေးတွေအပါအဝင် သူ့လူတွေအားလုံးဟာ သေရတော့မလိုကို ငတ်ပြတ်နေခဲ့ကြပါတယ်။သူတို့ဟာ အဲဒီ လို သူတို့ရဲ့... လှည်းကြီးတွေနဲ့ ထွက်ခွာမှုပြုခဲ့ပါတယ်။ကျွဲလိုအကောင်နဲ့ သူတို့မျိုးရိုးလူတွေဟာ ကျွဲတွေအကုန်လုံးကို ပစ်သတ် လိုက်ကြပါတယ်__ နေ့လည်မှာတင်အကောင်လေးဆယ်၊ ငါးဆယ်လောက်ကို သတ်ပစ်လိုက်ကြတာပါ။ သူတို့အဲဒါကို ဖယ်ရှားသတ်ဖြတ်လိုက်မယ်ဆိုရင် အိန္ဒိယတွေကို သူတို့ဖျောက်ဖျက်ပစ်လိုက်ပြီးသား ဖြစ်တယ်ကိုသူတို့သိနေခဲ့ပါတယ်။ အို ကျွန်တော် ! အဲဒီအတိုင်း သူတို့ဟာ အိန္ဒိယတွေကိုပြုမူ၍အလံမှာ သွေးစွန်းခဲ့ကြတာဖြစ်ပါသည်။ အဲဒါက ခင်ဗျားတို့ဖြစ်ပါတယ်။ ဒါပေမယ့်မှတ်ထားပါ။ ဘုရားသခင်က သူတို့ကိုဖျက်ဆီးပစ်ဖို့ ကမ္ဘာကြီးကို ဖျက်ဆီးဖို့ရာကြွလာတော်မူမည့်အချိန်ကာလရှိသည်ဟု ကျမ်းစာ ကပြောထားပါတယ်။ တစ်လောကလုံးကိုပါ...!

122 ၁၂၂။ တောင်ကြားထဲကသူတို့ကိုကြည့်ပါ။ ကျွန်တော် တစ်နေ့က အဲဒီမှာ မတ်တပ်ရပ်ပြီးတော့ Phoneix တောင်ကြားကို ငုံ့၍ကြည့်ခဲ့ရဖူးပါတယ်။ ကျွန်တော် တောင်ကုန်း၏အောက်ကို ရောက်ခဲ့ဖူးပါတယ်။ ဇနီးနှင့်ကျွန်တော်ဟာ အဲဒီမှာထိုင်ပြီး Phoneixမှာ အောက်ဖက်ကို ငုံ့၍ကြည့်ခဲ့ဖူးပါတယ်။ ကျွန်တော်က ‘အဲဒါက ကြောက်စရာမကောင်းဘူးလား ?’ လို့ မေးခဲ့ပါတယ်။

ပြီးတော့သူက ‘ကြောက်စရာမကောင်းတာလား ? ရှင် ဘာကို ဆိုလိုတာလဲ ?’ လို့မေးပါတယ်။

ကျွန်တော်က ‘အပြစ်ပဲ။ ဘယ်လောက်များများအပြစ်လုပ်လိုက်ကြပါသနည်း။ အရက်သောက်ဆဲဆိုပြီးတော့ အဲဒီတောင်ကြားမှာဘုရားသခင်၏နာမတော်ကို အချည်းနှီးသက်သက် ဘယ်လောက်တောင် သုံးစွဲနေကြပါသလဲ။ ၁၄၄,၀၀၀ ဒါမှမဟုတ် ၁၅၅,၀၀၀ ဒါမှမဟုတ် လူ ၂၀၀,၀၀၀ လောက် အဲဒီတောင်ကြားကလူတွေလေ?’ လို့ပြောပြခဲ့ပါတယ်။ပြီးတော့ လွန်ခဲ့သောနှစ်ငါး ရာ၊ နှစ်တစ်ထောင်လောက်က အဲ့မှာရှားစောင်းပင်အပင်တွေရယ်ကလွဲရင် ဘာမှမရှိဘူး။ ပြီးတော့ အဲဒါက သဲမြစ်ကိုဝံပုလွေကြီး တွေကပဲ တက်လိုက်ဆင်းလိုက်ရေကူးလိုက်လုပ်နေကြတာ ‘ လို့ပြောပြခဲ့ပါတယ်။ကျွန်တော်က ’အဲဒီအတိုင်းဘုရားသခင်က ထိုအရာကို ဖန်ဆင်းတော်မူခဲ့တာ။ ဒါပေမယ့် လူက ဝင်ရောက်လာပြီးသူ့ဘာတွေလုပ်ခဲ့ပါသနည်း? လူဟာမြေကြီးကို အပြစ်နှင့် စိမ့်စိမ့် ဝင်လာအောင် လုပ်ဆောင်မှုပြုခဲ့ပါတယ်။ လမ်းတွေမှာခွေးတွေ၏မစင်နဲ့ ပြည့်နေပါတယ်။ မိလ္လာရေဆိုးတွေနဲ့ မြစ်တွေဟာ ချီးနဲ့ရောပြီးညစ်ပတ်နေတယ် ‘ လို့ပြောပြခဲ့ပါတယ်။သူတို့ မလုပ်ဆောင်နိုင်ပါဘူး… ဘာဖြစ်လို့လဲဆိုရင် အဲဒီက ရေနည်းနည်းကိုယူ၍ တစ်ခွက်လောက်မှမသောက်မိတာက ခင်ဗျားအတွက် ပိုကောင်းပါမည်။ ခင်ဗျားတို့ကဘယ်လိုမျိုးမဆို ဖြစ်တတ်လို့ပါ။

123 ၁၂၃။ အဲဒါကိုကြည့်ပါ။ဒီနေရာမှာသာမကပါဘူး။ တစ်လောကလုံး ပါပါသည်။ ညစ်ညူးနေတာတွေ ရှိပါတယ်။ လောကကြီး သဘာဝတရားကို ညစ်ညူးစေတဲ့အရာရှိပါတယ်… ဘုရားသခင်မှာ မေတ္တာရှိတော်မူပါသည်!တစ်လောကလုံးဟာ အဲဒီနာကျင်စွာဖြင့် မွေးဖွားရသောအရာမှာ ရှိနေပါတယ်။ လောကကြီးက ကြိုးစားနေပါတယ်… မိန်းမဟာ သားဖွားဝေဒနာကို ခံရသကဲ့သို့လို့ ဟေရှာယပြောခဲ့ပါတယ်။ ဘာကိစ္စဖြစ်ပါသလဲ?သူမဟာ လာမည့်ကမ္ဘာသစ်တစ်ခုကို မိလေနိကာလအတွက် မွေးဖွားဖို့ရာ ကြိုးစားနေရပါတယ်။ အပြစ်ရှိတဲ့ နေရာအားလုံးကို ဆေးချပစ်လိုက်ရမှာပါ။ သူ့ကိုအပြစ်မပြုမညစ်ပတ်စေမယ့် လူသစ်တွေအတွက် ကမ္ဘာသစ် တစ်ခုကို မွေးဖွားဖို့ရာကြိုးစားနေခြင်းဖြစ်ပါသည်။ အဲဒါအမှန်ပါ။ မိန်းမဟာ သားဖွားဝေဒနာကို ခံရပါမည်။

အဲဒါကတော့ကျွန်တော်တို့ဟာ ဒုက္ခဆင်းရဲခံကြရမည့် အကြောင်းအရင်းဖြစ်ပါသည်__ ခရစ်တော်က ဆက်လက်၍သတို့ သမီးကို သိမ်းပိုက်မှုပြုစရာအကြောင်းရှိပါတယ်။ အရာအားလုံးဟာ ဒုက္ခဝေဒနာကိုခံစားရပြီး ငိုကြွေးမြည်တမ်းမှုကို ပြုရပါမည်။ ကြည့်ပါ။ အဲ့မှာဖြစ်လာဖို့ရာတစ်စုံတစ်ခုသောအရာကို နေရာချခြင်းဖြစ်ပါသည်။ ဆင္ဒမမြောက်ပုလိပ်ရောဂါကသူမကိုထွက်ခွာမှုပြု စေပါသည်!

124 ၁၂၄။ ညီအစ်ကိုမြေငလျင်လှုပ်ခြင်းက ကွဲထွက်၍ ပွင့်ဟသွားစေကာ ကြယ်တွေက တလှုပ်လှုပ်ဖြစ်ပါမည်။မီးတောင်တွေပေါက် ကွဲထွက်လာကာ ကမ္ဘာမြေကြီးကိုယ်၌က အသစ်ဖြစ်စေမှာဖြစ်ပါသည်။အသစ်သောသားလောင်းက ကမ္ဘာမြေကြီး၏ဗဟိုချက်မှာ မွေးဖွားလာမှာဖြစ်ပါတယ်။ သူမ၏ ဟိုးအနားမှာ တစ်ပတ်ပြီးတစ်ပတ်လှည့်ပတ်မှုပြုစဉ်အခါ တစ်စစီ သူ့မှာ ကွာကျသွားစရာအ ကြောင်းရှိပါတယ်။

ကျွန်တော်ခင်ဗျားတို့ကို ပြောပါမည်။ ယေရှုဟာသူသတို့သမီးကြီးနဲ့ တစ်နေ့သောနံနက်၌ကမ္ဘာမြေကြီးပေါ်သို့ တစ်ဖန် ကြွလာတော်မူပါမည်။ အဲဒီနေရာမှာ ဘုရားသခင်၏ပရဒိသုဘုံရှိပါမည်။ …အို၊ကျွန်တော် စစ်ပွဲ၌ရှိသော စစ်သားကြီးများသည် အဲဒီကို သူတို့ရဲ့မိတ်ဆွေချစ်သူများနှင့်အတူ ရောက်လာကြမှာဖြစ်ပါတယ်။ ဓမ္မသီချင်းဟာ လေထဲ၌ပျံ့လွင့်နေကာကောင်းကင် သားတို့နှင့်အတူရှိနေရပါမည်။ အို…ကောင်းစွာအမှုပြုထားခြင်းရှိပါသည်။ကျွန်တော်ရဲ့ကောင်းမြတ်ခြင်းသည် ယုံကြည်ခြင်းနှင့် ပြည့်စုံသောအမှုတော်ဆောင်ဖြစ်လျှင်၊ ဘုရားသခင်၏ဝမ်းမြောက်ဖွယ်သောအရာများထဲသို့ဝင်ရောက်ကြဖို့ရာ ခင်ဗျားတို့အတွက် ပြင်ဆင်ပေးထားပြီးသောအရာဖြစ်ပါသည်။ ဧဝက အပြစ်၌ကမ္ဘာလုံးကို စ,မလိမ့်ခဲ့မှီ၊ဟိုး…အဲဒီမှာရှေ့ဘက်က အချိန်မှာ ခင်ဗျားတို့ရှိသင့်နေကြသလိုပါဘဲ။ အာမင်။ ဟူး…

ဟုတ်ကဲ့၊ဆင္ဒမမြောက်တံဆိပ်က တစ်ခုခုကိုဆက်လက်လုပ်ဆောင်သွားပါမည်။ ဟုတ်ပါတယ်၊ဆရာ။အမှန်တစ်ကယ်ပါ ပဲ။ ကမ္ဘာကြီးတစ်လုံး မိလေနိကာလထဲရောက်နိုင်ဖို့ရာငိုကြွေးမြည်တမ်းမှုကိုပြု၍ နာကျင်ခြင်းဝေဒနာကို ခံရပါအုံးမည်။

125 ၁၂၅။ အခု ဒီတစ်ခုက အပြစ်နှင့်စိမ့်ဝင်နေသော အရာတစ်ခုဖြစ်ပါတယ်။ မကြာခင်က ဒီနေရာမှကျွန်တော်ဟောပြောခဲ့သ လိုပါပဲ၊ ကျွန်တော်ယုံကြည်တယ်။ အသင်းတော်မှာ ဟောခဲ့ဘူးပါတယ်။ ‘လောကကြီးကတစ်စစီဖြစ်မည်’ ဆိုပြီးတော့ပါ။အဲဒါက အတိအကျပါပဲ။ လောကကြီး၌ ဖရိုဖရဲ တစ်စစီဖြစ်နေတာကို ကြည့်ပါ။ အရာရာတိုင်းဟာအဲဒီလိုပျက်စီးနေပါတယ်။ အဲဒါက အသေအချာပါပဲ။ အဲဒီမှာတစစီပျက်စီးစရာအကြောင်းရှိနေပါတယ်။ ဟုတ်ပါတယ်၊ ဆရာ၊ ကြည့်ပါ။ အဲဒါက စီမံဖန်တီးမှုပြုထားတာပါ။… လောကကြီးကအဲဒီလိုဖြစ်စရာအကြောင်းရှိတာကို ခင်ဗျားတို့အား ကျွန်တော်ပြသခွင့်ပြုပါ။ဒီလောကသားတို့၏ စီမံ ဖန်တီးထားတဲ့… သံနဲ့ကြေးဝါနဲ့၊ဒီလိုမြေကြီးပေါ်က သတ္တုပစ္စည်းများသည်၊ စစ်ဖြစ်စေဖို့ရာ ဘောင်ချပေးသောအရာမျိုးကိုထွက် ပေါ်လာစေပါသည်။ ပြီးတော့ အခုလို အဆင့်ဆင့်မဖြစ်အောင် အချိန်ထိတော့စက်ရုံတည်ပါမည်။

ကောင်းပြီ၊ ဒီလိုနိုင်ငံ၏အခန်းကဏ္ဍရောက်မလာခင်၊ တစ်နေ့ထိတော့ ကျွန်တော်တို့မှာငလျင်လှုပ်စရာလည်းရှိမှာ မဟုတ်ပါဘူး။ အခု ဒီလိုအခြားနေ့ရက်ကိုရောက်တော့၊ခင်ဗျားတို့မြင်ရပါမည်။… စိန့်လောရစ်က အဲဒီကို ရောက်ရှိခဲ့ပါတယ်။သူဟာ သိပ်ကိုပိန်ပါးတဲ့သူတစ်ယောက်ဖြစ်ပါတယ်။ သူတို့ကတော့ အဲဒီကနေ အမျိုးမျိုးကိုဆွဲထုတ်နေကြတဲ့သူတွေဖြစ်ပါတယ်။ တွေ့လား? အဲဒီနိုင်ငံရေးဆိုတာတွေကရိုးသားမှုတစ်ခုကို နက်နဲစွာဖြင့် သိပ်ကိုညစ်ပတ်သွားစေပါတယ်။ သူတို့တွေရဲ့အကြားမှာအဲဒီစနစ်တွေရှိနေပါတယ်။ အကျင့်စာရိတ္တကသူတို့ဘယ်လိုမှဖြစ်စရာအကြောင်းကိုမရှိတဲ့နေရာသို့ အလွန်နိမ့်ဆင်းသွားကြ ပါတယ်။အဲဒီလို အားလုံးဖြစ်ကြတာကို တွေ့ရပါတယ်။ သေချာပါတယ်။ ဘာသာရေးဆိုတာကတော့ပိုးကျနေတဲ့ သစ်ပင်ပဲ ဖြစ်ပါတယ်။ ဟုတ်ပါတယ် ဆရာ။

126 ၁၂၆။ ဆင္ဒမမြောက်တံဆိပ်အတွက်အဲဒီအချိန်ရှိပါတယ်။ မကြာခင် လှုလှုပပနှင့်ဖွင့်လှစ်မှုပြုပါမည်။သူလုပ်ဆောင်ရတဲ့အချိန် ကတော့ (အို၊ ကျွန်တော်) အဆုံးသတ်ပါပဲ။ ဆက်လက်၍ သတို့သမီးကိုချီဆောင်မှုပြုစရာအကြောင်းရှိပါတယ်။ မိဖုရားကို

သူ့နေရာသို့ခေါ် ဆောင်မှုပြုမှာဖြစ်ပါတယ်။ သူမဟာ အခု ဘုရင်နဲ့မင်္ဂလာဆောင်တော့မှာဖြစ်ပါတယ်။ ဣသရေလတို့၏ကျန်ကြွင်း သူတို့သည် တံဆိပ်ခတ်ခြင်းကို ခံရကြပါသည်။ သွားဖို့အဆင်သင့်ဖြစ်နေပါပြီ။ဒီနောက် သဘာဝတရားဟာလည်း ပျက်စီးသွား ပါမည်။ အို... အချိန်နာရီတစ်ခုပါပဲ။

127 ၁၂၇။ သတိပြုပါ။ဆဋ္ဌမမြောက်တံဆိပ်ဖွင့်လှစ်ခြင်းက နောက်ဆုံးအပိုဒ်မှာ ရှိတာဖြစ်ပါသည်။ အဲဒီလူတွေဟာနှုတ်ကပတ်တော်၏ဟောပြောခြင်းကို လှောင်ပြောင်မှုပြုကြပါမည်။ အသက်ရှင်သောဘုရားသခင်၏ သက်သေထူပြခြင်းကို သရော်မှုပြုပါမည်။ ပရောဖက်တွေ အဲဒီမှာမတ်တပ်ရပ်ပြီးနိမိတ်လက္ခဏာတွေပြမယ်၊ နေကိုမှောင်မိုက်စေမယ်။ အမျိုးစုံဖြစ်မည်။ အချိန်ကာလရှိပါတယ်။ ခေတ်ကာလအလျောက်၊ အကုန်လုံးရောက်လာရမယ့်အရာတွေရှိပါတယ်။သူတို့ပုန်းနေလို့ရတဲ့ကျောက်ဆောင်တွေနဲ့ တောင်တန်းများအတွက် သူတို့ငိုကြွေးမြည်တမ်းမှုပြုကြပါမည်။ ကြည့်ပါ။သူတို့သရော်ခဲ့တဲ့ နှုတ်ကပတ်တော်ကနေ သူတို့ပုန်း ရှောင်နေဖို့အတွက်ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုရင် သူတို့ဟာကိုယ်တော်၏ကြွလာခြင်းကို တွေ့မြင်နိုင်တဲ့အတွက်ကြောင့်ဖြစ် ပါသည်။ ကြည့်ပါ။

သူတို့ဟာနှုတ်ကပတ်တော်ကိုလှောင်ရယ်ခဲ့ကြပါတယ်။ ဒီနေရာမှာ နှုတ်ကပတ်တော်ဟာ လူအထဲမှာဝင်ရောက်တော်မူ ခဲ့ပါတယ်။ ပြီးတော့ သူတို့ကတော့ အဲဒါကိုသရော်ခဲ့ကြပါတယ်။သူတို့ကိုဟာသလုပ်ခဲ့ကြပါသည်။ သူတို့က လှောင်ပြောင်မှုပြုခဲ့ ကြပါတယ်။ ပြီးတော့လူဝင်စားမှုပြုတော်မူသော နှုတ်ကပတ်တော်သည် ဆက်လက်၍ တရွေ့ရွေ့ တစက်စက် ရောက်ရှိလာပါသည်။ ဘာကြောင့် သူတို့ နောင်တရခဲ့ကြပါသနည်း ? ဒီနောက် သူတို့ အဝေးမှာလည်းမနေနိုင်ကြပါဘူး။ ဒါကြောင့်သူတို့ဟာ ထိုအရာကို အပြစ်ဒဏ်ခတ်ရမည့်ကိစ္စလို့ သိထားကြပြီး၊...သူတို့ဟာ အဲဒါကိုနားထောင်နေကြပါတယ်။ ဒီလိုမျိုး အစည်းဝေးပွဲ တွေမှာ သူတို့ဟာထိုင်နေပြီးတော့ အဲဒီလိုအကြောင်းကို သိခဲ့ကြရပါတယ်။အဲဒီလိုပရောဖက်တွေက သူတို့မျက်နှာတည့်တည့်ကို ကြည့်ပြီးကြိုတင်ဟောကိန်းထုတ်တာတွေကို သူတို့သိရှိခဲ့ကြပါသည်။

128 ၁၂၈။ အဲဒါကိုသူတို့ကငြင်းပယ်မှုပြုကြပါတယ်။ သူတို့ဟာ နောက်ဆုံးအချိန်နာရီအတွက်၊ မေတ္တာတော်ကိုငြင်းပယ်မှု ပြုခဲ့ကြ ပါတယ်။ ခင်ဗျားတို့ မေတ္တာတော်ကိုငြင်းပယ်လိုက်တာနဲ့ အဲမှာတရားစီရင်ခြင်းကလွဲရင် ဘာမှကျန်တော့မှာမဟုတ်ပါဘူး။ ခင်ဗျား တို့မေတ္တာတရားကိုငြင်းတဲ့အချိန်__ချက်ချင်းအဲဒါကိုတွေးထားကြပါ။

အဲလိုသူတို့ဖြစ်ခဲ့ကြပါသည်။ သူတို့မှာ သွားစရာနေရာမရှိတော့ပါဘူး။ လမ်းလျှောက်စရာကိုမရှိတော့တာပါ။ ဒီမှာ ကျမ်း စာက 'သူတို့သည်... ကျွနု်ပ်တို့အပေါ်၌ ကျောက်ဆောင်နှင့် တောင်တန်းတို့ကိုကွယ်ကာတော်မူ၍ သိုးသူငယ်၏ မျက်မှောက် တော်မှငင်း၊ အမျက်တော်မှငင်း၊ ဖုံးအုပ်တော်မူပါဟု ငိုရ်၍ ခေါ်ဆိုမှုပြုမည်။' ဟု ပြောထားပါတယ်။ သူတို့ဟာနောင်တရဖို့ကြိုးစားမှု ပြုရပါမည်။သို့သော် သိုးသူငယ်တော်သည် သူပိုင်သောအရာကို ကြွေးကြော်ဖို့ရန် ကြွလာတော်မူပါမည်။ကြည့်ပါ။ သူတို့ဟာ ကျောက်ဆောင်နှင့် တောင်တန်းတို့ကိုငိုကြွေးမြည်တမ်းမှုပြုမည်။ ဆုတောင်းကြသော်လည်း ဆုတောင်းသူတို့သည် သိပ်ကို နောက်ကျသွားခဲ့မည်ဖြစ်ပါသည်။

129 ၁၂၉။ ကျွန်တော်ရဲ့ညီအကို၊ ညီအမတို့ ဘုရားသခင်၏ ကောင်းမြတ်ခြင်းနှင့် မေတ္တာတော်က လူတို့အပေါ်သို့ဆန့်တန်းလျှက်ရှိ ပါသည်။ ဤသို့သောအရာအတွက် ဣသရေလတို့သည် မျက်စိကိုကွယ်ထားခြင်းခံရစဉ်အခါ...ဒီလိုကိစ္စအတွက်ပါအခုဆိုရင် နှစ် နှစ်ထောင်လောက်ကြာသွားခဲ့ပြီဖြစ်ပါသည်။ ကျွနု်ပ်တို့ကိုနောင်တရဖို့ အခွင့်ရေးတစ်ခု ပေးသနားတော်မူပါတယ်။ ခင်ဗျားတို့ မေတ္တာတော်ဆီမှာပြန်ပြီးနေရာချကြမှာ မဟုတ်လား ?ခင်ဗျားတို့ အဲဒါကို ငြင်းပယ်မှုပြုကြမှာလား ? ခင်ဗျားတို့က ဘယ်လိုလူ မျိုးတွေ ဖြစ်ကြပါသလဲ ? ခင်ဗျားတို့ ဘယ်နေရာကနေရောက်လာကြပြီးဘယ်နေရာကိုသွားကြမှာ ဖြစ်ပါသလဲ ?ခင်ဗျားတို့ ဆရာဝန်ကိုမေးလို့ရတာမဟုတ်ဘူးနော်။ ခင်ဗျားတို့ကဘယ်သူဖြစ်တယ်ဆိုတာကို ပြောနိုင်မည့်စာအုပ်လည်း ဖတ်နိုင်ကြတာမ ဟုတ်ပါဘူး။ ပြီးတော့ခင်ဗျားတို့ ဘယ်နေရာကနေ ရောက်လာကြတာရယ်၊ ခင်ဗျားတို့ ဘယ်သွားကြမယ်ဆိုတာရယ်ကဒီစာအုပ် မှာတော့ ပါပါတယ်။

130 ၁၃၀။ အခု၊ခင်ဗျားတို့ရဲ့နေရာမှာ အကျင့်ကိုကျင့်ဖို့ဆိုပြီး သိုးသူငယ်တော်၏ အသွေးတော်ကိုခင်ဗျားတို့ ရမထားကြဘူးဆို တာကို ခင်ဗျားတို့သိထားကြပါ။ ဘယ်နေရာက ခင်ဗျားတို့ကိုအနာရောဂါငြိမ်းစေခဲ့တယ်ဆိုတာကို ခင်ဗျားတို့ မြင်ရမှာဖြစ်လို့ပါ။ ဒါကြောင့်ဘုရားသခင်က ခင်ဗျားအတွက် ထိုသို့သောအရာကို အမှုပြုတော်မူခဲ့တယ်ဆိုရင်၊အနည်းဆုံးတော့ ကိုယ်တော်ရှင် အမှုပြုတော်မူခဲ့တဲ့အရာကို ကျွန်တော်တို့လက်ခံနိုင်ကြရပါမည်။ အဲဒါကတော့ ကိုယ်တော်က ကျွနု်ပ်တို့အား လုပ်ဆောင်ရန်မိန့်တော်မူသောအရာဖြစ်ပါသည်။ ပြီးတော့ ဒီအချက်ကိုအခြေခံပြီး.....

ကျွန်တော်ဟာဘယ်လိုပဲ ခပ်ဝေးဝေးကို လျှောက်သွားကြဦးမည်ဖြစ်ပါစေ၊ အဲဒီကပ်ရောဂါထဲသို့ကျွန်တော်တို့ အမှန်တ ကယ် ဝင်ရောက်ကြရပါဦးမည်။ အဲဒါကတော့ မနက်ဖြန်ညမှာပါ။ကျွန်တော်လည်း အဲဒါကိုမလုပ်နိုင်ပါဘူး။ ကျွန်တော်လည်း ဒီ့ထက်ပိုပြီးဆက်မသွားနိုင်တော့ပါဘူး။ ကျွန်တော်အဲဒါကို ဒီမှာချမှတ်ထားရပါမည်။ဖြတ်ထားရမယ့်တစ်ခုပါ။ ဒီမှာရပ်ထားပါမည်။ ဒါကြောင့်ဒီမှာ မနက်ဖြန်အထိ ကျွန်တော့်မှာစောင့်စရာအကြောင်းရှိပါတယ်။

131 ၁၃၁။ အခု၊ဓဏလောက် ကျွန်တော်တို့ရဲ့ခေါင်းကို ငုံ့ထားကြရအောင်။ တစ်ကယ်လို့ ခင်ဗျားတို့မရကြဘူးဆိုရင်တော့ ကျွန် တော်ရဲ့အဖိုးထိုက်တန်သောမိတ်ဆွေတို့၊ ဒီဘုရားသခင်၏ချစ်ခြင်းမေတ္တာကိုလက်ခံရမှာမဟုတ်ပါဘူး။ အဲဒါက ကျွန်တော်ပြော တဲ့အကြောင်းပါ။ ခင်ဗျားတို့ရတယ်ဆိုရင်... (အခု၊ ဒါကိုသေသေချာချာနားထောင်ပါ။) ခင်ဗျားတို့သူရဲ့မေတ္တာနှင့် ဂရုဏာတော်ကို မပိုင်ဆိုင်ကြဘူးဆိုရင်၊ ခင်ဗျားတို့သူ့ရဲ့တရားစီရင်ခြင်းနှင့် အမျက်တော်ရှေ့၌ ရပ်နေစရာအကြောင်းရှိပါတယ်။

အခု ဒီနေ့ညအာဒံနှင့် ဧဝတို့ ရှိခဲ့ကြဖူးသည့် ဧဒင်ဥယျာဉ်ကြီးထဲမှာပဲ ပြောင်းလဲခြင်းမရှိ၊ရှိနေကြတာဖြစ်ပါတယ်။ ခင်ဗျားတို့မှာ အခွင့်အရေးတစ်ခုရှိပါတယ်။ ..ခင်ဗျားတို့ဟာလွတ်လပ်စွာ ကျင့်ကြံနေထိုင်နိုင်သူတွေကို ကိုယ်စားပြုသူတွေ ဖြစ်ကြပါတယ်။ခင်ဗျားတို့ဟာ အသက်ပင်ရှိရာသို့သွားနိုင်ကြသလို ခင်ဗျားတို့ဟာ တရားစီရင်ခြင်းနှင့်ဆိုင်သော အစီစဉ်ရှိရာ သို့လည်း သွားနိုင်ကြပါတယ်။ ဒါပေမယ့်

ဒီကနေ့ခင်ဗျားတိုပခံစားကြရစဉ်အခါ ခင်ဗျားတို့ရဲ့ မုန်သောစိတ်သဘောဋ္ဌ ခင်ဗျားတို့ကျန်းကျန်းမာမာ ပြည့်ပြည့်ဝဝနှင့် နိုးထလာကြပြီး ထိုအရာကို လက်ခံမှုပြုကြရပါမည်။ခင်ဗျားတို့ အဲဒါကို လုပ်စရာအေ ကြောင်းမရှိဘူးဆိုရင် ဘာကြောင့်အဲဒါကို ခင်ဗျားတို့မလုပ်ပဲနေကြပါသနည်း?

အဲလိုမျိုး ဒီကလူတွေမဖြစ်ကြသေးဘူးလား? အခုထိအဲဒီလိုမဖြစ်ကြသေးဘူးလား? ဒါကြောင့်အဲဒီလိုဖြစ်ရင် ခင်ဗျားတို့ရဲ့ လက်ကို မြှောက်ပြီးတော့ ‘ကျွန်တော်အတွက် ဆုတောင်းပေးပါဘရာသာဘရမ်ဟမ်။ ကျွန်တော် အခုအဲဒီလို လုပ် ဆောင်ချင်ပါတယ်။ ကျွန်တော် ဒီလိုတော့ ဖြစ်မလာစေချင်ပါဘူး ’ လို့ပြောလိုက်ကြပါ။

132 ၁၃၂။ အခုမှတ်ထားပါ။ မိတ်ဆွေတို့... (ဘုရားသခင် ခင်ဗျားတို့ကိုကောင်းချီးပေးပါမည်။ အဲဒါက ကောင်းပါတယ်။) ကျွန်တော့် မှာရှိတာက... ဒီဟာတွေက ဒီလိုမျိုး ကျွန်တော်အတွေးအခေါ်တွေမဟုတ်ပါဘူး။ ဒါကကျွန်တော့်ရဲ့စဉ်းစားခြင်းမဟုတ်ပါဘူး။ ဒါက အတူတကွဖြစ်တာပါ... ကျွန်တော့်ဆီကနေ ရောက်လာရတာပါ။ ဒါကြောင့်ကျွန်တော့်ကိုကူညီကြပါ။ သန့်ရှင်းသောဝိညာဉ်တော် က အဲဒါကို သိကျွမ်းတော်မူပါတယ်။

ပြီးရင်ခင်ဗျားတို့ စောင့်နေကြပါ။ ဘုရားသခင်အလိုတော်ရှိလျှင် မနက်ဖန်ညမှာတော့တစ်ချိန်လုံးဒီနေရာက ဒီအစည်းအ ဝေးမှာအမှန်တယ်ဖြစ်လာရမည်။ နက်နဲသည့်အရာတစ်ခုကို ခင်ဗျားတို့အား ကျွန်တော်ပြသလိုပါတယ်။ခင်ဗျားတို့ အဲဒါကို မြင်ခဲ့ ဖူးသလား။ မမြင်ခဲ့ဘူးသလားဆိုတာကိုကျွန်တော်သိပ်သံသယရှိပါတယ်။ ဘာဖြစ်သလဲဆိုတာကိုပါ။ ခင်ဗျားတို့ရှေ့မှာ ဒီလိုအမှန်တကယ် တစ်စုံတစ်ခုသောအရာက သက်ရောက်လာခဲ့ဖူးပါသည်။ အဲဒီလိုဖြစ်လာဖို့ကျွန်တော်ညတိုင်း စောင့်ကြည့်ခဲ့ဖူးပါတယ်။ တစ်ယောက်ယောက်က ‘ကျွန်တော် အဲဒါကို တွေ့ပြီ။လို့ပြောလာဖို့အတွက်ပါ။’ ကြည့်ပါ။

အဲဒါကိုအဝေးကြီးမှာ လှည့်မထားကြပါနှင့်။ ကျေးဇူးပြု၍ ကျွန်တော် ခင်ဗျားတို့ကို မေးပါမည်။ခင်ဗျားတို့ဟာ ခရစ်ယာန် တစ်ယောက်မဟုတ်ဘူးဆိုရင် ခင်ဗျားတို့ဟာ အသွေးတော်အောက်မှာရှိမနေခဲ့ဘူးဆိုရင် ခင်ဗျားတို့ဟာ ဒုတိယမွေးဖွားခြင်းကို မ ခံရသေးဘူးဆိုရင်သန့်ရှင်းသောဝိညာဉ်တော်နှင့် မပြည့်ဝကြဘူးဆိုရင် ခင်ဗျားတို့မှာ နာမတော်မြတ်၌ဗတ္တိဇံခံယူခြင်းကြောင့် ယေ ရှုခရစ်တော်၏ အများနှင့်စပ်ဆိုင်သော အပြစ်ဝန်ချတောင်းပန်မှုကိုပြုသည်ဆိုတဲ့ကိစ္စကို လုံးဝမလုပ်ဆောင်ဖူးကြတဲ့ လူတွေဖြစ် မယ်ဆိုရင်ခင်ဗျားတို့လက်ခံရမယ်။ အသေခံတော်မူခြင်း၊ သင်္ဂြိုလ်ခံခြင်း၊ ရှင်ပြန်ထမြောက်ခြင်းကိုသက်သေခံစရာအကြောင်းရှိ တယ်ဆိုရင်တော့ ရေက အဆင်သင့်ပဲရှိနေပါပြီ။ သူတို့လည်းစောင့်နေပေးကြပါတယ်။ အင်္ကျီတွေကို ဒီမှာပြင်ထားပြီးပါပြီ။ အရာ အားလုံးအဆင်သင့်ပါပဲ။ ခရစ်တော်က ခင်ဗျားတို့ကို လက်ခံပေးဖို့ လက်တော်ကိုဆန့်တန်းလျက်အသင့်ပြင်ဆင်ထားတော်မူပါပြီ။

133 ၁၃၃။ အခုကနေတစ်နာရီလောက်ရောက်ရင်ပါ။ ထိုမေတ္တာတော်သည် ခင်ဗျားတို့ရှိတဲ့နေရာအထိတော့ဆန့်တန်းတော်မူချင်မှ ဆန့်တန်းတော်မူပါမည်။ ခင်ဗျားတို့ဟာနောက်ဆုံးအချိန်နာရီအတွက် အဲဒါကို ခပ်ဝေးဝေးမှာ လှည့်ထားတာလည်း ဖြစ်ချင်ဖြစ်ပါမည်။ အဲဒါက ခင်ဗျားတို့နှလုံးသားကို တစ်ဖန် တို့ထိစရာအကြောင်းတော့ရှိချင်မှရှိပါတော့မည်။ ခင်ဗျားတို့ ဖြစ်နိုင်တဲ့အချိန်မှာ ခင် ဗျားတို့ လုပ်လို့ရတဲ့အချိန်မှာဘာကြောင့် အဲဒါကို ခင်ဗျားတို့ မလုပ်ဆောင်ကြပါသနည်း? အခု တခဏအတွင်းမှာ...

ပုံမှန်ပဲဆိုတာကိုကျွန်တော်သိပါတယ်။ ထုံးစံအတိုင်း လူတွေကို ပလ္လင်ရှိရာသို့ ခေါ်ဆောင်ပေးနေပါတယ်။ကျွန်တော်တို့ အဲဒါကို လုပ်ဆောင်ကြပါသည်။ အဲဒါက ပြီးပြည့်စုံစွာဖြင့် အားလုံးမှန်ကန်ပါသည်။ဒါပေမယ့် ဒီအချိန် ဒီနေရာမှာ ကျွန်တော်တို့ စုပုံ နေကြတာကို ပလ္လင်နားမှာအမှန်တကယ်စုရုံးနေကြရပါမည်။ ကျွန်တော် အဲဒီလိုမလုပ်နိုင်တော့တဲ့အချိန်ရောက်တဲ့အချိန်ထိပါ။ ဒါ ပေမယ့် ဒီလိုပြောရတာကိုတော့ ကျွန်တော်ကြိုက်ပါတယ်။တပည့်တော်တို့၏ခေတ်ကာလက သူတို့သည် ‘ယုံကြည်သမျှသူတို့သည် ဗတ္တိဇံကို ပြုကြသည်။’ ဟုပြောခဲ့ကြပါသည်။အခု ခင်ဗျားတို့ရဲ့နှလုံးသားမှာ အမှန်တကယ် နေရာကျခြင်းရှိတယ်ဆိုရင်...

134 ၁၃၄။ ဒီနေရာမှာအဲဒီလိုအားလုံးရှိနေပါတယ်။ အဲဒါက စိတ်ခံစားမှုမဟုတ်သော်လည်း စိတ်ခံစားချက်ကထိုအမှုနှင့်နီးနွယ် လျက်ရှိပါတယ်။ ဆေးလိပ်သောက်၊ အရက်သောက်တာက အပြစ်မဟုတ်ပါဘူး။အဲဒါက အပြစ်၏အမှတ်အသားဖြစ်ပါတယ်။ အဲဒါ က ခင်ဗျားတို့ရဲ့ မယုံကြည်ခြင်းကိုဖော်ပြနေတယ်ဆိုတာကို မြင်ပါ။ ဒါပေမယ့် ခင်ဗျားတို့ မှန်မှန်ကန်ကန်ခင်ဗျားတို့ရဲ့နှလုံးသား ထဲမှာ ယုံကြည်လိုက်တဲ့အထိ အဲဒါကို ခင်ဗျားတို့သိရပါမည်... ခင်ဗျားတို့ရဲ့ စိတ်နှလုံးအကြွင်းမဲ့ဖြင့် ထိုသို့သောအရာကိုခင်ဗျားတို့ ထိုင်နေကြတာပါဆိုတဲ့ ကိစ္စ၏အခြေခံသဘောတရားမှာ ရှိနေတာဖြစ်ပါတယ်။တစ်ခုခုက ဆက်၍ဖြစ်လာစရာအကြောင်း ရှိပါ တယ်။ အဲ့မှာ အမှန်တကယ်ရှိပါမည်။ အဲဒါကဖြစ်လာစရာအကြောင်းရှိပါတယ်။ ဒီနောက် ခင်ဗျားတို့ဟာ ထိုသို့သောအရာအတွက်သက်သေခံချက်တစ်ခုလို့ ရပ်တည်မှုပြုနိုင်မှာဖြစ်ပါတယ်။ အဲဒီတစ်ခုခုဖြစ်ခဲ့ဖူးပါတယ်။

135 ၁၃၅။ ပြီးရင်ရေထဲကို လျှောက်သွားလိုက်ပြီး ‘ကျွန်တော်ပရိသတ်အပေါင်းကို ပြသလိုပါတယ်။ ကျွန်တော် သက်သေပြချင်ပါ တယ်။ ကျွန်တော်ဟာသတို့သမီးနှင့်အတူ ကျွန်တော့်ရဲ့နေရာကို ရမယ်ဆိုတဲ့ ကျွန်တော့်ရဲ့သက်သေခံချက်ကိုစိုက်ထူလိုပါတယ်။ အခု ဒီနေရာမှာ ကျွန်တော်တို့ ဗတ္တိဇံခံယူဖို့ရာရပ်နေကြခြင်းဖြစ်ပါတယ်။’ လို့ပြောလိုက်ကြပါ။

ဒီနေ့ညလောကထဲက အဲဒီမိန်းမအများကြီးကို ကျွန်တော်သိထားပါတယ်။ မိန်းမကောင်းတွေကိုပါ။ဒါပေမယ့် ကျွန်တော် က လူတစ်ယောက်ကိုတော့ ကြောက်စရာကောင်းအောင်ကိုအထီးကျန်နေတယ်လို့ မြင်စရာအကြောင်းရှိပါတယ်။ သူတို့ထဲက ကျွန်တော့်ရဲ့ဇနီးကိုဖြစ်ပါတယ်။ သူက ကျွန်တော်နဲ့အိမ်ပြန်မှာဖြစ်ပါတယ်။ သူဟာကျွန်တော့်ရဲ့ဇနီးတစ်ယောက်အနေနဲ့ အစပြုခဲ့ ရတာ မဟုတ်ပါဘူး။ ဒါပေမယ့် သူဟာကျွန်တော့်ဇနီး ဘယ်လိုဖြစ်လာရပါသနည်း။ သူဟာ ကျွန်တော့်နာမည်ကို ယူလိုက်ပြီဖြစ်ပါတယ်။

ကိုယ်တော်ကြွလာနေပါပြီ။အဲ့မှာ မိန်းမတွေအများကြီး ရှိပါတယ်__အသင်းတော်တွေပါ__ လောကထဲမှာရှိနေပါတယ်။ဒါပေမယ့်

ကိုယ်တော်ရှင်ဟာ သူ့ဇနီးအတွက် ကြွလာနေပြီဖြစ်ပါတယ်။ သူမကလည်းသူ့ရဲ့နာမည်ကို ခေါ်ထုတ်မှုပြုခဲ့ပြီး ဖြစ်ပါ တယ်။ ခရစ်တော်၌တည်သော သူတို့ကိုဘုရားသခင်က ကိုယ်တော်နှင့်အတူ ခေါ်ဆောင်မှုပြုတော်မူပါမည်။ ကျွန်တော်တို့ အဲဒီထဲပါအောင် ဘယ်လိုလုပ်ရပါမည်နည်း? 'တစ်ခုသောဝိညာဉ်တော်အားဖြင့် ကျွန်တော်တို့အားလုံး ဗတ္တိဇံခြင်းကိုပြု၍တစ်ခုသော ကိုယ်ခန္ဓာထဲသို့ ဝင်ရောက်မှုပြုရပါမည်။'

136 ၁၃၆။ အခုကျွန်တော်တို့ ဆုတောင်းနေတဲ့အချိန်မှာ ခင်ဗျားတို့လည်း ဆုတောင်းနေကြပါ__ အထဲကရော ဒါမှမဟုတ်အပြင်က နေပါနော်။ အခန်းတွေထဲမှာ လူအုပ်ကြီးတွေရှိနေပါတယ်။ အပြင်ဘက်မှာလည်းမတ်တပ်ရပ်နေတာ တစ်အုပ်ကြီးပါ။ လမ်းတွေမှာ လည်း ထွက်နေကြပါပြီ။ ဒါပေမယ့်အခုခင်ဗျားတို့ ရှိနေတဲ့အချိန်အတွင်းမှာ... ကျွန်တော်တို့ဒီနေရာကပလ္လင်ရောက်တဲ့အထိတော့ ခင်ဗျားတို့ကို ခေါ်လို့မရတော့ပါဘူး။ ဒါပေမယ့်ခင်ဗျားတို့နှလုံးသားက ထိုအရာကို ပလ္လင်အဖြစ်ရှိစေကြပါ။ ခင်ဗျားတို့ရဲ့နှလုံးသားမှာ 'ယေရှုဘုရား ဤအရာကိုကျွန်တော်ယုံကြည်ပါတယ်။' ဟုပြောကြပါ။ 'ကျွန္ုပ် ဒီညလေပြေ၌ဒီလိုအပြင်မှာ ရပ်နေရတာပါ။' 'ဒီအခန်းလေးထဲမှာ ကျွန္ုပ်တော့ မွန်းကြပ်နေပါပြီ။' 'ကျွန်တော်တော့ဒီလိုလူတွေကြားမှာ ထိုင်နေရပါတယ်။' 'ကျွန်တော်တော့ မဖြစ်ချင်ပါဘူး... ကျွန်တော်ထွက်လို့မရတော့ဘူး။... ကျွန်တော် အဲဒါကို ကြိုးစားလို့မရတော့ဘူး' လို့ပြောလိုက်ကြပါ။

အရာရာတိုင်းက... မနေ့ညက ကျွန်တော် ခင်ဗျားတို့ကို ပြောခဲ့သလိုပါပဲ။ဒါကြောင့် ကျွန်တော့်ကို ကူညီပေးကြပါ။ ဘုရား သခင်က ကျွန်တော်သမ္မာတရားအကြောင်းပြောနေတယ်ဆိုတာကို သိကျွမ်းတော်မူပါတယ်။ 'ကျွန်တော်မလိမ်ဘူး' လို့ ပေါလု ပြောခဲ့သလိုပါပဲ။ အဲဒီရှုပါရုံ ဒါမှမဟုတ်အဲ့လိုဘာပဲဖြစ်ဖြစ်ပါ။ ကျွန်တော် ဒီမှာရပ်ပြီး ကြည့်ခဲ့ဖူးပါတယ်။ အဲဒီလိုသွားနေတဲ့လူတွေ ကို ထိန်းချုပ်ကွပ်ကဲနေတာဖြစ်ပါတယ်။ အဲဒါက အခု ကျွန်တော်ဒီမှာအမှန်တကယ် ရပ်နေသလိုမျိုးပါပဲ။

အဲဒါကိုဖျောက်မပစ်လိုက်ကြပါနဲ့။ ကျွန်တော့်ရဲ့ သနားစရာကောင်းတဲ့ညီအစ်ကို၊ ညီအစ်မတို့။အဲဒီလိုမလုပ်ကြပါနှင့်။ ခင် ဗျားတို့က ဟောပြောမှုပြုတာကို ကြားကြရတယ်ဆိုတာကိုကျွန်တော်သိပါတယ်။ ခင်ဗျားတို့ဟာ ဒီလို၊ ဟိုလို ပုံပြင်တွေကိုလည်းအဲဒီအရာအကုန်လုံးကိုလည်း ကြားနာရတယ်ဆိုတာကို ကျွန်တော်သိပါတယ်__ ဒါပေမယ့် အခု ကျွန်တော့်ဆီကကြားရတာဖြစ်ပါ တယ်။ ဒါက... အဲဒါကသမ္မာတရားလို့ ကျွန်တော်သိပါတယ်!ခင်ဗျားတို့ အခု... အဲဒါကို ကျွန်တော်ဘယ်လိုမှထင်ရှားအောင်လည်း မလုပ်နိုင်တော့ပါဘူး။ ကြည့်ပါ။ အဲဒါကိုဖျောက်မပစ်လိုက်ကြပါနှင့်! အဲဒါက ခင်ဗျားတို့ပိုင်ဆိုင်ကြရမယ့်အရာအလုံးစုံဖြစ်ပါတယ်။ ဆုတောင်းကြပါစို့။

137 ၁၃၇။ ယေရှုဘုရားကျွန်တော့်ရှေ့မှာ ဒီလိုရှိနေတဲ့ လက်ကိုင်ပုဝါဘူးထဲမှ လက်ကိုင်ပုဝါတို့သည်နာမကျန်းဖြစ်တဲ့လူတွေဆီသို့ ကိုယ်စားအနေဖြင့် သွားရောက်ရမယ့်အရာတွေ ဖြစ်ပါတယ်။ကျွန်တော် သူတို့အပေါ်တွင် ဆုတောင်းပေးသကဲ့သို့ ဒီအရာတွေပေါ် မှာလည်း လက်တင်၍ဆုတောင်းမှုပြုပါတယ်။ သမ္မာကျမ်းစာက 'လူတို့သည်ပေါလု၏ကိုယ်ခန္ဓာမှ ရင်ဖုံးအဝတ်ကိုယူ၍ မစင် ကြယ်သောဝိညာဉ်သည် လူတို့ထံမှထွက်လေသည်။' ဟုဆိုထားသလိုပါပဲ။ ကြီးစွာသောအမှုကို သူတို့သည် ပေါလုကိုမြင်၍ ပြုကြပါ သည်။သူ၌ဘုရားသခင်၏ဝိညာဉ်တော် တည်တော်မူကြောင်းကို သူတို့သည် သိကျွမ်းခဲ့ကြ၏။ သူဟာလူထူးလူဆန်းတစ်ယောက် ဖြစ်သည်ကို သူတို့သည် သိကျွမ်းကြပါသည်။ သူပြောတဲ့အကြောင်းတွေကိုလည်း သိကြပါတယ်။ နှုတ်ကပတ်တော်အကြောင်းကို ဖြစ်ပါသည်... သူက ဟောဖြဲကျမ်းစာဟောင့်ကို သို့မဟုတ် ဟောဖြဲအသင်းတော်ကိုယူခဲ့တာဖြစ်ပါမည်။ အသက်ရှင်ခြင်းဆီသို့ သို့မ ဟုတ် ဟောဖြဲအသင်းတော်ကိုယူခဲ့တာဖြစ်ပါမည်။ အသက်ရှင်ခြင်းဆီသို့ ခေါ်ဆောင်မှုပြုခဲ့ပါတယ်။ ထိုအရာကိုခရစ်တော်၌ နေရာ ချခဲ့ပါတယ်။ ဘုရားသခင်က လူ၌တည်တော်မူသည်ကို သူတို့သိရှိခဲ့ကြပါသည်။ ဒီနောက် ဘုရားသခင်သည် ထိုလူအားဖြင့် ထူး ဆန်းသောအမှုနှင့် ကြီးမြတ်သောအမှုတို့ကိုလုပ်ဆောင်တော်မူသည်ကို သူတို့တွေ့မြင်ခဲ့ရပါတယ်။ ကြိုတင်ဟောပြောသောအမှု အရာတို့ရှိပါတယ်။ အဲဒါက အဲဒီအတိုင်းကို ဖြစ်လာပြီးတော့ သူဟာဘုရားသခင်၏အမှုတော်ဆောင်ဖြစ်ကြောင်းကို သူတို့သိရှိခဲ့ ကြရပါသည်။

138 ၁၃၈။ ဘုရားသခင်သူတို့သည် သူတို့၏နှုတ်ကပတ်တော်နှင့်ပတ်သက်၍ ရိုသေလေးမြတ်ခြင်းရှိခြင်းကြောင့်ဒီလူတွေကို ကိုယ် တော်အလေးထားမှုပြုတော်မူပါ။ ယေရှုအဖို့ သူတို့အား အနာရောဂါငြိမ်းစေပါ။ဒီပရိသတ်အထဲသို့ ကြွရောက်တော်မူပါ။ ဘုရားသ ခင်။ ပန်တီကော်စတယ်နေ့ရက်ကာလ၌တမန်တော်ပေတရုကို နားထောင်မှုပြုခဲ့ကြသလိုပဲ။ အဲ့မှာထိုင်နေကြတဲ့လူတွေရှိပါတယ်။နှုတ်ကပတ်တော်၌ သူတို့ဘယ်လိုသွားရောက်၍ နှုတ်ကပတ်တော်ကိုဘယ်လိုပိုင်ဆိုင်ခဲ့ကြရပါသလဲ။ ပြီးတော့သူက 'ဤသို့သောအရာတို့သည် နောက်ဆုံးသောနေ့ရက်ကာလ၌ ဖြစ်ပွားခြင်းရှိမည်ဟု ယောလကပြောကြားမှုပြုခဲ့ပါတယ်။ ဒါက ဒီလိုဖြစ်တယ်' ဆိုပြီး ပြောခဲ့ပါတယ်။ လူအယောက်သုံးထောင်က ထိုအရာကို ယုံကြည်၍ဗတ္တိဇံခံပြုခဲ့ကြပါတယ်။

ပြီးတော့ဖဘုရားသခင် ဒီကနေ့ ဒီနေရာမှာ ကိုယ်တော်၏ ကျေးဇူးတော်အားဖြင့် ကျွန်တော်တို့ရပ်တည်နိုင်ကြခြင်းဖြစ်ပါ သည်။ အဲဒီလို ထူးကဲတဲ့လူတွေ ဖြစ်လို့မဟုတ်ပါဘူး။ဒါပေမယ့် အဲ့ဒီလိုဖြစ်တဲ့အတွက်ကြောင့်တော့ ဖြစ်ပါသည်__ အခု ခြသေ့်၏နေ့ရက်ကာလကဲ့သို့ သို့မဟုတ် နွားထီး၏နေ့ရက်ကာလကဲ့သို့ သို့မဟုတ်လူ၏နေ့ရက်ကာလကဲ့သို့__ အဲ့လိုလင်းယုန်ငှက်၏နေ့ ရက်ကာလကဲ့သို့ဆိုပြီး ရှိပါတယ်။ ထိုအရာက အချိန်နာရီ၏ဘိသိက်သွန်းခြင်းနှင့် သက်ဆိုင်သောအရာများ ဖြစ်ပါတယ်။ အဲဒီလို အချိန်နာရီ၌ကျွန်တော်တို့ အသက်ရှင်နေကြရပါတယ်။ ယေရှုမသေကြောင်းကို သက်သေထူဖို့ ဤသို့သောချိန်းချက်တော်မူရာ အချိန်ကာလအတွက် သန့်ရှင်းသောဝိညာဉ်တော်၏အမှုပြုတော်မူချက်တည်တော်မူပါ။ ညနေခင်းအလင်းမကွယ်ပျောက်မှီ အခု လိုကိုယ်တော်အမှုပြုမည်ဟု ကိုယ်တော်မိန့်တော်မူခဲ့သည့် အမှုအရာတို့ရှိတော်မူပါသည်။

139 ၁၃၉။ ဒီလိုခရီးလမ်းတောက်လျှောက်အမှန်တကယ် ဆင်းကြွတော်မူ၍ အမှုပြုတော်မူခဲ့သည့် ကိုယ်တော်ရှင်ကို ကျွန်တော်တို့မြင်တွေ့ခဲ့ကြရပါတယ်။

သိပ္ပံပညာဆိုင်ရာသုတေသနပြုချက်၌သက်ရောက်မှုရှိခဲ့တဲ့ထိုအရာကို ကျွန်တော်တို့ မြင်တွေ့ခဲ့ကြရပါတယ်။ သူ့ရဲ့ဓာတ်ပုံရိုက်ကူးမှုကနေပြီးတော့မှာ ဖြစ်ပါတယ်။ မီးတိုင်တော်က ဣသရေလသားမြေးတို့ကိုလမ်းပြမှုပြုခဲ့ပါတယ်။ ကိုယ်တော်သည် ပေါလုနှင့် လမ်းမှာ တွေ့ဆုံတော်မူခဲ့ပါတယ်... အဲဒီတောကန္တာရ၌ ဒီလိုပြောင်းလဲခြင်းမရှိတဲ့ မီးတိုင်တော်ကမောရှေအား လမ်းပြမှုပြု ခဲ့သည်ကို ကျွန်တော်တို့သိကျွမ်းကြပါ၏။... ထိုပြောင်းလဲခြင်းမရှိသော မီးတိုင်တော်အားဖြင့် သူဟာမြောက်များစွာသော ကျမ်းစောင်များကိုရေးသားမှုပြုခဲ့ပါတယ်။ သူဟာ နှုတ်ကပတ်တော်နှင့်အတူ ဘိသိက်ခံရသူဖြစ်ခြင်းကြောင့်ဖြစ်ပါတယ်။

ဒမသက်မြို့သို့သွားရာလမ်းပေါ်က ပေါလုအပေါ်သို့ ဤသို့တူညီသော မီးတိုင်တော်ဟာသက်ရောက်ခြင်းရှိခဲ့ပါသည်။ သူ ဟာ သမ္မာကျမ်းစာထဲက မြောက်များစွာသောကျမ်းစောင်များကို ရေးသားမှုပြုခဲ့ပါတယ်။ ဘုရားသခင်၏ နှုတ်ကပတ်တော်ဟု ခေါ်ဆိုမှုပြုခဲ့ကြရပါတယ်။ ပြီးတော့ အခု ဘုရားသခင်ပြောင်းလဲခြင်းမရှိသောမီးတိုင်တော်ကို ကျမ်းစာအထောက်အထား သက်သေပြုချက်ဖြင့်၎င်း၊သိပ္ပံပညာဆိုင်ရာ သုတေသနပြုချက်ဖြင့်၎င်း၊ ဒီနေရာမှာ အဲဒါကို ကျွန်တော်တို့မြင်တွေ့ရခြင်းဖြစ်ပါတယ်။ ဘုရားနှုတ်ကပတ်တော်၏ ရှင်းလင်းဖွင့်ဆိုပြခြင်းပင်ဖြစ်ပါသည်။

140 ၁၄၀။ ဘုရားသခင်လူတ့ုိအား အလျင်အမြန်နိုးကြားခြင်းရှိစေတော်မူပါ။ ဘုရားသခင် မြန်စွာအမှုပြုတော်မူပါ!ထိုသူတို့၏အမည် ကို အသက်စာစောင်၌ စာရင်းဝင်စေတော်မူပါ။ သူတို့ရဲ့အလင်းကသူတို့ရဲ့လမ်းကို ထွန်းလင်းစေတော်မူပါ။ သူတို့အား တွေ့မြင် စေတော်မူပါ။ ထိုနေ့ရက်၌ ရေတွင်း၌ရှိသောမိန်းမပျက်လေးလိုပဲဖြစ်ပါတယ်။ သူမဟာ အလျင်အမြန် အသိအမှတ်ပြုခဲ့ပါတယ်။ အဲဒါက နှုတ်ကပတ်တော်ဖြစ်တယ်ဆိုတာကိုသူမသိကျွမ်းခဲ့ပါတယ်။

အခုအဖဘုရားသခင် အားလုံး ဒီအချိန်နာရီ၌ ကိုယ်တော်အား လက်ခံခြင်းဖြင့် ဒီအချိန်ကသူတို့သည် အပြစ်နှင့်အဆက် ဖျက်ပြီဆိုတဲ့ ထိုထာဝရတည်သောအရာ၌နေရာကျပြီဆိုတဲ့အဖြစ်သို့ ရောက်ဖို့ ကျွန်တော်ဆုတောင်းပါ၏။ ထိုသို့သောအရာကိုပေါ်ထွန်းစေတော်မူပါ။ သူတို့၏အပြစ်မှ လွတ်မြောက်ခြင်းရှိစေဖို့ယေရှုခရစ်တော်၏နာမတော်မြတ်၌ ဗတ္တိဇံပြုခံယူခြင်းနှင့်စပ်ဆိုင် သောအများရှေ့မှာ ဝန်ချတောင်းပန်ကြဖို့ရန်အခု ပြင်ဆင်မှုများကို ပြုတော်မူပါ။ ဘုရားသခင်က သူတို့ကို ခွင့်လွှတ်တော်မူတယ်ဆိုတာကို သူတို့ယုံကြည်အောင် ပြသတော်မူပါ။ ယေရှုခရစ်တော်၏ နာမတော်မြတ်၌ သူတို့ကိုအမှုပြုတော်မူပါ။

141 ၁၄၁။ ဒီနောက်ဖဘုရားသခင် သူတို့အပေါ်သို့ သန့်ရှင်းသောဝိညာဉ်တေ်ာဆီကိုသွန်းလောင်းမှုပြုတော်မူပါ။ သူတို့သည် ဘုရား သခင်၏ အစည်းအဝေးထဲသို့ရောက်ချင်လည်းရောက်ပါမည်။ သူတို့သည် ဒီနောက်ဆုံး နတ်ဆိုး၏နေ့ရက်ကာလ၌ အလုပ်လုပ်ရသူများ ဖြစ်ချင်လည်းဖြစ်သွားကြပါမည်။ ကျွန်တော်တို့မှာ တိုတောင်းသောအချိန်ကာလကိုပိုင်ဆိုင်ထားကြသည်ကို ကျွန်တော်တို့ နားလည်သဘောပေါက်ထားကြတဲ့အတွက် ဘယ်အချိန်မဆိုအသင်းတော်ကို ရုတ်သိမ်းမှုပြုတော်မူပါ။

ဘယ်အချိန်မဆိုအဲဒီမှာရှိတဲ့သန့်ရှင်းရာဌာနတော်မှ ဒါမှမဟုတ်ယဇ်ပူဇော်ရာပလ္လင်မှ သိုးသူငယ်တော်စွန့်၍ကြွလာတော် မူနိုင်ပါတယ်။ ယဇ်ကောင်တင်တဲ့ ဘုရားသခင်၏ ယဇ်ပလ္လင်တော်မှကြွလာတော်မူနိုင်ပါတယ်။ ဒီနောက် အဲဒါက ကုန်ဆုံးသွားပါ မည်။ အဲ့မှာ လောကအတွက်အဘယ်သို့သော မျှော်လင့်စရာအကြောင်းမှ ထပ်မရှိနိုင်တော့ပါဘူး။ သူကအဆုံးသတ်ခဲ့ပြီဖြစ်ပါ သည်။ ဒီနောက် သူဟာ ရုတ်တရက်ကြီးစွာသော မြေငလျင်လှုပ်ခြင်း၏လွှမ်းမိုးဆီသို့ ဝင်ရောက်ကြရမည်ဖြစ်ပါတယ်။ အကြီးအ ကျယ်လှုပ်ရှားမှုဖြစ်ပါတယ်။အဲ့လို ရှင်ပြန်ထမြောက်ခြင်း၌ ဖြစ်ခဲ့ဖူးသလိုမျိုးပါပဲ။

ခရစ်တော်သင်္ချိုင်းတွင်းကနေ ထမြောက်ခဲ့သလိုမျိုးဖြစ်ပါတယ်။ သူတော်စင်တို့ ထမြောက်တဲ့အခါဖြစ်သလိုမျိုးဖြစ်မှာဖြစ် ပါတယ်။ ဘုရားသခင် အဲဒါက ဘယ်အချိန်မှာမဆိုဖြစ်နိုင်ပါတယ်။ ထိုသို့သော ဝမ်းမြောက်ခြင်းနေ့ရက်ဆီသို့ ထွက်ခွာဖို့ရာ ကျွန် တော်တို့ စောင့်ကြည့်လျက်နေကြပါတယ်။ကိုယ်တော်၏လက်တော်ဖြင့် ကိုယ်တော်၏သားသမီးတို့ကို ခေါ်ဆောင်မှုပြုတော်မူပါ။ဖဘုရားသခင် အခုပါ။ ကိုယ်တော်ရဲ့ရင်ခွင်ထဲသို့ ကိုယ်တော်ရဲ့ သားသမီးလေးတွေကိုဆွဲသိမ်းတော်မူပါ။ ထိုသို့ချပေးသနားတော် မူပါ။ ဝတ်ပြုကိုးကွယ်ခြင်းအတွက် သူတို့မှာခွန်အားရှိလာချိန်အထိ သူတို့အား နှုတ်ကပတ်တော်ကို ကျွေးမွေးမှုပြုတော်မူပါ။

142 ၁၄၂။ ကျွန်တော်တို့အခု သူတို့ကို ကိုယ်တော်ထံသို့ အပ်နှံမှုပြုကြပါတယ် ဘုရားသခင်။ဤဆုတောင်းချက်တွေကို အဖြေပေး တော်မူပါ။ ကိုယ်တော်ရှင် ခမည်းတော်ကို မာကုအခန်းကြီး ၁၁ မှာ မိန့်တော်မူခဲ့ပါတယ်။ ‘သင်တို့သည် ဆုတောင်းကြစဉ်အခါ ဆု တောင်းချက်တို့သည် တည်တော်မူမည်အကြောင်းသူတို့ တောင်းလျှောက်သောအရာကို သင်တို့သည် ခံရကြမည်အကြောင်းကို ယုံကြည်လော့’ ဆိုပြီးတော့မှပါ။ နှစ်ကာလများတောက်လျှောက် ဒီလိုဖော်ပြတော်မူသည့် ကိုယ်တော်ရှင်ထံသို့ကျွန်တော်၏နှလုံး သားတစ်ခုလုံးကို အပ်နှံမှုပြုတော်မူပါတယ်။ ဒီနောက်ဆုံးသီတင်းအပတ်၌ ဤသို့သောတံဆိပ်များရှိပါမည်။ ကျွန်တော် ကိုယ်တော် ကိုယုံကြည်ပါတယ်။ ထာဝရဘုရားသခင် ထိုသို့သောအချိန်နာရီက အခုနီးနေပြီဖြစ်ပါတယ်။ကျွန်တော်တို့ ထင်ထားတဲ့အချိန်နာရီ ထက်ကို ပို၍ နီးကပ်နေပြီဖြစ်ပါတယ်။ ကိုယ်တော်ချဉ်းကပ်တော်မူခြင်းအရာ၌ တည်တော်မူပါတယ်။

ကျွန်တော်ရဲ့ဆုတောင်းချက်ကိုကျေးဇူးပြု၍ အဖြေပေးတော်မူပါ။ ဒီအကွာအဝေးအတွင်း ကြားနာသူအယောက်တိုင်းကိုဘုရားသားသမီးဟု ခေါ်ဝေါ်မှုပြုစေတော်မူပါ။ တိပ်ခွေတွေကို ထိရောက်စေတော်မူပါ။အဲဒီအချိန်... ဘုရားသခင်၏ နိုင်ငံတော်အ တွက် သူတို့ကိုကျွန်တော်ကြွေးကြော်မှုပြုထားပါတယ်။ နှုတ်ကပတ်တော်က ဖော်ပြခြင်းဖြစ်တယ်ဆိုတဲ့ဤလိုအခြေခံကျကျ သိ ကျွမ်းခြင်းအပေါ်၌ တည်တော်မူပါ။ ညနေခင်းအလင်းကိုထွန်းလင်းစေတော်မူပါ ဖဘုရားသခင်။ ယေရှုနာမ၌ သူတို့ကို ကိုယ်တော် ရှင်ထံသို့ကျွန်တော်အပ်နှံမှုပြုပါတယ်။ အာမင်။

143 ၁၄၃။ အခုယုံကြည်တယ်ဆိုသော အတွင်းကရော၊ အပြင်က လူတွေပါ ခင်ဗျားတို့ဟာအပြစ်နဲ့အဆုံးသတ်ပြီဆိုတဲ့ ခင်ဗျားတို့ရဲ့ အများရှေ့မှာ အပြစ်ဝန်ချတောင်းပန်မှုမလုပ်ခဲ့ကြဖူးတဲ့လူတွေရှိပါမည်။ ခင်ဗျားတို့ဟာ ဘုရားသခင်၏ မေတ္တာတော်တွေကို အလိုရှိကြပါမည်။

ပြီးရင် ယေရှုခရစ်တော်၌ သူတို့ကို လက်ခံပြီးသားဖြစ်ပါသည်။ရေကန်ရှိပါတယ်... သူတို့က ဗတ္တိဇံခံယူချင်တဲ့ ဘယ်သူအတွက်မဆို ဗတ္တိဇံခံဖို့ အဆင်သင့်လုပ်ထားပြီးပါပြီ__ ဒီနေ့ ဒါမှမဟုတ်မနက်ဖန် ဒါမှမဟုတ် အခုချက်ချင်းပဲဖြစ်ဖြစ် ဘယ်အ ချိန်မဆို လုပ်လို့ရပါတယ်။

ခင်ဗျားတို့ဆဋ္ဌမမြောက်တံဆိပ်၌ ဝမ်းမြောက်ခြင်းရှိခဲ့ကြပါသလား? အခု အဲဒါကို ဘယ်နေရာမှာ ဖွင့်လှစ်မလဲဆိုတာကို မြင်ပါသလား? ခင်ဗျားတို့ အဲဒါကို ယုံကြည်ပါသလား? ကျွန်ုပ်တို့ရဲ့တင်ပြချက်ကိုဘယ်သူယုံကြည်ပါသနည်း။ ဘုရားသခင်၏ လက်တော်က ဖော်ပြတော်မူပါမည်__ လက်တော်ကဘုရားသခင်၏နှုတ်ကပတ်တော်က ရှင်းလင်းဖွင့်ဆိုပြတော်မူခဲ့ခြင်းဖြစ်ပါ သည်။

144 ၁၄၄။ အခုဘုရားသခင်အလိုတော်အတိုင်းပါပဲ။ မနက်ဖန်မနက်ဖြစ်ပါမည်။ အဲဒီမေးခွန်းတွေကိုကျွန်တော်အကောင်းဆုံးဖြေဆို မှုပြုဖို့ ကြိုးစားသွားပါမည်။ ကျွန်တော်ကျန်တဲ့ညတွေမှာလည်း အချိန်ယူသွားချင် အချိန်ယူသွားပါမည်။ ဒါမှမဟုတ်အဲဒါအများဆုံး တော့ပါပါမည်။ သူတို့ကိုကျော်ပြီး ဆုတောင်းထားတာတွေလည်း ရှိပါမည်။ ကျွန်တော် တစ်ညတည်းမှာတစ်နာရီကနေ သုံးနာရီ လောက်ကြာသွားခဲ့ပါတယ်။ အဲဒီတစ်ခုရောက်တဲ့ နောက်ဆုံးညအထိ ကျွန်တော်လုံးဝအိပ်မပျော်ခဲ့ပါဘူး။ ကျွန်တော်သုံးနာရီ လောက်အထိ လေ့လာခဲ့တာဖြစ်ပါတယ်။ ကြည့်ပါ။ ဒီအတွက် ကျွန်တော်မှာအဖြေပေးစရာအကြောင်းရှိပါတယ်။ အဲဒါအမှန်ပါ။... ဘယ်လိုကိစ္စအတွက်မဆို... ဘယ်လိုအရူးထဖို့အတွက်မဆို ဒါမှမဟုတ်ဘယ်လိုထောက်ခံပွဲအတွက်မဆို ဒါမှမဟုတ် ဟိုမရောက် ဒီမရောက်အတွက်ဆိုရင်ကျွန်တော်တို့ဟာ သိပ်ကို သေသေချာချာရှိနေတတ်ပါတယ်။ ပထမဆုံး ကျွန်တော်တို့ဟာ အဲဒါကိုမြင်ရ မှာပါ။ ဒီနောက် အဲဒါကို ကျွန်တော်မြင်တဲ့အခါ အဲဒါကလည်း နှုတ်ကပတ်တော်၌တည်တော်မူမည်ဖြစ်ပါတယ်။ ဒါမှဝေးကွာသွား မှာဖြစ်ပါတယ်။ ဘုရားသခင်၏ကျေးဇူးတော်အားဖြင့်ပါ။ သူတို့သည် ပြီးပြည့်စုံစွာဖြင့်... လမ်းတစ်လျှောက်လုံးကနေ အဲဒါကို ကျွန် တော်သိမ်းပိုက်ခဲ့ခြင်းဖြစ်ပါတယ်။ခင်ဗျားတို့ ထိုအရာကို သိပါတယ်။ အဲဒါကို အခု အမှန်တကယ်အတူတကွ ရောထားခြင်းဖြစ်ပါတယ်။

အဲဒီမှာ 'ထို့ကြောင့် ဘုရားသခင် မိန့်တော်မူတယ်။' ဆိုတဲ့အရာရှိရပါမည်။ ဘာဖြစ်လို့လဲဆိုရင်အဲဒါက ကျွန်တော်ပြောခဲ့ ဖူးတဲ့အရာ ဖြစ်ရုံမျှသာမက ကျွန်တော်ကိုယ်တိုင် သိခဲ့ရတဲ့အရာဖြစ်ရုံသာမကပါဘူး။ 'ထို့ကြောင့်ဘုရားသခင်မိန့်တော်မူတယ်' ဆိုတဲ့ဘုရားသခင်၏နှုတ်ကပတ်တော်လည်း ဖြစ်ပါတယ်။ ဒီနေရာမှာရှိတဲ့နှုတ်ကပတ်တော်ကကိုယ်တော်ရှင် ကျွန်တော့်ကို ပေး သနားတော်မူတဲ့အရာဖြစ်တယ်။ ပြီးတော့ထိုအမှုနဲ့အတူတကွ ရောနှော၍တည်တော်မူတယ်။ ပြီးတော့ ထိုသို့ဖြစ်ခြင်းကိုလည်း ပြသတော်မူတယ်။ ဒါကြောင့် ခင်ဗျားတို့ကိုယ်၌ကလည်း 'ထို့ကြောင့် ဘုရားသခင်မိန့်တော်မူတယ်' ဆိုတာကို သိခွင့်ရကြပါလိမ့် မည်။

145 ၁၄၅။ ထို့ကြောင့်ဒီနေရာမှာ နှုတ်ကပတ်တော် မိန့်တော်မူထားတာရှိပါတယ်။ ဒီနောက် ဗျာဒိတ်တော်ကိုကိုယ်တော်ရှင်က ကျွန် တော်အား ပေးသနားတော်မူပါတယ်။ ထိုသို့သောအရာကကျွန်တော်တို့ စဉ်းစားခဲ့ဖူးသမျှအရာများနှင့်တော့ ဆန့်ကျင်ဘက်ဖြစ် နေပါမည်... ဘာကြောင့်ပါလဲ။ ကျွန်တော်တို့ စဉ်းစားမိတာနဲ့မတိုက်ဆိုင်ဘူးဖြစ်နေပါမည်။ ဘာဖြစ်လို့လဲဆိုရင် ကျွန်တော်က အဲဒီလိုရှိနေတဲ့နေရာထဲကို လုံးဝမရောက်ဖူးခဲ့လို့ဖြစ်ပါတယ်။ ဒါပေမယ့် အခု ကျွန်တော်တို့အဲဒီအကြောင်းကို တစ်ချက်ချင်းအတူတကွ အမှန်တကယ် ရှာဖွေသွားကြပါမည်။ ပြီးတော့ အဲဒါကဘာဖြစ်ပါသနည်း? အဲဒါက 'ဘုရားသခင်၏မိန့်တော်မူခြင်း' ဖြစ်ပါတယ်။ အဲဒါက အဲဒီအတိုင်းအတိအကျပါပဲ။ အဲ့လိုနေရာတစ်ခု ဖွင့်ခဲ့ဖူးပါတယ်။ အဲဒီလိုဖြစ်ခဲ့ဖူးတာကဒီအချိန်နာရီထိကို ရောက်လာခဲ့ပြီ ဖြစ်ပါတယ်။ ဒီနောက် ဘုရားသခင် ကြွလာတော်မူ၍အဲဒီလိုအထဲကို အမှန်တကယ် တွန်းထည့်လိုက်စရာအကြောင်းရှိပါတယ်။ ဒါ ကြောင့်ခင်ဗျားတို့ကြည့်ပါ။ အဲဒါက ဒီလိုရှိပါတယ်။ အဲဒါက ဘုရားသခင်ဖြစ်ပါတယ်။ အိုကိုယ်တော်ကို ကျွန်တော်ချစ်ပါတယ်။ ကျွန်တော်စိတ်နှလုံးအကြွင်းမဲ့နှင့်ကိုယ်တော်ကို ကျွန်တော်ချစ်တာဖြစ်ပါတယ်။

အခုမှတ်ထားကြပါ။ ခင်ဗျားတို့ကို ရောက်လာပါမည်။ ကျွန်တော်တို့ကတော့ ပလ္လင်ရှေ့သို့ရောက်စရာအကြောင်းမရှိပါ။ (များစွာသောအရာက သူတို့ရဲ့လက်ကို မြှောက်စေခဲ့ပါတယ်။)အခုကြည့်ပါ။ အဲဒါက ခင်ဗျားတို့ တစ်ဦးတစ်ယောက်ချင်းစီနဲ့ဆိုင် တဲ့ကိစ္စဖြစ်ပါတယ်။ဘာပဲဖြစ်ဖြစ် ခင်ဗျားတို့ လုပ်ချင်တယ်ဆိုရင်တော့ ကြည့်ကြပါ။ အချိန်နာရီကလက်ဝယ်ရောက်လာဖို့ သိပ်နီး နေပြီဖြစ်ပါတယ်။ ခင်ဗျားတို့ နိုင်သလောက်ကြိုးကြိုးစားစားနဲ့ ဖိဖိစီးစီးလုပ်ဆောင်သင့်ပါတယ်။__ ဆွဲယူစရာအကြောင်းမရှိပါဘူး။ အခုပဲ ဖိပြီးလုပ်ဆောင်ကြပါ။အထဲကိုရောက်အောင်ကြိုးစားကြပါ။ 'ဘုရားသခင်ကျွန်တော့်ကိုအပြင်သို့ရောက်စေတော်မမူပါနှင့်။ ကျွန်တော့်ကို အပြင်မရောက်စေပါနှင့် ဘုရားသခင်။တံခါးတွေက ပိတ်နေပြီဖြစ်ပါတယ်။ တကယ်လို့ အထဲကို ကျွန်တော်ဝင်လို့ရ မယ်ဆိုရင်...' ဆိုပြီးတော့ ရှိကြပါ။

146 ၁၄၆။ တစ်နေ့မှာဘုရားသခင်က တံခါးကို ပိတ်လိုက်မှာဖြစ်ပါတယ်။ ကိုယ်တော်သည် နောဧ၏နေ့ရက်ကာလ၌အမှုပြုတော်မူခဲ့ ပါသည်။ သူတို့ဟာ တံခါးကို ထုရိုက်မှုပြုခဲ့ကြပါတယ်။ အဲဒါဟုတ်လား? အခု မှတ်ထားပါ။ သမ္မာကျမ်းစာကသတ္တမမြောက်နာရီ၌ အဲဒီအကြောင်းကို မိန့်တော်မူထားပါတယ်... အဲဒါဟုတ်လား?ပထမနာရီ၊ ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ပဉ္စမ၊ ဆဋ္ဌမ၊ သတ္တမနာရီတွေ မှာ တချို့ဟာအိပ်ပျော်နေကြပါတယ်။ ဒါပေမယ့် အဲဒီက သတ္တမမြောက်နာရီကဆက်လက်၍ ကြေညာစရာတစ်ခုကိုကြေညာဖို့ ရောက်လာပါမည်။ ငိုကြွေးစရာအကြောင်းတစ်ခုရှိပါတယ်။ 'သတို့သားရောက်လာပြီ။သူ့ကိုတွေ့ဖို့ ထွက်ခွာလော့' ဆိုပြီးတော့မှ ဖြစ်ပါသည်။ အိပ်ပျော်နေတဲ့အပျိုစင်က 'ပြောပါ။ ကျွန်မကို အခုအဲဒီထိနည်းနည်းပေးလို့ ရမလား' ဆိုပြီးတော့မှပြောပါမည်။

သတို့သားက 'ငါ့အတွက်ပဲ လုံလုံလောက်လောက်ရှိတာပါ။အခု လုံလုံလောက်လောက်ရှိရပါမည်။ တကယ်လို့ မင်းလို ချင်တယ်ဆိုရင် မင်း အဲဒါကိုတက်သွားပြီးတောင်းလော့' ဟုပြောပါမည်။

အခုအိပ်ပျော်နေတဲ့အပျိုစင်ကို ခင်ဗျားတို့ မမြင်ကြဘူးလား? Episcopqlians, Presnbyterians,Lutheran နှင့်ဂုဏ်းဂ ဏတိုင်းက ကြိုးစားနေကြပါတယ်... ပြီးတော့ အဲဒါရဲ့ပြည့်ဿနာကသန့်ရှင်းသောဝိညာဉ်တော်ကို ရဖို့ကြိုးစားရမည့်အစား သူတို့ဟာ အခြားသောဘာသာစကားပြောဖို့ကို ကြိုးစားနေကြခြင်းဖြစ်ပါတယ်။ သူတို့အများကြီးကအခြားသောဘာသာစကားပြောကြပါ တယ်။

ဒီအသင်းတော်ကို ရောက်လာပြီး ဆုတောင်းဖို့အတွက်တော့ရုက်တတ်ကြပါတယ်__ ကျွန်တော့်ကိုသူတို့ရဲ့အိမ်ကိုလာပြီး သူတို့အတွက် ဆုတောင်းပေးစေချင်ကြပါတယ်။ အဲဒါကိုခင်ဗျားတို့သန့်ရှင်းသောဝိညာဉ်တော်ဟု ခေါ်ပါသလား ?အဲဒါကသန့်ရှင်း သောဝိညာဉ်တော်မပါဘဲအခြားသောဘာသာစကားပြောခြင်းဖြစ်ပါတယ်။

147 ၁၄၇။ အခြားသောဘာသာစကားပြောခြင်း၌သန့်ရှင်းသောဝိညာဉ်တော်ရှိတော်မူတယ်ဆိုတာကို ကျွန်တော်ယုံကြည်ပါတယ်။ အဲဒီလိုကျွန်တော်ယုံကြည်တာကို ခင်ဗျားတို့လည်းသိပါတယ်။ ကြည့်ပါ။ ဒါပေမယ့် အဲဒါကိုလည်းအတုလုပ်ထားလို့ရတဲ့တစ်ခုရှိပါ တယ်။ ဟုတ်ပါတယ် ဆရာ! ဝိညာဉ်တော်၏အသီးတွေက အဲဒါကဘာလဲဆိုတာကို သက်သေပြပါမည်။ အပင်ရဲ့အသီးက အပင် ရဲ့အမျိုးအစားကို ဖော်ပြပါတယ်။အမွေးမဟုတ်ဘူးနော်။ အသီးဖြစ်ပါတယ်။

အခုသတိထားပါ။ဒီနောက် သူရောက်လာတဲ့အချိန်ရှိပါမည်။ နောက်ဆုံးအချိန်ပါ... ဒီနောက် အဲဒီအထဲ သူတို့ရောက်သွား ကြစဉ်အခါ သူတို့သွားပြီးပြောခဲ့ကြတာက 'ဟုတ်ပြီ။အခု အဲဒါကို ကျွန်တော်ရတယ်လို့ ကျွန်တော်ယုံကြည်တယ်။ အဲဒါကို ကျွန် တော်ရတယ်လို့ ကျွန်တော်ယုံတယ်။ ဟုတ်တယ်။အဲဒါကို ကျွန်တော်တို့ ပိုင်ဆိုင်ကြတယ်' ဆိုပြီးတော့ ဖြစ်ပါမည်။

148 ၁၄၈။ ဒီလိုမပြောတာကကျွန်တော့်အတွက် ပိုကောင်းပါသည်။ ကြည့်ပါ။ ဘာဖြစ်လို့လဲဆိုရင် အဲဒါကရှုပ်ထွေးမှုတစ်ခုကို ဖြစ် စေနိုင်လို့ပါ။ တခြားနေ့ရောက်လာမယ်ဆိုပြီးတော့ပါ... အခု ခင်ဗျားတို့ အဲဒါကိုဖြစ်မယ်လို့ပြောရင် အမှန်ပါပဲ။ဟုတ်ပါပြီ။ ခင်ဗျား ဆီမှာ ဖြစ်လာပါမည်။ အပျိုစင်အိပ်ပျော်နေတဲ့ အချိန်နာရီကိုကြည့်ပါ။ သူမဟာ ရောက်လာဖို့ ဆုတောင်းပါပြီးပြီပဲလို့ ထင်နေတာ ဖြစ်ပါတယ်။သတို့သားကို ထွက်သွားခိုင်းလိုက်တာဖြစ်ပါတယ်။

အဲဒီလိုသွားတော့အဲဒါကို သူမမသိတာဖြစ်ပါတယ်__ညအချိန် သူခိုးကဲ့သို့လာမှာဖြစ်ပါတယ်။ ဒီနောက် သူတို့ဟာ တံခါး ကိုစရိုက်ရပါတော့သည်။ ဘာတွေ ဖြစ်ခဲ့ကြပါသလဲ ?ဘာဖြစ်ခဲ့ပါသလဲ ? သူတို့ဟာအေးဒဏ်ကြီးကာလထဲသို့ မောင်းထုတ်ခံခဲ့ရပါ တယ်။ နှုတ်ကပတ်တော်က အဲ့မှာဝမ်းနည်းခြင်း၊ ငိုကြွေးမြည်တမ်းခြင်းနှင့် အံသွားခဲကြိတ်စရာအကြောင်းတို့ပေါ်ထွက်မည်ဟု ပြောထားပါတယ်။ အဲဒါဟုတ်လား ?

149 ၁၄၉။ ဘယ်အချိန်ဒီလိုဖြစ်လာမှာလဲ ညီအစ်ကိုတို့၊ ညီအစ်မတို့ ?ကျွန်တော်လည်း မသိပါဘူး။ ဒါပေမယ့်... အဲဒါက အခု ဒီနေရာ က ကျွန်တော်သိမှာလည်းဖြစ်ချင်ဖြစ်သွားနိုင်ပါတယ်။ အခု ကြည့်ပါ။ ဒါက ကျွန်တော့်ရဲ့အတွေးပါ။ မြင်လား ? အဲဒါက သိပ်နီးနေ ပြီလို့ကျွန်တော်ယုံပါတယ် ! နေ့ရက်စဉ်တိုင်း ကျွန်တော်ဖြစ်စေချင်တာက... တတ်နိုင်သလောက်ကျွန်တော်ဟာ ညင်ညင်သာသာ လှမ်းလျှောက်ဖို့ အခုလိုကြိုးစားသွားရပါမည်။ ပြီးတော့ခင်ဗျားတို့သိပါတယ်။ အဲ့လိုတစ်ခုခုဖြစ်ခဲ့ဖူးတာက ဒီကနေ့မှာ ရောက်လာစရာအကြောင်းရှိတဲ့ တစ်စုံတစ်ခုသောအရာလို့ ကျွန်တော်မြင်ပါတယ်။ ကျွန်တော်အခု... ကျွန်တော်အသက်ရှူမှုက ဒီထက်ပိုရလာနိုင်စရာအကြောင်းမရှိတော့ပါဘူး။ ကြည့်ပါ။ အဲ့မှာ ကိုယ်တော်ရှိခဲ့ဖူးပါတယ်။ အဲ့မှာရပ်နေတော့ အဲဒီအလင်းက အဲဒီကို အမှန်တ ကယ်ရောက်လာပြီး ဒီလိုမျိုးတွေဖြစ်ခဲ့တာပါ။အဲဒါက သမ္မာတရားဆိုတာကို ကျွန်တော်သိပါတယ်။

ကျွန်တော်က 'ဘုရားသခင် အဲဒီလိုကျွန်တော်မပြောနိုင်ပါဘူး။ အဲဒါကို ကျွန်တော်မပြောနိုင်ဘူး။ ကျွန်တော် မတတ်နိုင်ဘူး' လို့ ထင်ခဲ့မိပါတယ်။ကျွန်တော်ဟာ အခုလို အခန်းထဲကနေ အပြင်ကိုထွက် လမ်းထွက်လျှောက်ကာ ဟိုသွားဒီသွားကို လျှောက်လမ်းခဲ့ရတာဖြစ်ပါတယ်။ ကျွန်တော်က 'ကျွန်တော်ဘာလုပ်နိုင်တာလဲ ?' ဆိုပြီးတွေးခဲ့ဖူးပါတယ်။ ကျွန်တော်ငါးသွားမျှား မယ်၊ ဒါမှမဟုတ် တစ်ခုခုလုပ်ပါမည်၊ဒါမှမဟုတ် ကျွန်တော်... ဘုရားသခင် ကိုယ်တော်က... ကျွန်တော် ခင်ဗျားတို့ကို ပြောလို့ကို မရနိုင်တာပါ !

150 ၁၅၀။ ကျွန်တော်တို့ဟာအချိန်ကောင်းတစ်ခုကို ပိုင်ဆိုင်ထားကြပါတယ်။ ကျွန်တော်တို့ မပိုင်ထားကြဘူးလား ? ဘုရားသခင်ကို ချီးမွမ်းကြပါ ! အာမင်။ကျွန်တော်တို့ဟာ ကြောက်စရာကောင်းတဲ့ အချိန်နာရီတစ်ခုမှာ ရောက်နေကြပါတယ်။ ကြည့်ပါ။အဲဒီအ တွက်... ကျွန်တော့်နှလုံးသားကတော့ ပျော်ရွှင်ဝမ်းမြောက်ခြင်းနှင့်ပြည့်လျှံလျက်ရှိပါတယ် ! ဒါပေမယ့် ဒီလောကအကြောင်း ကျွန် တော်စဉ်းစားမိလိုက်တာနဲ့ ဆုံးရှုံးခြင်းသို့ကျွန်တော်သိထားတဲ့အရာ ထောင်သောင်းချီပြီးရှိပါတယ်__ အရိပ်မည်းတွေရှိပါတယ်__ဒီနောက် ကျွန်တော်နှလုံးသားမှာ အခုသွေးတွေစီးကျနေပါတယ်။ ခင်ဗျားတို့ဘာလုပ်နိုင်ပါသလဲ ? ခင်ဗျားလုပ်နိုင်တာဘာပါလဲ ?...

အခုခင်ဗျားတို့ရဲ့နှလုံးသားမှာ သန့်ရှင်းသောဝိညာဉ်တော်က ငိုကြွေးလျက်ရှိသည်ကိုခင်ဗျားတို့ ခံစားကြည့်လို့ရပါတယ်။ အဲဒါက ယေရုရှလင်မြို့နှင့် သူ၏လူတို့ကိုကိုယ်တော်ကြည့်ရှုတော်မူစဉ်အခါ ကျွန်ုပ်တို့ဘုရားသခင်ခံကိုခံစားရမယ့်အရာမျိုးလိုပါ ပဲ။ 'ယေရုရှလင်၊ ယေရုရှလင် ကြက်မဟာ သူရဲ့ဥတို့ကို လွှမ်းခြုံသကဲ့သို့ သင်တို့ကို ငါဘယ်နှခါလောက်အုပ်စိုးခဲ့ပြီးဖြစ်သလဲ။ သို့ သော်သင်တို့သည် လက်မခံကြ။' ဟုမိန့်တော်မူခဲ့ပါတယ်။ အခု ခင်ဗျားတို့ သန့်ရှင်းသောဝိညာဉ်တော်မိန့်တော်မူတဲ့ 'ဘယ်နှကြိမ် လောက် သင်တို့ကို ငါစုသိမ်းရမည်နည်း။သို့သော် သင်တို့သည် မလာကြ' ဆိုတာကိုခံစားမိကြပါမည်။

151 ၁၅၁။ ကျွန်တော်တို့ဟာဒီလိုတစ်ခုခုသောအရာပေါ်မှာ အမှန်တကယ်ရှိနေကြတာပါ မိတ်ဆွေတို့။ အဲဒါကဘာဖြစ်ဖြစ်ပါ။ဘုရား သခင်ဆီ ကျမ်းတော်မူပါတယ်။ ဘယ်သူမှ ဘယ်သူမှ ဘာဖြစ်လာမလဲဆိုတာ မသိကြပါဘူး။အဲဒါက လျှို့ဝှက်ချက်တစ်ခုဖြစ်ပါ တယ်။ ဘာဖြစ်မလဲဆိုတာ ဘယ်သူမှမသိကြပါဘူး။ ဒါပေမယ့်ယေရှုက ကျွန်ုပ်တို့ကို 'ဒီလိုအရာတွေကိုသင်တို့တွေ့မြင်ကြရတဲ့ အခါ...' လို့မိန့်တော်မူခဲ့ပါတယ်။ ဒီလိုမျိုးဖြစ်နေတဲ့အရာအကုန်လုံးဟာအခုအဲ့လိုရှိတယ်...ဖြစ်ခဲ့ဖူးတယ်။ မဿဲ ၂၄ ကကိုယ်တော် မိန့်တော်မူသောအရာနဲ့ ဆင္ဂမမြောက်တံဆိပ်ကိုနှိုင်းယှဉ်ကြည့်ပါ... ကိုယ်တော်ရှင်မိန့်တော်မူခဲ့တဲ့အရာတွေကိုအမှတ်ရကြပါ။ 'ဒီလိုအရာတွေဖြစ်လာတာကို သင်တို့တွေ့မြင်ရစဉ်အခါ...ပြည့်စုံခြင်းသည် ရောက်လာမည်။ ဒီနောက် အချိန်က တံခါးဝကို ရောက် နေပြီ။' ဆိုတာရှိပါတယ်။

ပြီးခဲ့တဲ့နောက်ကျန်ပိုဒ်ကို စောင့်ကြည့်နေကြပါ။—အခန်းငယ် ၃၀ နဲ့ ၃၁ မှာပါ။ အဲဒါကို ဆက်ဆွဲချသွားပါ။ အခန်းငယ် ၃၂ နဲ့ ၃၃မှာရှိပါတယ်။ ကိုယ်တော်က 'ကိုယ်တော်သည်သူ၏ကောင်းကင်တမန်တို့ကို ကောင်းကင်၏ အရပ်လေးမျက်နှာသို့ စေ လွှတ်တော်မူမည်။ တိုက်ခိုက်သောလေလေးပါးဖြစ်၏။သူ၏ ရွေးချယ်သောသူတို့ကို စုသိမ်းဖို့ဖြစ်တယ်' ဟု မိန့်တော်မူထားပါ တယ်။ အဲဒါဟုတ်လား? 'အခု လေ့လာနေတာက…' လို့ ပြောဖူးပါတယ်။

152 ၁၅၂။ အခုမှတ်ထားပါ။ အဲဒီမှာ ကိုယ်တော်ဟုအမှန်တကယ်ရပ်တန့်စေခဲ့ဖူးပါတယ်။ ကိုယ်တော်ဟာ ဆဋ္ဌမမြောက်တံဆိပ် နောက်မှာ ဖြစ်မယ်လို့ လုံးဝမသွားထားဘူးနော်။သတ္တမမြောက်တံဆိပ်အောက်မှာ ဘယ်လိုမျိုးမဆိုဖြစ်မယ်လို့ မပြောခဲ့ဘူးနော်။ကိုယ်တော်က ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ပဥ္စမ၊ ဆဋ္ဌမဆိုပြီး မိန့်တော်မူခဲ့ပါတယ်။ဒါပေမယ့် အဲ့မှာတော့ ကိုယ်တော်ဟာ ရပ်ထားလိုက်ပါတယ်— ဘယ်လိုကိစ္စ အကြောင်းကိုမှဖော်ပြထားခြင်းမရှိပါဘူး…

ကိုယ်တော်မိန့်တော်မူခဲ့တဲ့အခြားကိစ္စတစ်ခုကို ကြည့်ပါ။ 'အခုပုံပမာတစ်ခုကိုလေ့လာပါ။' ဆိုတာဖြစ်ပါတယ်။မြင်လား? ဒီနောက် ကိုယ်တော်ဟာ ပုံပမာတွေနဲ့ အစပြုခဲ့ပါတယ်။ 'ဤသို့သောအရာများ ဖြစ်မည်။' ဟု မိန့်တော်မူခဲ့ပါတယ်။ ကိုယ်တော်ကသူတို့ကို မေးခွန်းသုံးခုအား အဖြေပေးခဲ့ပါတယ်။ 'ဤသို့သောအရာသည် မည်သို့ပေါ်ထွန်းလာမည်နည်း။ ကိုယ်တော်၏ကြွလာ တော်မူခြင်းက မည်သို့ဖြစ်မည်နည်း? လောက၏အဆုံးသတ်ခြင်း နိမိတ်လက္ခဏာကမည်သို့နည်း?' ဆိုတဲ့အရာတွေဖြစ်ပါတယ်။အဲဒီဆဋ္ဌမမြောက်တစ်ခုက လောကကြီး၏အဆုံးသတ်ပင်ဖြစ်ပါတယ်။သတ္တမမြောက်ကောင်းကင်တမန်သည် လက်ကိုမြှောက်၍ ကိုယ်တော်အားဖြင့်ထာဝရအသက်ရှင်ခြင်းအကြောင်းနှင့် သည်ထက်ပို၍ အချိန်မရှိကြောင်းကိုကျိန်ဆိုမှုခြင်းကို ကြားရမယ်ဆိုတဲ့ အရာရှိပါတယ်။

153 ၁၅၃။ ကမ္ဘာမြေကြီးဟာအသစ်သောကမ္ဘာတစ်ခုအဖြစ် ဖွားမြင်ခြင်းကို ခံရပါမည်။ အဲဒါကလွန်မြောက်သွားမှာဖြစ်ပါတယ်။ ပြီး တော့အခု ကျွန်တော်တို့ဟာ ဒီလိုတံခါးဝမှာ အမှန်တကယ်ရှိနေကြတာပါ! အိုကျွန်တော်တုန်လှုပ်ခြောက်ခြားမိပါတယ်! ပြီးတော့ ကျွန်တော် လုပ်ကိုလုပ်ရမှာကဘာဖြစ်ပါသလဲ ဘုရားသခင်! ကျွန်တော် ဘာကိုလုပ်နိုင်ပါမည်နည်း? ဒီနောက် အခုအဲဒီနေရာကအဲဒီလိုတန်ဖိုးရှိတဲ့လူတွေကို တွေ့ရမယ်လို့ တွေးမိတာဖြစ်ပါတယ်။

ကျွန်တော်ကိုယ်တိုင်အဲဒီမှာ မတ်တပ်ရပ်ပြီး ကြည့်ခဲ့ဖူးပါတယ်။ ကျွန်တော်တွေးမိတာက 'အို ဘုရားသခင် ဘာလဲဆိုရင် … သူတို့အဲဒါကို ဖျောက်လို့မရကြပါဘူး။ ကျွန်တော် သူတို့ကိုတွန်းထည့်ပေးပါတယ်။ ကျွန်တော် ခုချက်ချင်း ပရိသတ်ထဲဆင်းပြီး ဟောပြောကာ သူတို့ကိုခေါ်ပြီးတွန်းထည့်ပစ်သင့်ပါတယ်။…' လို့တွေးမိပါတယ်။ ခင်ဗျားတို့ကအဲ့လိုမဖြစ်နိုင်ကြလို့ပါ! 'ငါ့ခမည်း တော်ခေါ်တဲ့သူကလွဲရင် ဘယ်သူမှရောက်မလာနိုင်ကြ' ဆိုတာရှိပါတယ်။

ဒါပေမယ့်ဒီနေရာမှာ ကျွန်တော်တို့အတွက် စိတ်သက်သာရာရစရာအကြောင်းရှိပါတယ်။ 'ခမည်းတော်သည် ငါ့အား ရောက်လာမည့်အရာအကုန်လုံးကို ပေးသနားတော်မူမည်' ဆိုတာရှိပါတယ်။ ဒါပေမယ့်ကျန်တဲ့လူတွေကတော့ အဲဒီလိုအဖွဲ့အ စည်းတွေဖြစ်ပါတယ်…အဲဒီလို သူတို့အပေါ်မှာ မူတည်ပါသည်။ တွေ့လား? 'လောကမတည်မီ အသတ်ခံရသော သိုးသူငယ်၏အ သက်စာစောင်၌စာရင်းမဝင်သော မြေကြီးပေါ်၌ အသက်ရှင်၍ နေရာကျသောသူအားလုံးကို သူက လှည့်ဖြားမည်' လို့ ပြောထား ပါတယ်။

154 ၁၅၄။ ဒါကြောင့်ခင်ဗျားတို့ကြည့်ပါ။ အဲဒါက ဝမ်းနည်းစရာကောင်းတဲ့ အရာတစ်ခုဖြစ်ပါတယ်။ခင်ဗျားတို့လုပ်နိုင်တဲ့တစ်ခုတည်း သောအရာက နှုတ်ကပတ်တော်နှင့် မှန်မှန်ကန်ကန်နေဖို့ပါပဲ။ အခု ကိုယ်တော်ကလုပ်လို့မိန့်တော်မူတဲ့အရာမှန်သမျှကို စောင့် ကြည့်ပြီးတော့ အဲဒါကို ဒီနောက်မှာလုပ်ဆောင်မှုပြုပါ။ ကိုယ်တော်က မိန့်တော်မူတဲ့ ဘယ်အရာကိုမဆို အဲဒီလိုလုပ်ဆောင်ပါ။ခင် ဗျားတို့ အဲဒီလိုထွက်ကြည့်ပြီး 'အိုကျွန်တော်!' လို့ပြောပါ။သူတို့က ဒါကိုလုပ်ပြီး ဒီနောက် 'အို' ဟုဆိုပါမည်။ အဲဒါက အခု… အား စိုက်ထုတ်ရခြင်းဆိုတဲ့အရာတစ်ခုကို ခင်ဗျားတို့နားလည်သဘောမပေါက်ကြတာပါ!

အခုကျွန်တော်ဒီလို ပြောချင်ပါတယ်။ အခွေတွေ ရပ်သွားပြီလို့ ကျွန်တော်ထင်ပါတယ်။လူတွေအများကြီးက 'ဘရာသာဘရမ်ဟမ် အဲဒီလိုပုံစံ သာသနာလုပ်ငန်းတစ်ခုမှာက…' ဆိုပြီးတော့မှပါ။ (ကျွန်တော်စောင့်ပြီး ကြည့်နေရတာက ဘာဖြစ်လို့လဲဆို ရင်လူတွေက အခု တိပ်ခွေတွေယူပြီး တစစီဖြစ်အောင်ကိုင်ဖို့ ကြိုးစားကြမှာဖြစ်လို့ဆိုတာခင်ဗျားတို့လည်းသိပါတယ်။) ဒါကြောင့် သူတို့ စကားပြောတဲ့အချိန် ဘရာသာဘရမ်ဟမ် ကျွန်တော်တို့မှာသာသနာလုပ်ငန်းတစ်ခုတော့ ပိုင်ဆိုင်ဖို့ဆန္ဒရှိတယ်… 'ဆိုပြီး ပြောကြပါတယ်။ ခင်ဗျားတို့ဘာပြောသလဲဆိုတာကို ခင်ဗျားတို့က မသိကြတာပါ။ ရိုးသားပါ။အဲဒါနဲ့ဘယ်ကိုသွားမလဲဆိုတာတော့ ကျွန်တော်မသိပါဘူး ညီအစ်ကို၊ ညီအစ်မတို့။ အိုကျွန်တော်! ပြီးရင် တာဝန်ယူမှုဆိုတာရှိပါတယ်။ ခင်ဗျားတို့ပြောတာကို ဆွဲပြီးချိတ်ပစ်လိုက်တဲ့လူတွေကို ခင်ဗျားတို့ရမယ့်အချိန်ရှိပါမည်…

155 ၁၅၅။ မှတ်ထားပါ။တကယလို့ ခင်ဗျားက သူတို့ကို မှားပြောလိုက်မယ်ဆိုရင် ဘုရားသခင်က ခင်ဗျားရဲ့လက်မှာသူတို့ရဲ့အသွေး ကို တောင်းမှာဖြစ်ပါတယ်။ ဒီနောက် ခင်ဗျားတို့ အဲဒါကိုတွေးထားပါ။အဲဒါက မီးပွိုင့်လိုရပ်နေတဲ့ ကိစ္စတစ်ခုဖြစ်ပတါယ်။

ဒါကြောင့်မေတ္တာဖြင့်ပဲနေကြပါ။ ယေရှုကို ခင်ဗျားတို့ရဲ့ စိတ်နှလုံးအကြွင်းမဲ့နှင့်ချစ်ပါ။အခု ရိုးရိုးပါပဲ။ ဘယ်လိုကိစ္စကိုမှ ပုံ ဆွဲကြည့်ဖို့ မကြိုးစားမနေပါနှင့်။ အခုဘုရားရှေ့မှာ ရိုးရိုးလေးပါပဲ။ ဘာဖြစ်လို့လဲဆိုရင် ခင်ဗျားတို့က အဲဒါကိုထပ်ပြီးပုံဆွဲကြည့်ဖို့ ကြိုးစားကြမှာဖြစ်လို့ပါ။ ကိုယ်တော်ဆီကနေ ခင်ဗျားတို့ထပ်ပြီးဝေးသွားနိုင်တယ်ဆိုတာကို ကြည့်ပါ။ အခုကိုယ်တော်ကို ရိုးရိုးလေး ယုံကြည်ပါ။

'အခုဘယ်အချိန် ကိုယ်တော်ကြွလာမှာလဲ?' လို့ပဲ မေးလိုက်ပါ။ ဒီကနေ ကိုယ်တော်ကြွလာတော်မူတယ်ဆိုရင်လည်း ဟုတ်လိုက်ပါ။ တကယ်လို့ ကိုယ်တော်က ယနေ့ကနေ နောက်နှစ်ဆယ်မှ ကြွလာတော်မူမည်ဆိုလည်းအဲဒီအတိုင်းပဲရှိနေလိုက် ကြပါ။ အခု

ကိုယ်တော်သွားနေတဲ့အတိုင်းပဲ ကျွန်တော်ကဆက်သွားစရာ__ ကိုယ်တော်နောက်လိုက်စရာအကြောင်းရှိပါတယ်။ဘုရားသခင်က ကျွန်တော်ကို ဘယ်နေရာမှာပဲဖြစ်ဖြစ် အသုံးပြုနိုင်တယ်ဆိုပါလျှင် ဒီမှာကျွန်တော်ရှိပါတယ် ဘုရားသခင်။ ယနေ့ ကနေ အဲဒါက နှစ်တစ်ရာမှာဖြစ်မယ်ဆိုရင်ကျွန်တော့်ရဲ့မြေး၊ မြစ်၊ တီ၊ တွတ်၊ သားစဉ်မြေးဆက်ကျမှ ထိုကြွလာတော်မူခြင်းကိုမြင်ရမယ်ဆိုလည်း... ဘုရားသခင်ဘာဖြစ်မလဲဆိုတာကိုကျွန်တော်မသိဘူး။ ဒါပေမယ့် အခုယနေ့မှာ ကျွန်တော့်ကို လှမ်းလျှောက် ခွင့်ပြုပါ။ကိုယ်တော်နှင့်အတူ အခုရှိပါတယ်။ ကျွန်တော်တော့ မရဘူး... ဘာဖြစ်လို့လဲဆိုရင် တကယ်လို့ တစ်နေရာရာက ဝှက်ဖဲ လေးတစ်ခုကိုဆွဲလိုက်မိရင် ထိုနေ့ရက်ကာလ၌ ကျွန်တော်လည်းအတူူတူပဲ ရပ်နေရမှာဖြစ်လို့ ‘ ဆိုပြီးတော့နေလိုက်ကြပါ။

156 ၁၅၆။ အဲဒီမှာသက်ရောက်ခြင်းရှိပါမည်။ ဟို ဘုန်းကြီးခြင်းနေရာ၌ ဖြစ်ပါတယ်။ အဲ့မှာဘုရားသခင်၏နိုင်ငံတော်ကို တည်ထောင် မှုပြုလိုပါသည်။ အဲ့မှာ အိုမင်းခြင်းအလုံးစုံကပျိုရွယ်ခြင်းသို့ရောက်ပါမည်။ အဲ့မှာ ဖြူသောအဝတ်ကို ဝတ်ဆင်ကြရပါမည်။ ယောကျ်ား၊ မိန်းမဆိုတာတွေက ပြောင်းလဲသွားပါမည်__လုပမှု၌ရှိကြပါမည်။ အလွန်တရာ အနုပညာမြောက်၍ ချောမောသောအမျိုး သားတစ်ဦးနှင့်ချစ်ဖွယ်သောအမျိုးသမီးတစ်ယောက်အဖြစ် လုပမှုအပေါင်း၌တည်သော ထိုအရပ်၌ ရပ်နေကြရပါမည်။အရပ်ရှည် ရှည်မိန်းမပျိုတစ်ဦးနှင့် လူရွယ်တစ်ဦးအဖြစ် အဲဒီမှာရပ်တည်မှုပြုနေကြရပါမည်။ လုံးဝအိုမင်းစရာအကြောင်းမရှိပါ။ အပြစ်လည်းမရှိနိုင်တော့ပါ။ မနာလိုခြင်းလည်း ဖြစ်လာစရာအကြောင်းမရှိတော့ပါ။ မုန်းတီးမှုနှင့်အဘယ်သို့သောအရာမှ ဖြစ်လာစရာအကြောင်း မရှိတော့ပါ။ အို ကျွန်တော်!

157 ၁၅၇။ အခုအခွေတွေရပ်သွားပြီလို့ ကျွန်တော်ထင်ပါတယ်။ ကျွန်တော် ခင်ဗျားတို့ကိုစကားပြောချင်သေးလို့ သုံးမိနစ်၊ လေးမိနစ် လောက် ကျွန်တော်အချိန်ယူပါဦးမည်။ အဲဒါအားလုံး ဟုတ်လား?

အခု ဒါကတစ်ဦးတစ်ယောက်ချင်းစီနဲ့ဆိုင်တဲ့အရာဆိုတာကို မြင်ကြပါ။ ဘာဖြစ်လို့လဲဆိုရင်မနက်ဖန်က သိပ်ကြောက်စ ရာဖြစ်သွားနိုင်လို့ပါ။ အခု အဲဒါကို ကျွန်တော်ပြောတာထက်ကိုပိုကောင်းအောင် ပြောနိုင်မယ်လို့ ကျွန်တော်တွေးမိပါတယ်။ ကျွန် တော့်မှာ ဆက်ပြောစရာရှိပါတယ်။ အခု ဒါကကျွန်တော်တို့အတွက်ဖြစ်ပါတယ်။ အခု ကျွန်တော်ပြောတာကို... ခင်ဗျားတို့သိပါ တယ်။ ကျွန်တော့်မှာ ကျွန်တော်ချစ်ရတဲ့ဇနီး၊မက်ဒါရှိပါတယ်။ ကျွန်တော် သူ့ကို မင်္ဂလာဆောင်ခဲ့ဖူးတယ်ဆိုတာမရှိပါဘူး။ ဘာဖြစ်လို့လဲဆိုရင် ကျွန်တော့်ရဲ့ပထမဇနီးအတွက် ကျွန်တော်မေတ္တာထားတဲ့အတွက်ကြောင့်ဖြစ်ပါတယ်။ အခုထိ ကျွန်တော်ဟာ သူမ အတွက် အများကြီးဂရုစိုက်မှုတွေပြုခဲ့ပါတယ်။ဘုရားသခင်က ကျွန်တော့်ကို အဲဒီလိုလုပ်ဖို့ မိန့်တော်မမူဘူးဆိုရင် ကျွန်တော် သူ့ကို မင်္ဂလာဆောင်ဖြစ်မှာလည်း မဟုတ်ခဲ့ပါဘူး။

အဲဒီအကြောင်းကိုခင်ဗျားတို့သိပါတယ်။ သူမ ဘယ်လိုဆုတောင်းခဲ့ရပါသလဲ။ ကျွန်တော်ဘာလုပ်ခဲ့သလဲဆိုတာကိုပါ။ ဒီ နောက်ကိုယ်တော်က အဲဒီလိုလုပ်လို့ အတိအကျမိန့်တော်မူ၍ သူမကို သွား၍လက်ထပ်လား? အဲဒီလိုလုပ်ရတဲ့ အချိန်ကျလာပါ သည်။သူမဟာ ချစ်ဖို့ကောင်းတဲ့အမျိုးသမီးတစ်ယောက်ဖြစ်ပါတယ်။ ဒီနေ့ည ကျွန်တော့်အတွက်သူမဆုတောင်းပေးနေပါတယ်။ ဒါကြောင့် အခု အိမ်မှာ ရှစ်နာရီလောက်ကျရင် ရှိပါမည်။ အခုသူမဆုတောင်းနေချင်လည်း ဆုတောင်းနေပါမည်။

158 ၁၅၈။ အခုသတိပြုပါ။တစ်နေ့တုန်းကသူမ ကျွန်တော့်ကို ပြောခဲ့ပါတယ်။ သူမဟာ ‘ဘေး ကောင်းကင်အကြောင်းမေးခွန်းတစ်ခု မေးချင်တယ်’ လို့ဆိုပါတယ်။

ကျွန်တော်က ‘ကောင်းပြီ။ မက်ဒ ဘာလဲ?’ လို့မေးခဲ့ပါတယ်။

သူမက ‘ကျွန်မ ရှင့်ကိုချစ်တာ ရှင်သိပါတယ်။’ လို့ပြောပါတယ်။

ပြီးတော့ကျွန်တော်က ‘ဟုတ်တယ်။’ လို့ ပြောခဲ့ပါတယ်။ ဒါကဒီလိုဖြစ်ပြီးနောက် အမှန်တကယ်ဖြစ်ခဲ့ဖူးတာပါ။

သူမဟာ ‘မျှော်လင့်ခြင်းကလည်းရှင့်ကိုချစ်တယ်ဆိုတာ ရှင်သိပါတယ်။’ လို့ပြောပါတယ်။

ပြီးတော့ ‘ဟုတ်တယ်လေ’ ဟု ကျွန်တော်ပြောခဲ့ပါတယ်။

သူမက ‘အခု’ လို့ပြောပါတယ်။ သူမက ‘ကျွန်မမျှော်လင့်ခြင်းကလွဲရင် မနာလိုဖြစ်စရာအကြောင်းမရှိလို့ ကျွန်မထင်ခဲ့မိ တာပါ။’ ဟုဆိုပါတယ်။ ပြီးတော့ သူမက ‘အခု ကျွန်မတို့ ကောင်းကင်ရောက်ရင်... ပြီးတော့ ရှင်က အဲဒီမှာ သူမကိုမြင်တယ်လို့ ပြောတယ်လေ’ ဟု ဆိုပါတယ်။

အဲ့နောက်ကျွန်တော်က ‘အဲ့မှာသူမရှိတယ်။ ကျွန်တော် သူမကို မြင်ခဲ့ရပါတယ်။ အဲ့မှာ နှစ်ခါတောင် သူမကိုကျွန်တော် တွေ့ခဲ့တာ။ အဲ့မှာ သူမရှိတယ်။သူမက ကျွန်တော့်ကို လာဖို့စောင့်နေတာလေ။ ဒါကြောင့် ရှာလုန်ဖြစ်တာပေါ့။ မင်းကျွန်တော့်ကို ကြည့်နေသလိုပဲ။ သူမကို ကျွန်တော်အတူတူပဲ မြင်ခဲ့ရတာပါ။ အဲ့မှာသူမကို ကျွန်တော်မြင်ခဲ့ရတယ်’ လို့ ပြောခဲ့ပါတယ်။ ပြီးတော့ ကျွန်တော် ပြောခဲ့ပါတယ်...

သူမက ‘ဟုတ်ပြီ။ အခု ကျွန်မတို့အဲဒီကိုရောက်တဲ့အခါ ဘယ်တစ်ယောက်က ရှင်ရဲ့ဇနီးဖြစ်မှာလဲ?’ လို့မေးပါတယ်။

ကျွန်တော်က ‘မင်းတို့နှစ်ယောက်လုံးပေါ့။ အဲ့မှာကဘာမှကိစ္စမရှိဘူး။ မင်းတို့နှစ်ယောက်လုံး ဖြစ်မှာလို့’ ပြောခဲ့ပါတယ်။

သူမက ‘အဲဒါကို သူမနားမလည်နိုင်ကြောင်း’ ပြောခဲ့ပါတယ်။

ပြီးတော့ကျွန်တော်က ‘အခု အချစ်ရေထိုင်ပြီး မင်းကို တစ်ခုခုတော့ရှင်းပြခွင့် ကျွန်တော့်ကိုပေးပါ’ လို့ပြောခဲ့ပါတယ်။ ကျွန်တော်က

'အခု မင်း ကျွန်တော့်ကိုချစ်တာကျွန်တော်သိပါတယ်။ ကျွန်တော် ခင်ဗျားကို ဘယ်လောက်ချစ်လဲဆိုတာ ခင်ဗျားသိ ပါတယ်။ လေးလေးစားစားနဲ့ကို တန်ဖိုးထားရတာပါ။ အခု အဲ့လိုအဖြစ်အတွက် ကျွန်တော်ဟာ ဝတ်စားပြီးမြို့ကိုဆင်းသွားမယ်။ ပြီးရင် မိန်းမပျက်လေးတစ်ချို့ဆီကိုပါ။ တကယ်လုပပြီး လာ၍သူတို့လက်နဲ့ ကျွန်တော့်ကိုဖက်ပြီး 'အိုဘရာသာဘုရမ်ဟမ် ကျွန်မ ရှင့်ကို တကယ်ချစ်တာပါ။ 'လို့ပြောပါမည်။ စပြီး သူမလက်တွေနဲ့ ကျွန်တော့်ကို ဖက်ထားပါမည်။ ကျွန်တော်ကိုဖက်ထားမယ်ဆို ရင် မင်းဘယ်လိုတွေးမှာလဲ?' ဟုမေးခဲ့ပါတယ်။

သူမက 'ကျွန်မ အဲဒီလို သိပ်ကောင်းတာကိုကျွန်မမတွေးမိဘူး' ဟုပြောပါတယ်။

ပြီးတော့ကျွန်တော်က 'မင်းကိုကျွန်တော် တစ်ခုလောက်တော့ မေးချင်တယ်။ မင်းကို ဘယ်သူအချစ်ဆုံးလဲ။ တကယ်လို့ အဲဒါကပြလို့ရတဲ့အရာဆိုရင်__ ကျွန်တော့်ကိုပြပါ။ဒါပေမယ့် ယေရှုဘုရားပဲမဟုတ်လား?' လို့ပြောခဲ့ပါတယ်။ (အခုအဲဒါက မိသားစုစကားပြောဆိုမှုပဲဖြစ်ပါတယ်။)

ပြီးတော့သူက 'ယေရှုဘုရားပေါ့' လို့ပြောပါတယ်။ 'ဟုတ်တယ် ဘေး။ ရှင့်ကိုကျွန်မချစ်သလောက်ကိုချစ်တာ ကျွန်တော် ကိုယ်တော်ကို အပ်နှံမှုမပြုချင် ရှင့်ကိုကျွန်မအပ်နှံမှုပြုပါတယ်' လို့ပြောပါတယ်။

ကျွန်တော်က 'ကျေးဇူးပါ အချစ်ရေ။ အခု မင်းအဲဒီလိုပြောတာကို ကိုယ်ကြားရလို့ ဝမ်းသာပါတယ်။' လို့ပြောခဲ့ပါတယ်။ ကျွန်တော်က 'အခု အဲ့လိုပဲ။ မိန်းမငယ်လေးဟာကိုယ်တော်ဆီရောက်ခဲ့တယ်ဆိုရင် ကိုယ်တော်ကို သူမလက်နဲ့ဖက်ပြီး 'ယေရှု ကျွန်မ ရှင့်ကို သိပ်ချစ်တယ်' လ့ုိပြောပါမည်။ အဲဒီအကြောင်းကိုခင်ဗျားတို့ ဘယ်လိုတွေးမိပါသလဲ?' လ့ုိ မေးခဲ့ပါတယ်။

သူမက 'အဲ့တော့ ကျွန်မ ဝမ်းမြောက်ရတာပေါ့' လို့ပြောခဲ့ပါတယ်။

ကြည့်ပါ။ရိုးရိုးချစ်တာကနေ ဘုရားကိုချစ်တာအဖြစ်သို့ ပြောင်းသွားတာကို ကြည့်ပါ။ သာ၍မြင့်သောမေတ္တာဖြစ်တယ်ဆို တာကို မြင်ကြပါ။ အဲ့လို ခင်ပွန်းနှင့်ဇနီးကနေသားသမီးတွေဖြစ်လာတဲ့ အရာမျိုးမဟုတ်ပါဘူး။ အဲဒါအားလုံးကတော့ ကုန်သွားပြီ ဖြစ်ပါတယ်။

159 ၁၅၉။ မိန်းမနဲ့ယောက်ျား၏လိင်ကကလင်းတွေအားလုံးဖြစ်တယ်... သူတို့ဟာအကုန်လုံးတူညီမှုရှိတယ်ဆိုတာကို မြင်ပါ။ အဲဒါ ထက်ပိုတဲ့အရာ ဘာမှမရှိပါဘူး။အလုံးစုံသောအရာ၌ လိင်ဂလင်းတွေရှိစရာအကြောင်း မရှိပါ__ အကုန်လုံးမှာ ရှိစရာအကြောင်း ကိုမရှိဘူးဆိုတာကို မြင်ပါ။ခင်ဗျားတို့ အခု... ခင်ဗျားတို့ လိင်ဂလင်းတွေမပါဘူးလို့တွေးကြပါ။ အဲဒီဟာတွေ ကျွန်တော်တို့မှာရှိနေ တဲ့ အကြောင်းက ကမ္ဘာမြေကြီးကိုတဖန်ပွားများစေဖို့အတွက် ဖြစ်တယ်ဆိုတာကို ခင်ဗျားတို့မြင်ကြပါ။ ဒါပေမယ့်အဲဒီမှာတော့ အဲ ဒီလိုအရာတွေ ဘာတစ်ခုမှရှိလာစရာအကြောင်း မရှိတော့ပါဘူး။ အဲ့မှာဘာယောက်ျားဂလင်း၊ မိန်းမဂလင်းလည်း ရှိတော့မှာမ ဟုတ်ပါဘူး။__ ပျောက်ဆုံးမှာဖြစ်ပါတယ်။ဒါပေမယ့် အဲ့မှာ ဘုရားသခင်၏အနုပညာ အသင်းသဏ္ဍာန်တော်ရှိမှာဖြစ်ပါတယ်။ အဲဒါ က အတိအကျအမှန်အကန်ပါပဲ။ ဒါပေမယ့် ကျွန်တော်တို့ဟာ မှန်မှန်ကန်ကန်နဲ့စစ်မှန်မှုရှိကြရပါမည်။ ခပ်သိမ်းသောအရာ၌ မေ တ္တာထားကြရမှာမဟုတ်ဘဲ__ အကုန်လုံးဘုရားမေတ္တာရှိကြရမှာဖြစ်ပါတယ်။

ဒါကြောင့်ဇနီးသည်တစ်ယောက်ဆိုတာ ချစ်စရာကောင်းတဲ့ ခင်ဗျားတို့ရဲ့ တစ်စုံတစ်ခုသောပိုင်ဆိုင်မှုထက် ပိုလာစရာအ ကြောင်းကိုမရှိတာပါ။ သူမက... ခင်ဗျားတို့ တစ်ယောက်နဲ့တစ်ယောက်ပိုင်ဆိုင်မှုတော့ရှိပါတယ်။ အဲဒါကတော့ ခင်ပွန်းတစ် ယောက်လိုမဟုတ်ပါဘူး... မဟုတ်ပါဘူး။ အဲဒါက မဟုတ်သည်တိုင်...

ကြည့်ပါ။မေတ္တာဆိုတဲ့အခန်းကဏ္ဍက အဲဒီက အရာအားလုံးမှာတောင် ပါတာမဟုတ်ပါဘူး။ ကြည့်ပါ။မနာလိုစရာအ ကြောင်းဘာတစ်ခုမှလည်းမရှိပါဘူး။ မနာလိုဖြစ်စရာအကြောင်းဘာတစ်ခုမှမရှိပါဘူး။ အဲ့မှာအဲ့လိုကိစ္စတစ်ခုမှ ဖြစ်စရာအကြောင်း မရှိပါဘူး။ အဲ့လိုကိစ္စမျိုးရှိတယ်လို့လည်း ကျွန်တော်သိထားတာမရှိပါဘူး။ ကြည့်ပါ။ အခုမေတ္တာဖြင့်လူငယ်အမျိုးသား၊ အမျိုးသမီး တို့အဖြစ် အသက်ရှင်ကြရပါမည်။

ဒီနောက် အဲဒီနောက်သူမက 'အခု အဲဒါကိုကျွန်မတွေ့ရတယ် ဘေး။' လို့ပြောပါတယ်။

ကျွန်တော်က 'ဟုတ်ပြီ' လို့ ပြောခဲ့ပါတယ်။

160 ၁၆၀။ ဖြစ်သွားတဲ့ကိစ္စတစ်ခုအကြောင်းခင်ဗျားတို့ကို ကျွန်တော်ပြောပြချင်ပါတယ်။ ဒါက အိပ်မက်တစ်ခုဖြစ်ပါတယ်။ ကျွန်တော်အိပ်ပျော်သွားခဲ့ပါတယ်။ အခု ဒီမတိုင်ခင်က ဒါကို လူတွေကို ပြောပြခဲ့ဖူးတာမရှိပါဘူး။ကျွန်တော် တစ်ယောက်စနှစ်ယောက်စကို တော့ပြောပြခဲ့ဖူးပေမယ့် သည်မတိုင်ခင်က ကျွန်တော်သိခဲ့ရတာကို လုံးဝမပြောခဲ့တာမရှိပါဘူး။

တစ်နေ့ အဲ့မှာကျွန်တော်ရပ်နေတုန်းက အဲဒီနောက် တစ်လလောက်က ကျွန်တော်အိပ်မက်မက်ခဲ့တာ ဖြစ်ပါတယ်။ကျွန် တော်ဟာ ကြီးမြတ်သော အချိန်နာရီကိုစောင့်ကြည့်နေခဲ့တာဖြစ်ပါတယ်... အခု တရားစီရင်ခြင်းမဟုတ်ပါဘူး။အသင်းတော်က ဖြစ်လာရမယ်လို့တော့ ကျွန်တော်မယုံကြည်ပါဘူး__ ကျွန်တော်ဆိုလိုတာကသတို့သမီးဟာ__ တရားစီရင်ခြင်းသို့ရောက်ပါမည်။ ဒါပေမယ့် အဲ့မှာ သရဖူတွေ အပ်နှင်းတဲ့အချိန်မှာတော့ အဲဒီမှာကျွန်တော်ရှိတာကိုတော့ မြင်ရပါတယ်။

အဲ့မှာပလ္လင်ကြီးတစ်ခုရှိနေပါတယ်။ အဲ့မှာ မှတ်တမ်းတင်တဲ့ ကောင်းကင်တမန်ကအဲ့မှာရပ်နေပါတယ်။ အဲ့မှာ လှေကား တစ်ချောင်းရှိပါတယ်။ ဒီအတိုင်းဆင်စွယ်လိုအဖြူရောင် ဒီလှေကားကနေ ဆင်းလာသည့်ပုံပေါက်ပါတယ်။ ဆင်းလာရင် စက်ဝိုင်းတစ်ခုထဲကို ရောက်ပါတယ်။ ပြီးတော့ ဒီလို မြင်ကွင်းကျယ်ကြီးတစ်ခုကို စီစဉ်ထားပါတယ်။ပြီးတော့ ထွက်လာရင် ဒီလိုအလုံးစုံကြီး မြတ်တော်မူသော

အိမ်ရှင်ကြီးက အဲဒီမှာဘာဖြစ်သလဲဆိုတာကို တွက်ကြည့်လို့ရမှာဖြစ်ပါတယ်။

161 ၁၆၁။ ကျွန်တော်ကတော့အနောက်ဘက်မှာ မတ်တပ်ရပ်နေပါတယ်။ အနောက်ဘက်ကိုသွားရင် တစ်ဖက်ခြမ်းကို ရောက်ပါ တယ်။ ကျွန်တော်က အဲဒီမှာ မတ်တပ်ရပ်နေပါတယ်။ ကျွန်တော်နင်းသွားတဲ့ လှေကားထစ်တွေကိုလုံးဝမစဉ်းစားမိခဲ့ပါဘူး။ အဲ့မှာ ကျွန်တော်မတ်တပ်ရပ်နေတာပါ။ နာမည်တစ်ခုကိုခေါ်နေတဲ့ မှတ်တမ်းတင်ကောင်းကင်တမန်ကို ကျွန်တော်မြင်ရတာဖြစ်ပါမည်။ ကျွန်တော်သိခဲ့ရတာက... အဲဒီနာမည်ကို သိလိုက်ရပါတယ်။ ကျွန်တော်ကြည့်ပြီးအဲဒီအတိုင်း ပြန်ထွက်လာပြီး ညီအစ်ကိုတစ်ယောက်လမ်းလျှောက်လာတဲ့ ဒီနေရာကို ရောက်ပါတယ်။ ဒါမှမဟုတ် ညီအစ်မဖြစ်ပါမည်။အဲ့လို ဒီကိုတက်လာတော့ ခရစ်တော် ၏ဘေးမှာ အဲ့လိုမှတ်တမ်းတင်တဲ့ ကောင်းကင်တမန်ကမတ်တပ်ရပ်နေပါတယ်။ (အခု အိပ်မက်တစ်ခုဖြစ်ပါတယ်။) စောင့်ပြီး ကြည့်နေခဲ့တာပါ။အဲ့မှာ သူတို့ရဲ့နာမည်တွေ့ရှိမယ်ဆိုရင်__အဲဒါကို အသက်စာစောင်ထဲမှာ တွေ့ရမှာဖြစ်တယ်__ ကိုယ်တော်က ထိုနာမည်ကို ကြည့်ရှုတော်မူ၍ 'ကောင်းစွာ အမှုပြီး၏။ ငါ၏ကောင်းမြတ်၍သစ္စာရှိသောငယ်သား။ အခု အထဲကိုဝင်လော့' ဟုမိန့် တော်မူပါတယ်။

သူတို့ဝင်သွားတဲ့အနောက်ဘက်ကနေရာကိုကျွန်တော်ကြည့်မိပါတယ်။ အဲဒါကအသစ်သော ကမ္ဘာတစ်ခုဖြစ်၍ ပျော်စရာ တွေပဲဖြစ်ပါတယ်။ 'ဘုရားသခင်၏ ဝမ်းမြောက်ခြင်းထဲသို့ဝင်စရာအကြောင်းရှိခဲ့ပါတယ်။... လောကမတည်မီကပင် သင်ပိုင်ဆိုင် သောအရာဖြစ်ပါသည်။' ဟုမိန့်တော်မူခဲ့ပါတယ်။

162 ၁၆၂။ ပြီးတော့အို ကျွန်တော်တွေးခဲ့မိတာက 'အဲဒီတောက်လျှောက်သူတို့ထွက်လာမှုပြုသော တစ်ယောက်နှင့်တစ်ယောက် တွေ့ဆုံရမယ်' ဆိုတဲ့အကြောင်းပါပဲ။အခု ဝမ်းမြောက်လျက် တောင်တို့ကို ကျော်လွှားကြမှာဖြစ်ပါတယ်။ကြီးမြတ်တဲ့နေရာကြီး တွေရှိနေပါတယ်။ ကျွန်တော်တွေးမိတာက 'အို အဲ့ဒါကအံ့ဩစရာမကောင်းဘူးလား! ဘုန်းကြီးစေသတည်း! ဟာလေလုယာ!' ဆိုပြီးတော့ပါ။ ခုန်ပေါက်ပစ်လိုက်ပါမည်။

ဒီနောက်နောက်နာမည်တစ်ခုခေါ်တာကို ကျွန်တော်ကြားလိုက်ရပါတယ်။ ကျွန်တော်တွေးမိတာက 'အို သူ့ကို ကျွန်တော် သိတယ်။ သူ့ကိုကျွန်တော်သိပါတယ်။ ကျွန်တော်... အဲဒီကို သူရောက်ပါပြီ။' ဆိုတာပါပဲ။ အဲ့လိုသူ့ကိုကြည့်နေခဲ့တာပါ။ 'ဘုရား သခင်၏ဝမ်းမြောက်ခြင်းများရှိရာအရပ်သို့ ဝင်လာရခြင်းဖြစ်ပါတယ်။ကျွန်တော့်ရဲ့ကောင်းမြတ်တဲ့ ပြီးတော့...'

'အို' ကျွန်တော်က 'ဘုရားသခင်အား ချီးမွမ်းကြလော့။ဘုရားသခင်အား ချီးမွမ်းကြလော့။' ဟုပြောနေပါတယ်။

အခုလိုသူတို့ကလည်း 'ဟော်မန် နက်ဗေး' ဟုခေါ်ကြပါတယ်။ ကြည့်ပါ။ ဒီနောက်ကျွန်တော်က 'အိုဘရာသာဘရမ်ဟမ် အဲ့မှာသူရှိတယ်' လို့ ပြောခဲ့ပါတယ်။ ဒီနေရာက လူအုပ်ထဲကို သူဆင်းလာပြီးမှ တက်သွားတာဖြစ်ပါတယ်။

ပြီးတော့ကိုယ်တော်ရှင်မိန့်တော်မူတဲ့ 'လောကမတည်မီကပင်သင်တို့အတွက် ပြင်ဆင်ပေးထားသည့် ဘုရားသခင်၏ဝမ်း မြောက်ခြင်းထဲသို့ ဝင်ကြလော့။ အထဲကို ဝင်လော့' ဆိုတဲ့အသံကို ကျွန်တော်ကြားခဲ့ရပါတယ်။

ခင်ဗျားတို့သိပါတယ်။ဘရာသာနက်ဗေးက ချက်ချင်းပြောင်းသွားခဲ့ပါတယ်။ အခု အဲဒီမှာပြန်ပြီး အော်ဟစ်လျက်ကြွေး ကြော်မှုကို အစပြုနေပြီဖြစ်ပါတယ် သားရေ။ ကျွန်တော်ချက်ချင်း အော်ပြီး 'ဘုရားသခင်ဘုန်းကြီးစေသတည်း' ဟုပြောလိုက်ပါ တယ်။ ကျွန်တော်ကိုယ်တိုင်အဲဒီမှာ မတ်တပ်ရပ်နေခဲ့ရတာပါ။ အံ့ဩစရာကောင်းတဲ့ အချိန်နာရီတစ်ခုပဲဖြစ်ပါတယ်။ကျွန်တော်ညီ အစ်ကို အထဲဝင်သွားတာကို ကြည့်နေရတာပါ။

အဲ့မှာမှတ်တမ်းတင်တဲ့ ကောင်းကင်က မတ်တပ်ရပ်ပြီးတော့ 'ဝီလီယမ် ဘရမ်ဟမ်' ဟုခေါ်လိုက်ပါတယ်။

ကျွန်တော်အဲဒီလိုလျှောက်သွားရမယ်လို့ လုံးဝမထင်ထားခဲ့မိတာပါ။ ဒါကြောင့် ဒီနောက်ကျွန်တော်ကြောက်ခဲ့ဖူးပါတယ်။ ကျွန်တော်က 'အိုကျွန်တော် အဲဒီလိုဖြစ်ရမှာလား?' လို့တွေးမိခဲ့ဖူးပါတယ်။ ဒါနဲ့ အဲဒီကို ကျွန်တော်ဆင်းသွားခဲ့ပါတယ်။ လူတွေကကျွန်တော့်ကို ပခုံးပုတ်ပြီး 'ဟိုင်းဘရာသာဘရမ်ဟမ်' ဟုခေါ်ကြပါတယ်။ 'ဘုရားသခင်သင့်ကိုကောင်းချီးပေးပါစေ ဘရာသာဘ ရမ်ဟမ်' ဆိုပြီး ကျွန်တော်သွားရာလမ်းတစ်လျှောက်မှာ ကျွန်တော့်ကိုလှမ်းပြီးပုတ်ကြပါတယ်__ လူအုပ်ကြီးကြီးတစ်ခုဖြစ်ပါတယ်။သူတို့အားလုံး အဲဒီမှာရောက်နေကြပြီး အဲဒီလိုမျိုး ကျွန်တော့်ကိုလှမ်းပုတ်ပြီးနှုတ်ဆက်ကြတာဖြစ်ပါတယ်။ 'ဘုရားသခင်သင့်ကို ကောင်းချီးပေးပါစေ ညီအစ်ကို' 'ဘုရားသခင် သင့်ကိုကောင်းချီးပေးပါစေ ညီအစ်ကို' ဆိုပြီးတော့ပါ။

163 ၁၆၃။ ကျွန်တော်လည်းတောက်လျှောက်ကို 'ကျေးဇူးပါ။ကျေးဇူးတင်ပါတယ်။ သင်တို့ကို ကျေးဇူးတင်ပါတယ်။' လို့ ပြောသွား တာဖြစ်ပါတယ်။ အစည်းအဝေးတစ်ခုထဲကနေထွက်လာသလိုမျိုး တစ်ခုခုဖြစ်တယ်ဆိုတာကို ခင်ဗျားတို့သိပါတယ်။ ဒီလိုဆင်စွယ်လိုဖြူတဲ့ လှေကားထစ်ကြီးတွေကို ကျွန်တော်လျှောက်သွားရတာဖြစ်ပါတယ်။

အဲဒီတောက်လျှောက်ကိုကျွန်တော်စပြီး တက်လှမ်းသွားခဲ့ရတာပါ။ အခု ကျွန်တော်လှေကားထစ်တစ်ခုစီကိုပြင်ဆင်ထား သလိုပါပဲ။ ကျွန်တော်ရပ်ပြီး ကျွန်တော်တွေးခဲ့မိပါတယ်... သူ့မျက်နှာကို ကျွန်တော်ကြည့်နေခဲ့မိပါတယ်။ ပြီးတော့ကျွန်တော်က 'ဒီ အတိုင်းကိုယ်တော်ဆီ ရောက်သွားရင်းနဲ့ ကောင်းမွန်သော ကြည့်စရာတစ်ခုကို မြင်ချင်လိုက်တာ' ဟုတွေးခဲ့မိပါတယ်။ ပြီးတော့ ကျွန်တော်ရပ်လိုက်ပါတယ်။ ကျွန်တော့်လက်တွေက ဒီလိုမျိုးရှိနေပါတယ်။ ဒီလို ကျွန်တော့်လက်ကိုတစ်ခုခုက လှမ်းဆွဲလိုက်တာ ကို ကျွန်တော်ခံစားလိုက်ရပါတယ်။ အဲဒါကတစ်ယောက်ယောက်ရဲ့လက်ဖြစ်ပါမည်။ ကျွန်တော်အနီးအနားကို ကြည့်မိတော့ မျှော်လင့်သောအရာက ရပ်နေတာဖြစ်ပါတယ်။ အဲ့လို မျက်လုံးမည်းမည်းကြီး၊ဆံပင်နက်နက်ကြီးတွေကို အနောက်မှာ ဖားလျားချထား ပြီး ဝတ်စုံအဖြူဝတ်ထားတဲ့သူကိုပါ။အဲ့လို ကျွန်တော့်ကို ကြည့်နေတာဖြစ်ပါတယ်။

164 ၁၆၄။ ကျွန်တော်က ‘မျှော်လင့်ခြင်းပဲ’ ဟုပြောလိုက်ပါတယ်။ ဒီလက်ကို ရုတ်လိုက်တဲ့တစ်ခုခုကိုကျွန်တော်ခံစားလိုက်ရတာပါ။ အနီးအနားကိုကြည့်တော့ အဲ့မှာ မီဒါရှိနေပါတယ်။အနက်ရောင်မျက်လုံးကြီးတွေနဲ့ ကြည့်နေတာပါ။ အနက်ရောင်ဆံပင်တွေကို ဖားလျားချထားပြီးအဖြူရောင်ဝတ်စုံကို ဝတ်ဆင်ထားပါတယ်။ ကျွန်တော်က ‘မီဒါ’ ဟုခေါ်လိုက်ပါတယ်။ ပြီးတော့ သူတို့ဟာ တစ်ယောက်နှင့်တစ်ယောက် ကြည့်နေကြပါတယ်။ခင်ဗျားတို့သိပါတယ်။ အဲ့လိုမျိုးဖြစ်ပါတယ်။ သူတို့ကို ကျွန်တော်ဖက်ထားပြီး ဒီလိုမျိုးတောက်လျှောက် လျှောက်လှမ်းခဲ့ရတာဖြစ်ပါတယ်။

အိုကျွန်တော်နိုးလာခဲ့ပါတယ်။ ကျွန်တော်နိုးလာတော့ ကျွန်တော်အိပ်ယာက နိုးတော့ထိုင်ခုံတစ်လုံးမှာထိုင်ပြီး ၄ိုခဲ့မိတာ ကို ခင်ဗျားတို့သိပါတယ်။ကျွန်တော်တွေးမိတာက ‘အိုဘုရားသခင် အဲ့လိုဖြစ်လာဖို့ ကျွန်တော်မျှော်လင့်ပါတယ်။’ ဆိုပြီးတော့ပါ။ ဘဝမှာ နှစ်ဦးလုံးနှင့်ကျွန်တော်ဟာ ပေါင်းစပ်ခဲ့ရဖူးပါတယ်။ သားသမီးတွေရပြီး အဲဒီလိုကိစ္စတွေလည်းရှိခဲ့ဖူးပါတယ်။ ဒီလိုမျိုး ကျွန်တော်တို့ဟာ ကမ္ဘာသစ်ထဲကိုလျှောက်လှမ်းသွားကြရမှာဖြစ်ပါတယ်။ (အို ကျွန်တော်) အဲဒီနေရာမှာပြီးပြည့်စုံခြင်းနှင့် အမျိုးစုံ သောအရာများရှိရာနေရာ ဖြစ်ပါတယ်။ဘာမှဖြစ်စရာအကြောင်းမရှိပါဘူး...

ဘာဖြစ်လို့လဲဆိုရင်အဲဒါက အံ့သြဖွယ်သောအရာတစ်ခု ဖြစ်စရာအကြောင်းရှိလို့ပါ။ အဲဒါကိုဖျောက်မပစ်ကြပါနှင့်! ဘုရား သခင်၏ ဆုကျေးဇူးတော်အားဖြင့် ခင်ဗျားတို့အရာအားလုံးကို လုပ်ဆောင်မှုပြုနိုင်ပါတယ်။ ဒီနောက် ထိုအရာက အဲဒီကျန်တဲ့အရာ တွေကို ဘုရားသခင်စောင့်ထိန်းစေခြင်းအကြောင်းဖြစ်လာပါလိမ့်မည်။ ဒီနောက်!

ကိုယ်တော်ကိုကျွန်တော်ချစ်ပါတယ်။ ကိုယ်တော်ကို ကျွန်တော်ချစ်ပါတယ်။

အဘယ်ကြောင့်ဆိုသော်ကနဦး၌ ကိုယ်တော် ကျွန်တော်ကို ချစ်တော်မူခြင်းကြောင့် ဖြစ်ပါတယ်။

ကျွန်တော့်ရဲ့ကယ်တင်ခြင်းကိုရွေးဝယ်တော်မူခဲ့ပါတယ်။

ကရာနီတောင်ကုန်းထက်မှာဖြစ်ပါတယ်။

165 ၁၆၅။ အခုကျွန်တော်တို့ရဲ့ စိတ်နှလုံးအကြွင်းမဲ့ တစ်ဖန်ပြန်၍ ဂုဏ်တော်ချီးမွမ်းကြပါစို့။ကျွန္်ပ်တို့ရဲ့ မျက်လုံးကို ဘုရားသခင်ထံ သို့ ပင့်တင်ထားကြပါမည်။

ကိုယ်တော်ကိုကျွန်တော်ချစ်ပါတယ်။ ကိုယ်တော်ကို ကျွန်တော်ချစ်ပါတယ်။

အဘယ်ကြောင့်ဆိုသော်ကနဦး၌ ကိုယ်တော် ကျွန်တော်ကို ချစ်တော်မူခြင်းကြောင့် ဖြစ်ပါတယ်။

ကျွန်တော့်ရဲ့ကယ်တင်ခြင်းကိုရွေးဝယ်တော်မူခြင်းကြောင့် ဖြစ်ပါတယ်။

ကရာနီသစ်တိုင်ပေါ်မှာဖြစ်ပါတယ်။

ကိုယ်တော်ကိုကျွန်တော်ချစ်ပါတယ်။ ကိုယ်တော်ကို ကျွန်တော်ချစ်ပါတယ်။

အဘယ်ကြောင့်ဆိုသော်ကနဦး၌ ကိုယ်တော် ကျွန်တော်ကို ချစ်တော်မူခြင်းကြောင့် ဖြစ်ပါတယ်။

ကျွန်တော့်ရဲ့ကယ်တင်ခြင်းကိုရွေးဝယ်တော်မူခဲ့ပါတယ်။

ကရာနီသစ်တိုင်ပေါ်မှာဖြစ်ပါတယ်။

[ဘုရာသာဘရမ်ဟမ် စင်ကနေ ထွက်ခွာမှုပြုပါပြီ။ဘီးတပ်ကုလားထိုင်တစ်ခုပေါ်က အမျိုးသမီးတစ်ယောက်ကို ဆုတောင်းပေးဖို့ အတွက်ပရိသတ်ထဲကို သွားတာဖြစ်ပါတယ်။]

166 ၁၆၆။ အခုအားလုံးအကောင်းတိုင်းပါ။ သူမဟာ အစည်းအဝေးတောက်လျှောက် အသက်ရှင်ရလိမ့်မယ်လို့မျှော်လင့်မထားခဲ့သူ ပါ။ ဟုတ်ပါပြီ။ အဲ့ဒီမှာရှိတဲ့ သူမဟာ သူရဲ့လက်နှစ်ဖက်လုံးကိုလေထဲမှာမြှောက်ပြီး ဘုရားသခင်အား ကျေးဇူးတော်ချီးမွမ်းမှုပြုတာ ဖြစ်ပါတယ်။ အဲဒါကဒီလို အချိန်ကြာကြီး ကျွန်တော်စောင့်နေခဲ့တဲ့အကြောင်းအရင်း ဖြစ်ပါတယ်။ကျွန်တော်လုပ်ခဲ့တာကို ခင်ဗျား တို့ကို ကျွန်တော်ပြောပါမည်။ ကျွန်တော် မီဒါနှင့်သူတို့အကြောင်းကို ပြောခဲ့ပါတယ်။ ကျွန်တော် အဲဒါကိုကြည့်ဖို့ စောင့်နေခဲ့တာပါ ... အဲဒီအလင်းစက်ဝိုင်းဟာ အနောက်ဘက်မှာရှိတာကိုကျွန်တော်သတိထားမိပါတယ်။ ဆက်လက်၍ ထွက်ခွာကာ သူမအပေါ်မှာ လွှမ်းခြုံထားပါတယ်။ကျွန်တော်က ‘အဲဒီလိုဖြစ်တာ’ ကိုတွေးမိပါတယ်။ အို ကိုယ်တော်ကအံ့သြစရာမကောင်းဘူးလား!

ကိုယ်တော်ကိုကျွန်တော်ချစ်ပါတယ်။ ကိုယ်တော်ကို ကျွန်တော်ချစ်ပါတယ်။

အဘယ်ကြောင့်ဆိုသော်ကနဦး၌ ကိုယ်တော် ကျွန်တော်ကို ချစ်တော်မူခြင်းကြောင့် ဖြစ်ပါတယ်။

ကျွန်တော့်ရဲ့ကယ်တင်ခြင်းကိုရွေးဝယ်တော်မူခဲ့ပါတယ်။

ကရာနီသစ်တိုင်ပေါ်မှာဖြစ်ပါတယ်။

167 ၁၆၇။ အခုကျွန်တော်တို့ရဲ့နှလုံးသားနှင့်၊ ကိုယ်တော်၏ကောင်းမြတ်ခြင်းနှင့် မေတ္တာတော်ကိုစဉ်းစားကြပါမည်။

[ဘရာသာဘရမ်ဟမ် 'ကိုယ်တော်ကိုကျွန်တော်ချစ်တယ်' ဆိုတဲ့တေးသွားကိုဆိုညီးနေပါတယ်။]

အခု ကိုယ်တော်၏ ကောင်းမြတ်ခြင်းနှင့်မေတ္တာတော်ကို စဉ်းစားကြည့်ပါ။

... ကိုယ်တော်ကို ကျွန်တော်ချစ်ပါတယ်။ (အာမင်)

အဘယ်ကြောင့်ဆိုသော်ကနဦး၌ ကိုယ်တော် ကျွန်တော်ကို ချစ်တော်မူခြင်းကြောင့် ဖြစ်ပါတယ်။...

အခု အဲဒါကဘယ်လောက်ပိုပြီးကောင်းလဲဆိုတာကို ခင်ဗျားတို့မြင်ပါသလား? အာမင်! အဲဒါကအဲဒီလိုပါ။ အခု...? ... အဲဒါ က သွားတော့။ကောင်းမြတ်ခြင်းရှိပါမည်။ ဘုရားသခင်၏ ကျေးဇူးတော်က ခင်ဗျားတို့ကို ကောင်းမြတ်အောင်ပြုပြင်တော်မူခြင်းကို ခင်ဗျားတို့အား ထင်ရှားစွာပြတော်မူခဲ့ပြီး ဖြစ်ပါတယ်။

အိုဘုရားသခင် ဘုန်းကြီးစေသတည်း!

ဟုတ်ပါပြီ။ခင်ဗျားတို့ရဲ့ သင်းအုပ်ဆရာ ဖြစ်ပါတယ်။

www.messagehub.info

ဒေသနာ ဝေငှသူ

**ဝီလီယမ်မာရီယမ် ဗရမ်ဟမ်**

'... နေ့ရက်များ၏ ကြွေးကြော်သံ ... ' (ဗျာဒိတ် ၁၀:၇)